www.burmeseclassic.com

အရှေ့ကြယ်စာပေ



BURMESE CLASSIC .com

# အမှောင်လှိုင်းထဲက သူရဲကောင်းတို့တိုင်းပြည်

နှင်းပန်းအိမ်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အမှတ် - ၁၀

RFA မှ ထုတ်လွှင့်ခဲ့သော အသံလွှင့်ဆောင်းပါးများ

# အမှောင်လိုင်းထဲက သူ့ရုပ်ကောင်းကိုတိုင်းပြည်

## နှင်းပန်းအိမ်

ဖြန့်ချိရေး
အရှေ့ကြယ်စာပေ
၀၉၄၂၁၁ ၂၈၇၉၃၊ ၀၉၅၀၁၇၇၃၅၈။

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စိစဉ်သူ | - | မျိုးအောင်နိုင် |
| မျက်နှာဖုံးဒီဇိုင်း | - | လင်းဝဏ္ဏ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီ။ |
| ထုတ်ဝေသူ | - | ဦးချစ်ညွှန့်(မြဲ-၀၄၀၁၄)၊ (ဇင်ရတနာစာပေ)<br>အမှတ် - ၂၀၅၊ က/၄လမ်း၊ မြို့သစ် (က + ခ) ရပ်ကွက်၊<br>အင်းစိန်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | ဦးစွန်ကော်ယု<br>မာကျူရီပုံနှိပ်တိုက်<br>၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၅၀၀ကျပ် |

၀၀၈.၈၄

နှင်းပန်းအိမ်

အမှောင်လိုင်းထဲကသူရဲကောင်းတို့တိုင်းပြည်/ နှင်းပန်းအိမ်၊

အရှေ့ကြယ်စာပေ၊ ၂၀၁၁။

၂၅၀ - စာ၊ ၁၃ စင်တီ × ၂၀ စင်တီ။

(၁) အမှောင်လိုင်းထဲကသူရဲကောင်းတို့တိုင်းပြည်။


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

(က)

၁။ အကျဉ်းထောင် ၁
၂။ ဒေါ်ကြည်ကြည် ၅

(ခ)

၃။ ကိုခင်မောင်ဝင်း ၁၃
၄။ ကိုခွန်မြင့်ထွန်း ၁၇
၅။ ဦးခင်မောင်မြင့် ၂၇
၆။ ဒေါ်ခင်မာအေး ၃၅
၇။ မခင်ဝင်းကြည် ၄၃
၈။ ကိုချစ်မင်းလေး ၅၁

(စ)

၉။ ဦးစန္ဒာသီရိ ၅၇
၁၀။ မစန်းစန်းမြင့် ၆၃
၁၁။ ဦးစောနီအောင် ၇၁

(ဓ)

၁၂။ ကိုဓာဂနာ ၇၉

(တ)

၁၃။ ဦးတင်ဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ) ၈၅
၁၄။ ဦးတင်မောင်ဝင်း ၉၃
၁၅။ တော်ဘုရားလေး ၉၉

(ထ)

၁၆။ ကိုထက်မိုး ၁၀၇

(ဒ)

၁၇။ ဦးဒိုထောင် ၁၁၁

(န)

၁၈။ ဒေါက်တာနေဝင်း ၁၁၇

(မ)

၁၉။ ဒေါ်မြင့်မာလာ ၁၂၃
၂၀။ ဖဒိုမန်းငြိမ်းမောင် ၁၃၁
၂၁။ ဦးမောင်ကို ၁၃၇

(ဝ)

၂၂။ ဒေါ်ဝင်းမြမြ ၁၄၅

(သ)

၂၃။ ကိုသန်းဇော် ၁၅၃
၂၄။ နိုင်ငံရေးအကျဉ်းသား ၂ ဦးရဲ့မိခင်ကြီး ဒေါ်သန်းရွှေ ၁၆၁
၂၅။ ဒေါက်တာသိန်းဝင်း ၁၆၇

(အ)

၂၆။ လူထုဒေါ်အမာ ၁၇၅
၂၇။ ဦးအုန်းမြင့် ၁၈၁
၂၈။ ဒေါ်အောင်ဆန်းစုကြည် ၁၈၉
၂၉။ ဦးအောင်မေသု ၁၉၅
၃၀။ ကိုအေးအောင် ၂၀၃

၃၁။ မဟာမြိုင်ခရီးသည် ၂၁၁



www.burmeseclassic.com

www.burmeseclassic.com



ခြင်ထောင်မရှိ ဂုန်နီအိတ်အခင်းပေါ်မှာ အိပ်စက်ကြရတဲ့ သူတွေဟာ ငှက်ဖျားအန္တရာယ်ကို ဘယ်လိုမှ မတားကွယ်မခုခံနိုင်ကြပါဘူး။ နိုင်ငံရေးအကျဉ်းသား တွေရဲ့အဆောင်က ဆေးရုံလူနာဆောင်အဖြစ် ပြောင်းလဲသွားပါ တော့တယ်။ နိုင်ငံရေးအကျဉ်းသားတွေ အသက်ရှင်တည်မြဲရေးအတွက် ပြင်းပယ်ခံရတဲ့အချိန်မှာ ထောင်အာဏာပိုင်များနဲ့ ပဋိပက္ခအပြင်းအထန်ဖြစ်ပါတယ်။ အနည်းငယ် ကျန်းမာရေးကောင်းတဲ့သူတွေက ပုံသဏ္ဌာန်မျိုးစုံနဲ့ တိုက်ပွဲဆင်ကြပါတယ်။ ဖွင့်ချတိုက်ခြင်း၊ အစာငတ်ခံတိုက်ပွဲဝင်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။



# အကျဉ်းထောင်

၁၉၉၅-၉၆ ဝန်းကျင်လောက်က ကျမတို့ နိုင်ငံရေးလောကအသိုင်းအဝန်းကြားထဲမှာ နိုင်ငံရေးသမားတွေကို စစ်အစိုးရက နှိပ်ကွပ်ဖို့ ဝေးလံခေါင်သီတဲ့ အကျဉ်းစခန်းတွေ ဆောက်နေပြီဆိုတဲ့အကြောင်း ကျမ ကြားခဲ့ရပါတယ်။ တကယ်လား၊ ကောလဟာလလားဆိုတာ ကျမတို့ မသိခဲ့ပါဘူး။ သတင်းလွတ်လပ်ခွင့်မရှိတဲ့ ကျမတို့နိုင်ငံမှာ ကောလဟာလကနေ တကယ်ဖြစ်ခဲ့တာတွေရှိခဲ့သလို လေထဲကလာပြီး လေထဲမှာပဲ ပျောက်ခဲ့တာတွေလည်း ရှိပါတယ်။ နိုင်ငံရေးသမားတွေကို ခြောက်လှန့်ချင်တဲ့ သဘောနဲ့ ဝါဒဖြန့်ချိတာလားလို့တွေးထင်ခဲ့ပေမဲ့ ၁၉၉၈ ခုရောက်မှ ဒီအဖြစ်အပျက်ဟာ တကယ်ပါလားလို့အထင်အရှား အံ့ဩထိတ်လန့် တွေ့ကြုံရင်ဆိုင်ခဲ့ရပါတယ်။ ၁၉၉၈ ဖေဖော်ဝါရီ ၁၈ ရက်နေ့မှာ နိုင်ငံရေးမှုနဲ့ အဖမ်းခံရတဲ့ ခင်ပွန်းသည်ကို ပြစ်ဒဏ် ၁၄ နှစ်နဲ့ စစ်ကိုင်းတိုင်း ကလေးမြို့နယ် မော်လိုက်လေးရွာ အကျဉ်းထောင်ကို အင်းစိန်ထောင်ကနေ ရွှေ့ပြောင်းခံခဲ့ရပါတယ်။ ကလေးအကျဉ်းထောင်၊ ခန္တီးအကျဉ်းထောင်၊ ဘူးသီးတောင်အကျဉ်းထောင် အစရှိတဲ့ ထောင်သုံးထောင်ကို တစ်ပြိုင်နက်ဆောက်တဲ့နေရာမှာ စစ်ကိုင်းတိုင်း ကလေးအကျဉ်းထောင်က အရင်ပြီးတဲ့အတွက် ဦးဆောင်ပြီးဆောက်တဲ့ ထောင်ပိုင်ဦးသာဦးကို စစ်အစိုးရက ရာထူးတစ်ဆင့်မြှင့်ပြီး ချီးမြှောက်ခဲ့ပါတယ်။ ဒုတိယ ခန္တီးထောင်၊ တတိယ ဘူးသီးတောင်ထောင်တို့ ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ ဒေသခံ ပြစ်မှုကျူးလွန်သူတွေအတွက် ထောင်တွေဆောက်လုပ်ခဲ့တာပါလို့ပြောပေမဲ့ တကယ်ကတော့ ဒေသခံမဟုတ်တဲ့ စစ်အစိုးရဆန့်ကျင်သူနိုင်ငံရေးသမားတွေကို ညှဉ်းပန်းနှိပ်စက်ဖို့အတွက် တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ကလေးမြို့က နိုင်ငံရေးအကျဉ်းသားများကိုတော့ ကလေးမြို့နဲ့ဝေးတဲ့ မန္တလေးထောင်



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးနားထောင်တွေကို ပို့ခဲ့ပြီး မြစ်ဝကျွန်းပေါ် ရန်ကုန်မှအကျဉ်းသားများကိုတော့ ကလေး၊ ခန္တီး၊ ဘူးသီးတောင်၊ ပူတာအို၊ မိုင်းဆတ် အကျဉ်းထောင်တွေကို ပို့ဆောင်ချုပ်နှောင်ခဲ့တာပါ။ အဲဒီအထဲက ကလေးအကျဉ်းထောင်ကို နိုင်ငံရေး အကျဉ်းသား ၁၅ ဦးနဲ့ ၁၉၉၈ မေလမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ တောရိုင်းမြေ သချိုင်းဟောင်းကြီးပေါ်မှာ ကလေးထောင်ကို တည်ဆောက်ထားတာပါ။

ဇွန်လမှာ ကျမ ထောင်ဝင်စာသွားတွေ့တော့ လေးထောင့်ပတ်လည် ထောင်အုတ်ရိုးနဲ့ ဘူးတံခါးသာ တည်ဆောက်ပြီးပါသေးတယ်။ ထောင်အတွင်းက သစ်သားအဆောင်နှစ်ခုကို ထောင်ဝင်စာအခန်းကနေ လှမ်းမြင်ရပါတယ်။ အဆောက်အဦဆိုလို့ ထမင်းချက်တဲ့ဖိုနဲ့ သစ်သားအဆောင်နှစ်ခုပဲ ရှိပါသေးတယ်။ မိန်းမဆောင် မဆောက်ရသေးပါဘူး။ ယခုလက်ရှိ ဘူးတံခါးအထက်မှာရှိတဲ့ ထောင်ပိုင်အိမ်လည်း မရှိသေးပါဘူး။ ဆောက်လက်စ အင်္ဂတေတွေ ဖွာလန်ကျဲနေတဲ့ နေရာကို သန့်ရှင်းရေးမလုပ်ဘဲ နိုင်ငံရေးအကျဉ်းသားတွေကို ထားပါတယ်။ အားချင်းတည်ဆောက်ပြီးတော့ မိုလ်ခင်ညွှန့်အမိန့်နဲ့ ပို့လိုက်တာလို့ သိရပါတယ်။ အင်းစိန်ထောင်ကနေ မန္တလေးထောင်၊ မန္တလေးထောင်ကနေ မုံရွာထောင်၊ မုံရွာ ထောင်ကနေ ကလေးအကျဉ်းထောင်အထိ သံခြေကျင်းခတ်ပြီး ခေါ်ဆောင်လာခြင်း ခံရတဲ့ နိုင်ငံရေးအကျဉ်းသားတွေ ကလေးထောင်ရောက်တော့ သိပ်ကို ပင်ပန်းနွမ်းနယ် နေကြပါပြီ။ သံခြေကျင်းနဲ့ ထောင်မှာမှတ်ပုံတင်ပြီး အခန်းထဲကို သွင်းလိုက်ပါတယ်။ အခန်းထဲက အမှိုက်ပုံတွေကိုရှင်းပြီး ကိုယ့်တစ်နေရာစာ နေရာလေးကို လှည်းကျင်း ပြီး နေခဲ့ရပါတယ်။ သံခြေကျင်းကြောင့်ရခဲ့တဲ့ အနာတွေလည်း တော်တော်နဲ့ မပျောက်ခဲ့ပါဘူး။ မနက်ကို ၁၅ မိနစ် ကိုယ်လက်အကြောဖြေ ရေချိုးခွင့် ပေးပါတယ်။ ရေကလည်းရှားပါး ကိုယ်တာစနစ်နဲ့ သောက်ရေသုံးရေရရှိပါတယ်။ မလုံလောက်တဲ့ အတွက် ခဏခဏ ထောင်အာဏာပိုင်နဲ့ အကျဉ်းသားများ ပြဿနာပေါ်ခဲ့ရပါတယ်။ တစ်နေ့လုံး ၁၅ မိနစ်ပဲ အခန်းအပြင်ထွက်ရတာပါ။

ညဆိုရင် ကိုးနာရီအထိပဲ မီးစက်မောင်းပြီး မီးအလင်းရောင် ပေးပါတယ်။ ၉ နာရီကျော်ရင်တော့ ထောင်တစ်ခုလုံး တိတ်ဆိတ်မည်းမှောင်သွားပြီး ထောင်ဝန် ထမ်းရဲ့ သံချောင်းခေါက်သံ၊ ဘာယာအော်သံ၊ တောတောင်တွေထဲက ခွေးအူသံ၊ ငှက်ဆိုးထိုးသံတွေက အသည်းငယ်သူများအဖို့ သွေးပျက်ချင်စရာပါပဲ။ အိပ်ယာထဲ





လဲလိုက်တာနဲ့ ပိုးမွှားတွေရဲ့ နှိပ်စက်မှု၊ ကင်းမြီးကောက် အဖြူရောင် အနက် ရောင်အမျိုးမျိုး၊ လူပေါ်ဖြတ်ပြေးတဲ့ မြွေကြွက်ကြီးတွေကြောင့် ညဘက်တွေမှာ မအိပ်နိုင်ဘဲ သံတိုင်ကိုကိုင်ပြီး ငုတ်တုတ်ထိုင်နေရပါတယ်။ ရာသီဥတုဒဏ်၊ အာဟာရပြတ်လပ်တဲ့ဒဏ်၊ အနောဖလီ လို့ခေါ်တဲ့ ငှက်ဖျားခြင်တွေရဲ့ဒဏ်ကြောင့် မေလကုန်မှာရောက်တဲ့ နိုင်ငံရေးအကျဉ်းသားတွေ ဇူလိုင်လမှာ ငှက်ဖျားဖြစ်ကုန် ကြပါတယ်။ ထောင်က မနက်စာထမင်း။ ဇွန်တာနီပဲဟင်းရေကျဲတစ်ခွက်နဲ့ ငါးပိတစ်ကော်ပဲကျွေးပါတယ်။ ထောင်ကပေးတဲ့ ငါးပိကို ယင်ကောင်လည်း မနားပါဘူး။ ကြွက်လည်း မစားပါဘူး။ ထောင်ပိုင်ပြဟင်းခွက်နဲ့ လုံးဝတူညီမှုမရှိတဲ့ ဟင်းခွက်နဲ့ အသက်ဆက်ခဲ့ရတဲ့ နိုင်ငံရေးအကျဉ်းသားတွေ ငှက်ဖျားရောဂါရဲ့ နှိပ်စက်မှုကို အလူးအလဲခံကြရပါတော့တယ်။ ငှက်ဖျားရဲ့သဘာဝက အားနည်းရင် ဖြစ်တတ်ပါတယ်။ လုံလောက်တဲ့ ဆေးဝါးကုသမှု၊ လုံလောက်တဲ့ အာဟာရ မရှိမှုကြောင့် ငှက်ဖျားရောဂါဟာ နာတာရှည်ဖြစ်လာပါတယ်။

ခြင်ထောင်မရှိ ဂုံနီအိတ်အခင်းပေါ်မှာ အိပ်စက်ကြရတဲ့သူတွေဟာ ငှက်ဖျားအန္တရာယ်ကို ဘယ်လိုမှ မကာကွယ် မခုခံနိုင်ကြပါဘူး။ နိုင်ငံရေး အကျဉ်းသားတွေရဲ့ အဆောင်က ဆေးရုံလူနာဆောင်အဖြစ် ပြောင်းလဲသွားပါ တော့တယ်။ နိုင်ငံရေးအကျဉ်းသားတွေ အသက်ရှင်တည်ရှိရေးအတွက် ငြင်းပယ် ခံရတဲ့အချိန်မှာ ထောင်အာဏာပိုင်များနဲ့ ပဋိပက္ခ အပြင်းအထန်ဖြစ်ပါတယ်။ အနည်းငယ် ကျန်းမာရေးကောင်းတဲ့သူတွေက ပုံသဏ္ဌာန်မျိုးစုံနဲ့ တိုက်ပွဲဆင်ကြ ပါတယ်။ ဖွင့်ချတိုက်ခြင်း၊ အစာငတ်ခံ တိုက်ပွဲဝင်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ တောင်းဆိုချက်တွေကတော့ ငှက်ဖျားကင်းလွတ်တဲ့၊ မိသားစုနဲ့အနီးဆုံး အကျဉ်း ထောင်တွေကို ပြောင်းရွှေ့ပေးရေး၊ နောက်ထပ် ဒေသခံမဟုတ်တဲ့ နိုင်ငံရေး အကျဉ်းသားများ မပို့ရေးတို့ပါပဲ။ ဒီအခါကျမှ အာဏာပိုင်တွေဘက်က အလျှော့ အတင်းလုပ်ညှိနှိုင်းပြီး ဆေးဝါးကုသပေးပါတယ်။ ထောင်ပြောင်းရွှေ့မှုကိုတော့ အထက်ကိုတင်ပြမယ် ပြောပြီး ၁၅ မိနစ်သာဖွင့်တဲ့တံခါးကို နာရီဝက်တိုးပြီး ဖွင့်လှစ်ပေးခဲ့ပါတယ်။

ဒီလို ဒုက္ခဆိုးတွေနဲ့ရင်ဆိုင်ပြီး မြန်မာပြည် ဒီမိုကရေစီရရှိရေးအတွက် ကိုယ့်အတွက်တွေကို စွန့်လွှတ်ရင်ဆိုင်နေကြတဲ့ နိုင်ငံရေးအကျဉ်းသားတွေ



www.burmeseclassic.com

www.burmeseclassic.com




မြန်မာပြည်မှာ ယုတ်လျော့သွားခြင်း မရှိပါဘူး။ ထောင်တွေတိုးပွားခဲ့သလို စစ်အစိုးရ ဆန့်ကျင်ရေး နိုင်ငံရေးအကျဉ်းသားတွေလည်း တိုးပွားလျက်ရှိပါတယ်။ စစ်အစိုးရ ပြောင်းလဲသမျှ၊ စစ်အာဏာရှင် မချုပ်ငြိမ်းသမျှ ပြည်သူ့ဘက်သားတော်လှန်ရေးသမား အထောင်အသောင်းတွေလည်း ပေါ်ပေါက်လျက်ရှိနေဦးမှာပဲလို့ ကျမ ယုံကြည်မိပါတယ်။

မျှဝေခံစားနိုင်ကြပါစေ။

❑





# ဒေါ်ကြည်ကြည်

အမျိုးသားရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံ တိုက်ပွဲဝင်ခဲ့တဲ့သူတွေ မြန်မာသမိုင်းမှာ ဒုနဲ့ဒေးပါ။ အမျိုးသားရေးအတု၊ ငြိမ်းချမ်းရေးအတု၊ ဒီမိုကရေစီရေးအတုတွေနဲ့ ပြည်သူလူထုကို လှည့်ဖြားပြီး တရားခံက တရားသူကြီးဖြစ်နေတဲ့ အုပ်စိုးသူတွေလည်း မြန်မာ့သမိုင်းမှာ အခုချိန်ထိရှိနေပါတယ်။ အဲဒီ အတုအယောင်တွေကို ဖြိုဖျက်ပြီး အစစ်အမှန်တွေကို တည်ဆောက်ဖို့ မြန်မာပြည်သူလူထုရဲ့ တော်လှန်ရေးအရှိန်အဟုန်ကလည်း ဒီနေ့ ဒီအချိန်အထိ ရပ်တန့်ခြင်း မရှိပါဘူး။ မြန်မာပြည်ရဲ့အနာဂတ်ဟာ သူတို့ပဲ။ မြန်မာပြည်ရဲ့ ရာဇဝင်ကို သူတို့ရေးမှာပဲလို့ သိမှတ်ယုံကြည်ထားပါတယ်။

ခင်ပွန်းကို ပါရမီဖြည့်ပြီး ကိုယ်တိုင်လည်း တော်လှန်ရေးသမားအဖြစ်နဲ့ နောက်ဆုံးထွက်သက်အထိ စစ်အာဏာရှင်တွေကို ဆန့်ကျင်သွားတဲ့ အဘွားဒေါ်ကြည်ကြည်ရဲ့ ဘဝပုံရိပ် အကြောင်း ကျမပြောပြချင်ပါတယ်။ ဘွားကြည် လို့ ကျမတို့ခေါ်တဲ့ ဒေါ်ကြည်ကြည် ထောင်က



www.burmeseclassic.com

www.burmeseclassic.com



လွတ်လာတဲ့အချိန်မှာ အသက် ၈၀ ကျော်ပါပြီ။ ဘွားကြည် လွတ်လာပြီဆိုတော့ ကျမတို့ အဘွားကို ဂါဝရပြု နှုတ်ဆက်ဖို့ ကျောက်မြောင်းအိမ် ရောက်သွားပါတယ်။ ဆံပင်တွေ ဖွေးဖွေးလှုပ်နေတဲ့ အဘွားက အသံမာတုန်း။ မျက်လုံးတွေက စူးရှပြီး ရင့်ကျက်တည်ငြိမ်နေတယ်။ အဘွားက သိပ်ကိုကျက်သရေရှိပါတယ်။ ဒီအသက်အရွယ်နဲ့ အကျဉ်းထောင်ထဲမှာ ကျန်းကျန်းမာမာနဲ့ ရပ်တည်နိုင်ခဲ့တာကို အံ့သြလို့မဆုံး၊ ဂုဏ်ယူလို့မဆုံးပါဘူး။ အဘွားကိုတွေ့တွေ့ချင်း အဘွားရယ် ဒီအသက်အရွယ်နဲ့ ထောင်ထဲမှာ ဘယ်လို ကျန်းမာအောင်နေခဲ့သလဲဆိုတော့ အဘွားက အသံမာမာနဲ့ ထောင်ထဲမှာ သူတို့က သေအောင်ထားတာ။ ငါတို့က မသေအောင်နေရမယ်။ နေခြင်းသည် တိုက်ခြင်းပဲတဲ့။ အဲဒီစကားကို ထောင်ဝင်စာဆယ်နှစ်တွေ့ခဲ့တဲ့ကျမ အားလုံးကို လက်ဆင့်ကမ်း ခဲ့တယ်။

အဘွားအိပ်တဲ့ ခုတင်ဘေးမှာ ဗီရိုတစ်လုံးရှိပါတယ်။ ထောင်ဝင်စာ သွားတွေ့မယ့်သူမှန်သမျှ ဒီဗီရိုထဲကနေ စားစရာတွေ ထုတ်ပေးတတ်ပါတယ်။ အဘွားအကြောင်းသိချင်လို့လာမေးတဲ့ အင်တာဗျူးမှန်သမျှ အဘွားက သူ့ပေးဆပ်မှုတွေက ဘာမှမဟုတ်ပါဘူး။ ကျဆုံးသွားတဲ့ ရဲဘော်တွေရဲ့ စွန့်လွှတ်မှုတွေကမှ တကယ့်သူရဲကောင်းတွေပါလို့ ပြောပါတယ်။ အဘွားက တကယ်လည်း သူ့ရဲဘော်တွေကို လေးစားတန်ဖိုးထား ချစ်ခင်သူပါ။ ဆင်းရဲချမ်းသာကို မကြည့်ဘဲ စွန့်လွှတ်မှု၊ ယုံကြည်မှုတန်ဖိုးကိုပဲ ကြည့်ပါတယ်။ ရဲဘော်တွေ သေဆုံးသွားပေမယ့်လည်း သူတို့ရဲ့ သားသမီးမြေးမြစ်တွေအထိ အဘွား စောင့်ရှောက်ကူညီပါတယ်။ အဘွားရဲ့ ရိုးမ အတွေ့အကြုံတွေကလည်း လွမ်းမောနာကျင်ကြေကွဲစရာ။ မြရာပင်ကြောက အဘွားရဲ့နှုတ်ပျိုမှု၊ ယုံကြည်ချက်၊ ဇနီးကောင်း၊ မိခင်ကောင်း၊ တော်လှန်ရေးရဲဘော်မအဖြစ် ဖြတ်သန်းခဲ့စဉ်က အတွေ့အကြုံတွေကလည်း သမိုင်းဖြတ်သန်းမှုတွေပါပဲ။ ကိုဇင်လို့ အဘွားခေါ်တဲ့ ခင်ပွန်းသည် သခင်ဇင်ကိုတော့ အဘွား အတော် လေးစားမြတ်နိုးတယ်ဆိုတာ အဘွားရဲ့ဖြတ်သန်းမှုတွေက သက်သေပြခဲ့ပါတယ်။ အိမ်ဧည့်ခန်းမှာ သခင်ဇင့်ပန်းချီကားကို ချိတ်ထားပါတယ်။ အင်္ကျီလည်ပင်းမှာ ကြယ်သီးမရှိတဲ့အတွက် တွယ်ချိတ်နဲ့ ချိတ်ထားတဲ့ သခင်ဇင့် ပန်းချီကားက ဝင့်ဝင့်ကြွားကြွားနဲ့ ရဲရဲတောက်နေပါတယ်။ အဘွားက သူချစ်တဲ့ ကိုဇင်အကြောင်း တမ်းတမ်းတတ ပြောတတ်တယ်။





အဘွားရဲ့ သမီးအငယ်ဆုံး ဒေါ်လေးမဟားကို အဘွား တိုက်ဖျိုက်ဖြစ်ရင်း မွေးခဲ့တာတဲ့။ မွေးခါနီး သခင်ဇင်က ပျဉ်းမနား တောင်သူလယ်သမားနှီးနှော ဖလှယ်ပွဲကို သွားရမယ့်အချိန် အဘွားက နေမကောင်းဘဲ မီးဖွားကာနီးမို့ ရဲဘော်တွေက ခသွားဘဲနေပါလား ဥက္ကဋ္ဌကြီး လို့ဆိုကြတယ်။ ဒီတော့ သခင်ဇင်က ကျနော် ငိုတော့ရော မွေးပေးတတ်တာမှ မဟုတ်တာ။ ဟိုမှာက ကျနော့်ကိုစောင့်နေမယ့် လူထုကြီးကို အားနာတယ်တဲ့။ အဲဒီစကားကို နားထောင်ရင်းနဲ့ ကျမတို့က အဘွားကို တို့ကြတယ်။ အဘွားက အဘကို စိတ်မဆိုးဘူးလားဆိုတော့ အဘွားက မဆိုးပါဘူး၊ သူပြောတာ မှန်သားပဲတဲ့။ တော်လှန်ရေးခေါင်းဆောင်ဆိုပေမယ့် အခွင့်အရေးမယူဘဲ ရဲဘော်တွေနဲ့ တစ်သားတည်းနေတဲ့ အကြောင်းလည်း အဘွားကပြောပြတယ်။ အဘွားက ပျဉ်းမနားတက်ပြီး ရဲဘော်တွေအားလုံးအတွက် ရိက္ခာဝယ်ရတော့ အပြန်ဆို ရာသီစာ စားကောင်းတာလေးပေးကြတယ်။ တောထဲမှာ ဆိုတော့ စားစရာက ရှားတယ်မို့လား။ အဘွားက ပေးလိုက်တဲ့ လက်ဆောင်လေး သူစားပါစေလို့ ကျွေးပေမယ့် သူ မစားဘူး။ ရဲဘော်တွေအားလုံး မစားရလို့တဲ့။ ဆီးသီးပေါ်ချိန်ဆို တောထဲမှာ ဆီးသီးတွေကောက်ပြီး နေလှန်းထားတယ်။ နွေကျတော့ အဲဒီဆီးသီးကို ထောင်းပြီး သကြားနဲ့ ဆီးဖျော်ရည်လုပ်တယ်။ ဆီးဖျော်ရည်ကို ဝါးကျည်တောက်ထဲထည့်ပြီး စမ်းချောင်းထဲ ရေစိမ်ထားရင် ရေခဲသေတ္တာထဲက ထုတ်သောက်ရသလိုပဲ။ အဲဒီလိုလုပ်ပြီး ကိုဇင့်ကို လုပ်ကျွေး၊ မစားဘူး။ အဘွားက ခင်ပွန်းသည်ကို ဇနီးသည်ပီပီ ပြုစုချင်ပေမယ့် ဘဝက ခွင့်မပြုခဲ့ပါဘူး။

တော်လှန်ရေးစစ်ထဲမှာ အဘွားတို့ဘဝက ကြမ်းတမ်းခဲ့ပါတယ်။ ငှက်ပျောအူ၊ ဝါးမျှစ်စားပြီး တိုက်ပွဲဝင်ခဲ့ရတယ်။ ငှက်ဖျားဒဏ်ကို အလူးအလဲ ခံခဲ့ရတယ်။ ရိုးမတောကြီးထဲမှာ သားသမီးလေးယောက်နဲ့ ပြေးခဲ့ရတာကို ပြောပြတော့ နားထောင်နေတဲ့ ကျမတို့ပါ တထိတ်ထိတ်နဲ့ မောလာတယ်။ အဘွားက ထိုးစစ်တွေလာလို့ပြေးရင် ခြင်ထောင်ကြီးတော့ ပါအောင်သယ်တယ်။ မြေကြီးပေါ်မှာအိပ်ပြီး တောထဲမှာဖွက်ထားတဲ့ ရိက္ခာတွေစားရတယ်။ အဘွားတို့ကို လမ်းပြပေးခဲ့တဲ့ ကရင်အမျိုးသားတစ်ယောက်ကို စစ်တပ်က မိသွားတော့ အဘွားတို့သားအမိတွေကို ဘယ်မှာလဲလို့မေးတယ်။ ဘယ်လို့မှ မဖော်ရတော့



www.burmeseclassic.com

www.burmeseclassic.com



တရင်းအမျိုးသားကို ဘက်နက်နဲ့ထိုးသတ်လိုက်တယ်။ မိသားစုရှေ့မှာ အသတ်ခံရတာ။ သူ့ရဲ့မိန်းမကို တွေ့လား၊ သခင်ဇင်နဲ့ သူ့မိန်းမကြောင့် နင့်ယောက်ျား အသတ်ခံရတာ၊ နင် သခင်ဇင်တို့ကို စိတ်မနာဘူးလားလို့ စစ်တပ်က ခြိမ်းခြောက်လိုက်တယ်။ ဒီတော့ ကရင်အမျိုးသမီးက ငါ့ယောက်ျားကို သခင်ဇင် သတ်တာမှမဟုတ်ဘဲ နင်တို့သတ်တာလို့ ရဲရဲဝင့်ဝင့် ပြန်ဖြေတယ်တဲ့။

အဘွားတို့တောထဲမှာ တစ်ပတ်တိတိ ပုန်းနေနိုင်ခဲ့တယ်။ ပြေးရင်လွှားရင်း အဘွားခေါင်းက ကျကျန်ခဲ့တဲ့ လိပ်ခွံဘီးလေးကို စစ်ခွေးတွေကို အနံ့ခံခိုင်းပြီး ရှာခဲ့တယ်။ လှိုဏ်ထဲမှာပုန်းနေတဲ့ အဘွားတို့သားအမိကို တောင်ကုန်းပေါ်ကနေ စစ်ခွေးကထိုးဟောင်တော့ အဘွားသားကြီးက လန့်အော်လို့ မိသွားတယ်တဲ့။ အဘွားတို့ သားအမိငါးယောက်လုံးကို ရန်ကုန်မြို့အထိ ရဟတ်ယာဉ်နဲ့ ခေါ်ခဲ့တယ်။ ကလေး လေးယောက်နဲ့ အဘွားကို ရန်ကုန်မြို့ ရဲစခန်းတစ်ခုမှာထားပြီး စစ်ကြောရေးဝင်ခဲ့ပါတယ်။ အဘွားကို စစ်ကြောရေးဝင်နေတဲ့အချိန်မှာ ကလေးတွေက ထမင်းဆာလို့ ငိုကြတယ်။ အဘွားနဲ့ ကလေးတွေကို ရဲမိန်းမတွေကကြည့်ပြီး သနားလာကြတယ်။ ဒီတော့ ရဲမိန်းမတွေက သူတို့ယောက်ျားတွေ မသိအောင် ထမင်းခိုးကျွေးတယ်။ မုန့်တွေခိုးပေးတယ်။ အဲဒီအဖြစ်ကို အဘွား အခုချိန်ထိ မမေ့ဘူး။ ကျေးဇူးလည်းတင်တယ်။ လူဆိုတာ အသည်းနှလုံးရှိတဲ့လူ၊ ကိုယ့်ရှေ့မှာ မတရားလုပ်ရင် မခံချင်ဘူး။ ဒါကြောင့် ပြည်သူလူထုနဲ့ တစ်သားတည်းဖြစ်အောင် နေကြ။ ပြည်သူလူထုကမှ ကိုယ့်ကို အကာအကွယ်ပေးတာလို့ ဒေါ်ကြည်ကြည်က သူ့ဘဝနဲ့ရေးတဲ့ ယုံကြည်ချက်တေးကို အနာဂတ်ရှည်သူများအတွက် လက်ဆင့်ကမ်းခဲ့ပါတယ်။

မိန်းမသားတစ်ဦးရဲ့ ပုခက်လွှဲတဲ့ မိခင်လက်တွေက လက်ထိတ်ထဲသာ ရောက်ခဲ့ရပါတယ်။ လူမမယ်သားသမီးလေးယောက်ကိုချစ်တဲ့ မိခင်ချစ်ခြင်းကို ယုံကြည်ချက်တွေနဲ့ အဘွားဒေါ်ကြည်ကြည် လဲခဲ့ရပါတယ်။

အဘွားရဲ့ မိဘတွေက အချုပ်ခန်းထဲက သူတို့မြေးလေးယောက်ကို လာခေါ်သွားရပါတယ်။ သားသမီးလေးယောက်ထဲမှာ အငိုအသန်ဆုံးနဲ့ နောက်ဆုံးမှ အချုပ်ခန်းထဲက အဘိုးအဘွားနောက်လိုက်သွားတာ 'မဒုံ' ပဲလို့ အဘွားကပြောပါတယ်။ သခင်ဇင် ကျဆုံးသွားတဲ့နေ့မှာ အာဏာပိုင်က





ထောင်ထဲမှာသတင်းစာ အစောကြီးလာပေးပြီး ဖတ်ခိုင်းတယ်တဲ့။ သခင်ဇင့် ရက်လည် ဘယ်တော့လုပ်မလဲလို့ စောင့်ကြည့်ကြတယ်။ အဘွားရင်ထဲမှာ သခင်ဇင် ခေသေတဲ့အတွက် ရက်လည်ဆွမ်းမလုပ်ခဲ့ဘူးလို့ အဘွားက နာနာကျင်ကျင် ပြောခဲ့ပါတယ်။ ဒေါ်လေးမဟားက သူ့အဖေ သခင်ဇင်ကို ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ တစ်ခါပဲမြင်ဖူးတယ်တဲ့။ အဲဒီတုန်းက ဒေါ်လေးက ကျောင်းက ပြန်လာတာ။ အဖေက မျက်နှာသုတ်ပဝါကြီး ခေါင်းပေါင်းထားတယ်။ တိုက်ပုံ အင်္ကျီနဲ့၊ အမေက အဖေ့ကို လက်သည်းညှပ်ပေးနေတာ။ ဒေါ်လေးစိတ်ထဲ အမေနဲ့ ဒီလူကြီး ရင်းရင်းနှီးနှီးနေတယ်ပေါ့။ နောက်မှ အဖေမှန်းသိတာ။ အဖေ့ကို အဲဒီတစ်ခါပဲ တွေ့ဖူးလိုက်တယ်။ နောက်တော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်လို့ တောထဲပြန်သွားရတယ်။ တော်လှန်ရေးအတွက် မိဘနဲ့သားသမီး ချစ်ခြင်းမေတ္တာ တွေလည်း စတေးခဲ့ရတယ်လို့ ပြောပါတယ်။

၁၉၈၉ မှာ အဘွား အဖမ်းခံရပြီး ၂၀၀၀ ခုနှစ်မှာ အဘွား ထောင်က ပြန်လွတ်လာပါတယ်။

ထောင်ထဲကိုရောက်လာတဲ့ နိုင်ငံရေးအကျဉ်းသူတွေကို အဘွားကူညီတယ်။ စောင့်ရှောက်တယ်။ စစ်အာဏာရှင်စနစ်တော်လှန်သူ ဘယ်သူ့ကိုမဆို အဘွား လေးစားတယ်တဲ့။ အကျဉ်းထောင်က ပြန်လွတ်လာတဲ့ နိုင်ငံရေးအကျဉ်းသူတချို့က ဒေါ်ကြည်ကြည်ကို မမြင်ဘူးခဲ့ကြပေမဲ့ ထောင်ဝါဒါမတွေပြောပြလို့ ဒေါ်ကြည်ကြည် အကြောင်းကို သိခဲ့ကြပါတယ်။ ဒါကြောင့် အပြင်မှာတွေ့ချင်လို့ ကျမကို လိုက်ပို့ ပေးပါလို့ ပြောပါတယ်။ ထောင်ဝါဒါမတွေက နိုင်ငံရေးအကျဉ်းသူတွေကို နင်တို့ သိပ်တက်ကြွမနေနဲ့။ နင်တို့ နိုင်ငံရေးစိတ်ပြင်းထန်တယ်ဆိုတာ ဒေါ်ကြည်ကြည် အိပ်နေသလောက်ပဲ ရှိတယ်တဲ့။ အဘွားကို ထောင်ထဲမှာ ထောက်လှမ်းရေးက ညဘက်တွေဆို မေးစရာရှိလို့ လိုက်ခဲ့ပါဆိုပြီး အိပ်နေတာကို နှိုးပြီးခေါ်တယ်။ သားအရွယ်ရှိတဲ့ ထောက်လှမ်းရေးက ပမာမခန့်နဲ့ အဘွားကြီး ဒီအသက်အရွယ် ရောက်နေပြီ နိဗ္ဗာန်နဲ့ ငရဲကို ကွဲကွဲပြားပြား သိရဲ့လားလို့ စော်စော်ကားကား မေးပါတယ်။ ဒီတော့ အဘွားက ငါသိတဲ့ နိဗ္ဗာန်ကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းပဲ။ ငရဲဆိုတာတော့ အိပ်ကောင်းတဲ့အချိန်မှာ အနှိုးခံရပြီး အမေးခံရတာပဲ ဆိုတော့ ထောက်လှမ်းရေးက စိတ်ဆိုးသွားတယ်။ အဘွားကြီး အချုပ်တို



www.burmeseclassic.com

www.burmeseclassic.com



ရေညသားလို့ ပြောတာလားတဲ့။ အဲဒီအကြောင်းပြောပြီး ဟက်ဟက်ပက်ပက်ကို အဘွား ရယ်ပါတယ်။

အဘွား ထောင်ကလွတ်လာပြီး ညောင်လေးပင်ဆရာတော်ကြီးကို သွားကန်တော့ပါတယ်။ ဆရာတော်ကြီးက အဘွားကိုမြင်ပြီး ဝမ်းသာအားရ မိန့်တယ်။ ဒကာမကြီးကို ထောင်ထဲက ကျောနဲ့ထွက်ရပြီ အောက်မေ့တာ။ ကျောနဲ့ မထွက်ရဘဲ ခြေထောက်နဲ့ထွက်လာနိုင်တာ ဘုန်းကြီး ဝမ်းသာတယ်တဲ့။

၂၀၁၀ ဇွန်လဆန်းမှာ အဘွား ဆေးရုံတက်ရပါတယ်။ မှတ်မှတ်ရရ အဲဒီအချိန်မှာ ဝမ်းတွင်းမြို့ ရေကြီးနေချိန်။ ကလေးမြို့ကို ထောင်ဝင်စာတွေ့ပြီး ကျမတို့သားအမိ ဝမ်းတွင်းရေကြီးလို့ ရထားလက်မှတ် မှောင်ခိုဝယ်ထားတဲ့ပိုက်ဆံ ဆုံးပါရော။ ကားလက်မှတ် ထပ်ဖြတ်ပြီး ပြန်ခဲ့ရတယ်။ လမ်းမှာ စားစရိတ်မရှိလို့ ဘောတိုင်ခုံက အမျိုးသမီးက ကျမတို့သားအမိကို ပဲခူးမှာ ထမင်းဝယ်ကျွေးပါတယ်။ အဲဒီအကြောင်းကို အဘွားကို ပြန်ပြောမိတယ်။ အဘွားက ဗဟိုဆေးရုံပေါ်မှာ။ ကျမကို သမီး သူ့လိပ်စာသိလား။ ရှော့ မုန့်ယူသွားပြီး ကျေးဇူးတင်စကားပြော။ ကျေးဇူးတရားဆိုတာ သစ်ပင်ရိပ်ခိုဖူးရင်တောင် သစ်ပင်ရဲ့ကျေးဇူးသိရတယ်လို့ ပြောပါတယ်။ အဘွားကို အဲဒီနေ့က နောက်ဆုံးစကားပြောခွင့်ရတာပါ။ မနက်ဖြန် အဘွားဆေးရုံက ဆင်းရမှာ။ နောက်မှ အိမ်ကိုလာခဲ့လို့ အဘွားမှာလိုက်တယ်။

ဆေးရုံကဆင်းမယ့်နေ့မှာ အဘွား နှလုံးရောဂါဖောက်လို့ ဆေးရုံကြီး အသည်းအသန်လူနာခန်းကို ပြောင်းရွှေ့တင်လိုက်ရပါတယ်။ အာဏာပိုင်တွေက အဘွားရဲ့ နောက်ဆုံးအခြေအနေကို သတင်းလာယူတာ ဘောလုံးပွဲ ကြေညာ နေသလိုပါပဲ။ အဘွားရဲ့ နှလုံးခုန်နှုန်း၊ သွေးခုန်နှုန်းတွေကို စက်ပေါ်က ဂရပ်မျဉ်းကို ကြည့်ပြီး လူကြီးတွေကို သတင်းပို့နေပါတယ်။ အဘွားဆုံးမယ့်နေမှာ သူတို့ ခေါင်းဆောင်ကြီးများက အဘွားကိုလေးစားလို့ သစ်သီးခြင်းတွေ ပို့လိုက်ပါတယ်။ လိုအပ်တဲ့ ဆေးဝါးများ၊ အကူအညီများလိုရင် ပြောပါ၊ သူတို့ဆောင်ရွက် ပေးပါမယ်တဲ့၊ အဘွားသမီး ဒေါ်လေးမဒုံက အမေမှာထားတယ်။ ရှင်တို့အကူအညီ မယူရဘူးတဲ့လို့ ပြတ်ပြတ်သားသား ငြင်းလွှတ်လိုက်ပါတယ်။

သားနှစ်ဦးနဲ့ ဒေါ်လေးမဟားက ခုမှ မိခင်နဲ့အတူတူနေရတာ ၁ နှစ်ပဲ ရှိသေးတာမို့ အဘွားရဲ့နှလုံးကို အစားထိုးပြီး အသက်ဆက်ဖို့ ကြိုးစားပါ





သေးတယ်။ ဒါပေမဲ့ တော်လှန်ရေးတစ်လျှောက်လုံး ခံစားခဲ့ရတဲ့ ပင်ပန်းဆင်းရဲမှု၊ စစ်ကြောရေးစခန်းတွေကို အကြိမ်ကြိမ် ဖြတ်သန်းတဲ့ဒဏ်။ အကျဉ်းထောင်ထဲမှာ နှင့်ရှည်ထောင်ဒဏ်တွေနဲ့ ခဏခဏ ထောင်ကျနေတဲ့ ထောင်တွင်းဒဏ်ရာတွေနဲ့ ခန္ဓာကိုယ်က ဘယ်လိုမှ လက်မခံတော့ပါဘူး။

အဘွားက သူ့ရဲ့ နောက်ဆုံးထွက်သက်အထိ သေမင်းကို ရဲရဲရင်ဆိုင် သွားပါတယ်။ ဇွန်လ ၁၅ ရက်နေ့ ည ၁၀ နာရီမှာ အဘွား ဆုံးပါတယ်။ ဇွန်လရဲ့ မိုးရေတွေက အဘွားဒေါ်ကြည်ကြည်ကို ချစ်ခင်သူတွေကျခဲ့ရတဲ့ နက်ရှည်မိုးတွေပါပဲ။

အဘွားရုပ်အလောင်းကို ဆေးရုံကြီးမှာထားပြီး အဘွားအိမ်ကိုပြန်ရောက် တော့ အဘွားခုတင်လေးနဲ့ ဗီရိုလေးကို ကြေကွဲစွာ တွေ့လိုက်ရပါတယ်။ ဒီဗီရိုထဲကနေ စစ်အာဏာရှင်ကို တော်လှန်သူတွေအတွက် အသက်ဆက်ဖို့ အာဟာရတွေ အဘွား ပေးခဲ့တာ။ အဘွားရဲ့ နောက်ဆုံးခရီးမှာ ကျမတို့ နက်နက်ရှိုင်းရှိုင်း ကြေကွဲကြရ ပါတယ်။

အဘွားဓာတ်ပုံနဲ့ လက်ကမ်းစာစောင်လေးတွေ ထုတ်ကြပါတယ်။ သူထုဒေါ်အမာ ရေးပေးလိုက်တဲ့စာနဲ့ လက်ကမ်းစာစောင်ထုတ်တာပါ။ မြန်မာပြည် ပြည်တွင်းစစ် နှစ် ၆၀ တစ်လျှောက်လုံး စစ်အာဏာရှင်ကို တော်လှန်ခဲ့တဲ့ အဘွား ဒေါ်ကြည်ကြည်ကို အမေလူထုဒေါ်အမာစကားနဲ့ ဂုဏ်ပြုလိုက်ပါရစေ။

ဒေါ်ကြည်ကြည်ရေ၊

သတ္တိကောင်းပြီး အသည်းမာလှတဲ့မိန်းမပို့ နှမြောလိုက်ပါရဲ့တဲ့။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စနဲ့ အချုပ်ကားကိုလှမ်းကြည့်ပြီး ကျန်ခဲ့တဲ့ ဇနီးသည်အသစ်စက်စက်ဟာ ဘယ်နေရာရောက်ရောက် ထောင်ဝင်စာ လိုက်တွေ့မယ်လို့ ခင်ပွန်းသည်ကို မှာလိုက်တဲ့ အသံဟာ အားမာန်အပြည့်နဲ့ ချုပ်ကိုးသူ ကိုစိမ်ခေါ်လိုက် သလိုပါပဲ။



# ကိုခင်မောင်ဝင်း

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင် အကျဉ်းထောင်ထဲမှာ ကဗျာတွေ အများကြီးစပ်ခဲ့ဖူးပါတယ်။ ထောင်ထဲမှာ ကဗျာဆရာက ကဗျာကို ပါးစပ်နဲ့ရေးပြီး ပရိသတ်က နားနဲ့ဖတ်ပါတယ်။ ဒီတော့ ကဗျာကို အပြည့်အစုံ မဟုတ်တော့ဘဲ မှတ်မိသလောက်ကိုပဲ ပြန်ပြောနိုင်ကြတော့တယ်။ အဲဒီ ကဗျာတွေထဲက ‘မောင်ရုပ်ဆိုး’ဆိုတဲ့ ကဗျာလေးက ကရုဏာသက်စရာ၊ ခေတ်နဲ့ယှဉ်တဲ့ လူ့ဘဝကို ပေါ်လွင်တဲ့ကဗျာလေးပါပဲ။ ကဗျာထဲမှာ မိခင်နဲ့နှမတွေက သားနဲ့မောင်အတွက် သတို့သမီးရှာသတဲ့။ မိန်းကလေးမိဘတွေက ယောက်ျားလေးရှင်ကို ဒီလို မေးပါတယ်။

သတို့သားလောင်းက ရုပ်ချောရဲ့လား၊ ပညာဘွဲ့တတ်ရဲ့လား၊ အလုပ်ကောင်းကောင်းရှိရဲ့လား၊ ငွေရှာကောင်းရဲ့လားတဲ့။ ဒီတော့ အမေနဲ့နှမတွေက သတို့သားက ရုပ်ရည်က ရွက်ကြမ်းရေကျို။ ကျောင်းပြီးအောင်တောင် မတက်ခဲ့ရဘူး။ အလုပ်လက်မဲ့ ထောင်ထွက်ဆိုတော့ သူတို့သမီးဘက်က ခါးခါးသီးသီး ငြင်းလိုက်တဲ့ အကြောင်းပါ။

၂၀၀၅ ခုနှစ်မှာ ကိုမင်းကိုနိုင် ထောင်ကပြန်လွတ်လာတော့ အဲဒီကဗျာအကြောင်း ကျမ မေးခဲ့ပါတယ်။ ဒီကဗျာက နိုင်ငံရေးသမားလူငယ်တွေကို ကိုယ်စားပြုတာပါ အစ်မရယ်လို့ သူ့ဟန်အတိုင်း ပြုံးစစနဲ့ အရှန်းဖောက်တယ်။ နိုင်ငံရေးသမားလူငယ်တွေရဲ့ အချစ်ရေးကလည်း တိုင်းပြည်ရေးနဲ့ ဆက်စပ်နေတာမို့လား။ နိုင်ငံရေးသမားတွေကို နားလည်ပေးနိုင်တဲ့ ဇနီးမယားတွေ အများကြီးရှိသလို ဇနီးမယားတွေရဲ့ အငြင်းပယ်ခံရပြီး သံတိုင်တွေနောက် ကွာရှင်းစာချုပ်တွေ ရောက်ခဲ့တာလည်း ရှိပါတယ်။ ထောင်ထဲက နိုင်ငံရေးအကျဉ်းသား ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲခဲ့ရတယ်ဆိုတဲ့ အဖြစ်အပျက်တွေလည်း ကျမတို့ နာနာကျင်ကျင် နားထောင်ခဲ့ရဖူးပါတယ်။

မွန်သူရဲကောင်း လဂွန်းအိမ်ကံ ရှေ့တန်းထွက်မှ သူရဲကောင်းမဟုတ်ပါဘူး။ နောက်တန်းကနေပြီး သူရဲကောင်းအတွက် ပါရမီဖြည့်နေတဲ့သူကလည်း သူရဲကောင်းပါလို့ ပြောခဲ့တဲ့စကား ကျမ ဖတ်ခဲ့ဖူးပါတယ်။ ခင်ပွန်းကို အရိပ်လိုအတူလိုက်၊ နောက်တန်းကနေ အင်အားဖြည့် မေတ္တာအပြည့်နဲ့ ကူညီသူ အမျိုးသမီးတွေကို ပြောတာဖြစ်ပါလိမ့်မယ်။ အိမ်ထောင်ဖက် ဇနီးမောင်နှံဆိုတာ ဘဝခရီးဖော်ပါပဲ။ လူ့ဘဝခရီးရှည်ကြီးကို အတူတကွ ဖြတ်သန်းရတဲ့ ရဲဘော်ရဲဘက်နှစ်ဦးပါ။ သေအတူရှင်မကွာ လောကဓံကို ရင်ဆိုင်မယ်။ ဆင်းရဲအတူ ချမ်းသာအတူ အေးအတူပူအမျှလို့ စဉ်းစားဆုံးဖြတ်ပြီး ဘဝခရီးကို အတူလျှောက်ခဲ့ကြတာပါ။ ဒီအထဲကမှ အုပ်ချုပ်သူရဲ့ ဖိနှိပ်မှုကြောင့် မိမိတိုင်းပြည် ပြည်သူလူထုအတွက် တိုက်ပွဲဝင်ကြတဲ့ နိုင်ငံရေးသမားလောကဓံလှိုင်းက မိသားစုကိုပါ ရိုက်ခတ်ပါတော့တယ်။ လှိုင်းဆိုတာ ဂယက်ထတတ်ပါတယ်။ လှိုင်းရဲ့ အားပေါ်မူတည်ပြီး ဂယက်အရှိန်ဆိုတာ ပါလာပြီ။ ဒီလှိုင်းဂယက်ကို မျှဝေခံစားနိုင်သူ ဇနီးသည်ကြောင့် သေတစ်ပန်သက်ဆုံး မြဲသူမြဲသလို။ မျှဝေမခံစားနိုင်သူ ဇနီးသည်ကြောင့် ကွဲသူတွေကွဲသွားဖူးပါတယ်။

ထောင်ဝင်စာမှာ ကွာရှင်းစာချုပ်ပေါ် လက်မှတ်ထိုးပေးခဲ့ပြီး အခန်းအပြန်မှာ သက်ပြင်းချသူချ၊ တောက်ခေါက်လို့ ငိုကြွေးသူကငိုကြွေး၊ အပြစ်မမြင်ဘဲဒါ စနစ်ရဲ့သားကောင်လို့ ကြုံးဝါးသူတွေရဲ့ ကြေကွဲနာကျင်ခံစားရတဲ့ ထောင်တွင်းပုံပြင်တွေလည်း အများကြီးပါ။ ဒီအထဲကမှ ယနေ့ ကျမတို့မြန်မာနိုင်ငံမှာ နိုင်ငံရေးသမားတွေကို မတရားဖမ်းဆီး၊ နှစ်ရှည်ထောင်ဒဏ်တွေချမှတ်၊ နယ်စွန်နယ်ဖျားထောင်တွေဆီ ပို့နေတဲ့ကြားက အမိန့်ချမယ်နေ့ တရားခွင်မှာ နိုင်ငံရေးသမားကိုခင်မောင်ဝင်းနဲ့ သူ့ချစ်သူ မပန်းဝါတို့ ရုံးတော်မှာ လက်မှတ်ထိုးသတဲ့။ တရားရုံးတော်က အမိန့်ချမယ်နေ့ တရားခွင်မှာ ဒီအဖြစ်က ကြားမကောင်းပါဘူးလို့ တောင်းပန်ရတဲ့အထိ။ ဒီအဖြစ်ကိုကြားလို့ ရုံးတော်နားရောက်လာတဲ့ လူထုကို သတို့သားက တရားခွင်ကနေ လှမ်းညွှန်ခံတယ်။ အသစ်စက်စက် ဇနီးသည်ကို အခုလက်မှတ်ထိုး အခုခွဲပြီး အချုပ်ကားနဲ့ ပဲခူးထောင် ပြန်သွားရတဲ့အဖြစ်က





ဒိတ်ကူးမြင်ကွင်းထဲမှာ ပြန်ကြည့်ရင်တောင် သိပ်ကို ကြေကွဲစရာကောင်းလှပါတယ်။

မျက်ရည်စနဲ့ အချုပ်ကားကိုလှမ်းကြည့်ပြီး ကျန်ခဲ့တဲ့ဇနီးသည် အသစ်စက်စက်က ဘယ်နေရာရောက်ရောက် ထောင်ဝင်စာလိုက်တွေ့မယ်လို့ ခင်ပွန်းသည်ကို မှာလိုက်တဲ့အသံက အားမာန်အပြည့်နဲ့ အုပ်စိုးသူကို စိန်ခေါ်လိုက်သလိုပါပဲ။ ဒီလိုမျိုး အမျိုးသမီးငယ်တွေ ရှိတဲ့နိုင်ငံမှာ ဒီမိုကရေစီရေး အင်အားတစ်ရပ်အဖြစ် တည်ရှိနေခြင်းဟာ ဝမ်းမြောက်စရာပါ။ ပြည်သူလူထုက သူတို့ဇနီးမောင်နှံကို မင်္ဂလာလက်ဖွဲ့အဖြစ် ချီးမြှောက်လိုက်တဲ့ လက်ခုပ်သံတွေတော်တော်နဲ့ စဲမသွားတော့ပါဘူး။

အချုပ်ကားပေါ်က သတို့သားက ပြည်သူလူထုကို နှုတ်ဆက်သွားပါတယ်။ ကိုမင်းကိုနိုင်ရဲ့ ကဗျာတစ်ပုဒ်နဲ့ပါ။ ကျောင်းနံရံတစ်ဝိုက် ဒေါင်းအလံစိုက်တဲ့နေ့ ငါပြန်လာမယ်တဲ့။ သူရဲကောင်းတွေရှိတဲ့ တိုင်းပြည်မှာ အမှောင်လှိုင်းတွေ ဘယ်လောက်ထန်ထန် ရိုက်ချိုးမှောက်လှန် အောင်ပွဲခံနိုင်ကြမှာပါ။

အမှန်တရားကို သတ္တိရှိရှိ ရှာဖွေဖော်ထုတ်မှုအပေါ်
တန်ဖိုးထားတတ်တဲ့လူသားတိုင်း ခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com



ငါ့သားဆိုတဲ့ အစွဲကိုဖျောက်။ ငါ့သားဆိုတဲ့ အစွဲကို အမေမဖျောက်ရင် ပင်ပန်းလိမ့်မယ်ဆိုတော့ အမေရယ်ပြုံး ရွှင်နေရာက မျက်ရည်ပေါက်ပေါက်ကျပြီး နင်မွေးလာ တဲ့ကလေးကျမှ နင်သိမယ်တဲ့ ....



# ကိုခွန်မြင့်ထွန်း

လူ့ဘဝခရီးတွေထဲမှာ အကြောင်းအရာမျိုးစုံရှိပါတယ်။ ဒီခရီးတွေထဲက ထောင်ဝင်စာ ဆိုတဲ့ခရီးမျိုး တခြားနိုင်ငံတွေမှာ ရှိမယ်မထင်ပါဘူး။ ကျမတို့ မြန်မာနိုင်ငံမှာတော့ ဝေးလံခေါင်သီတဲ့ အကျဉ်းစခန်းတွေမှာရှိတဲ့ ကိုယ့်မိသားစုဝင် တွေကို ထောင်ဝင်စာတွေ့နိုင်ဖို့ သွားနေကြရပါတယ်။ မြန်မာပြည်ရဲ့ အစွန်အဖျား နေရာတွေမှာ ထောင်တွေဆောက်ပြီး အကျဉ်းကျသူကိုရော သူ့ရဲ့မိသားစုကိုပါ ဒုက္ခရောက်အောင် စစ်အာဏာရှင်က စနစ်တကျပြင်ဆင်ခဲ့တာပါ။ အကျဉ်းကျ နေသူကလည်း ထောင်ရဲ့ အခက်အခဲ၊ ဒေသရဲ့ ကြမ်းတမ်းတဲ့ရာသီဥတုကို ယုံကြည်ချက်နဲ့ ကြံ့ကြံ့ခံပြီး အကျဉ်းထောင်ထဲမှာ တိုက်ပွဲဝင်ကြပါတယ်။ အကျဉ်းကျမိသားစုကလည်း ကိုယ့်မိသားစုအပေါ်မှာထားတဲ့ ချစ်ခြင်းမေတ္တာနဲ့ ထောင်ဝင်စာတွေ့နိုင်ဖို့ အပြင်မှာ ရုန်းကန်တိုက်ပွဲဝင်ကြပါတယ်။

နိုင်ငံရေးသမားတွေကို ၁၉၉၈ မှာ ဝေးလံခေါင်သီတဲ့ အကျဉ်းစခန်းတွေ ဆီကို ပြစ်ဒဏ်တွေအများကြီးနဲ့ ပို့လိုက်တော့ အပြင်မှာကျန်တဲ့ မိသားစုတွေကို ကြည့်ပြီး ကဗျာဆရာကြီး ဦးတင်မိုးက ရဲဘော်တွေက အကျဉ်းထောင်မှာနေရသလို ကျန်တဲ့မိသားစုတွေက မိတ်ဆွေပိုများတော့ အကျယ်ထောင်ပေါ့ သမီးရယ်လို့ မချိတင်ကဲ အားပေးပါတယ်။ ကျမတို့ကလည်း လူချင်း ဘယ်လောက်ဝေးဝေး စိတ်ချင်းနီးဖို့က အဓိကလို့ ကြွေးကြော်ပြီး ထောင်ဝင်စာတွေဖို့ ကြိုးစားကြပါတယ်။ ကျမတို့ကို ကြည့်ပြီး မလိုသူတွေက ခြေသြောင်းကြွေးတင်လို့ ကွယ်ရာမှာ စကားဆို ကြပါတယ်။

သထုံမြို့နယ် ပြည်သူ့လွှတ်တော်အမတ် ကိုခွန်မြင့်ထွန်းရဲ့မိခင် အသက် ၇၀ ကျော် အမေအိုက သထုံမြို့ကနေ စစ်တွေမြို့ ဘူးသီးတောင်ထောင်အထိ



www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့ရတဲ့အကြောင်း ကျမ ပြောပါရစေ။ ဗမာအို ကျောင်းကြီးကျောင်းကြားလို့ ကောင်းပုံရှိပေမဲ့ အမေကြီးကတော့ စစ်အာဏာရှင်စနစ်ကြောင့် ပင်လယ်မြစ်ချောင်း၊ တောတောင်အသွယ်သွယ်ကို ဖြတ်သန်းပြီး ထောင်ဝင်စာတွေ့နေရပါတယ်။ သား ဆိုတဲ့အင်အားနဲ့ အမေအိုက ခရီးကြမ်းကို ကျော်ဖြတ်ခဲ့တယ်။ မိခင်တစ်ယောက်ရဲ့ အားမာန်၊ မိခင်တစ်ယောက်ရဲ့ ချစ်ခြင်း၊ မိခင်တစ်ယောက်ရဲ့ မေတ္တာဓာတ ကြီးမားလေတော့ ခရီးမိုင်အများကြီးကို ကျော်လွှားနိုင်ခဲ့ပါတယ်။ အမေကြီးက သထုံကနေ သားဖြစ်သူကိုတွေ့နိုင်ဖို့ မန္တလေး၊ ကလေးထောင်တွေဆီကို သွားခဲ့ဖူး ပါပြီ။ ကလေးအကျဉ်ထောင်းကနေ ဘူးသီးတောင်အကျဉ်းထောင်ကို ပို့လိုက်တော့ အမေကြီး သိပ်ကိုစိုးရိမ်သွားပါတယ်။ ကျမကို သူနဲ့ အဖော်လိုက်ဖို့ ခေါ်ခဲ့တာပါ။ ငါ့သားတော့ ဒုက္ခရောက်ပြီ။ မြင့်ထွန်းတော့ ဒုက္ခရောက်နေပြီလို့ ပြောပြီး ဘူးသီးတောင်ထောင်ကိုသွားဖို့ ကြိုးစားပါတယ်။ ရန်ကုန်ကနေ စစ်တွေကို ဘယ်လောက်ကြာကြာ ကားစီးရမယ်ဆိုတာ၊ စစ်တွေကနေ ဘူသီးတောင်အကျဉ်း ထောင်ကို ဘယ်လိုသွားရမယ်ဆိုတာ ခန့်မှန်းခြေတောင် ကျမတို့သိတာ မဟုတ်ပါဘူး။

ကမ္ဘာ့ကြက်ခြေနီကလည်း ဘူးသီးတောင်ထောင်ဆိုတာ ရှိလို့လားလို့ ပြန်မေးရတဲ့အထိပါ။ ဘူးသီးတောင် အကျဉ်းထောင်ကို နိုင်ငံရေးအကျဉ်းသား အနေနဲ့ ကိုခွန်မြင့်ထွန်းကို အရင်ဆုံးပို့ခဲ့တာပါ။ ထောင်ဝင်စာအနေနဲ့လည်း အမေကြီးနဲ့ကျမ ပထမဆုံး တွေ့ခဲ့ရတာပါ။ စော်ဘွားကြီးကုန်းကနေ စစ်တွေ ကားကို ပထမဆုံး စီးရတာပါ။ ကားခကို တစ်ယောက်ကို ၆၀၀၀ ကျပ် ပေးရပါတယ်။ ကျမတို့ကားက နေ့လယ်တစ်နာရီမှာ စထွက်ပါတယ်။ မှတ်မှတ်ရရ (၂၈၊ ၉၊ ၂၀၀၂) နေ့က စသွားတာပါ။ ရန်ကုန်ပြည်လမ်း ကားလမ်းကောင်းပေမဲ့ ကားဒိုင်နမို မကောင်းလို့ ဥသျှစ်ပင်လမ်းခွဲမှာ တစ်ညအိပ်ရပါတယ်။ တောင်ကုတ်၊ ဘက်ရဲ၊ မင်းတုန်း လမ်းသုံးခွဆုံတဲ့ နေရာမှာ အိပ်ရတာပါ။ အိပ်ရတော့လည်း ယောက်ျားလေးတွေက ကတ္တရာလမ်းပေါ်မှာ ပုဆိုးခင်းအိပ်ပြီး ကျမတို့အမျိုးသမီး တွေက ကားပေါ် ငုတ်တုတ်ငိုက်ရပါတယ်။ လမ်းခရီးမှာ ကားပျက်တာ၊ လမ်းပျက်တာကို ပြန်တွေးမိရင် အသည်းတထိပ်ထိပ် ရင်တဖိုဖို။ တူသံဂွသံကိုလည်း မကြားရဲသလောက်ပါ။ တောတောင်တွေကို ကားရှေ့မီး တစ်လုံးတည်းနဲ့ ဖြတ်ခဲ့ရသလို ဘက်ထရီဒေါင်းသွားလို့ ရှေ့ဆက်မသွားရဲဘဲ တောထဲအိပ်ရတာ။





ဗွက်တွေထနေတဲ့လမ်းကို ကားကရုန်းတော့ ကားစက်သံက တစ်တောလုံး ဆူညံ သွားပါတယ်။ ဗွက်ထနေတဲ့ အမ်းလေယာဉ်ကွင်းကိုလည်း ကားနဲ့ ခက်ခက်ခဲခဲ ဖြတ်ခဲ့ရတယ်။ ကားပျက်လို့၊ လမ်းပျက်လို့ ထမင်း ၃ နပ်ငတ်ခဲ့ရတယ်။

တောတောင်ထဲမှာ မီးရောင်နီနီလေးကိုမြင်ရင် အားရှိသွားရတဲ့ အဖြစ်ကလည်း တကယ့်ကို အမှတ်ရစရာ။ လူတွေ၊ ရပ်ရွာတွေကိုတွေ့ရင် ဝမ်းသာအားရဖြစ်ရတဲ့ အဖြစ်အပျက်မျိုး ကြုံဖူးသူမှသိလိမ့်မယ်။ လမ်းပျက်၊ ကားပျက်၊ အစားပျက်နဲ့ စိတ်အားငယ်ပြီး ကြောက်စိတ်၊ စိုးရိမ်စိတ်တွေများသွား တာလည်း ဖြစ်ပါလိမ့်မယ်။ တောထဲတောင်ထဲ တစ်ခုခုဖြစ်ရင် ကယ်သူဝေးရတဲ့ အဖြစ်မျိုး။ ဆေးရုံမပြောနဲ့ ဆေးခန်းတောင်မရှိတဲ့ ကျေးလက်ရွာတွေကိုဖြတ်တော့ ဒေသခံတွေရဲ့ ကျန်းမာရေးကို ထိတ်လန့်အံ့သြခဲ့ရပါတယ်။ တစ်နေရာမှာတော့ လူနာကို ပုခက်နဲ့ထမ်းပြီး ဆေးကုဖို့သွားနေတဲ့ လူမမာနဲ့ လိုက်ပို့သူတွေရဲ့ သောကအပူကိုကြည့်ပြီး ကျမတို့ရဲ့ တဒင်္ဂအပူကို မေ့သွားရပါတယ်။ ကျမတို့ ပုသိမ်-မုံရွာ လမ်းမကြီးကို ခက်ခက်ခဲခဲဖြတ်ပြီးမှ စစ်တွေကို ခက်ခက်ခဲခဲ လေးရက်မြောက်နေ့မှ ရောက်ပါတော့တယ်။ စစ်တွေရောက်ပြီး နောက်နေ့မနက် ရှစ်နာရီမှာ ဘူးသီးတောင်ကို သင်္ဘောစီးပြီး သွားရပါတယ်။ လမ်းခရီးပင်ပန်းမှု ကြောင့် အမေကြီးဆို နွမ်းကျသွားပါတယ်။ သားဇောနဲ့ စိတ်ဆောင်နေလို့သာ ရှေ့ခရီးကို ဆက်နိုင်ခဲ့တာပါ။

မြန်မာပြည်ရဲ့ ဝေးလံခေါင်သီတဲ့နေရာတွေမှာ အကျဉ်းစခန်းတွေ ဆောက်ပြီး နိုင်ငံရေးအကျဉ်းသားတွေကို နှစ်ရှည်ထောင်ဒဏ်တွေနဲ့ ပုဒ်မအမျိုးမျိုး တပ်ပြီး အကျဉ်းချထားပါတယ်။ စစ်အာဏာရှင်က နိုင်ငံရေးအကျဉ်းသားတွေကို မိသားစုနဲ့ဝေးကွာအောင်၊ မိသားစုက လိုက်မတွေ့နိုင်အောင် ရက်စက်စွာ ပြုမူ လုပ်ဆောင်နေဆဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီလို အကျဉ်းထောင်တွေဟာ သူ့ရဲကောင်းတို့စုဝေးရာအရပ်၊ ဦးညွှတ်ရာအရပ် ဖြစ်ပါတယ်။ ဒါကိုကြည့်ရင် စစ်အာဏာရှင်စနစ်ကို ခေါင်းငုံ့မခံဘူးဆိုတာ ပြသနေတာပါ။ နိုင်ငံရေးအကျဉ်းသားတွေက စစ်အာဏာရှင် စနစ်ကပေးတဲ့ မတရားမှုကို ဆန့်ကျင်တိုက်ခိုက်ရသလို သဘာဝတရားကိုလည်း လည်စင်းမခံဘဲ တွန်းလှန်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းတိုင်း ကလေးမြို့အကျဉ်းထောင်ကို ၁၉၉၈ မှာ နိုင်ငံရေးအကျဉ်းသား ၁၅ ဦးနဲ့ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၈ မှာ ပြစ်ဒဏ်အများဆုံးက ၁၄ နှစ်ပါ။ ဒီနောက် ၁၉၉၉ မှာ ကျောင်းသားလူငယ်တွေကို ပြစ်ဒဏ်အများဆုံး ၅၉ နှစ်၊ ၅၇ နှစ်၊ ၄၂ နှစ် ချမှတ်ပြီး ကလေးမြို့ အကျဉ်းထောင်ကို ပို့ခဲ့ပါတယ်။ ၁၉၉၉ မှာ ပြစ်ဒဏ်အများဆုံး ၅၉ နှစ်ကျခံရတဲ့ ဒဂုံတက္ကသိုလ်ကျောင်းသား ကိုအေးအောင်ကို ကလေးဝဆိပ်ကမ်းမှာ သွားကြိုခဲ့တဲ့ အကျဉ်းဦးစီးက ဝန်ထမ်းတွေ လူသက်နဲ့ ထောင်သက် မှားကုန်ကြတယ်။ သားသမီးချင်း ကိုယ်ချင်းစာတဲ့ ဝန်ထမ်းတချို့က စုတ်တသပ်သပ်နဲ့ စိတ်ထိခိုက်ကုန်ကြပါတယ်။

စစ်အာဏာရှင်က မြန်မာပြည်မှာ နိုင်ငံရေးအကျဉ်းသား မရှိဘူးလို့ ကမ္ဘာကိုလိမ်ညာပြီး နိုင်ငံရေးအကျဉ်းသားတွေကို သီးသန့်အကျဉ်းသားလို့ ဆိုပါတယ်။ လိမ်ညာလှည့်ဖျားတဲ့နေရာမှာ စံပြုရမယ့် စစ်အာဏာရှင်က ကလေးမြို့ အကျဉ်းထောင်မှာ ငှက်ဖျားဝေဒနာခံစားရတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ဆေးမှတ်တမ်းမှာ ချမ်းတုန်ဖျားလို့ပဲ ရောဂါကိုသေးအောင် လုပ်ရေးပါတယ်။ ငှက်ဖျားရောဂါမရှိဘူးလို့ ICRC ကမ္ဘာ့ကြက်ခြေနီနဲ့ လူ့အခွင့်အရေးစောင့်ကြည့်သူတွေကို မုသားသုံးခဲ့ပါတယ်။

အသက်အန္တရာယ် ထိခိုက်စေတဲ့အထိ ငှက်ဖျားရောဂါပြင်းထန်တဲ့ ကလေးအကျဉ်းထောင်ထဲမှာ အကျဉ်းကျခံခဲ့ရတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်း သထုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ကိုခွန်မြင့်ထွန်း အကြောင်း ကျမပြောပါရစေ။

လူတစ်ယောက်အတွက် အဓိကလိုအပ်ချက်ဟာ ကိုယ်ပိုင်အတွေးအခေါ်၊ ရင့်ကျက်မှု၊ ပြည့်ဝမှု၊ ဖြောင့်မတ်တည်ကြည်မှု ဒါတွေနဲ့ လူ့ဘဝကို ရင်ဆိုင်ရတာလို့ ပြောတဲ့ ကိုခွန်မြင့်ထွန်းက ဘူမိဗေဒနဲ့ ကျောင်းပြီးခဲ့ပါတယ်။ ဒီပညာရေးကို သူ့မိဘလုပ်အားတွေနဲ့ သင်ခဲ့ရတယ်လို့ ဆိုပါတယ်။ ဘူမိဗေဒဘာသာရပ်နဲ့ ကျောင်းပြီးခဲ့ပြီး ကိုခွန်မြင့်ထွန်းက ရှစ်လေးလုံးအရေးတော်ပုံမတိုင်ခင်မှာ မိုးကုတ်မြို့မှာ ကျောက်တူးပြီး ကျူရှင်ဆရာ လုပ်ခဲ့ပါတယ်။ ရှစ်လေးလုံးအရေးတော်ပုံကြီး၊ နိုင်ငံနဲ့အဝှမ်း ပျံ့နှံ့လာတဲ့အခါ မိုးကုတ်မြို့အထိ ရောက်ရှိလာခဲ့ပါတယ်။





အဖြူအစိမ်းဝတ် ကျောင်းသားကျောင်းသူလေးတွေ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံကြီးကိုင်ပြီး မြို့အနှံ့ဆန္ဒပြကြတယ်။ ဒီကလေးတွေကိုမြင်တော့ ကိုခွန်မြင့်ထွန်း စာသင်တာရပ်ပြီး ကျောင်းသားကျောင်းသူတွေနဲ့အတူ ပါဝင်ခဲ့ပါတယ်။ စိတ်ဓာတ်ပြင်းထန်လာရင် အခက်အခဲကို ကျော်ဖြတ်နိုင်တယ်ဆိုတဲ့စိတ်နဲ့ မိုးကုတ်ကနေ ခန္တီးလေးအထိရောက်လာပြီး အရေးတော်ပုံကြီးကို ဆက်လက် ဆင်နွှဲခဲ့ပါတယ်။ ခန္တီးလေးမှာ ဘုန်းကြီးကျောင်းတစ်ခုမှာ တည်းခိုပြီး လူထုကို နိုင်ငံရေးနိုးကြားစေမယ့် တရားပွဲတွေကို လိုက်ပြီး နားထောင်ပါတယ်။ စင်အောက်က နားထောင်သူကို စင်ပေါ်မှာ ဟောပြောသူဖြစ်အောင် ရဟန်းသံဃာတွေက ကိုခွန်မြင့်ထွန်းကို တိုက်တွန်းခဲ့ပါတယ်။

ဘုန်းကြီးတွေက ကျနော့်ကို မှာလိုက်တယ်။ စင်ပေါ်ရောက်လို့ ကိုယ်ပြောတဲ့စကားကို ပရိသတ်ကနားထောင်ပြီး လက်ခုပ် မနားတမ်းတီးရင် ဆင်းလာခဲ့တော့၊ လက်ခုပ်တိုတိုတီးရင် ဆက်ပြောလို့ သင်လိုက်ပါတယ်။ ဒါကြောင့်ထင်တယ်။ န·ဝ·တ၊ န·အ·ဖ ဆန္ဒခံယူပွဲတွေမှာ လူထုက လက်ခုပ်အရှည်ကြီးတီးတာတဲ့။

သထုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် စာရင်းတင်သွင်းဖို့ သထုံမြို့နယ်ကပဲ ကိုခွန်မြင့်ထွန်းကို ဝိုင်းဝန်းထောက်ခံခဲ့ပါတယ်။ ပြည်သူလူထုက ယုံယုံကြည်ကြည်နဲ့ သူ့ကို လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်လိုက်တဲ့နောက် အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်အဖြစ်နဲ့ သူ မြဲအောင် ရပ်ခဲ့ပါတယ်။

၁၉၉၆ မေလ ၂၀ ရက်နေ့မှာ ကိုခွန်မြင့်ထွန်း အဖမ်းခံလိုက်ရပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်ခြံထဲမှာ ၆ နှစ်မြောက် ရွေးကောက်ပွဲ နှစ်ပတ်လည်အစည်းအဝေးကို တက်ရောက်မှာလားလို့ သထုံမြို့နယ် စစ်ထောက်လှမ်းရေးက မေးခဲ့ပါတယ်။ စစ်ထောက်လှမ်းရေးက ဒီအစည်းအဝေးက တရားမဝင်ဘူးလို့ ကိုခွန်ထွန်းမြင့်ကို ပြောပါတယ်။ ဒီစကားကို ကိုခွန်မြင့်ထွန်းက အခုလို ချေပပြောဆိုခဲ့ပါတယ်။

၁၉၉၀ ပြည့် ရွေးကောက်ပွဲပြီးရင် စစ်တပ်က စစ်တန်းလျားပြန်မယ်လို့ ကမ္ဘာသိကြေညာခဲ့တယ်။ ကျနော်တို့ကို လူထုက ပြည်သူ့လွှတ်တော်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စားလှယ်အဖြစ် ပြည်သူရဲ့ အချုပ်အခြာအာဏာသုံးရပ်စလုံးကို လွှဲအပ်ပေးခဲ့တာ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတာပဲ။ ဒီတော့ ပြည်သူလူထုဆန္ဒအမှန်နဲ့ ရွေးချယ်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ၆ နှစ်မြောက် ရွေးကောက်ပွဲအစည်းအဝေးက တရားဝင်ပါတယ်။ ဒါကြောင့် ဒီအစည်းအဝေးကို ကျနော် တက်မယ်။

ကိုခွန်မြင့်ထွန်း စကားအဆုံးမှာ စစ်ထောက်လှမ်းရေးက အခုအချိန်ကစပြီး ခင်ဗျားကို ထိန်းသိမ်းလိုက်ပါပြီတဲ့။ ကိုခွန်မြင့်ထွန်းကို မော်လမြိုင် စစ်ထောက်လှမ်းရေးမှာ ၁၀ ရက်ကြာ ထိန်းသိမ်းပြီး အင်းစိန်အကျဉ်းထောင်ကို ပို့လိုက်ပါတယ်။ အင်းစိန်အကျဉ်းထောင်မှာ ၅ ညနဲ့ ၅ ရက် စစ်ကြောရေးလုပ်ပါတယ်။ လုံးဝ အိပ်ခွင့်မပေးပါဘူး။ စစ်ကြောရေးမှာ အချက်သုံးချက် အဓိကထားပြီး မေးခိုင်းပါတယ်။ အဲဒီအချက်တွေကတော့ အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်အဖြစ်က နုတ်ထွက်ဖို့ ဒေါ်အောင်ဆန်းစုကြည်ကို မထောက်ခံဘူး၊ အဖွဲ့ချုပ်လူကြီးတွေလုပ်တာ မှားတယ်ဆိုတဲ့အဖြေကိုရဖို့ အရက်စက်ဆုံးနည်းတွေနဲ့ မေးပြီး သူတို့လိုချင်တဲ့ အဖြေရအောင် လုပ်ပါတယ်။

အဲဒီအချိန်မှာ ၁၉၆၂ ကျောင်းသားခေါင်းဆောင်တစ်ဦးပြောတဲ့ စကားကို ကိုခွန်မြင့်ထွန်း ရင်ထဲစွဲနေအောင် မှတ်ထားရပါတယ်တဲ့။ ဒါကတော့ ယုံကြည်ချက် ခိုင်မာတယ်ဆိုတာ ဘာနဲ့တိုင်းတာရသလဲဆိုတဲ့ သူ့မေးခွန်းကို ကျောင်းသားခေါင်းဆောင်က အခုလို ပြန်ဖြေခဲ့ပါတယ်။

ရန်သူ့စစ်ကြောရေးစခန်း အကျပ်အတည်းဆင်းရဲဒုက္ခတွေကြားမှာ တချို့က ယုံကြည်ချက်နဲ့ လဲသွားကြတယ်တဲ့။

၅ ရက် ၅ ည မနားမနေ အနှိပ်စက်အညှဉ်းပန်းခံရတဲ့ ကိုခွန်မြင့်ထွန်းက အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်အဖြစ်က မနုတ်ထွက်နိုင်ဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို ကျနော် ထောက်ခံတယ်။ အဖွဲ့ချုပ်လူကြီးတွေ မမှားဘူး။ ဒါ ကျနော့်ယုံကြည်ချက် အဖြေပဲ။ သတ်ချင်သတ်လိုက်ဆိုတော့ စစ်ကြောရေးရပ်ပြီး အင်းစိန်အကျဉ်းထောင်ကနေ မန္တလေးအကျဉ်းထောင်ဆီကို ကိုခွန်မြင့်ထွန်းကို ပို့လိုက်ပါတော့တယ်။

လူအသီးသီးက ကိုယ်တိုင်ပြုလုပ်ခဲ့ဖူးတဲ့ ထူးခြားလှတဲ့ ဖြစ်ရပ်တစ်ခုမှာ တွေးတောမိနိုင်စရာ အကြောင်းတရားတွေ ရှိကြပါလိမ့်မယ်။ စိတ်ထဲမှာဖြစ်ပေါ်လာတဲ့





ထက်မြက်တောက်ပတဲ့ အတွေးအခေါ်၊ ယုံကြည်ချက်တွေကို ပြန်သတိရမိ ဘတ်ပါတယ်။ ကိုခွန်မြင့်ထွန်းလည်း အသက်အငယ်ဆုံး အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပေမဲ့ ပြည်သူလူထုအတွက် သူ့ယုံကြည်ချက်ကို အပွန်းမခံဘဲ နှစ်ရှည်ထောင်ဒဏ်၊ ဝေးလံခေါင်သီတဲ့ အကျဉ်းစခန်းကိုပဲ ရွေးချယ်လိုက်ပါတယ်။ အတုအယောင် နိုင်ငံရေးသမားမဟုတ်ဘူးဆိုတာ စစ်အာဏာရှင်ကို ကိုခွန်မြင့်ထွန်း ဘဝနဲ့ရင်းပြီး သက်သေပြလိုက်ပါတယ်။

ကိုခွန်မြင့်ထွန်းကို အင်းစိန်အကျဉ်းထောင်ကနေ မန္တလေးအကျဉ်းထောင်ကို ပို့လိုက်ပါတယ်။ မန္တလေးထောက်လှမ်းရေး(၁) က ဂျင်းရုပ်စာစောင်အမှုဆိုပြီး မန္တလေး ထောင်တွင်းရုံးမှာပဲ ထောင်ဒဏ် ၇ နှစ် အမိန့်ချမှတ်လိုက်ပါတယ်။ ကိုခွန်မြင့်ထွန်းနဲ့ အမှုတွဲတူ ထောင်ကျခဲ့ရတဲ့ ကလေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ချင်းအမျိုးသား ဦးဒိုထောင် ဆိုရင် စစ်ကြောရေးက နှိပ်စက်ညှဉ်းပန်းလို့ ရခဲ့တဲ့ဒဏ်ရာ မန္တလေးအကျဉ်းထောင်ထဲမှာ တော်တော်နဲ့ မပျောက်ဘူးလို့ ကိုခွန်မြင့်ထွန်းက ပြောပါတယ်။

ကျနော်နဲ့ ဦးဒိုထောင် တွေ့တဲ့အချိန်မှာ ဦးဒိုထောင် နားရွက်ထဲမှာ သွေးခဲတွေ။ ဦးစိန်မြင့်၊ ဦးဖောတိဗလ တို့မှာလည်း တစ်ကိုယ်လုံး ကြိမ်လုံးရာတွေ။ စစ်ကိုင်းဦးကျော်သောင်းနဲ့ ကလေးမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးဘမင်းတို့ မှာလည်း ဒဏ်ရာတွေအများကြီးပဲ။ စစ်ကြောရေးမှာ နှိပ်စက်ခံခဲ့ရတာ။

မန္တလေးအကျဉ်းထောင်ထဲမှာ ရွေးကောက်ပွဲ ၁၀ နှစ်ပြည့်လုပ်လို့ အာဏာပိုင်က ကိုခွန်မြင့်ထွန်းကို ကလေးမြို့အကျဉ်းထောင်ကို ပို့လိုက်ပါတယ်။ ကလေးမြို့သား ဦးဘမင်းကိုတော့ မန္တလေးအကျဉ်းထောင်ကနေ မြစ်ကြီးနား အကျဉ်းထောင်ကို ပို့လိုက်ပါတယ်။ ကလေးမြို့အကျဉ်းထောင်မှာ ကိုခွန်မြင့်ထွန်းက အာဏာပိုင်ကို အစာငတ်ခံဆန္ဒပြလို့ ကလေးအကျဉ်းထောင်ကနေ စစ်တွေမြို့ ဘူးသီးတောင်အကျဉ်းထောင်ကို ပို့လိုက်ပါတယ်။ ဒီအကြောင်းကို ကိုခွန်မြင့်ထွန်းက အခုလို ပြောခဲ့ပါတယ်။

ကျနော့်ကို ကလေးကနေ မန္တလေး၊ မန္တလေးကနေ အင်းစိန်၊ အင်းစိန်ကနေ စစ်တွေအထိ ကိုကြည်သာငြိမ်းနဲ့အတူပို့တယ်။ စစ်တွေရောက်မှ ကိုကြည်သာငြိမ်းကို ထားပြီး စစ်တွေကနေ ဘူးသီးတောင် အကျဉ်းထောင်ကို ပို့လိုက်တယ်။ ခုနက



www.burmeseclassic.com

www.burmeseclassic.com



၈ နာရီ စစ်တွေကနေ ဘူးသီးတောင်ကို သင်္ဘောစီးတာ ညနေ ၄ နာရီ ရောက်တယ်။ လိုက်ပို့တဲ့ ရဲက ၁၂ ယောက်၊ ကျနော့်ကို လက်ထိပ်တန်းလန်းနဲ့ မျက်နှာကို အဝတ်အုပ်ပြီး သင်္ဘောပေါ်ခေါ်ခဲ့တာ။ မမြင်မစမ်းနဲ့ ကုန်းဘောင် ပေါ်ကနေ ကျနော် ပြုတ်ကျမလိုဖြစ်သေးတယ်။

သင်္ဘောအပေါ်ဆုံးထပ်မှာ ကျနော့်ကို ရဲ ၂ ယောက်နဲ့တွဲပြီး လက်ထိပ် ခတ်ထားတယ်။ တာဝန်ယူလာတဲ့ရဲက ကျနော့်ကို မျက်နှာကအဝတ်ကို ဖယ်ပေးပြီး အစ်ကို အေးဆေးနော် ပြဿနာမလုပ်ပါနဲ့၊ ကျနော် ဒုရဲအုပ်ဖြေထားလို့ပါတဲ့။ ကျနော့်စိတ်ထဲ အခံရခက်လိုက်တာဗျာ။ ငါက သူခိုးဓားပြမဟုတ်ဘူး၊ နိုင်ငံရေးသမား တိုင်းပြည်ကို ကောင်းစေချင်တဲ့လူကွလို့ ပြောလိုက်တယ်။ ကျနော်နဲ့ စကားမပြောရဘူးလို့ ရဲ ၂ ယောက်ကို မှာထားတော့ သူတို့ကိုပဲ ကျနော်စကားပြောတာ တစ်လမ်းလုံးပဲ။ ကျနော်တို့ အကျဉ်းထောင်ထဲနေရတဲ့အချိန်မှာ စကား လွတ်လွတ်လပ်လပ် ပြောခွင့် မရှိဘူး။ ပြင်ပလေ ရှူခွင့်မရှိဘူး။ အပြင်လောက,က လူတွေကို မြင်ချင်တဲ့စိတ်ဆန္ဒ ဘူးသီးတောင် သင်္ဘောခရီးမှာ အကုန်မြင်ခဲ့၊ ခံစားခဲ့ရတယ်။

ဘူးသီးတောင်အကျဉ်းထောင်ထဲမှာ ကျနော်တစ်ယောက်တည်း နိုင်ငံရေးအကျဉ်းသားအဖြစ်နဲ့ ရှိတယ်။ ကျနော် တစ်ယောက်တည်းပဲ နေရတယ်။ ဒီတော့ ကျနော် တရားထိုင်တယ်။ ၄ လအကြာမှာ အမေလာတွေ့တယ်။ အမေက ပြုံးပြုံးရွှင်ရွှင်နဲ့ သားကြိုက်တာတွေ ယူလာတာပေါ့။ ထောင်ဝင်စာမှာ ကျနော်က အမေ့ကို ဘာဖြစ်လို့ ဒီလောက်အဝေးကြီးကို လိုက်လာရတာလဲ။ အမေ ပင်ပန်းတာပေါ့။ ငါ့သားဆိုတဲ့အစွဲကိုဖျောက်။ ငါ့သားဆိုတဲ့အစွဲကို အမေ မဖျောက်ရင် ပင်ပန်းလိမ့်မယ်ဆိုတော့ အမေရယ် ပြုံးရွှင်နေရာက မျက်ရည် ပေါက်ပေါက်ကျပြီး နင်မွေးလာတဲ့ကလေးကျမှ နင်သိမယ်တဲ့။ ထောင်ဝင်စာ တွေ့ချိန် ၁၅ မိနစ်လေးတွေ့ခွင့်ရဖို့ အမေ ဒီလမ်းခရီးကို ဘယ်လောက် ပင်ပန်းမယ်ဆိုတာ ကျနော်သိလို့ပြောတာလည်း ပါပါတယ်။ ကျနော်ကိုယ်တိုင် တကယ်တရားမရသေးတော့ အမေ့နောက်ကျောကိုကြည့်ပြီး ကျနော့်မှာ မျက်ရည်စတွေနဲ့။ အမေက ကျနော်ဖြစ်ချင်တာတွေကို အကုန်လိုက်လျောခဲ့တာ။

ထောင်ဝင်စာဆိုတာ လူ့အသည်းနှလုံးတွေ ကြေပြုန်းရတဲ့နေရာပါ။ အကျဉ်းထောင်ထဲကသူကလည်း ပြည့်စုံအောင်ရှင်းပြနိုင်ဖို့ အချိန်မရပါဘူး။





ထောင်ဝင်စာတွေ့ချိန် ၁၅ မိနစ်ဟာ ခဏလေးနဲ့ ပြည့်သွားရပါတယ်။ ထောင်ဝင်စာက အပြန် မိသားစုကလည်း အကျဉ်းထောင်ထဲကလူကို စိတ်မချတဲ့စိတ်နဲ့ပြန်ရတာ။ အကျဉ်းထောင်ထဲကလူကလည်း ဝေးလံခေါင်သီတဲ့ဒေသကနေ ကိုယ့်အိမ် ကိုယ့်ယာကို အန္တရာယ်ကင်းကင်းနဲ့ မိသားစုရောက်ပါ့မလားလို့ စိတ်နဲ့ပူပန် နေရပါတယ်။

သထုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ကိုခွန်မြင့်ထွန်းက ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှာ ပြည်သူရဲ့အချုပ်အခြာအာဏာသုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကို လွှဲအပ်ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်သူလူထုအပေါ် အလုပ်အကျွေး ပြုရဦးမယ်လို့ ခံယူထားသူလည်းဖြစ်ပါတယ်။ ဒါပေမဲ့ ၁၉၉၀ ပြည့် ရွေးကောက်ပွဲ ရလဒ်ကို မျက်ကွယ်ပြုထားတဲ့ စစ်အာဏာရှင်က ပြည်သူလူထုရဲ့ဆန္ဒတွေကို ငြင်းဆန်ပြီး သူတို့အာဏာတည်မြဲဖို့အတွက် ၂၀၁၀ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ ကြိုးစားနေပါတယ်။

လက်ရှိ မြန်မာနိုင်ငံရဲ့အခြေအနေကို ကိုခွန်မြင့်ထွန်းက အခုလို ပြောခဲ့ပါတယ်။ စစ်အာဏာရှင်က အာဏာကိုရတဲ့နည်းနဲ့ ချုပ်ကိုင်ထားပြီး ဘယ်သူပဲဖြစ်ဖြစ် သူ့ကို ဦးကျိုးဆက်ဆံရမယ်လို့ ခံယူထားတယ်။ စစ်အာဏာရှင်ကို ပြုတ်သားတဲ့ဆန္ဒကျင်မှု မလုပ်နိုင်ရင်၊ တစ်စုတစ်စည်းတည်း မလုပ်နိုင်ရင် ကျနော်တို့ရဲ့ရိုးသားမှုကို အသုံးချနေမှာပဲ။ ကျနော်တို့ဘက်က ဘယ်လောက်ပဲ ဖြေရှင်းပြေလည်ချင်ပေမဲ့ စစ်အာဏာရှင်က တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်း ပေါ်ကို တက်မလာခဲ့ဘူး။ ပြုတ်သားတဲ့ဆန္ဒကျင်မှုကို ကျနော်တို့ မလုပ်နိုင်ရင် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်နေဦးမှာပဲတဲ့။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com



အဘဦးခင်မောင်မြင့် အစာငတ်ခံ တိုက်ပွဲဝင်နေတာကို ရပ်စဲဖို့ပြောခဲ့ပါတယ်။ အားမရှိတဲ့ကြားကပဲ ခင်ဗျားတို့ ကျုပ်တို့ကောင်းဆိုတာ ပေးမှာလား၊ မပေးဘူးလား ပဲပြော။ ကျန်တာမပြောနဲ့လို့ ပြတ်ပြတ်သားသား ပြောပြီးအိပ်ရာထဲ ပြန်လှဲနေလိုက်ပါတယ်။ ကျွန်းဖျက်သိမ်းရေး တိုက်ပွဲ အောင်မြင်ပြီးနောက် ရန်ကုန် ပြန်ရောက်လာတဲ့ ကျွန်းပြန်တွေ သဘောၤပေါ်က ဆင်းလာတဲ့အချိန်မှာ အာဏာပိုင်က နိုင်ငံရေးသမားတွေကို ပုံစံထိုင်ခိုင်းပါတယ်။



# ဦးခင်မောင်မြင့်

ရှက်ဟောင်းကြွေတာ ရှက်သစ်တွေအတွက် မြေဩဇာဖြစ်ခဲ့ရင် စစ်အာဏာရှင်စနစ်ကို အသက်ပေးဆန့်ကျင်သွားတဲ့ အာဇာနည်သူရဲကောင်းတွေရဲ့ သွေးတွေလည်း သွေးသစ်ပွားတာလို့ ကျမ ယုံကြည်မိပါတယ်။ ကျမတို့ မြန်မာနိုင်ငံမှာ မဂ်လာရှိတဲ့နေ့တွေထက် သွေးစွန်းတဲ့နေ့ရက်တွေက ပိုများခဲ့ပါတယ်။ ဒီထဲကမှ ယုံကြည်ချက်ကြောင့်အကျဉ်းကျရင်း အကျဉ်းထောင်ထဲမှာ ကျဆုံးသွားကြတဲ့ နိုင်ငံရေးသမားတွေရဲ့ အထိမ်းအမှတ်နေ့တွေလည်း ၁၂ လရာသီ မပြတ်ခဲ့ပါဘူး။ စစ်အာဏာရှင်က လမ်းပေါ်လူမြင်ကွင်းမှာ ဖြောင်လှူသတ်လို့ အားမရသေးဘဲ သူတို့ကို ဆန့်ကျင်သူတွေကို စစ်ကြောရေးစခန်းနဲ့ အကျဉ်းထောင်ထဲမှာ စနစ်တကျ ဖိနှိပ်သတ်ဖြတ်ခဲ့ပါတယ်။ ရောဂါဖြစ်အောင် ရောဂါဖြစ်စေနိုင်တဲ့အခန်းထဲ ထားတာမျိုး၊ ဆေးထိုးအပ်တစ်ချောင်းနဲ့ ရောဂါကူးစက်အောင်လုပ်တာမျိုး၊ ဒုက်ဖျားထူထပ်တဲ့ ဝေးလံခေါင်သီတဲ့ အကျဉ်းစခန်းတွေဆီပို့ပြီး ဆေးကုသခွင့် မပေးတာမျိုးနဲ့ အသက်ဆုံးရှုံးရအောင် လုပ်ခဲ့သလို လုပ်နေဆဲလည်းဖြစ်ပါတယ်။

ဖေဖော်ဝါရီ ၁၆ ရက်နေ့က ပြည်သူ့တိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးခင်မောင်မြင့် အင်းစိန်အကျဉ်းထောင်ထဲမှာ ကျဆုံးခဲ့ရတဲ့ နှစ်ပတ်လည်နေ့ ဖြစ်ပါတယ်။ ကျမ ဖေဖေ ကိုကိုးကျွန်းက ပြန်လာတဲ့အချိန်မှာ ကျမ အမြန်ဆုံး လူလားမြောက်ခဲ့ရ ပါတယ်။

အသက် ၇ နှစ်အရွယ် ကျမကို ဖေဖေ့ရဲဘော်များက တွေ့တာနဲ့ နိုင်ငံကိုကယ်တင်မှာလား၊ ကိုယ့်ကိုကိုယ်ကယ်တင်မှာလားလို့ မေးတတ်ပါတယ်။ အဲဒီတုန်းကတော့ လူကြီးတွေအကြိုက် နိုင်ငံကိုလည်း ကယ်တင်မယ်။ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ကယ်တင်မယ်လို့ ကျမ ဖြေတတ်ပါတယ်။ ကလေးပီပီ ဒီစကားရဲ့ အနှစ်သာရတန်ဖိုးကို သေသေချာချာ မသိခဲ့ပါဘူး။ ကျမစိတ်ထဲ စွဲထင်နေရတာကတော့ ကိုကိုးကျွန်းထောင်သမိုင်းနဲ့၊ ကိုကိုးကျွန်းပြန် နိုင်ငံရေးသမားတွေရဲ့ ရဲဘော်ရဲဘက်စိတ်ဓာတ်ပါ။ ငါးပိပုတ်တိုက်ပွဲ၊ ကျွန်းဖျက်သိမ်းရေး တိုက်ပွဲမှာ တိုက်ပွဲဝင်ရဲဘော်များကို ပြုစုရတဲ့ ရဲဘော်တွေရဲ့ခံစားချက်။ တိုက်ပွဲဝင် ရဲဘော်တွေရဲ့ စိတ်ဓာတ်တွေဟာ ကျမရင်ထဲ အခုချိန်အထိ ခွန်အားအဖြစ် စီးဝင်နေဆဲပါ။

ဒီတိုက်ပွဲထဲမှာ ပါဝင်ခဲ့တဲ့ အဘဦးခင်မောင်မြင့်ကိုလည်း သူရဲကောင်းတစ်ဦးအဖြစ် လေးစားတန်းဖိုးထားခဲ့ရပါတယ်။

အဘဦးခင်မောင်မြင့် အစာငတ်ခံ တိုက်ပွဲဝင်နေတာကို ရပ်စဲဖို့ပြောခဲ့ပါတယ်။ အားမရှိတဲ့ကြားကပဲ ခင်ဗျားတို့ ကျုပ်တို့တောင်းဆိုတာ ပေးမှာလား၊ မပေးဘူးလားပဲပြော။ ကျန်တာမပြောနဲ့လို့ ပြတ်ပြတ်သားသားပြောပြီး အိပ်ရာထဲ ပြန်လှဲနေလိုက်ပါတယ်။ ကျွန်းဖျက်သိမ်းရေးတိုက်ပွဲ အောင်မြင်ပြီးနောက် ရန်ကုန်ပြန်ရောက်လာတဲ့ ကျွန်းပြန်တွေ သင်္ဘောပေါ်က ဆင်းလာတဲ့အချိန်မှာ အာဏာပိုင်က နိုင်ငံရေးသမားတွေကို ပုံစံထိုင်ခိုင်းပါတယ်။ ပုံစံထိုင်ရတယ်ဆိုတာ နိုင်ငံရေးသမားကို ဦးချိုးတာပါ။ အဘဦးခင်မောင်မြင့်က ပုံစံမထိုင်နိုင်ဘူးလို့ ငြင်းဆန်တော့ အာဏာပိုင်တွေဝိုင်းရိုက်တာ လဲကျတဲ့အထိပါ။

ငါတို့က ဦးခင်မောင်မြင့်ကို လေးစားတယ်ဆိုတာ ခိုင်မာတဲ့ အချက်အလက်တွေနဲ့ လေးစားခဲ့တာ၊ တခြားလေးစားစရာတွေလည်း အများကြီးရှိတယ်လို့ ဖေဖေနဲ့အတူ ဖေဖေ့ရဲဘော် ကျမဦးလေးတွေက အမြဲပြောခဲ့ပါတယ်။

အဘဦးခင်မောင်မြင့်က ၁၉၄၅ ခုနှစ် ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလမှာ သခင်စိုးနဲ့ ဗိုလ်နေဝင်းအကြား ဆက်သားအဖြစ် မြန်မာပြည်လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့တဲ့အချိန်က အသက် ၁၄ နှစ်အရွယ်ပဲရှိသေးတယ်။ ၁၉၅၃-၅၄ မှာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ဗ·က·သ အမှုဆောင်တစ်ဦးအဖြစ် ကျောင်းသားထုအရေး၊ စစ်မှန်တဲ့ဒီမိုကရေစီပညာရေးအတွက်လည်း ရှေ့တန်းကနေ ပါဝင်ခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တက်ကြွစွာပါဝင်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်မှာ တော်လှန်ရေးကောင်စီက အမျိုးသားညီညွတ်ရေး





ကာကွယ်တဲ့ ဥပဒေကိုထုတ်ပြန်ပြီး တစ်ပြည်လုံးရှိ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များအားလုံးကို ဖျက်သိမ်းခဲ့ပါတယ်။ ပြည်သူ့တိုးတက်ရေးပါတီက ပါတီဖျက်သိမ်းကြောင်း ကြေညာခြင်းမပြုခဲ့တဲ့အတွက် ခေါင်းဆောင်အားလုံး အဖမ်းခံခဲ့ရပါတယ်။

ခြင်္သေ့သုံးကောင်ဆေးပေါ့လိပ်ရယ်၊ လက်ဖက်ရည်ကျကျ တစ်ခွက်ရယ်၊ ဘင်တင်ရယ်ရှိရင် သူ့ဘဝပြည့်စုံတယ်လို့ပြောတဲ့ အဘဦးခင်မောင်မြင့်က ဦးနေဝင်းရဲ့ မြန်မာဆိုရှယ်လစ်ပါတီ အစိုးရကပေးတဲ့ နိုင်ငံဂုဏ်ရည်ဘွဲ့ကို ငြင်းဆန်ခဲ့တယ်လို့ ကျမ မှတ်သားဖူးပါတယ်။ နိုင်ငံရေးသမားအချို့ သူတို့ရဲ့ နိုင်ငံရေးအခက်အခဲ၊ လူမှုရေးအခက်ခဲရှိခဲ့ရင် အလွယ်တကူ မဆုံးဖြတ်ဘဲ အဘဦးခင်မောင်မြင့်ရဲ့ ဆုံးဖြတ်ချက်ကို အတည်ပြုဖို့ တိုင်ပင်တတ်ကြပါတယ်။

ရှစ်လေးလုံးအရေးတော်ပုံကာလမှာ ကျမတို့ပြည်သူလူထု ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိရမယ်။ တိုင်းပြည်အာဏာ ပြည်သူက ဆင်းသက်ရမယ်ဆိုတဲ့ လွတ်လပ်ခွင့် ဒီမိုကရေစီရေး တောင်းဆိုသံတွေနဲ့ ပြည်သူ့ဆန္ဒအမှန်ကို ဖော်ထုတ်ခဲ့ကြပါတယ်။ ကျမတို့နိုင်ငံရဲ့သမိုင်းက တောင်းဆိုတဲ့ ဒီမိုကရေစီရေးတောင်းဆိုသံပါ။ ဒီအသံတွေကိုဖျက်ဆီးပစ်နေတဲ့ စစ်အာဏာရှင်ကို အဘဦးခင်မောင်မြင့်က အခုလိုပြောခဲ့ပါတယ်။

ဗိုလ်နေဝင်းနဲ့ စစ်အာဏာရှင်ကို ပြောလိုက်မယ်။ ဒါ တောင်ပြိုနေတာ၊ လက်နဲ့ကာလို့ မရဘူးတဲ့။

ရှစ်လေးလုံးအရေးတော်ပုံကာလမှာ အဘဦးခင်မောင်မြင့်ရဲ့ ထင်ရှားတဲ့ အကဲဖြတ်ချက်တွေ ရှိခဲ့ပါတယ်။ ဒီအထဲမှာ အမှတ်ရနေတာကတော့ ဗိုလ်နေဝင်းအစိုးရက မင်းမဲ့စရိုက်ဖန်တီးပြီး စစ်တပ်နဲ့ အာဏာသိမ်းလိမ့်မယ်လို့ အစောဆုံးပြောကြားခဲ့ပါတယ်။ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးမှာ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်ဟောင်းအဖြစ် အဘဦးခင်မောင်မြင့် ပါဝင်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်နေ့မှာ စစ်တပ်က အာဏာသိမ်းပြီးနောက် ပါတီခုံဖွဲ့စည်းခွင့်ပေးတဲ့အခါ ပြည်သူ့တိုးတက်ရေးပါတီဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပါတယ်။ ပါတီထောင်ပြီး ၇ လအကြာ ၁၉၈၉ ဇွန်လမှာ အဖမ်းခံခဲ့ရပြီး ထောင်ဒဏ်အနှစ်နှစ်ဆယ် ချမှတ်ခံခဲ့ရပါတယ်။ အဘဦးခင်မောင်မြင့်က အသက်



www.burmeseclassic.com

www.burmeseclassic.com



၁၄ နှစ်အရွယ်ကနေ ကွယ်လွန်ချိန်အထိ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ပါလီမန် ဒီမိုကရေစီကာလ၊ မ·ဆ·လ စစ်အာဏာရှင်ကာလ၊ န·ဝ·တ စစ်အာဏာရှင် ကာလတစ်လျှောက်လုံး ပြည်သူလူထုအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး ပြည်သူ့ရှေ့က မားမားရပ်ကာ တိုက်ပွဲဝင်သွားခဲ့သူ ဖြစ်ပါတယ်။

လူများစု လွတ်လပ်ဖို့အတွက် တချို့လူတွေဟာ သူတို့ရဲ့လွတ်လပ်ခွင့်တွေကို အဆုံးရှုံးခံပြီး အကျဉ်းထောင်တွေထဲမှာ ပိတ်လှောင်ခံနေရပါတယ်။ လူအများစု အသက်အန္တရာယ်လုံခြုံရေးအတွက် တချို့လူတွေဟာ သူတို့ရဲ့အသက်တွေကို အသေခံပေးဆပ်ခဲ့ကြပါတယ်။ လူများစုဘဝတွေ ပျော်ရွှင်ချမ်းမြေ့နိုင်ဖို့အတွက် သူတို့ရဲ့ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝတွေကို စွန့်လွှတ်အစတေးခံနေရပါတယ်။

၁၉၉၃ ခု ဖေဖော်ဝါရီ ၁၆ ရက်နေ့မှာ အဘဦးခင်မောင်မြင့်ဇနီး ကြီးကြီး ဒေါ်တင်တင်နဲ့အတူ ကျမတို့အားလုံး တုန်လှုပ်ကြေကွဲခဲ့ရပါတယ်။ အဘဦးခင်မောင်မြင့် ဆုံးသွားပြီတဲ့။ အင်းစိန်ထောင် တာဝန်ခံအရာရှိကိုယ်စား ဒုတိယထောင်ပိုင် ဇော်ဘုန်းရဲ့ အကြောင်းကြားစာက စစ်အာဏာရှင်ရဲ့ ရိုင်းပျ ရက်စက်မှုကို သက်သေထူခဲ့ပါတယ်။

တာဝန်ခံအရာရှိရုံး

ဗဟိုအကျဉ်းထောင်

အင်းစိန်မြို့

ရက်စွဲ ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်

မတင်တင် ဇနီးသိစေရန်။

အကြောင်းအရာ။ ။ အကျဉ်းသား ထောင်ဝင်အမှတ် ၄၂၆၇၊ စီ ခင်မောင်မြင့် (ဘ) ဦးရွှေလင်းသည် ကျန်းမာရေးမကောင်းသဖြင့် အင်းစိန်ထောင် ဆေးရုံသို့ ပို့ဆောင်ကုသပေးသော်လည်း ကျန်းမာရေးကောင်းမွန်ခြင်းမရှိသဖြင့် ၁၆ ရက်၊ ၂ လ၊ ၁၉၉၃ နေ့၊ ၆ နာရီ ၁၀ မိနစ်မှာ အင်းစိန်ဗဟိုအကျဉ်းထောင် ဆေးရုံမှာ သေဆုံးသွားသည်တဲ့။

တပ်မတော်သာအမိ၊ တပ်မတော်သာအဖ ဆိုတဲ့ စစ်အာဏာရှင်က တိုင်းပြည်ချောက်ထဲကျမယ့်အရေး သူတို့ကယ်တင်လိုက်ရပါတယ်တဲ့။ အမှန်တကယ်





ကတော့ ပြည်သူလူထုကို ချောက်ထဲတွန်းချနေတာ စစ်အာဏာရှင်ပါ။ ပြည်သူ အများစု ဆင်းရဲတော်မွတ်ပြီး ကျန်းမာရေး၊ ပညာရေးစောင့်ရှောက်မှု အလျဉ်းမရှိတဲ့ အချိန်တွေမှာ စိန်စီသောညလို မင်္ဂလာပွဲတွေကျင်းပပြီး စစ်အာဏာရှင်မိသားစုတွေ ဘဝအဆက်ဆက် စားမကုန်အောင် ချမ်းသာနေကြပါတယ်။

တိုင်းပြည်အတွက်၊ ပြည်သူလူထုအတွက် ဒီမိုကရေစီရေး ကြိုးပမ်းနေသူ တွေကတော့ စစ်ကြောရေးစခန်းထဲမှာ အနှိပ်စက်ခံရ။ အကျဉ်းထောင်ထဲမှာ ဘဝပျက်ရ။ အသက်သေကြရတဲ့အထိပါ။ ကျမတို့ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကို ခေတ်အဆက်ဆက် အုပ်စိုးသူကို တောင်းဆိုတိုက်ပွဲဝင်ခဲ့တဲ့ အဘဦးခင်မောင်မြင့်၊ သူ့ကိုယ်ကျိုးစီးပွားဆိုလို့ ဘာတစ်ခုမှ ဦးစားမပေးခဲ့ပါဘူး။ ဗိုလ်နေဝင်းက အဘဦးခင်မောင်မြင့်ကို နိုင်ငံရေးမလုပ်နဲ့၊ လိုအပ်တဲ့ အခွင့်အရေးအားလုံး ပေးမယ်လို့ ကမ်းလှမ်းခဲ့ပေမယ့် အဘဦးခင်မောင်မြင့်က ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့ပါတယ်။ တစ်ကိုယ်ရည်ကောင်းစားဖို့ ချမ်းသာဖို့ထက် တိုင်းပြည် လိုအပ်ချက်၊ ပြည်သူ့လူထု လိုအပ်ချက်ကိုသာ ရှေးရှုခဲ့သူဖြစ်ပါတယ်။

ဆေးလိပ်ကိုယ်စားလှယ်အဖြစ်၊ ကျောင်းဆရာအဖြစ်နဲ့ အဘဦးခင်မောင်မြင့် အသက်မွေးဝမ်းကျောင်း လုပ်ခဲ့ပါတယ်။ ၁၈ ရက် ၂ လ ၁၉၉၃ ခုနှစ် မှာ အဘဦးခင်မောင်မြင့်ချစ်တဲ့ ရဲဘော်တွေနဲ့ အကျဉ်းထောင်ထဲမှာ အကျဉ်းကျခံနေရတဲ့ ရဲဘော်မိသားစုတွေ၊ အဘဦးခင်မောင်မြင့်ကို ချစ်ခင်လေးစားသူတွေ၊ တပည့် ကျောင်းသားတွေနဲ့ ကြံတောသုသာန်ဟာ မစည်ကားသင့်ဘဲ စည်ကားနေပါတယ်။ လွမ်းသူ့ပန်းခွေ ပန်းခြင်း၊ ကဗျာတွေနဲ့လွှမ်းခြုံနေတဲ့ အဘဦးခင်မောင်မြင့်ရဲ့ ရုပ်အလောင်းကိုကြည့်ပြီး အားလုံးက နှမြောတသ ယူကျုံးမရ ဖြစ်နေကြပါတယ်။ အညိုရောင်ဝတ်စုံ ဝတ်ထားတဲ့ ကြီးကြီး ဒေါ်တင်တင်က အဘဦးခင်မောင်မြင့်ကို မျက်တောင်မခတ် ကြည့်ပြီး တစ်ဘဝစာ နှုတ်ဆက်နေပါတယ်။

အဘွားဒေါ်ကြည်ကြည်က ပြောဖူးပါတယ်။ နိုင်ငံရေးသမားတွေရဲ့ ဈာပနကို အာဏာပိုင်က ကြက်ကလေး ငှက်ကလေးသေသလို သဘောထားတာ ဒါမျိုးအဖြစ်မခံနဲ့တဲ့။ အကျဉ်းအကျပ်ကြားထဲက တောက်လှမ်းရေးတွေ အနီးကပ် စောင့်ကြည့်ခံနေရတဲ့ ဈာပနကို ပဲခူးကနေပြီး နောက်ဆုံးဂါရဝပြုလာရောက်



www.burmeseclassic.com

www.burmeseclassic.com



သူတွေလည်း ရှိပါတယ်။ ရှာပနကျင်းပတဲ့ အအေးခန်းရှေ့ဝမှာ ဖိနပ်ချွတ်ပြီးမှ ဝင်လာတဲ့သူတွေပါ။ အဘဦးခင်မောင်မြင့်ကို မမှိတ်မသုန်ကြည့်ပြီး ထိခြင်းငါးပါးနဲ့ သမ်တလင်းပေါ်မှာ ထိုင်ကန်တော့ကြပါတယ်။

ငါတစ်ခုမှာခဲ့မယ်၊ ငါသေတဲ့အခါ ငါ့အလောင်းကို ငါ့ပါတီအလံနဲ့ ဖုံးလွှမ်းပေးပါ။ နောက်ဆုံးထွက်သက်အထိ စစ်အာဏာရှင်အစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်သွားတယ်ဆိုတဲ့ အမိဗ္ဗာယ်တဲ့။ အဘဦးခင်မောင်မြင့် ဆန္ဒအတိုင်း ပါတီအလံအုပ်ပြီး မီးသင်္ဂြိုဟ်ခဲ့ပါတယ်။ တရှိန်ရှိန်တောက်လောင်နေတဲ့ မီးသင်္ဂြိုဟ်စက်ထဲကို အဘဦးခင်မောင်မြင့် ရုပ်ခန္ဓာကိုယ်ကို ထည့်လိုက်ကာနီးအချိန်မှာ ဒလ NLD ဦးခင်မောင်ဝင်းက အတင်းဖက်ထားပြီး ရှုံးရှုံးနှစ်နှစ် အော်ငိုလိုက်ပါတယ်။ ကျမတို့အားလုံး ငိုခဲ့ရပါတယ်။

အဘဦးခင်မောင်မြင့် နှစ်ပတ်လည်နေ့ကို စစ်အာဏာရှင်က လုပ်ခွင့်မပြုတာ ဒီနေ့အချိန်ထိပါ။ အဘဦးခင်မောင်မြင့်ဇနီး ကြီးကြီးဒေါ်တင်တင် သေဆုံးတဲ့အချိန်မှာ ကျမ မြင်ရတဲ့မြင်ကွင်း၊ ခံစားရတဲ့ခံစားမှုက ယခုအချိန်မှာရော နောင်ကာလတွေမှာပါ မေ့ပျောက်လို့မရနိုင်အောင် ဖြစ်ရပါတယ်။ အဘဦးခင်မောင်မြင့် ဆုံးပါးပြီးနောက် နယ်ကိုပြောင်းရွှေ့သွားရတဲ့ ကြီးကြီးဒေါ်တင်တင် နာမကျန်းဖြစ်ပြီး ရန်ကုန်ဆေးရုံကြီးကို ဆေးလာကုပါတယ်။ တစ်ချိန်က သူဌေးသမီး ကြီးကြီးဒေါ်တင်တင်က သူ့ဘဝတစ်လျှောက်လုံးမှာ ထောင်ဝင်စာတွေ့ပြီး သံဇကာနှစ်ထပ်ရှေ့မှာ ခင်ပွန်းသည်နဲ့ မိနစ်အနည်းငယ် စကားပြောခွင့်ရတာကိုပဲ ဘဝနဲ့ချီပြီး နှစ်သိမ့်နေခဲ့ရသူပါ။ ခုလည်း မုဆိုးမနိုင်ငံရေးသမားဇနီးသည်ရဲ့ ဘဝနေဝင်ချိန် နောက်ဆုံးခရီးက သိပ်ကို ကြေကွဲဖို့ကောင်းလှပါတယ်။

ရန်ကုန်ဆေးရုံကြီး ရင်ကွဲရုံရဲ့ ကျောက်စားပွဲပေါ်မှာ အသက်မဲ့နေတဲ့ ကြီးကြီး ဒေါ်တင်တင်၊ ခင်ပွန်းသည်ရဲ့ ဖြောင့်မှန်တဲ့နိုင်ငံရေးခံယူချက်ကို ခွန်အားအဖြစ်ပြောင်းပြီး လောကဓံကို ရင်စည်းခံခဲ့သူ၊ ဒီလို အမျိုးသမီးရဲ့ နောက်ဆုံးခရီးက တိတ်ဆိတ်ကြေကွဲလို့ နေပါတယ်။ အဘဦးခင်မောင်မြင့်ရဲ့ ရဲဘော်တွေ ထောင်အကြိမ်ကြိမ်ကျ။ ပုန်းရှောင်နေကြရတဲ့အချိန်မှာ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ရသူတွေက နိုင်ငံရေးအကျဉ်းကျမိသားစုတွေ။





ကြီးကြီးဒေါ်တင်တင်ရဲ့ ရက်လည်ဆွမ်းကျွေးတရားနာ မလုပ်ခဲ့ရပါဘူး။ ကျမတို့ မြန်မာလူ့အဖွဲ့အစည်းရဲ့ ထုံးတမ်းစဉ်လာတွေ၊ မွေးရာပါ လူ့အခွင့်အရေးတွေကို နှိုက်ချိုးနေတဲ့ စစ်အာဏာရှင်ပါ။

အဘဦးခင်မောင်မြင့်လို မြင့်မြတ်တဲ့ နိုင်ငံရေးသမားနဲ့ ပြည်သူလူထုအပေါ် ရက်စက်မှုတွေသာ ပေးနေတဲ့ စစ်အာဏာရှင်တွေ ယှဉ်တွဲနေတဲ့နိုင်ငံက မြန်မာနိုင်ငံပဲဖြစ်ပါတယ်။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com



ရေကြည်အိုင် စစ်ကြောရေးစခန်းမှာ ဒေါ်ဒေါ်ကို စစ်ဆေးလှမ်းရေးက နှိပ်စက်ညှဉ်းပန်းရင်း ပြောပါတယ်။ ငါတို့မှာ ဆွေမျိုးမရှိဘူး။ နင်တို့နဲ့ငါ ဆွေမျိုးမတော်ဘူး။ ကျေးဇူးခံ ကျေးဇူးစားမရှိဘူး။ ရန်သူ မိတ်ဆွေပဲရှိတယ်။ ငါမေးတာ မှန်မှန်ဖြေလို့ ပြတ်ပြတ်တောင်း တောင်း ပြောပါတယ်။ ဒေါ်ဒေါ်က အနှိပ်စက်ခံ နေရာကနေ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ပြန်ဖြေ ခဲ့ ပါတယ်။ ဒါ ရှင်တို့ ယဉ်ကျေးမှု ပဲတဲ့…



ဒေါ်ခင်မာအေး

ကျမတို့မြန်မာနိုင်ငံမှာ ရာသီနဲ့ယှဉ်ပြီး ပွင့်ကြတဲ့ပန်းတွေ အများကြီး ရှိပါတယ်။ ခုလို တန်ခူးလမှာ နှစ်သစ်ကူးသင်္ကြန်ကိုကြိုပြီး ပွင့်ကြတဲ့ပန်းတွေမှာ ငုနဲ့ ပိတောက်ကတော့ အထင်ရှားဆုံးပါပဲ။ ပိတောက်ပန်းကို စာတစ်စောင် ပေတစ်ဖွဲ့ ခေတ်အဆက်ဆက် တင်စားစပ်ဆိုခဲ့ကြတာ ယနေ့အချိန်ထိပါ။ ကဗျာဆရာတွေ တင်စားစပ်ဆိုသလို လမ်းတစ်လျှောက်သင်းနိုင်တဲ့ ပန်းပိတောက် မင်းရဲ့ မွှေးရနံ့က တန်ခူးလေနဲ့အတူ ပါလာတတ်ပါတယ်။ ဒီမွှေးရနံ့နဲ့အတူ ပိတောက်ပွင့်ကိုရနိုင်ဖို့ သင်္ကြန်မိုးတော့လိုပါတယ်။ ငုပန်းဝါဝါကတော့ မိုးရေထိမှ ပွင့်ရတဲ့ပန်း မဟုတ်ပါဘူး။ ပိတောက်နဲ့အတူ နွေမှာပွင့်ရတဲ့ ပန်းချင်းအတူတူ ငုပန်းဝါဝါကတော့ နွေအပူကိုအန်တုပြီး သူ့ကိုယ်ပိုင်စွမ်းအားနဲ့ ရိုးတံအထိ အရွက်မမြင်ရအောင် ပွင့်ပြတဲ့ပန်းပါ။ သူ့ကိုယ်ပိုင်သတ္တိနဲ့၊ သူ့အလှနဲ့ လောကကို အလှဆင်တဲ့ ငုပန်းဝါဝါလို လူတွေလည်း ကျမတို့မြန်မာ့လူ့သမိုင်းမှာ အများကြီး ရှိကြပါတယ်။

လောကစံတိုက်ပွဲတွေကြား ထောင်တွင်းတိုက်ပွဲတွေကြား၊ စစ်အာဏာရှင်ရဲ့ ဖိနှိပ်မှုတွေကြားမှာ လူဖြစ်ရခြင်းသတ္တိကိုပြသွားနိုင်တဲ့ နိုင်ငံရေးအကျဉ်းသူဟောင်း ဒေါ်ခင်မာအေးအကြောင်း ကျမ ပြောပါရစေ။ ဒီနေ့ သင်္ကြန်အကြိုနေ့က ဒေါ်ခင်မာအေးစျာပန မြေချခဲ့တဲ့ ၂ နှစ်မြောက်နေ့ပါ။ ဒေါ်ခင်မာအေးကို ကျမတို့ လူငယ်တွေက ဒေါ်ဒေါ်လို့ ခေါ်ကြပါတယ်။ ဒေါ်ဒေါ်က တက္ကသိုလ်ကျောင်းသူ ဘဝကတည်းက ကျောင်းသားသမဂ္ဂ တ·က·သ လှုပ်ရှားမှုတွေနဲ့ အတူရှိနေခဲ့ပြီး တက်ကြွနိုးမြဲတဲ့ကျောင်းသူတစ်ဦးဖြစ်ပါတယ်လို့ ကျမတို့ငယ်စဉ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သိခဲ့ရပါတယ်။ ဒေါ်ဒေါ်ခင်ပွန်း ဦးလေးဦးလှရွှေနဲ့ ၁၉၆၂ ခု ဇူလိုင် ၇ ရက်နေ့ အရေးအခင်းမတိုင်ခင်မှာ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး အိမ်ထောင်ပြုခဲ့ပါတယ်။ မင်္ဂလာဦးပန်းသည်းအဖြစ် မိတ်ဆွေသူငယ်ချင်း ရဲဘော်တွေလက်ဖွဲ့ကြတဲ့ ပန်းသည်းတွေ ကျောင်းသားသမဂ္ဂအဆောက်အဦကို စစ်အာဏာရှင်က ဗုံးခွဲဖျက်ဆီးလိုက်တဲ့အထဲမှာ ပျောက်ပျက် ပျက်ဆီးသွားခဲ့ရပါတယ်။ ဒေါ်ဒေါ်တို့ရဲ့ မင်္ဂလာဦးကာလဟာ ၇ ဇူလိုင် အရေးအခင်းရဲ့ သမိုင်းရေစီးအောက်မှာ ပျောက်ကွယ်ခဲ့ရပါတယ်။ ဦးလေးဦးလှရွှေက သူ့ယုံကြည်ချက်ကို မြဲမြံစွာဆုပ်ကိုင်ပြီး ဘိုကလေးငွေသောင်ယံကို ရောက်သွားချိန်မှာ ဒေါ်ဒေါ်က မိန်းမသားပေမယ့် ကိုယ့်ရပ်တည်ချက်ကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်ရင်း နိုင်ငံရေးစိတ်ဓာတ်အပြည့်နဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး တော်လှန်ရေးဝိဉာဉ်အသိနဲ့ လက်တွေ့နေထိုင်လှုပ်ရှားခဲ့ပါတယ်။ ဒေါ်ဒေါ်နဲ့ ဦးလေးတို့ရဲ့ သားအကြီးဆုံး ကိုဆက်အောင်နိုင်ကို မွေးဖွားတဲ့အချိန်မှာ ဦးလေးသိဖို့ သတင်းစာထဲကနေ ကိုအောင်သာအတွက် သားဦးလေး ကျန်းမာစွာနဲ့ ဖွားမြင်ပါတယ်။ မိခင်ရော ကလေးပါ ကျန်းမာပါတယ်လို့ ထည့်လိုက်ပါတယ်။ ဒီသတင်းစာကို သားဦးဖခင် ဦးလေး ၆ လကြာမှာ ဖတ်ခွင့်ရခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်ထဲမှာ ဒေါ်ဒေါ် အဖမ်းခံခဲ့ရပါတယ်။ အဘွားဒေါ်ကြည်ကြည်၊ ဒေါ်ကောက်ပို့ ကို့နဲ့အတူ နာမည်ဆိုးနဲ့ ကျော်ကြားလှတဲ့ ရေကြည်အိုင် စစ်ကြောရေးစခန်းမှာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရတာ ၅ နှစ်ကြာခဲ့ပါတယ်။ ၁၉၇၂ မှာ ဒေါ်ဒေါ် ခင်ပွန်းသည်နဲ့အတူ ပြန်လည်နေထိုင်ခွင့်ကို လောကစံဆီက လက်ဆောင်ရခဲ့ပါတယ်။ ဒီအချိန်က ဒေါ်ဒေါ်နဲ့ ဦးလေးအတွက် အပျော်ဆုံး အချိန်ကာလတိုတွေပါပဲ။ ဒေါ်ဒေါ်နဲ့ ဦးလေးလှရွှေဟာ တက္ကသိုလ်ကျောင်းသားဘဝကတည်းက ဗ·က·သ၊ တ·က·သ လှုပ်ရှားမှုအတွင်းမှာ လက်တွဲညီညီ ချီတက်လာခဲ့ကြရာက ဘဝခရီးဖော်တွေအဖြစ် ကူးပြောင်းလာခဲ့ကြသူတွေဖြစ်ပါတယ်။ ဦးလေးဦးလှရွှေ မကြာခဏ ကိုးကားလေ့ရှိတဲ့ အတွေးအခေါ်တူ၊ ရပ်တည်ချက်တူ၊ ဘဝတူ စတဲ့ တူလေးတူနဲ့ ကိုက်ညီတဲ့ ဘဝအဖော်မွန်တွေဖြစ်ပါတယ်။

ကျမတို့အမြင်မှာ ဒေါ်ဒေါ်နဲ့ ဦးလေးကြား မတူတာတွေလည်းရှိပါတယ်။





ဒါကတော့ ဦးလေးက လှုပ်ရှားမှုတက်ကြွသလောက် ဒေါ်ဒေါ်က အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက်ရှိပါတယ်။ ဦးလေးက စကားကို ရွှန်းရွှန်းဝေအောင် အာသွက်လျှာသွက် ပြောဆိုတတ်ပေမယ့် ဒေါ်ဒေါ်ကတော့ အေးအေးညင်သာ ပြောတတ်ပါတယ်။ ဒါကြောင့် ဒေါ်ဒေါ်နဲ့ ဦးလေးကို ကျမတို့က ဆန့်ကျင်ဘက်တို့ရဲ့ ပေါင်းစည်းမှုသဖွယ် မြင်ရတဲ့အခါတွေလည်း ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဆွေ့သက္ကာန်ထက် အနှစ်သာရသဘောကတော့ လိုက်ဖက်ညီတဲ့ ဇနီးမောင်နှံပါပဲ။

ဦးလေးက ထောင်က ပြန်လွတ်လာတဲ့အချိန်မှာ ဘောင်းဘီတိုတိုဝတ် ကြက်ခြံအလုပ်ကို မနားမနေ လုပ်ပါတယ်။ အလုပ်လုပ်ရင်း ပြောတဲ့စကားတွေက အမြဲနားထောင်ရသူ ကျမတို့တွေ ရီးသွားရတယ်မရှိပါဘူး။ ဒေါ်ဒေါ်က သူ့ဝါသနာပါရာ ကဗျာတွေရေးပြီး ဦးလေးပြောတာကို ငြိမ်ပြီး နားထောင်နေတတ်ပါတယ်။ ကျမစိတ်ထင် ဦးလေးက ခွဲခွာနေရတဲ့နှစ်တွေကို အတိုးချပြီး ဒေါ်ဒေါ့်ကို စကားတွေပြောနေပုံရပါတယ်။ ဒေါ်ဒေါ်က သမီးအငယ်ဆုံး နေခြည်ကို ထပ်မံမမွေးခင်အထိ ဒေါ်ဒေါ် သန္ဓေမတည်နိုင်ခဲ့ပါဘူး။ နောင်မှာ စာရေးဆရာ၊ ရုပ်ရှင်မင်းသား ဆရာဝန်မောင်သင်နဲ့ စနစ်တကျ ဆေးကုသခံပြီးမှ သမီးအငယ်ဆုံး နေခြည်ကို အောင်အောင်မြင်မြင် မွေးဖွားနိုင်ခဲ့ပါတယ်။ သမီးလေးက ဒေါ်ဒေါ်နဲ့ ဦးလေးတို့အတွက် အလင်းရောင်လို့တင်စားပြီး နေခြည်လို့ ဒေါ်ဒေါ်က နာမည်ပေးခဲ့ပါတယ်။

ကျမ မှတ်မိပါသေးတယ်။ ဒေါ်ဒေါ်တို့အိမ်မှာ ကြက်မွေးမြူရေး အောင်မြင်နေတဲ့အချိန် လာသမျှရဲဘော်တွေကို ခြံထွက် ကြက်ဥနဲ့ဧည့်ခံ၊ ပညာရေး၊ ကျန်းမာရေးအတွက် လိုအပ်တဲ့ မိသားစုရဲဘော်တွေကို ထောက်ပံ့ကူညီနဲ့ သိပ်ကို စိတ်ကြည်နူးဖို့ကောင်းတဲ့ အချိန်တွေပါ။ ဦးလေးနဲ့ သားနှစ်ယောက် ကြက်စာအတွက် အစာစိမ်းဗေဒါရွက်တွေ စင်းနေတဲ့အချိန်မှာ ၃ နှစ်အရွယ် သမီးလေးနေခြည်ကို ယဉ်ကျေးမှု အကနည်းပြဆရာမနဲ့ ကဗျာလွတ်အက ဒေါ်ဒေါ် သင်ပေးပါတယ်။ ကြည်နူးဝါးလိုက်နေတဲ့ ဒေါ်ဒေါ်ရဲ့မျက်နှာပေါ်က အပြုံးတွေ အလှဆုံးအချိန်ပါပဲ။ ဒေါ်ဒေါ်တို့မိသားစုတွေ တစ်စုတစ်စည်းထဲ တစ်မိုးအောက်မှာ အတူရှိနေတဲ့အချိန်ကာလတွေပါ။ ကောင်းကင်က လမင်းကို တစ်မိုးအောက်မှာ အတူကြည့်ခွင့်ရတဲ့ အချိန်လည်းဖြစ်ပါတယ်။ နိုင်ငံရေးသမားရဲ့အိမ်ဆိုတာ နိုင်ငံရေးမတည်ငြိမ်မှုပေါ်



www.burmeseclassic.com

www.burmeseclassic.com



မူတည်ပြီး စိုလိုက်ခြောက်လိုက် ရှိတတ်တယ်ဆိုတာ ဒေါ်ဒေါ်တို့အိမ်က သက်သေပြခဲ့ပါတယ်။

ကျမတို့ လူ့ပတ်ဝန်းကျင်မှာ အမျိုးသမီးတွေ ပင်ပန်းဆင်းရဲမှုများစွာကို ကြုံဖူးကြပါလိမ့်မယ်။ ကြုံရတဲ့အခါတိုင်း ငါ့ဘဝမှ ကံဆိုးရလေခြင်း၊ ငါ့မှ ဖြစ်ရတယ်လို့ ကိုယ့်ကိုယ်ကိုယ် ပြန်သနားနေတတ်ပါတယ်။ မိမိကိုယ်ကို ဗဟိုပြုပြီး စဉ်းစားတတ်တာ လူ့သဘာဝပါ။ လောကကြီးကို လူတချို့က မှန်နဲ့ ကြည့်တတ်ပါတယ်။ တချို့က ဘဝနဲ့ကြည့်ပါတယ်။ အဲဒီလို မတူကွဲပြား လောကကိုကြည့်ကြတာ သူတို့တည်ရှိနေတဲ့ နေရာတွေ မတူညီကြလို့ပါဘဲ။

ဒေါ်ဒေါ် ဒေါ်ခင်မာအေးကတော့ လောကကို မှန်နဲ့ရော ဘဝနဲ့ပါ ကြည့်ပြီး ခင်ပွန်းသည်နဲ့ သားနှစ်ယောက်ရဲ့ ယုံကြည်မှုကို ပါရမီဖြည့်ခဲ့ပါတယ်။ ဒေါ်ဒေါ်ကိုယ်တိုင်လည်း စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်ခဲ့သူလည်း ဖြစ်ပါတယ်။ ၁၉၈၂ မှာ ဒေါ်ဒေါ့်ခင်ပွန်း ဦးလေးဦးလှရွှေ ထောင်ကျပြီး ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံ မတိုင်ခင်မှာ ပြန်လွတ်မြောက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျမတို့က ဒေါ်ဒေါ်တို့ ကြက်မွေးမြူရေးခြံမှာ ဆေးဆိုးပန်းရိုက်ထည်တွေ ဆေးတို့နေရချိန် ဖြစ်ပါတယ်။

ကြက်ခြံကိုဦးဆောင်လုပ်နေတဲ့ ခင်ပွန်းသည် မရှိတဲ့အချိန်မှာ ကြက်မွေးမြူရေးလုပ်ငန်း ဆုံးရှုံးသွားရပါတယ်။ ကျောင်းဆရာမ လုပ်ခဲ့ဘူးတဲ့ ဒေါ်ဒေါ်က သူ့ဘဝကို မိသားစုအတွက် ပြောင်းလဲခဲ့ပါတယ်။ ဆေးဆိုပန်းရိုက် လုပ်ငန်းမှာ လက်ခစားနဲ့ ဆေးတို့ပါတယ်။ ပါတိတ်လုံချည်ကို လှပအောင် ဆေးခြယ်ရတာပါ။ ပါတိတ်လုံချည်ကိုသာ လှပအောင် ဆေးခြယ်နိုင်တဲ့ဒေါ်ဒေါ် သူ့ဘဝကိုတော့ လှပအောင် မလုပ်နိုင်ခဲ့ပါဘူး။ ခင်ပွန်းသည်ပြန်လွတ်လို့ စစ်ထောက်လှမ်းရေးက အိမ်ကိုပြန်လိုက်ပို့တဲ့အချိန်မှာ ဒေါ်ဒေါ်တစ်ယောက် ပါတိတ်ဆေးခြယ်နေတဲ့ အချိန်ပါ။ ဒေါ်ဒေါ်က သူ့အလုပ်ကိုထားပြီး ခင်ပွန်းသည်ကို ကြိုတော့ စစ်ထောက်လှမ်းရေးက ဒေါ်ခင်မာအေး ခင်ဗျားခင်ပွန်းကို အိမ်အထိ ကျနော်တို့ လိုက်ပို့တယ်လို့ ပြောပါတယ်။ ဒီတော့ ဒေါ်ဒေါ်က ရှင်တို့ အိမ်တိုင်ယာရောက် လာဖမ်းတာပဲ၊ အိမ်တိုင်ယာရောက် ပြန်ပို့ပေးမှာပေါ့လို့ ဖြေလိုက်ပါတယ်။





ရေကြည်အိုင် စစ်ကြောရေးစခန်းမှာ ဒေါ်ဒေါ့်ကို စစ်ထောက်လှမ်းရေးက နှိပ်စက်ညှဉ်းပန်းရင်း ပြောပါတယ်။ ငါတို့မှာ ဆွေမျိုးမရှိဘူး။ နင်တို့နဲ့ငါ ဆွေမျိုးမတော်ဘူး။ ကျေးဇူးခံ ကျေးဇူးစားမရှိဘူး။ ရန်သူ မိတ်ဆွေပဲရှိတယ်။ ငါမေးတာ မှန်မှန်ဖြေလို့ ပြတ်ပြတ်တောင်းတောင်း ပြောပါတယ်။ ဒေါ်ဒေါ်က အနှိပ်စက်ခံနေရာကနေ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ပြန်ဖြေခဲ့ပါတယ်။ ဒါ ရှင်တို့ ယဉ်ကျေးမှုပဲတဲ့။ ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ သမိုင်းမုန်တိုင်းဒဏ်ကြောင့် ဒေါ်ဒေါ် ခင်ပွန်းနဲ့ သားနှစ်ယောက်ကို ခွဲခဲ့ရပါတယ်။ ခင်ပွန်းနဲ့ သားကြီးက အကျဉ်းထောင် ရောက်နေချိန်မှာ သားငယ်က လွတ်မြောက်နယ်မြေကို ရောက်သွားရပါတယ်။ သားငယ်အကြောင်း ထောက်လှမ်းရေးက ဒေါ်ဒေါ့်ဆီ လာမေးပါတယ်။ ခင်ဗျားသားအငယ် ဘယ်ရောက်နေလဲတဲ့။ ဒီတော့ ဒေါ်ဒေါ်က ရှင်တို့ထက် ကျမ ပိုသိချင်တယ်။ ကျမ သားနဲ့ခွဲနေရတာ ရက်ပေါင်းကြာပြီလို့ သူ့ရဲ့သောကအပူကို ပညာသားပါပါ ထုတ်ပြခဲ့ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲအကြိုကာလမှာ သယ်န်းကျွန်းမြို့နယ် အဖွဲ့ချုပ်လူငယ် ကျမတို့ကို လူထုထဲကို မဲဆွယ်စည်းရုံးရင် စိတ်ရှည်ပျော့ပျောင်းဖို့နဲ့ လူထုကို လေးစားဖို့၊ လူထုကမှ ကိုယ့်ကိုယ် အကာအကွယ်ပေးမှာလို့ သင်ကြားပေးပါတယ်။ ၇ တန်းကျောင်းသူ ဒေါ်ဒေါ့်သမီး နေခြည်ကို ကျမတို့နဲ့အတူ ထည့်ပေးပါတယ်။ ပင်နီအင်္ကျီယောထမိနဲ့ ခမောက်ဆောင်းထားတဲ့ နေခြည်လေးက ငုနဲ့ ပိတောက် မွှေးမှာလှိုင်တယ်။ စုနဲ့ ခမောက် မေမှာနိုင်မယ်လို့ စည်းရုံးရေးဆင်းရာ တစ်လျှောက် ကလေးပီပီ အော်ပါတယ်။ ရပ်ကွက်လူထုကလည်း ဝမ်းပမ်းတသာ ကြိုကြပါတယ်။ ကဗျာဆရာကြီးဦးတင်မိုး ရေးပေးတဲ့ ကဗျာနဲ့သင်းနေတဲ့ ဒီဆောင်ပုဒ်အတိုင်းပဲ စုနဲ့ ခမောက် မေမှာနိုင်ခဲ့ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲဟာ တရားမျှတတဲ့ရွေးကောက်ပွဲလို့ စစ်အာဏာရှင်က ကမ္ဘာသိကြေညာခဲ့ပေမယ့် အနိုင်ရပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အာဏာလွှဲပြောင်းပေးရမယ့်အစား မတရားတဲ့ ဥပဒေထုတ်ပြီး အမျိုးသားညီလာခံ လုပ်ခဲ့ပါတယ်။

ဒီအမျိုးသားညီလာခံကို ဗ·က·သ က ကန့်ကွက်ကြေညာချက်



www.burmeseclassic.com

www.burmeseclassic.com



တစ်စောင်ထုတ်ပြန်ခဲ့ရာမှာ ဒေါ်ဒေါ်ခင်မာအေးက ဖြန့်ဝေတယ် ဆိုတဲ့စွဲချက်နဲ့ ဒေါ်ဒေါ့်ကို စစ်အာဏာရှင်က ၁၉၉၃ မှာ အင်းစိန်အကျဉ်းထောင် စစ်ခုံးရုံးကနေ ထောင်ဒဏ် ၃ နှစ်ချမှတ်ခဲ့ပါတယ်။ မန္တလေးထောင်မှာ အကျဉ်းကျခံနေတဲ့ ခင်ပွန်းသည်နဲ့ သရက်အကျဉ်းထောင်မှာ အကျဉ်းကျခံနေရတဲ့ သားကြီးကို ထောင်ဝင်စာမတွေ့နိုင်တဲ့ သောကအပူ။ လူမမယ်သမီးလေး နေခြည်ကို စိတ်မချတဲ့ မိခင်တစ်ဦးနဲ့ သောကအပူနဲ့ စိတ်ထိခိုက်ပြီး ဒေါ်ဒေါ် ကျန်းမာရေး ချို့ယွင်းခဲ့ရပါတယ်။ ဒါပေမဲ့ ဒေါ်ဒေါ်က သူ့ယုံကြည်ချက်ကို မြဲမြံစွာ ဆုပ်ကိုင်ထားခဲ့ပါတယ်။

၁၉၉၅ ခုမှာ ဦးလေးဦးလှရွှေ၊ ကိုဆက်အောင်နိုင်၊ ဒေါ်ဒေါ် ဒေါ်ခင်မာအေးတို့ ရှေ့ဆင့်နောက်ဆင့် ရက်ပိုင်းခြားလေးနဲ့ အကျဉ်းထောင်က လွတ်မြောက်လာခဲ့ပါတယ်။ ပြုပြင်နိုင်တဲ့သူမရှိတဲ့ ဒေါ်ဒေါ်တို့အိမ်လေးမှာ ခြုံနွယ်ပိတ်ပေါင်းတွေ ဖုံးအုပ်နေပါတယ်။ ခနိမိုးထရံကာအိမ်လေးမှာ ဆွေးမြေ့ပျက်ဆီးနေလို့ နေစရာမရှိအောင် ဖြစ်နေပါတယ်။ ဒေါ်ဒေါ်က မိန်းမပီပီ မရှိရှိတာလေးနဲ့ သူ့အိမ်လေးကိုပြုပြင်ပြီး ဘဝကိုပြန်စခဲ့ပါတယ်။ ဘဝက အသစ်ပြန်စလို့မှ တည်ငြိမ်မယ် မကြံသေးဘူး။ ၁၉၉၈ မှာ ခင်ပွန်းနဲ့ သားကြီး နှစ်ရှည်ထောင်ဒဏ်တွေနဲ့ ဝေးလံခေါင်သီတဲ့ အကျဉ်းစခန်းတွေဆီ အပို့ခံခဲ့ရ ပြန်ပါတယ်။ ၁၉၉၈ မှာ ကျမ ခင်ပွန်းသည်ကို ထောင်ဝင်စာတွေ့ဖို့အတွက် ဒေါ်ဒေါ်က အတွေ့အကြုံကြီးသူပီပီ ကျမကို ဦးဆောင်လမ်းပြပေးခဲ့ပါတယ်။

မြန်မာပြည်သမိုင်းကို ဇနီးသည်ဘဝ၊ မိခင်ဘဝ၊ နိုင်ငံရေးအကျဉ်းသူ အမျိုးသမီးဘဝနဲ့ ဖြတ်သန်းခဲ့ရတဲ့ ဒေါ်ဒေါ်က သူ့စိတ်ဒဏ်ရာကို ကဗျာရေးပြီး ဒဏ်ကြေဆေးလိမ်းသလို လိမ်းခဲ့ရပါတယ်။ သူ့ကဗျာတွေထဲမှာ ခေတ်အခြေအနေတွေ ထင်ဟပ်တဲ့ကဗျာတွေ ပါသလို ခင်ပွန်းနဲ့ သားတွေကို လွမ်းရတဲ့ကဗျာတွေလည်း ပါပါတယ်။ ဒေါ်ဒေါ် နှလုံးရောဂါနဲ့ ရုတ်တရက် ကွယ်လွန်သွားတော့ ဒေါ်ဒေါ့် ကဗျာတွေနဲ့ လက်ကမ်းစာစောင် ထုတ်ခဲ့ပါတယ်။ ဒေါ်ဒေါ့်လက်ရေးလေးတွေနဲ့ ရေးထားတဲ့ ကဗျာတွေကိုဖတ်ပြီး ကျမတို့ မျက်ရည်ကျရသလို ဒေါ်ဒေါ့်ခင်ပွန်း ဦးလေး ဦးလှရွှေလည်း မျက်ရည်ကျအောင် ခံစားခဲ့ရပါတယ်။ ဒေါ်ဒေါ်က





သူ့ဘဝကို သမိုင်းဖြတ်သန်းမှုတွေနဲ့ ရှုမြင်သွားသူပါ။

ဘဝတစ်ဆစ်ချိုးလို့ လူတွေသုံးနှုန်းကြပါတယ်။ ဒေါ်ဒေါ် ဒေါ်ခင်မာအေးဘို့ မိသားစုဘဝကတော့ စစ်အာဏာရှင်စနစ်ကြောင့် အဆစ်ဆစ် အပိုင်းပိုင်း အချိုးခံခဲ့ရပါတယ်။ စစ်အာဏာရှင်စနစ်ကို နောက်ဆုံးထွက်သက်အထိ တော်လှန်ခဲ့တဲ့ ဒေါ်ဒေါ် ဒေါ်ခင်မာအေးရဲ့ လူဖြစ်ရခြင်းသတ္တိကတော့ သူ့ဘဝထဲက အလှတရားတစ်ခုပဲ ဖြစ်ပါတော့တယ်။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com



မိုးရေကြောင့် သင်္ကန်းတွေစိုရွှဲနေတဲ့ သံဃာတော်တွေ ကျောင်းသင်္ခမ်းထဲမှာ ငြိမ်းအေးစွာ သာသနာ့အလုပ် မလုပ်နိုင်ကြပါဘူး။ ဒီအဖြစ်အပျက်က မခင်ဝင်းကြည်ကို ရင်နင့်စေပါတယ်။ သံဃာတော်တွေနဲ့ အတူ လမ်းလျှောက်မေတ္တာပို့နိုင်ဖို့ မခင်ဝင်းကြည် တွေ့ရှာဖွေလိုက်တာကတော့ . . . .

သူ့သမီးလေးဆံပင်ကို ဖြတ်တောက်လိုက်တာပါပဲ . .



# မခင်ဝင်းကြည်

အရေးတော်ပုံထုပြောတဲ့ မြန်မာနိုင်ငံရဲ့သမိုင်းမှာ နာကြည်းစရာ၊ သွေးဆွတ်စရာ၊ နိုးကြားတက်ကြွစရာတွေ ပြည့်နှက်နေသလို မြန်မာနိုင်ငံက ပြည်သူလူထုရဲ့နှလုံးသားမှာ စစ်အာဏာရှင်ကပေးထားတဲ့ ဒဏ်ရာဒဏ်ချက်တွေ မပျောက်သေးဘဲ အခုချိန်ထိရှိနေဆဲပါ။ စစ်အာဏာရှင်စနစ်အောက်က အလုပ်သမားအခွင့်အရေး၊ ကျောင်းသားအခွင့်အရေး၊ လူ့အခွင့်အရေး အရေးတော်ပုံတွေကို ကျောင်းစာသင်ခန်းထဲကမဟုတ်ဘဲ အရေးတော်ပုံတွေကြားက လက်တွေ့သိမြင်လာရတဲ့ ပြည်သူလူထုတွေဖြစ်ပါတယ်။ လူထုရဲ့ဘဝ အသက်သွေးစက်မျက်ရည်တွေက မှမရတဲ့အကြောင်းအရာတွေအဖြစ် သမိုင်းစာမျက်နှာမှာ ထင်ကျန်နေရစ်ဆဲပါ။

ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုတာ ကျမတို့ရဲ့ မွေးရာပါအခွင့်အရေးနဲ့ ကျမတို့ရဲ့ ကိုယ်ပိုင်ပစ္စည်းဖြစ်ပါတယ်။ ၁၉၆၂ ခုမှာ ဒီအခွင့်အရေးတွေကို ကျမတို့ဆီကနေ စစ်အာဏာရှင်က အတင်းအဓမ္မလုယူသွားတယ်။ အဲဒီနောက်တော့ စစ်အစိုးရအဆက်ဆက်ဟာ ပြည်သူတွေကို အသိဉာဏ်တုံးအောင်လုပ်ပြီး ကိုယ့်အခွင့်အရေးကို ကိုယ့်ဟာမှန်းတောင် မသိတော့ဘဲ အာဏာပိုင်တွေပေးမှ၊ သနားမှ ရမယ့်အရာမျိုးလိုဖြစ်အောင် လုပ်ကြံခဲ့၊ လုပ်ကြံဆဲဖြစ်ပါတယ်။ ကျမတို့ မြန်မာပြည် ပြည်သူလူထုက စစ်အာဏာရှင်ရဲ့ဖိနှိပ်မှုကို ရင်ဆိုင်ခံစားနေရပေမယ့် ဖိနှိပ်မှုကို လက်မခံကြပါဘူး။

မှန်ကန်တရားမျှတပြီး အားကောင်းတဲ့ ပြည်သူလူထုရဲ့ယုံကြည်ချက်၊ ဘဝရဲ့ လိုအပ်ချက်တောင်းဆိုသံတွေ တိတ်သွားအောင် ဘယ်အကျဉ်းထောင်နံရံနဲ့မှ ပိတ်လှောင်ထားလို့မရသလို စစ်အစိုးရရဲ့ စစ်ဖိနှပ်တွေနဲ့လည်း ပျောက်ပျက်သွားအောင် နင်းချေမပစ်နိုင်ပါဘူး၊ ဒီလို စိတ်ဓာတ်ခွန်အားတွေကို လက်ဆင့်ကမ်း သယ်ဆောင်သူ



www.burmeseclassic.com

www.burmeseclassic.com



တွေထဲက တောင်ဒဂုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ် အမျိုးသမီး မခင်ဝင်းကြည် အကြောင်း ကျမ ပြောပါရစေ။

တောင်ဒဂုံမြို့နယ် အဖွဲ့ချုပ်မြို့နယ်အမျိုးသမီးအဖြစ် တာဝန်ထမ်းဆောင်ရင်း ခေတ်စနစ်ရဲ့တောင်းဆိုမှုကြောင့် စက်တင်ဘာသံဃာအရေးအခင်းမှာ ပါဝင်ခဲ့ပါတယ်။ မခင်ဝင်းကြည်က လောကဓံတရားကို သိနားလည်ပြီး လူ့ဘဝကို ကျရာနေရာက သတ္တိရှိရှိ ရင်ဆိုင်နိုင်သူဖြစ်ပါတယ်။ ကြမ်းတမ်းတဲ့လူ့ဘဝခရီးကို မညည်းမညူ လျှောက်နိုင်သူဖြစ်ပါတယ်။ မခင်ဝင်းကြည် လောကကို ပထမဆုံး ရင်ဆိုင်ရတဲ့ပြဿနာက ဘဝရပ်တည်မှုပါ။ ဘဝရပ်တည်မှု တိုက်ပွဲကလည်း သတ္တိရှိဖို့လိုပါတယ်။ ခံနိုင်ရည်ရှိဖို့၊ မယိုင်မလဲဖို့၊ မဖောက်ပြန်ဖို့ လိုပါတယ်။ မခင်ဝင်းကြည်က သူ့ဘဝလမ်းကို မှန်မှန်ကန်ကန် လျှောက်ပြီး အများပြည်သူ လိုအပ်ချက် ဒီမိုကရေစီတိုက်ပွဲကို ဆက်လက်ဆင်နွှဲပါတယ်။

ရွှေဂုံတိုင်အဖွဲ့ချုပ်ရုံးမှာ သူ့တာဝန်ကျတဲ့နေ့တွေ၊ အခမ်းအနားကျင်းပတဲ့ နေ့တွေ လာနိုင်ဖို့၊ လမ်းစရိတ်ရဖို့ ပိုပြီး အလုပ်ကြိုးစားရပါတယ်။ အဖွဲ့ချုပ်ရုံးက မခင်ဝင်းကြည်ရဲ့တန်ဖိုးကို နားလည်သူတွေမို့ မခင်ဝင်းကြည် ဘဝအမောပြေရတဲ့ နေရာလည်းဖြစ်ပါတယ်။ သူများဒုက္ခဝေဒနာကို ကိုယ့်ဒုက္ခဝေဒနာလို နှလုံးသွင်းနိုင်တဲ့ ရွှေဂုံတိုင်အဖွဲ့ချုပ်ရုံးမို့ မခင်ဝင်းကြည် တန်ဖိုးထားလေးစားပါတယ်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဟာ စစ်အာဏာရှင်ရဲ့ဖိနှိပ်မှုကို ခံစားနေရတဲ့ ပြည်သူလူထုရဲ့ နှလုံးသားထဲမှာရှိတယ်ဆိုတာကို မခင်ဝင်းကြည်က ပိုပြီးနားလည်နိုင်ခဲ့ပါတယ်။ အရောင်လွင့်နေတဲ့ ပင်နီအင်္ကျီမှာ အဖွဲ့ချုပ်တံဆိပ် ရင်ထိုးတပ်ထားတဲ့ မခင်ဝင်းကြည် ကို အပြောဆိုးတယ်ဆိုတဲ့ ကားစပယ်ယာက အစ အရေးတယူနဲ့ လေးလေးစားစား ဆက်ဆံပါတယ်။ အများပြည်သူရဲ့အကြည့်မှာ အားပေးတဲ့အကြည့်လည်းပါပါ တယ်။ ဒီအပြုအမူတွေက မခင်ဝင်းကြည်အတွက် ခွန်အားပါပဲ။

စစ်အာဏာရှင်ရဲ့ဖိနှိပ်မှု အမြဲရှိနေတဲ့ မြန်မာနိုင်ငံမှာ ပြဿနာတိုင်းက အခိုးအငွေ့ ထွက်စရာဖြစ်နေပါတယ်။ လောင်စာဆီကုန်ဈေးနှုန်းမြင့်တက်မှုကြောင့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်တွေနဲ့အတူ အဖွဲ့ချုပ်ပါတီဝင်တွေ လမ်းလျှောက် ဆန္ဒပြတော့ မခင်ဝင်းကြည် တက်တက်ကြွကြွ ပါဝင်ခဲ့ပါတယ်။ လူမဆန်အောင် ဆင်းရဲခြင်း၊ ပခုက္ကူမှာ သံဃာတော်တွေကို ခါတ်တိုင်မှာကြိုးချည်ပြီး ရိုက်နှက်မှုတွေ





ကြောင့် အဖိနှိပ်ခံဘဝကို မကျေနပ်ပြီး စက်တင်ဘာသံဃာလှုပ်ရှားမှုမှာ မခင်ဝင်းကြည် တို့ မိသားစုသုံးယောက်စလုံး ပါဝင်ခဲ့ပါတယ်။

သံဃာတော်တွေ အများဆုံးစုရပ်ဖြစ်တဲ့ ဆူးလေဘုရားဆီကို တောင်ဒဂုံ မြို့နယ်ကနေလာဖို့ လမ်းစရိတ်က မခင်ဝင်းကြည်တို့အတွက် အတော့်ကို အရေးကြီး ပါတယ်။ မိသားစုသုံးယောက်ကို အသွားအပြန်လမ်းစရိတ် ထောင်ကျော်ပါတယ်။ ဒီလမ်းစရိတ်အပြင် တစ်နေကုန် သံဃာတော်တွေနဲ့အတူ လမ်းလျှောက် မေတ္တာပို့ ဆုတောင်းနိုင်ဖို့ ဝမ်းမီးငြိမ်းဖို့လည်းလိုပါတယ်။ ဒီလို ငွေကြေးပြဿနာကို ဖြေရှင်းနိုင်ဖို့ မခင်ဝင်းကြည်ဆီမှာ ကြားခံအပိုပစ္စည်း ဘာမှမရှိပါဘူး။ တစ်နေ့စာ ဘစ်နေ့ကို အလျှင်မီအောင် ရှာဖွေစားနေရသူတွေပါ။

မိုးရွာကြီးထဲမှာ သံဃာတော်တွေ မေတ္တာပို့ဆုတောင်းနေတဲ့အသံ၊ ခင်ဝင်းကြည် ကြားနေရ၊ မြင်နေရပါတယ်။ ဒကာ၊ ဒကာမ ပြည်သူလူထုတွေ အတွက်၊ သာသနာ့အတွက် ရဟန်းသံဃာတွေအတွက် စစ်အာဏာရှင်တွေသိအောင် သမ်းလျှောက်မေတ္တာပို့နေကြပါတယ်။ မိုးရေကြောင့် သင်္ကန်းတွေစိုရွှဲနေတဲ့ သံဃာတော်တွေ၊ ကျောင်းသင်္ခမ်းထဲမှာ ငြိမ်းအေးစွာ သာသနာ့အလုပ် မလုပ်နိုင် ကြပါဘူး။ ဒီအဖြစ်အပျက်က မခင်ဝင်းကြည်ကို ရင်နင့်စေပါတယ်။ သံဃာတော် တွေနဲ့အတူ လမ်းလျှောက်မေတ္တာပို့နိုင်ဖို့ မခင်ဝင်းကြည် ငွေရှာဖွေလိုက်တာကတော့ သူ့သမီးလေးဆံပင်ကို ဖြတ်ရောင်းလိုက်တာပါပဲ။

မိန်းမတို့ဘုန်း ဆံထုံးလို့ ကျမတို့မြန်မာလူမျိုးမှာ အဆိုရှိပါတယ်။ ဆံပင်အရှည်ထားရင် မိန်းကလေးများ ကျက်သရေရှိတယ်လို့ လူကြီးသူမများက ပြောကြပါတယ်။ တကယ်လည်း ကျက်သရေရှိပါတယ်။ ဒီနေ့ ကျမတို့ ဖြတ်သန်း နေရတဲ့ ခေတ်ဆိုးစနစ်ဆိုးကြောင့် ယဉ်ကျေးမှုတွေ၊ မင်္ဂလာကျက်သရေဆိုတဲ့ အယူအဆတွေပါ ဖျက်ဆီးခံခဲ့ရပါတယ်။

လှချင်ပချင်လို့ ဆံပင်ဖြတ်ကြတောက်ကြတာ တစ်ကိုယ်ရည်အတွက်ပါ။ အခုလို အများအကျိုးအတွက် ကိုယ့်ခေါင်းကဆံပင်ကို ဖြတ်ရောင်းပြီး ဘဝသွေးစက် အသက်မျက်ရည်နဲ့ ရင်းရတဲ့ စက်တင်ဘာသံဃာအရေးအခင်းကြီးအောက်မှာ မိသားစုလိုက်ပါဝင်နိုင်ခဲ့တဲ့ မခင်ဝင်းကြည်တို့ရဲ့ စိတ်ဓာတ်က ကြီးကျယ် မြင့်မြတ်သလို ကျက်သရေရှိလှပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ ယုံကြည်ချက်နဲ့ အသက်ရှင်တာ၊ ရှန်းကန်မှုနဲ့ဖြတ်သန်းတာ၊ မျှော်လင့်ချက်နဲ့ ခရီးဆက်တာ။ ဒါတွေကင်းမဲ့ရင် ဘဝသစ္စာကို ဘယ်တော့မှ ရှာလို့ရလိမ့်မယ် မဟုတ်ဘူးဆိုတဲ့ အဖွဲ့ချုပ်ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ သတင်းစာဆရာကြီး ဦးဝင်းတင် စကားကို မခင်ဝင်းကြည် ယုံယုံကြည်ကြည် မှတ်သားပြီး လက်တွေ့ကျင့်သုံးခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ပေါက်ဖွားခဲ့တဲ့ လူငယ်လူရွယ်တိုင်းဟာ ဘိုးဘွားမိဘများရဲ့ နယ်ချဲ့ကို တော်လှန်ခဲ့တဲ့တိုက်ပွဲ၊ လွတ်လပ်ရေးတိုက်ပွဲ၊ စစ်အာဏာရှင်စနစ်ကို တော်လှန်ခဲ့တဲ့ အရေးတော်ပုံ၊ အရေးအခင်းတွေရဲ့ဂယက်ကို ကိုယ်တိုင်ပါဝင် မခံစားရသည့်တိုင် အမြင်အကြားနဲ့တော့ ခံစားရသူတွေလည်း ရှိပါတယ်။

ယနေ့ န·အ·ဖ စစ်အာဏာရှင်စနစ်မှာ တောင်ဒဂုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အမျိုးသမီး မခင်ဝင်းကြည်ရဲ့ သမီးလေးကလည်း စက်တင်ဘာသံဃာ့အရေးအခင်းမှာ ကိုယ်တိုင်ပါဝင်လှုပ်ရှားခဲ့ပါတယ်။ စက်တင်ဘာသံဃာ့အရေးအခင်းကို ဖြိုခွင်းတဲ့ သေနတ်သံကြားမှာ ပုံလဲကျသွားတဲ့ ရဟန်းသံဃာတော်တွေ၊ ပြည်သူလူထုတွေရဲ့ ထိတ်လန့်တကြား အော်ဟစ်သံ၊ အကူအညီတောင်းသံ၊ ပြေးလွှားလှုပ်ရှားသံတွေက ကြေကွဲတုန်လှုပ်စရာပါ။

သေနတ်တွေနဲ့ တဒိုင်းဒိုင်းပစ်နေတဲ့ စစ်တပ်က အကာအကွယ်မဲ့၊ လက်နက်မဲ့၊ အမုန်းမဲ့၊ ရန်လိုခြင်းမဲ့တဲ့ ရဟန်းသံဃာတော်နဲ့ ပြည်သူလူထုတွေကို တရစပ် ပစ်ခတ်နေတာများ ပတ်ဝန်းကျင်တစ်ခုလုံး ပွတ်လောထ ဆူညံသွားပါတယ်။ သေနတ်ဒဏ်ရာမရပေမယ့် လဲပြိုနေတဲ့ ရဟန်းသံဃာပြည်သူလူထုကို ထိန်းသိမ်းရေးစခန်းတွေကတစ်ဆင့် အင်းစိန်အကျဉ်းထောင်ကို ပို့လိုက်ပါတယ်။

မခင်ဝင်းကြည်နဲ့အတူ သမီးလေးနဲ့ ခင်ပွန်းပါ ထောင်ကျခဲ့ပါတယ်။ ကျိုက်ကဆံကွင်းနဲ့ အင်းစိန် ဂျီတီအိုင်မှာ ဖမ်းဆီးလာသူတွေကို ထားပါတယ်။ ဒီလို ဖမ်းဆီးခံရသူတွေထဲမှာ လမ်းလျှောက်မတ္တာပို့လို့ အဖမ်းခံရသူတွေပါသလို ရပ်ကြည့်အားပေးသူ အနီးအနားဖြတ်လျှောက်သူတွေလည်း ပါခဲ့ပါတယ်။ သမ်တလင်းပေါ်မှာ ဒီအတိုင်းပစ်ထားခဲ့လို့ အအေးပတ်သေဆုံးသူတွေလည်း ရှိခဲ့ပါတယ်။ ငွေကြာရံ ဘုန်းကြီးကျောင်းထဲဝင်ပြီး ရဟန်းသံဃာတော်တွေကို ရိုက်နှက်၊ ဘုရားဆင်းတုတော်တွေကို ရိုက်ချိုးဖျက်ဆီးတဲ့စစ်တပ်ကို ဝိုင်းဝန်း





ခံခဲ့တဲ့အထဲမှာ ရပ်ကွက်သူ၊ ရပ်ကွက်သား ကလေးလူကြီးတွေကိုပါ ဖမ်းဆီးခဲ့ပါတယ်။ ဒီတော့ ကလေးငယ်လေးတွေပါ ကျိုက်ကဆံကွင်း၊ အင်းစိန် ဂျီတီအိုင်အထိ ပါလာခဲ့ပါတယ်။ ကလေးငယ်တွေ သမံတလင်းပေါ်အိပ်ရလို့ အအေးပတ်ပြီး အပြင်းဖျားနေတဲ့မြင်ကွင်းက အင်မတန်မှ စိတ်ထိခိုက်စရာကောင်းတယ်လို့ မခင်ဝင်းကြည်က ပြောပါတယ်။

ကျိုက်ကဆံကွင်းကနေ အင်းစိန်ထောင်၊ ညသန်းခေါင် အင်းစိန်ကနေ ကျိုက်ကဆံကွင်းပြန်ပို့၊ ကျိုက်ကဆံကွင်းကနေ စစ်ကြောရေးလုပ်ပြီး အင်းစိန်အကျဉ်းထောင် ပို့ခဲ့ပါတယ်။ ရဟန်းသံဃာတော်တွေကို ကြည်ညိုတဲ့ ဒကာ၊ ဒကာမတွေအဖြစ် စစ်သားမိန်းမ၊ သားသမီး၊ ရဲထောက်လှမ်းရေး သားသမီးတွေပါ မေတ္တာပို့ ဆုတောင်းရာမှာ ပါဝင်ခဲ့ပါတယ်။ ဒီတော့ စစ်ကြောရေးမှာ စစ်ဆေးနေတဲ့ တာဝန်ရှိသူတွေက ဖမ်းဆီးလာတဲ့အထဲမှာ သူတို့မိန်းမ သားသမီးဆွေမျိုးတွေ မပါပါစေနဲ့လို့ ဆုတောင်းကြတယ်။ သူတို့ဆုတောင်းကို နတ်ဒေဝတာတွေက မကြားကြဘူးထင်ပါရဲ့။ သူတို့အကြီးအကဲတွေရဲ့ ဆွေမျိုးနီးစပ်သူတွေပါ ပါလာကြတယ်တဲ့။

မခင်ဝင်းကြည်နဲ့အတူ ကျိုက်ကဆံကွင်းမှာ ဖမ်းဆီးခံနေရတဲ့ ဆံပင်ကျွတ်တွေဝယ်တဲ့ အမျိုးသမီးလေးနဲ့ သူ့ဖခင်ရဲ့အဖြစ်က စစ်အာဏာရှင်ရဲ့ ရာဇဝတ်ရှားမှုကို သက်သေထူဖို့ လက်ဆင့်ကမ်းနိုင်ခဲ့ပါတယ်။ မခင်ဝင်းကြည်က ဆံပင်ဝယ်တဲ့ အမျိုးသမီးလေးကို ဘယ်နေရာမှာ မေတ္တာပို့လမ်းလျှောက်ခဲ့တာလဲလို့ မေးပါတယ်။ ဒီတော့ အမျိုးသမီးလေးက ရိုးရိုးသားသားပဲ ပြန်ဖြေခဲ့ပါတယ်။

ကျမ အညာကပါ။ မြောက်ဥက္ကလာမှာ အိမ်ငှားနေတယ်။ အဲဒီနေ့က ဆုံကုန်ဘူတာကြီးကနေ မြောက်ဥက္ကလာကို ရထားစီးပြန်ဖို့ ပန်းဆိုးတန်းကုန်းတံတားကနေ သွားခဲ့တာပါ။ လှေကားထိပ်မှာ စစ်သားတွေကိုမြင်တော့ ကျမ အဖေ့ကိုပြောတယ်။ အဖေ ဟိုမှာစစ်သားတွေ၊ ပြန်လှည့်ရအောင်၊ တော်ကြာ သမီးတို့ကို ဖမ်းနေဦးမယ်လို့ ပြောပါသေးတယ်။ အဖေက ငါတို့မှ မပါတာ။ မဖမ်းပါဘူးတဲ့။ ကျမလည်း အဟုတ်ထင်တာပေါ့။ အဲဒါနဲ့ ဘူတာရုံထဲရောက်မှ သူတို့နားကဖြတ်သွားတယ်။ စစ်သားတွေနားလည်းရောက်ရော ကျမတို့သားအဖကို ဘယ်လဲမေးပြီး ကျမနာရီကို ဖြုတ်ပြီးယူလိုက်တယ်။ ဆံပင်ကျွတ်ဝယ်မယ့်



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတွေလည်း ယူထားလိုက်တယ်။ ပြီးတော့ ကားပေါ်တင်ပြီး ဒီကိုပို့လိုက်တယ်။ ဒီအဖြစ်အပျက်ကို ကျမ မေ့မှာမဟုတ်ဘူး။ ကျမပြန်လွတ်ရင် တွေ့တဲ့သူတိုင်းကို ပြောပြမယ်။ စစ်တပ်အကြောင်းကို ကျမသိပြီတဲ့။

မခင်ဝင်းကြည်က ဆံပင်ကျွတ်ဝယ်တဲ့အမျိုးသမီးလေးနဲ့ ဘေးချင်းကပ်ရက် အတူနေရပါတယ်။ အဆောင်တစ်ခုထဲမှာ မိန်းမ၊ ယောကျာ်း ခွဲပြီးထားတာတောင် လူနှစ်ရာ၊ သုံးရာ ရှိပါတယ်တဲ့။ ဆံပင်ကျွတ်ဝယ်တဲ့ မိန်းကလေးမှာ ဘီးပါလာတဲ့ အတွက် ဆယ်ရက်ရေမချိုးရပေမယ့် ခေါင်းဖြီးနိုင်ခဲ့ပါတယ်။ အခန်းထဲက မိန်းကလေး တွေကို ဆံပင်ကျွတ်ဝယ်တဲ့ အညာသူလေးက သူကိုယ်တိုင် ခေါင်းဖြီးပေးပါတယ်။ နေ့စဉ် ခေါင်းဖြီးရင်းရတဲ့ ဆံပင်ကျွတ်တွေ အညာသူလေးဆီမှာပါလာတဲ့ ကျွန်ကျောင်း အိတ်ကြီးနှစ်လုံး ရသွားတယ်တဲ့။

လောကရဲ့ ဆန်းကြယ်ထွေပြားတဲ့အဖြစ်တွေက နိုင်ငံရေးဆိုတာ ဘာလဲ ဆိုတာသိအောင် စစ်အာဏာရှင်တွေကို တို့ထိကျီစယ်သွားပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဆံပင်ကျွတ်ဝယ်တဲ့ အညာသူလေးက သူရောက်လေရာနေရာမှာ ဒီအဖြစ် အပျက်၊ ဒီမြင်ကွင်း၊ ဒီခံစားချက်ကို ဆက်လက် သယ်ဆောင်သွားမယ် ဆိုတာ မခင်ဝင်းကြည်နဲ့အတူ ကျမတို့ပါယုံကြည်ပါတယ်။

မခင်ဝင်းကြည်နဲ့ သူ့ခင်ပွန်းကို အင်းစိန်အကျဉ်းထောင်ကို ပို့လိုက်ပါတယ်။ သူ့သမီးလေးကိုတော့ ကျိုက်ကဆံကွင်းကနေ ပြန်လွှတ်လိုက်ပါတယ်။ မခင်ဝင်းကြည် ကို အင်းစိန်အကျဉ်းထောင် (မ) ကျဆောင် (၁)၊ အခန်း (၁)မှာ ကိုယ်ဝန်ဆောင် အမျိုးသမီး မမေမီဦးနဲ့ အတူထားပါတယ်။

လမ်းလျှောက်မေတ္တာပို့ရင်း မခင်ဝင်းကြည်နဲ့ ရင်းနှီးခင်မင်လာတဲ့ ဒဂုံတက္ကသိုလ်ကျောင်းသူလေးကို အာဏာပိုင်က စစ်ကြောရေးဝင်တော့ အဖွဲ့ချုပ်က ခင်ဝင်းကြည်က နင့်ကိုနေ့စားနဲ့ လိုက်ခိုင်းတာမဟုတ်လား၊ တစ်နေ့ ၁၅၀၀ ပေးတယ်မဟုတ်လားလို့ မေးပါတယ်။ ကျောင်းသူလေးက မဟုတ်ဘူးလို့ အကြိမ်ကြိမ် ငြင်းပါတယ်။ မခင်ဝင်းကြည်က သူ့ကို နေ့တွက် ထောင့်ငါးရာ ပေးဖို့နေနေသာသာ သူတို့မိသားစုတောင် သူ့သမီးလေးဆံပင်ဖြတ်ရောင်းပြီး မေတ္တာပို့လမ်းလျှောက် တာလို့ ပြောလိုက်တယ်။ ဒီတော့ ကျောင်းသူလေးကို လေးပွဲကိုင်မှုနဲ့ အမှုဆင်ပြီး ထောင်ချလိုက်ပါတယ်။ အင်းစိန်အကျဉ်းထောင်ထဲမှာ နေရတဲ့ ကာလတစ်လျှောက်





လုံး ထောင်ပုံစံထမင်းကိုပဲ မခင်ဝင်းကြည် စားခဲ့ရပါတယ်။ မခင်ဝင်းကြည်တို့ကို ထောင်ဝင်စာတွေ့ခွင့် မပေးခဲ့ပါဘူး။ သွေးတိုး လေရောဂါရှိတဲ့ မခင်ဝင်းကြည် အင်းစိန်အကျဉ်းထောင်ထဲမှာ သူယုံကြည်တဲ့၊ သူမျှော်မှန်းတဲ့ ရည်ရွယ်ချက်နဲ့ ရပ်တည်ခဲ့ရပါတယ်။

မခင်ဝင်းကြည်ရဲ့ ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲတဲ့ ဘဝပေးသတ္တိထူးထဲမှာ ဒဂုံမှန်တိုင်းဒဏ်ခံရစဉ်က အဖြစ်အပျက်ကလည်း ထူးခြားခဲ့ပါတယ်။ ရန်ကုန်မြို့ လေးထောင့်ကန်လမ်းမကြီး ဘေးတပ်ရင်း (၃)နားက ကွင်းပြင်ထဲမှာ ရွက်ဖျဉ်တဲတွေ ထိုးပြီး တောင်ဒဂုံ နာဂစ်ဒုက္ခသည်တွေကို ထားတဲ့အကြောင်း စစ်အာဏာရှင်က သိမ်ညာခဲ့ပါတယ်။

နိုင်ငံခြားဧည့်သည်တချို့လာတဲ့အခါမှာ အာဏာပိုင်တွေက ဒီမှာ ရွက်ဖျဉ်တဲ ထဲက နာဂစ်ဒုက္ခသည်တွေဆိုပြီး ပြခဲ့ပါတယ်။ ရွက်ဖျဉ်တဲအသစ်မှာ နိုင်ငံခြား ဧည့်သည်လာမှ ကြံ့ခိုင်ရေးမိသားစုတွေ၊ စစ်တပ်မိသားစုတွေကို နာဂစ်ဒုက္ခသည် အတု လုပ်ခိုင်းခဲ့တာပါ။ ဒါကိုဖော်ထုတ်ဖို့ မခင်ဝင်းကြည် သွားခဲ့ပါတယ်။ ဒီလိုဖော်ထုတ်ပြောဆိုခဲ့တဲ့ မခင်ဝင်းကြည်ကို အာဏာပိုင်တွေက ရိုက်နှက်ဖမ်းဆီး ခဲ့ပေမယ့် မခင်ဝင်းကြည် အသံတိတ်သွားအောင်တော့ မလုပ်နိုင်ခဲ့ပါဘူး။

ကျမတို့မြန်မာစကားပုံမှာ နှမ်းတစ်စေ့နဲ့ ဆီမဖြစ်ဘူးလို့ ဆိုပါတယ်။ နှမ်းစေ့တွေများလာရင်တော့ ဆီဖြစ်သွားပါတယ်။ မခင်ဝင်းကြည်လို နှမ်းစေ့လေးတွေ များလာရင် ပြည်သူလူထုကို စိတ်ဒုက္ခ ဗျာပါဒတွေဖြစ်စေတဲ့ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းမယ်ဆိုတာ ယုံကြည်လျက်ပါ။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com



အာဏာပိုင်က ထောင်ပြောင်း လာတဲ့ နိုင်ငံရေး အကျဉ်းသားတွေကို ကားရပ်တဲ့နေရာကနေ ထောင်ဘူးဝ အထိ ဒူးထောက်သွားခိုင်းပါတယ်။ ထောင်ရောက်တော့ ဒူးတွေပေါက်ပြဲကုန်ပြီး သွေးတွေကျတဲ့အထိ ဒဏ်ရာ တွေ့ရခဲ့ပါတယ်။ စစ်အာဏာရှင်ကြောင့် ခံစားရတဲ့ အတိဒုက္ခ ကြား မှာ ပြင်ပဒဏ်ရာရော ရင်တွင်းဒဏ်ရာပါ ကိုချစ်မင်းလေး ခံစားခဲ့ရပါတယ်။



## ကိုချစ်မင်းလေး

ကျမတို့ လူ့ပတ်ဝန်းကျင်မှာ သဘာဝဒုက္ခထက် လူလုပ်တဲ့ဒုက္ခက များနေတာ အမှန်ပါပဲ။ ၁၉၄၇ ဇူလိုင် ၁၉ ရက်နေ့က သေနတ်သံ။ ၁၉၆၂ ဇူလိုင် ၇ ရက်နေ့က သေနတ်သံ။ ရီးမြယာပင်ကြောက သေနတ်သံ။ အလုပ်သမားအရေးအခင်းက သေနတ်သံ။ ၁၉၈၈ ဩဂုတ် ၈ ရက်နေ့၊ ရှစ်လေးလုံး အရေးတော်ပုံက သေနတ်သံ။ မြို့တော်ခန်းမရှေ့က သေနတ်သံ၊ ရွှေဝါရောင် သံဃာအရေးအခင်းက သေနတ်သံတွေကြားမှာ တိုင်းပြည်က ပြည်တွင်းစစ်မီး လောင်ကျွမ်းခံနေရပါတယ်။ အာဏာသိမ်းတဲ့ စစ်အာဏာရှင်က ပြည်တွင်းစစ် ဖြစ်အောင်ပဲ လုပ်တတ်ပါတယ်။ မြို့ပြကတ္တရာလမ်းကနေ ရီးမတောနက်များအထိ စစ်အာဏာရှင်ကို တော်လှန်သူတွေ တနင့်တပိုး ပေးဆပ်ခဲ့ကြတဲ့ဘဝ။ သွေးစက်၊ အသက်၊ မျက်ရည်ပေကျံစွန်းထင်းနေတဲ့ ကျမတို့နိုင်ငံမှာ သေနတ်နဲ့ပစ်သတ်ပြီးမှ ပါးစပ်နဲ့ပြောချင်ကြတဲ့ စစ်အာဏာရှင်က တိုင်းပြည်ရဲ့အနာဂတ်ကို ဒီမိုကရေစီနဲ့ ဦးဆောင်ဦးမတဲ့။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပမှာပါ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်တွင်းစစ်မီးကို ထပ်မံလောင်ကျွမ်းစေမယ့် လောင်စာတစ်ခုပါပဲ။ မီးလောင်တဲ့ကြား ဓာတ်ဆီပုံးထမ်းပြေးမယ့်သူတွေက အမှန်တရားနဲ့ ပြည်သူလူထုကိုကျောခိုင်းပြီး လွှတ်တော်ဝင်ဖို့ ခေါင်းပေါင်းစ ပြင်နေကြပါတယ်။

ရွေးကောက်ပွဲဆိုတာကို ကျမတို့ ကြိုဆိုပါတယ်။ မဆန့်ကျင်ပါဘူး။ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ဆိုရင် ထင်သာမြင်သာရှိတဲ့၊ ငြိမ်းချမ်းလွတ်လပ်တဲ့ အခြေအနေကြီးတစ်ခု ရှိရပါမယ်။ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေတဲ့ နိုင်ငံရေးသမားတွေကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရပါမယ်။ တစ်နိုင်ငံလုံးက



www.burmeseclassic.com

www.burmeseclassic.com



ထိုးစစ်၊ တိုက်စစ်တွေကို ရပ်စဲပေးမှသာလျှင် စစ်မှန်တဲ့ရွေးကောက်ပွဲ ဖြစ်ပါလိမ့်မယ်။ မိမိလူမျိုးနဲ့ မိမိတိုင်းပြည်ကို ပြောင်းလဲပစ်လိုရင် လူမျိုးနဲ့ တိုင်းပြည်အကြောင်းကို နားလည်ရပါလိမ့်မယ်။

ကျမတို့နိုင်ငံမှာ လူသက်နဲ့ထောင်သက်မမျှတဲ့ ထောင်ဒဏ်တွေနဲ့ ဝေးလံခေါင်သီတဲ့ အကျဉ်းစခန်းတွေဆီမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေတဲ့ နိုင်ငံရေးသမားတွေ ၂ ထောင်ကျော်ရှိပါတယ်။ အကျဉ်းထောင်အသီးသီးက နိုင်ငံရေးအကျဉ်းသားတွေနဲ့ ဘဝတွေ၊ အသက်တွေကို ကောင်းမွန်တဲ့စနစ်ကသာ အာမခံနိုင်မှာပါ။

၁၉၈၉ ခုကနေ ခုချိန်ထိ အကျဉ်းကျခံနေရတဲ့ တက္ကသိုလ်ကျောင်းသား ကိုချစ်မင်းလေး ထောင်ဒဏ် ၃၁ နှစ်နဲ့ မော်လမြိုင်အကျဉ်းထောင်ထဲမှာ အကျဉ်းကျခံနေရပါတယ်။ မြေမာကို ခေါင်းထိုးပြီးပွင့်ရတဲ့ ကိုချစ်မင်းလေးရဲ့ ဘဝက သိပ်ကိုကြမ်းတမ်းခဲ့ပါတယ်။ မိစုံဖစုံ၊ လင်စုံမယားဖက် အသိုက်အမြုံဆိုတဲ့စကား ဘယ်လောက် လေးနက်တယ်ဆိုတာကိုလည်း အကျဉ်းထောင်အုတ်ရိုးသံတိုင်တွေနောက်က ကိုချစ်မင်းလေးက အပြင်လောက,က လူတွေထက် ပိုပြီးသိခဲ့ရပါတယ်။

ကိုချစ်မင်းလေးက ကုန်ဈေးတန်းရဲစခန်းမှာ လက်နှိပ်စက်ရိုက်ပြီး ဘဝရပ်တည်ရသူဖြစ်ပါတယ်။ တက္ကသိုလ်ပညာရေးကို အဝေးသင်နဲ့ သင်ယူသူလည်းဖြစ်ပါတယ်။ အဝေးသင်တက္ကသိုလ် ကျောင်းသားကျောင်းသူတွေ ဒဂုံတက္ကသိုလ်မှာ စာမေးပွဲမဖြေခိုင်းဘဲ အထက်တန်းကျောင်းတွေမှာ စာမေးပွဲဖြေခိုင်းလို့ အာဏာပိုင်ကို ဆန့်ကျင်ဆန္ဒပြသူတွေထဲမှာ ကိုချစ်မင်းလေး ပါခဲ့ပါတယ်။

တက္ကသိုလ်နည်းပညာကောလိပ်တွေကို မြို့နယ်အသီးသီးရဲ့ အစွန်အဖျားနေရာတွေမှာ တည်ဆောက်ပြီး ကျောင်းသားကျောင်းသူတွေ မစုစည်းရအောင် စစ်အာဏာရှင်က ပြုလုပ်ခဲ့ပါတယ်။ စစ်အာဏာရှင်က လူထုကို ပညာမဲ့အောင်၊ အတွေးအခေါ်မဲ့အောင် ပြုလုပ်ဖန်တီးထားပါတယ်။ ပညာအတွေးအခေါ်ဟာ ဘဝတိုက်ပွဲအတွက် အဘက်ဘက်က လိုအပ်လှပါတယ်။ စစ်အာဏာရှင်က လူထုမှာအသိပညာရှိရင် အသိပညာကိုလက်နက်သဖွယ်ကိုင်စွဲပြီး ဆန့်ကျင်မှာစိုးလို့ ဖိနှိပ်ထားတာဖြစ်တယ်လို့ ကိုချစ်မင်းလေး ခံစားရပါတယ်။





တက္ကသိုလ်ဆိုရင် သမိုင်းအစဉ်အလာကြီးတဲ့ ရန်ကုန်တက္ကသိုလ်လို့ ကျောင်းသားကျောင်းသူရင်ထဲမှာ နိုင်နိုင်မာမာ ယုံကြည်နေကြပါတယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်ကြီး စတင်တည်ထောင်စကတည်းက ကိုလိုနီအစိုးရရဲ့ ရည်မှန်းချက်တွေနဲ့ ဆန့်ကျင်ပြီး တိုင်းပြည်ချစ်စိတ်ကို မျိုးစေ့ချပေးတဲ့ နေရာတစ်ခုပါ။ လောကပါလတရားကြီးကို ချစ်ခင်မြတ်နိုးတယ် ရပ်ခံကာကွယ်တတ်အောင်၊ ဖိနှိပ်မှုတွေကိုဆန့်ကျင်ခံစားတတ်အောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့တဲ့ ဌာနမြေပါ။ အမျိုးဂုဏ်၊ နိုင်ငံဂုဏ်၊ လူသားဂုဏ်၊ လွတ်လပ်မှုဂုဏ်တွေကို မျိုးစေ့ချ မြေတောင်မြှောက်ပေးခဲ့တဲ့နေရာလည်း ဖြစ်ပါတယ်။ ဒီလို သမိုင်းအစဉ်အလာရှိတဲ့ ရန်ကုန်တက္ကသိုလ်လို နေရာတွေမှာ ပညာသင်ကြားခွင့်မရဘဲ မြို့သစ်တွေရဲ့ အစွန်အဖျား ကွင်းခေါင်ခေါင်လယ်ကွင်းတွေထဲမှာ အဆောက်အဦဆောက်ပြီး တက္ကသိုလ်လို့ သတ်မှတ်ခဲ့ပါတယ်။

အဆောက်အဦပဲရှိပြီး သင်ထောက်ကူပစ္စည်းမရှိတဲ့ ဒဂုံတက္ကသိုလ်မှာတောင် တက္ကသိုလ်ကျောင်းသားများ စာမေးပွဲဖြေဆိုခွင့်မရှိဘဲ အထက်တန်းကျောင်းတွေမှာ တက္ကသိုလ်စာမေးပွဲ ဖြေရမယ်ဆိုတော့ ကိုချစ်မင်းလေးတို့ ကျောင်းသားထုအခွင့်အရေးကို တောင်းဆိုဆန္ဒပြကြပါတယ်။ ကိုချစ်မင်းလေးနဲ့အတူ အာဏာပိုင်ဆီမှာ တောင်းဆိုဆန္ဒပြကြသူတွေထဲမှာ ပူတာအိုအကျဉ်းထောင်မှာ ထောင်ဒဏ် ၅၄ နှစ်နဲ့ အကျဉ်းကျခံနေရတဲ့ ကိုမျိုးမင်းဇော်။ ၁၉၉၉ ခုမှာ ပြစ်ဒဏ်အများဆုံး ထောင်ဒဏ် ၅၉ နှစ်နဲ့ ကလေးအကျဉ်းထောင်မှာ အကျဉ်းကျခံနေရတဲ့ ကိုအေးအောင်တို့ ပါဝင်ခဲ့ပါတယ်။ ကိုချစ်မင်းလေးတို့ ကျောင်းသားထုအခွင့်အရေးအပြင် ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အာဏာလွှဲပြောင်းပေးဖို့ တောင်းဆိုချက်တွေ ပါခဲ့ပါတယ်။ စစ်အာဏာရှင်က အတုကို အစစ်ဖြစ်အောင်လုပ်နေတာမို့ သိပ်ကို နာကြည်းသွားခဲ့ပါတယ်။

ကိုချစ်မင်းလေးက အစ္စလာမ်ဘာသာဝင် မူစလင်လူမျိုးပါ။ ကိုချစ်မင်းလေးကို ဖမ်းမိမိချင်း အာဏာပိုင်က လူပုံအလယ်မှာ ခါးပိုက်နှိုက်လို့ ပြောပြီး ရိုက်နှက်ပါတော့တယ်။ ကျနော်တို့ ကျောင်းသားတွေပါ။ ကျနော်တို့ ကျောင်းသားတွေပါလို့ အော်ဟစ်ခဲ့တဲ့ ကိုချစ်မင်းလေး အသံပျောက်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



အာဏာပိုင်က ရိုက်နှက်ဖမ်းဆီးခဲ့ပါတယ်။ စစ်ကြောရေးမှာ လချီပြီး အနှိပ်စက်ခံခဲ့ရတဲ့ ကိုချစ်မင်းလေး အင်းစိန်ထောင်မှာ ၇ လကြာနေခဲ့ရပြီး ရန်ကုန်ဘူတာကြီးကနေ မော်လမြိုင်ထောင်ကို ပို့လိုက်ပါတယ်။ လောကစာသင်ခန်းဆိုတာ ကျောင်းစာသင်ခန်းထက် ပိုပြီး ကြမ်းတမ်းခက်ခဲတယ်ဆိုတာ တက္ကသိုလ်ကျောင်းသား ကိုချစ်မင်းလေး ဘဝနဲ့ရင်းပြီး သဘောပေါက်လိုက်ရပါတယ်။

လူတိုင်းလူတိုင်းမှာ ယုံကြည်ချက်ကိုယ်စီ ရှိကြပါတယ်။ ဒီအထဲကမှ တစ်ဦးချင်းနဲ့ဆိုင်တဲ့ ယုံကြည်မှု၊ အများနဲ့ဆိုင်တဲ့ ယုံကြည်မှုဆိုပြီး ရှိပါတယ်။ အများနဲ့ဆိုင်တဲ့ ယုံကြည်မှုကိုဆုပ်ကိုင်ပြီး မိမိ ပုဂ္ဂလိကအခွင့်အရေးအားလုံးကို အဆုံးရှုံးခံ တိုက်ပွဲဝင်နေတဲ့ အဖိနှိပ်ခံလူထုကိုယ်စားပြု ကျောင်းသားလူငယ် နိုင်ငံရေးအကျဉ်းသားတွေ မြန်မာပြည်အကျဉ်းထောင်အနှံ့မှာ ရှိနေပါတယ်။ ရန်ကုန်အင်းစိန်ထောင်ကနေ ထောင်ဒဏ် ၃၁ နှစ်နဲ့ ကိုချစ်မင်းလေးကို မော်လမြိုင်အကျဉ်းထောင်ကို ပို့လိုက်ပါတယ်။ အာဏာပိုင်က ထောင်ပြောင်းလာတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ကားရပ်တဲ့နေရာကနေ ထောင်ဘူးဝ အထိ ဒူးထောက်သွားခိုင်းပါတယ်။ ထောင်ရောက်တော့ ဒူးတွေပေါက်ပြဲကုန်ပြီး သွေးတွေကျတဲ့အထိ ဒဏ်ရာတွေရခဲ့ပါတယ်။ စစ်အာဏာရှင်ကြောင့် ခံစားရတဲ့ အတိဒုက္ခကြားမှာ ပြင်ပဒဏ်ရာရော ရင်တွင်းဒဏ်ရာပါ ကိုချစ်မင်းလေး ခံစားခဲ့ရပါတယ်။

ထောင်ဒဏ် ၃၁ နှစ်နဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရတဲ့ ကိုချစ်မင်းလေးရဲ့ အိမ်ထောင်ရေးကို မော်လမြိုင်အကျဉ်းထောင်ထဲမှာပဲ ကြေကွဲဖွယ် ဇာတ်သိမ်းလိုက်ရပါတယ်။ လူငယ်တစ်ယောက်ရဲ့ ချစ်ခြင်းနဲ့ တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ရေးဟာ ဒီမိုကရေစီသမိုင်းရေစီးမှာ နစ်မြုပ်ခဲ့ရပါတယ်။ ကိုချစ်မင်းလေး မော်လမြိုင်ထောင်ရောက်ခါစမှာ သူ့ဇနီး ကွယ်လွန်သွားခဲ့ပါတယ်။ သိပ်မကြာခင်မှာ ဇနီးသည်က ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ပြောတော့ ကိုချစ်မင်းလေးက သံတိုင်တွေကြားထဲကနေ တည်တည်ငြိမ်ငြိမ်နဲ့ပဲ လက်မှတ်ထိုးပေးလိုက်ပါတယ်။ ဒီလို ပြင်ပဒုက္ခတွေ များနေတဲ့ အချိန်မှာ အာဏာပိုင်က ပညာရေးဆက်လုပ်မလား၊ နောက်နောင် နိုင်ငံရေး မလုပ်တော့ပါဘူးလို့ အသနားခံစာတင် လက်မှတ်ထိုးမလားလို့ ကိုချစ်မင်းလေးကို





အကြိမ်ကြိမ် ညှိနှိုင်းခဲ့ပါတယ်။

ကိုချစ်မင်းလေးရဲ့ ကိုယ်ပိုင်ဘဝမှာ ကြေကွဲစရာတွေ၊ ဝမ်းနည်းစရာတွေ ခံမရပ်နိုင်ဖြစ်မှုတွေပဲ လွှမ်းမိုးထားမယ်လို့ အာဏာပိုင်က ထင်ပုံရပါတယ်။ သို့ပေမယ့် လောကဓံကို အရှုံးမပေးတဲ့ ကိုချစ်မင်းလေးဆီမှာ သစ္စာတရားအတွက် ရှက်ဆောင်နိုင်တဲ့ စွမ်းအားတွေ ခန့်မှန်းလို့မကုန်နိုင်အောင် ရှိတယ်ဆိုတဲ့ သူ့ယုံကြည်ချက်ကို ဘဝနဲ့ရင်းပြီး ပြလိုက်ပါတယ်။ အကျဉ်းထောင်ထဲမှာ ၁၁ နှစ်ကြာပြီဖြစ်တဲ့ ကိုချစ်မင်းလေးကို သူ့မိခင်ကြီးကလည်း ထောင်ဝင်စာ ခဏခဏ မတွေ့နိုင်ပါဘူး။ မုဆိုးမဘဝနဲ့ အပြင်မှာရှိနေတဲ့ သားသမီးတွေကိုလည်း ပန်းရောင်းကျွေးရပါတယ်။ ICRC ကို ကျမသွားရင်း ကိုချစ်မင်းလေးမိခင်နဲ့ ဆုံဖူးပါတယ်။ ညှိုးညှိုးနွမ်းနွမ်းနဲ့မြင်ရတဲ့ ကိုချစ်မင်းလေးမိခင်က ဘဝတူအကျဉ်းကျမိသားစုတွေနဲ့ တွေ့ရင် ရီးရီးသားသား ရင်းရင်းနှီးနှီး ပြုံးပြတတ်ပါတယ်။ ကိုချစ်မင်းလေးမိခင် NLD ဗဟိုလူမှုအထောက်အကူကိုလာရင် အဖွဲ့ချုပ် ဗဟိုအမျိုးသမီးက စီစဉ်ကျွေးမွေးတဲ့ မနက်စာထမင်းနဲ့ ဧည့်ခံရင်လည်း နှစ်နှစ်ခြိုက်ခြိုက်စားရှာပါတယ်။ ကုန်ဈေးတန်းမှာ ပန်းရောင်းပြီး နေ့စဉ်မိသားစုစားဖို့နဲ့ သားကြီးကို ထောင်ဝင်စာ တွေ့နိုင်ဖို့ ကြိုးစားရတဲ့ ကိုချစ်မင်းလေး မိခင်ရဲ့ဘဝက နာကြည်းဖွယ်ကောင်းလှပါတယ်။ ဒါပေမဲ့ သူ့နာကြည်းမှုကို မဖော်ပြတတ်ပါဘူး။ နေလောင်နေတဲ့ ဦးခေါင်းဆံပင်ခြောက်ခြောက်၊ နေလောင်လို့မည်းနေတဲ့ ခန္ဓာကိုယ်အရေပြားအောက်မှာ သားကြီးအတွက် စိုးရိမ်ပူပန်နေတဲ့ မိခင်စိတ်ကို ကျမတို့ မြင်ရတာတော့ အမှန်ပါပဲ။

ထောင်ဝင်စာအမြဲမရှိဘဲ အကျဉ်းထောင်ထဲမှာ ဆယ်စုနှစ်ချီပြီး ရပ်တည်ရတဲ့ ကိုချစ်မင်းလေးဘဝက သိပ်ကို ကြေကွဲဖို့ကောင်းပါတယ်။ ကိုချစ်မင်းလေးနဲ့အတူ မော်လမြိုင်အကျဉ်းထောင်ထဲမှာ အတူနေခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုအောင်မြတ်သူက အခုလို ပြောပြပါတယ်။ ကျနော်နဲ့ ချစ်မင်းလေးက ထောင်ဝင်စာ မရှိတဲ့သူတွေပါ။ ကျနော် ထောင်ကလွတ်လာတဲ့ အချိန်ထိ သူနဲ့ နှစ်အကြာကြီးနေခဲ့ရတယ်။ ချစ်မင်းလေးက တည်ငြိမ်တယ်။ အကောင်းမြင်စိတ်ရှိတယ်။ သူ့ရဲ့ နေပုံထိုင်ပုံတော်တဲ့အတွက် ဝန်ထမ်းတွေကတောင် လေးစားရတယ်။ ဒုက္ခတွေကြားထဲကပဲ သူ့အခန်းကို သန့်ရှင်းအောင်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အသက်နှစ်ဆယ်ကျော်နဲ့ ထောင်ကျတဲ့ သူနဲ့ကျနော်ကို သုံးပွင့်နဲ့ ထောက်လှမ်းရေးက မင်းတို့ကျောင်းသားတွေပဲ။ ဒီအကျဉ်းထောင်နဲ့ ဘယ်လိုမှ မအပ်စပ်ဘူးလို့ ပြောခဲ့တယ်။ အဲဒီတည်းက သုံးပွင့်နဲ့လူကို ကျနော်တို့ နောက်ထပ်မတွေ့ရတော့ဘူး။

ချစ်မင်းလေးညီက သူ့အမေကိုကူပြီး ယန်းရောင်းပေးတယ်။ ယန်းရောင်းရင်း တားတိုက်ခံရလို့ လက်ကျိုးသွားတယ်။ ကျောက်ပတ်တီးစည်းရင်းတန်းလန်းနဲ့ ထောင်ဝင်စာ လာတွေ့သေးတယ်။ နောက်တော့ သူ့ညီကော သူ့အမေကော ထောင်ဝင်စာအလာကျဲသွားတယ်။ ကျနော်တို့ အခန်းနီးချင်းတွေ ထောင်ဝင်စာ လာတွေ့တဲ့နေ့ဆို သိပ်ပျော်တာပဲ။ ထောင်ဝင်စာဟင်းထုပ်က ပလတ်စတစ်နဲ့ ထည့်ရတာ။ ထောင်ဝင်စာက ပြန်လာတဲ့သူတွေ ဟင်းတွေလှယ်ပြီး ပလတ်စတစ်အိတ်တွေလွှင့်ပစ်ရင် အိတ်ခွံတွေမှာဆီနည်းနည်းတော့ ကျန်နေတတ်တယ်။ အဲဒီပလတ်စတစ်အိတ်ကိုကောက်ပြီး အိတ်ထဲကဆီကျန်တွေကို ကျနော်နဲ့ ချစ်မင်းလေး ထမင်းနဲ့လူးစားရတယ်။ ဟင်းအနံ့၊ ဟင်းအရသာကို အသွေးအသားထဲက တောင်းဆိုလာတဲ့အခါ ကျနော်တို့ပြင်ပမှာ စားဖူးတဲ့ဟင်းအရသာတွေ အပြန်အလှန် ပြောရင်း စိတ်ကိုဖြေရတယ်။ ICRC လာပြီးမှ ကျနော်တို့ လမ်းလျှောက်ခွင့်ရတယ်။ သစ်ပင်စိုက်ခွင့်ရတယ်။ ကျနော်နဲ့ ချစ်မင်းလေး အပင်စိုက်တယ်။ ကျနော် ထောင်ကလွတ်ပေမယ့် အပြည့်အဝ မပျော်ပါဘူး။ ကျနော်တို့သူငယ်ချင်းတွေ၊ ရဲဘော်တွေအားလုံးမှ မလွတ်မြောက်သေးဘဲ။ သူများပေးတဲ့ အနွေးထည်ဟောင်းကြီးရဲ့ ဘောကန်းမှာ ရှိပစေတော့လို့ အဓိပ္ပာယ်ရတဲ့ အင်္ဂလိပ်စာလုံးကို အပ်ချည်နဲ့ထိုးပြီး အမြဲဝတ်ထားတဲ့ ချစ်မင်းလေးက ယုံကြည်ခြင်းတရားနဲ့ မေတ္တာတရားကို ဘယ်လိုလုပ်ယူရမလဲဆိုတာ ကျနော့်ကို သင်ကြားပေးလိုက်ပါတယ်။

ကျမတို့ လူ့ဘဝဆိုတာကို တိုက်ပွဲအမျိုးမျိုးနဲ့ ရင်ဆိုင်ဖြတ်သန်းနေရတာပါ။ သဘာဝဒုက္ခကို ကျမတို့ မကာကွယ်နိုင်ပေမယ့် လူလုပ်တဲ့ဒုက္ခကိုတော့ ကျမတို့ စုပေါင်းတွန်းလှန်နိုင်တယ်ဆိုတာ ကိုချစ်မင်းလေးတို့လို နိုင်ငံရေးအကျဉ်းသားတွေက သက်သေပြနေကြပါတယ်။

မျှဝေခံစားနိုင်ကြပါစေ။

❑



ဘယ်လောက်သိက္ခာချ
အပုဒ်တော်ဝိနည်းနဲ့ မကိုက်ညီတာ
ဘာမှမလုပ်ဘူး။ ရဟန်းဘဝမှာ
နေချင်တဲ့ အတွက်ကြောင့်
သေတဲ့အထိ ဘယ်တော့မှ
သိက္ခာချ မှာ မဟုတ်ဘူး။
ဘုရားရဲ့ ဝိနည်း
ဒေသနာတော်များနဲ့အညီ
ရဟန်းအဖြစ်ကိုခံယူထားတဲ့အတွက်
ဘယ်လိုမှ သိက္ခာချမှာမဟုတ်ဘူးလို့
လျှောက်ပါတယ်။

## ဦးစန္ဒာသီရိ

မြန်မာနိုင်ငံရဲ့သမိုင်းမှာမင်းလိုလိုက် မင်းကြိုက်မဆောင်ဘဲ မိမိ ယုံကြည်တာကို ဖြစ်စေ၊ မယုံကြည်တာကိုဖြစ်စေ ပြတ်သားစွာနဲ့ ပြောဝံ့ဆန့်ကျင်ဝံ့တဲ့ ရဟန်း သံဃာတော်များ အထင်အရှားရှိခဲ့ပါတယ်။ ဒါကြောင့် အုပ်စိုးသူမင်းများရဲ့ မလိုမုန်းထားခြင်းတွေခံရတဲ့ ရဟန်းသံဃာတော်များ ခေတ်အဆက်ဆက် ရှိခဲ့ပါတယ်။ ပဒေသရာဇ်ခေတ်၊ နယ်ချဲ့ခေတ်၊ လွတ်လပ်ရေးခေတ်ကနေ ယနေ့အထိ ရဟန်းသံဃာတော်များရဲ့ အာခံမှုဟာ ဖောက်ပြန်ရေးအစိုးရများအတွက် မနှစ်မြို့စရာပါ။ ဒီအတွက် အပြစ်ပေးမှုတွေလည်း ရှိခဲ့ပါတယ်။

ပဒေသရာဇ်ခေတ်မှာဆိုရင် ဇန်းမော်ဆရာတော်ကြီးကို ပြည်နှင်ဒဏ်ပေးတာတို့၊ နယ်ချဲ့ခေတ်မှာ ဦးဥတ္တမ၊ ဦးဝိစာရ ကိုယ်တော်ကြီးတွေကို ထောင်ချတာတို့ရှိပါတယ်။ ဒါပေမဲ့ ရဟန်းကျင့်ဝတ်သိက္ခာကို မထိခိုက်စေရပါဘူး

အရှေ့ ကြယ် စာစေ

www.burmeseclassic.com

www.burmeseclassic.com



လူဝတ်လဲ သင်္ကန်းချွတ်တာတို့ မရှိပါဘူးလို့ စာတွေထဲမှာ ဖတ်ခဲ့ဖူးပါတယ်။ စစ်အစိုးရများက မင်းလိုလိုက် မင်းကြိုက်မဆောင်တဲ့ ရဟန်းသံဃာများကို လူပုဂ္ဂိုလ်များလို ပြုမူဆက်ဆံ ဖမ်းဆီးနှိပ်ကွပ်ခဲ့ပါတယ်။ အလုပဆုံးစကားတွေနဲ့ အကာအကွယ်ယူပြီး ဥပဒေကို ချိုးဖောက်ကြပါတယ်။ သဘောထားမတူတဲ့ ကျောင်းသားလူငယ်များကို ကွန်မြူနစ် တံဆိပ်တပ်ပြီး နှိပ်ကွပ်သလို သဘောထား ကွဲလွဲတဲ့ ရဟန်းသံဃာများကိုလည်း သံဃာတုတံဆိပ်ကပ်ပြီး ဖြောင်လူသတ်မှု ကျူးလွန်ကြပါတယ်။

န·ဝ·တ၊ န·အ·ဖ စစ်အစိုးရခေတ်မှာ ထောင်သုံးကြိမ်အကျခံရတဲ့၊ ခုတိုင်လည်း အကျဉ်းထောင်ထဲမှာပဲရှိသေးတဲ့ ဦးဇင်းဦးစန္ဒာသီရိအကြောင်း ကျမ ပြောပြချင်ပါတယ်။ ဦးစန္ဒာသီရိဟာ ၁၉၉၀ ပတ္တနိက္ကုဇ္ဇနကံဆောင်ပွဲတုန်းက တစ်ကြိမ်။ ၁၉၉၈ ပြည်သူသို့ပန်ကြားချက် လွတ်လပ်ရေးနှစ် ၅၀ ပြည့်လှုပ်ရှားမှုမှာ တစ်ကြိမ်။ စက်တင်ဘာ သံဃာ့လှုပ်ရှားမှုနဲ့ဆို ၃ ကြိမ်မြောက် အကျဉ်းကျ ခံခဲ့ရပါတယ်။ ပတ္တနိက္ကုဇ္ဇနကံဆောင်ပွဲဆိုတာ သံဃာတော်တွေ အနိုပ်စက်ခံရရင်၊ သွေးစွန်းရင် အဲဒီလို ပြုလုပ်တဲ့ပုဂ္ဂိုလ်တွေကို သပိတ်မှောက် ကံဆောင်ရမယ်လို့ မြတ်စွာဘုရားထားခဲ့တဲ့ မမ္မစကနဲ့ အာဏာစက်ပါပဲ။ ဝိနည်းကိုရိုသေတဲ့ ဘုန်းကြီးတွေ ကံဆောင်ကြတာ အမှန်ပဲဖြစ်ပါတယ်။ ပထမအကြိမ်တုန်းက အင်းစိန်ထောင်၊ ဒုတိယအကြိမ် ကလေးအကျဉ်းထောင်မှာ အကျဉ်းကျခံခဲ့ရပြီး စက်တင်ဘာသံဃာ့လှုပ်ရှားမှုမှာ နှစ်ရှည်ထောင်ဒဏ်နဲ့ ဝေးလံခေါင်သီတဲ့ နယ်ဝေး ထောင်ကို အပို့ခံလိုက်ရပါတယ်။

ဦးဇင်း ဦးစန္ဒာသီရိက ကဗျာဆရာကြီးဦးတင်မိုးရဲ့ဇာတိ ဇရပ်ကန်မြ ရွာလေးနားကပါ။ သင်္ကန်းဝတ်နဲ့ သီတင်းသုံးတာကတော့ သဃ်ာန်းကျွန်းမြို့နယ် ထဲက ရွှေသိမ် မမ္မသိဂ်ိကျောင်းမှာ သီတင်းသုံးပါတယ်။ ပထမအကြိမ် ထောင်က လွတ်ပြီးတဲ့အချိန်မှာ ဒေါ်အောင်ဆန်းစုကြည် ခြံရှေ့ စနေ၊ တနင်္ဂနွေ တရားပွဲကို နေ့တိုင်းသွားပြီး နားထောင်ပါတယ်။ ခြံရှေ့တရားပွဲကိုလာသူတွေ ဗွတ္တလစ် မှတ်တိုင်ဆင်း၊ တက္ကသိုလ်ရိပ်သာလမ်းကို လမ်းလျှောက်လာသူတွေက တစ်ဖွဲ့၊ ကမ္ဘာအေးဘုရားလမ်း စက်မှု(၁) လမ်းနီလေးမှတ်တိုင်က ဆင်းသူတွေက တစ်ဖွဲ့၊ လှည်းတန်းမီးပွိုင့်ဘက်ကနေ ယခု အမေရိကန်သံရုံးဘက်က လာသူတွေအားလုံး





ဒေါ်အောင်ဆန်းစုကြည် ခြံရှေ့ကို ညနေ ၃ နာရီလောက်ဆို လူတွေတော်တော်များများ ရောက်လာကြပါပြီ။ ဒီလို လူစုလူဝေးတွေထဲမှာ ဦးဇင်းလည်းပါပါတယ်။ ယာဉ်ထိန်းရဲတွေကို ဒေါ်အောင်ဆန်းစုကြည်နဲ့ မျက်နှာချင်းဆိုင် မရပ်နိုင်းပါဘူး။ ကျောခိုင်းရပ်ရပါတယ်။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းတွေ၊ ပြည်သူတွေရဲ့ မေးခွန်းတွေကို ဖြေဆိုပြတဲ့စကားတွေက သူတို့ရင်ထဲ အလွယ်အကူ ရောက်သွားပါတယ်။

ဒါ့ကြောင့်လည်း ယာဉ်ထိန်းရဲ၊ လုံခြုံရေးစစ်သား၊ ရဲတွေကို မကြာခဏ အာဏာပိုင်က ပြောင်းပစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က ယာဉ်ထိန်းရဲ၊ စစ်သားတွေကို စာနာနားလည်တဲ့စကားတွေ အမြဲပြောတတ်ပါတယ်။ နေအိမ် ခြံရှေ့ကနေ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘဘဦးတင်ဦး၊ ဘဘဦးကြည်မောင်တို့ကို ကားပေါ်ကနေ လက်ပြနှုတ်ဆက်သွားတဲ့ ပြည်သူလူထုတွေလည်း ရှိပါတယ်။ ကိုယ်ပိုင်ကားနဲ့ လာသူတွေက ကားခဏခဏပတ်မောင်းပြီး လက်ပြနှုတ်ဆက် အားပေးတတ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ကို အားပေးထောက်ခံတဲ့ ပြည်သူလူထုတွေ များလာတဲ့အခါမှာ စစ်အာဏာရှင်က မတရားဖြိုခွင်းပါတော့တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံရှေ့တရားပွဲလာတဲ့သူတွေကို တက္ကသိုလ်ရိပ်သာလမ်းထဲ ဝင်နိုင်အောင် သံဆူးကြိုးခွေတွေချပြီး လုံခြုံရေးအပြည့် ချထားပါတယ်။

တရားပွဲလာပရိသတ်ကလည်း သတ္တိရှိတယ်။ ဇွဲကြီးတယ်။ လုံခြုံရေး အပြည့်ချထားတဲ့နေရာမှာ စုဝေးရောက်ရှိနေပါတယ်။ ဒီလိုစုဝေးနေတဲ့ တရားပွဲလာ ပြည်သူလူထုကို လုံထိန်းတွေက အရပ်ဝတ်ဝတ်ပြီး ရိုက်နှက်ပါတယ်။ နံပါတ်တုတ်တွေနဲ့ အရိုက်နှက်ခံရတဲ့ ပြည်သူလူထုတွေ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ဆုတ်သွား ရပါတယ်။ ဗွတ်တ္တလစ်လမ်းဆုံဘက်အထိ လုံထိန်းတွေက လိုက်ရိုက်တာပါ။ ရှေ့ဆုံးကနေ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေလို့ ကြွေးကြော်သံတိုင်ပေးတဲ့ လူငယ်ကို လုံထိန်းတွေက ဝင်ဖမ်းပါတယ်။ လုံထိန်းတွေလက်ထဲက ဦးဇင်းနဲ့ တခြားနိုင်ငံရေးအကျဉ်းသားဟောင်းတွေ တစ်ယောက်နဲ့တစ်ယောက် လက်ချင်း ချိတ်ပြီး ပြန်လုခဲ့တယ်။ အဲဒီလူငယ်လေးကို ဦးဇင်းတို့ ကယ်တင်နိုင်ခဲ့ပါတယ်။

နောက်တစ်ပတ် ဗွတ္တလစ်လမ်းဆုံမှာ ကရင်သင်တိုင်းအနီဝတ်ထားတဲ့ လူငယ်ကို တရွတ်တိုက်ဖမ်းပြီး ပြည်ထဲရေးဝန်ကြီးရုံးထဲအထိ လုံထိန်းတွေက



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားပါတယ်။ ဦးဇင်းက သူ့ရှေ့မှာ မတရားတာတွေ့ရင် ရှေ့ကနေ ရဲရဲဝံ့ဝံ့ ဦးဆောင်တတ်တယ်။ ပြည်ထဲရေးရုံးထဲအထိလိုက်ပြီး သင်တိုင်းဝတ်လူငယ်လေးကို ပြန်လွှတ်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ဒါပေမဲ့ အာဏာပိုင်တွေက မလွှတ်ပေးခဲ့ပါဘူး။

ဦးဇင်းက သူ့ရှေ့မှာ ရိုက်နှက်ဖမ်းဆီးခံရတဲ့ အပြစ်မဲ့ပြည်သူတွေအတွက် ကမ္ဘာမကြေဘူးလို့ ဆိုပါတယ်။ ဦးဇင်းဦးစန္ဒာသီရိက လူ့အဖွဲ့အစည်းကို သူစွမ်းသလောက် အကျိုးပြုမယ်ဆိုတဲ့ နိုင်ငံရေးစိတ်ဓာတ်အပြည့်နဲ့ လက်တွေ့နေထိုင်လှုပ်ရှားခဲ့ပါတယ်။

လူသားဟာ သဘာဝတရားကို ရင်ဆိုင်တွန်းလှန် အနိုင်ယူရင်းက ကမ္ဘာမှာ လူသားအဖြစ် ရပ်တည်နိုင်ခဲ့တာပါ။ လူဟာ မတရားဖိနှိပ်အုပ်ချုပ်နေတဲ့ ခေတ်ဆိုးစနစ်ဆိုးကို တွန်းလှန်အနိုင်ယူလို့ လူသားတစ်ယောက်ရဲ့ လွတ်လပ်ရှင်သန်မှုနဲ့အတူ လူ့တန်ဖိုးကို ဖော်ပြကြတယ်။ မတရားတဲ့ လူ့ပတ်ဝန်းကျင်ကို တရားမျှတတဲ့ လူ့အဖွဲ့အစည်းအဖြစ် ပုံဖော်ထုဆစ်ဖို့ဟာ လူသားရဲ့ သမိုင်းပေးတာဝန်ပါ။ ဦးဇင်းဦးစန္ဒာသီရိလည်း လူသားရဲ့သမိုင်းတာဝန်ကို အသိရှိရှိနဲ့ တာဝန်ယူခဲ့ပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်တဲ့ လုပ်ဖော်ကိုင်ဖက် ဘဝတူတွေရဲ့လုံခြုံမှုကို သူတတ်နိုင်သလောက် အကာအကွယ်ပေးပါတယ်။ အဲဒီလူတွေ ထောင်ကျမယ်ဆို သူလည်းကျမယ်ဆိုတာ သိတယ်။ ဆရာတော် အငြိုငြင်ခံပြီး သူ့ကျောင်းမှာလက်ခံတယ်။ သူကိုယ်တိုင်လည်း နိုင်ငံရေးတာဝန်ကို တက်တက်ကြွကြွ လုပ်တယ်။ နောက်မတွန့်ဘူး။ ဘုန်းကြီးပီပီ အတွယ်အတာပြီးပါတယ်။ ဦးဇင်းက စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ရာမှာ တိုးတက်တဲ့ အမြင်အယူအဆတွေကို ဆုပ်ကိုင်ပြီး လူထုဘက်က အစဉ်တစိုက် လှုပ်ရှားခဲ့ပါတယ်။

ဦးဇင်းကို စစ်ကြောရေးမှာကတည်းက အာဏာပိုင်တွေက သင်္ကန်းဝတ်နဲ့ ရိုက်နှက်နှိပ်စက် စစ်ဆေးပါတယ်။ မီးစနဲ့ထိုးတယ်။ ခြေထောက်နှစ်ချောင်းကို ကြိုးနဲ့ချည်ပြီး ထုတ်မှာဆွဲထားတယ်။ သူတို့လိုချင်တဲ့ အဖြေမရမချင်း စောက်ထိုးဆွဲထားတဲ့ကြိုးကို လျှော့လိုက်၊ ရေတိုင်ကီထဲကို နှစ်လိုက်၊ ဆွဲတင်လိုက် လုပ်ပါတယ်။ လူမဆန်တဲ့နှိပ်စက်မှုကို ပြင်းပြင်းထန်ထန် ခံစားရပါတယ်။ ထောင်ထဲရောက်တော့ အတင်းလူဝတ်လဲပြီး သင်္ကန်းဆွဲချွတ်ပါတယ်။ သံဃာတွေကို ထောင်ထဲရောက်တော့





သင်္ကန်းဆွဲချွတ်တဲ့အချိန်မှာ မျက်ရည်ပေါက်ပေါက်ကျတယ်။ အာဏာပိုင်ကို သံဃာတွေက မတောင်းပန်ပါဘူး။ အညံ့မခံပါဘူး။ ဒါပေမဲ့ မျက်ရည်ကျပါတယ်။ စစ်အာဏာရှင်အမိန့်နဲ့ ထောင်ဝါဒါတွေက သင်္ကန်းဆွဲချွတ်ကြတာပါ။ ၁၉၉၀ ကံဆောင်ပွဲတုန်းက ထောင်ကျတဲ့ဆရာတော်တွေထဲ ဦးကဝိန္ဒဆိုတာ စစ်ကြောရေးမှာ နှိပ်စက်တဲ့ဒဏ်၊ ထောင်တွင်းမှာနှိပ်စက်တဲ့ အတွင်းဒဏ်ရာတွေကြောင့် အကျဉ်းထောင်ကလွတ်ပြီး မကြာခင်မှာ ပျံလွန်တော်မူခဲ့ရပါတယ်။

ကံဆောင်ပွဲတုန်းက တိပိဋကတ်ဆရာတော် ဦးသုမင်္ဂလကို လူဝတ်လဲပြီး ဘက်မနှစ်ခုပူးပြီး လက်ထိပ်ခတ်ညှဉ်းဆဲခဲ့တာ လွတ်ရက်မစေ့မချင်းပါ။ သံဃာတော်တွေကို လူဝတ်လဲသိက္ခာချတဲ့အခါမှာ စစ်အာဏာရှင်ရဲ့ဩဇာခံ ပြင်ပက ဆရာတော်တွေခေါ်ပြီး သိက္ခာချပါတယ်။ ဦးဇင်းဦးစန္ဒာသီရိကတော့ သိက္ခာချပေးဖို့ ခေါ်ဆောင်လာတဲ့ ဆရာတော်ကို အရှင်ဘုရား ဘယ်လောက် သိက္ခာချချ တပည့်တော် ဗိနည်းနဲ့မကိုက်ညီတာ ဘာမှမလုပ်ဘူး။ ရဟန်းဘဝမှာ နေချင်တဲ့အတွက်ကြောင့် သေတဲ့အထိ ဘယ်တော့မှ သိက္ခာချမှာမဟုတ်ဘူး။ ဘုရားရဲ့ ဝိနည်းဒေသနာတော်များနဲ့အညီ ရဟန်းအဖြစ်ကို ခံယူထားတဲ့အတွက် ဘယ်လိုမှ သိက္ခာချလို့မရဘူးလို့ လျှောက်ပါတယ်။

ဒီစကားအတိုင်းပဲ ဦးဇင်းက ထောင်တွင်းမှာ ထောင်ဝတ်စုံနဲ့ထားပေမဲ့ ရဟန်းလိုပဲ ကျင့်ကြံနေထိုင်ပါတယ်။ ထောင်ထဲမှာ မနက်တစ်ပုံစံ၊ ညနေတစ်ပုံစံ ထောင်ထုံးစံအရ ဦးဇင်းကတစ်နေ့ကို ဆွမ်းတစ်နပ်ပဲ စားရပါတယ်။ တစ်ပတ်မှာ ဆယ့်လေးနပ်ရှိတဲ့အတွက် အသားတစ်ကြိမ် စားခွင့်ပေးပါတယ်။ အဲဒါကလည်း ညနေပိုင်းပဲ ပေးတာပါ။ ဦးဇင်းတို့လို သံဃာတွေ အသားဘယ်တော့မှ စားခွင့်မရှိပါဘူး။ သူတို့ရတဲ့အသားတွေကို လူမမာရဲဘော်တွေကို အမြဲကျွေးပါတယ်။ ထောင်အာဏာပိုင်တွေက ထောင်ပုံစံအတိုင်းဆက်ဆံပေမဲ့ သူကတော့ ရဟန်းတို့နေထိုင်သလို နေထိုင်ခဲ့ပါတယ်။ ထောင်မှာ အာရုံဆွမ်းအခက်အခဲ အမြဲရှိပါတယ်။ ထောင်တွင်း အခက်အခဲပြဿနာတွေကို လိုအပ်လို့ သူ့ကိုဖြေရှင်းဖို့ တိုက်တွန်းရင် ရဟန်းသံဃာလိုရော၊ နိုင်ငံရေးသမားလိုပါ ချဉ်းကပ်ဖြေရှင်းပေးနိုင်ပါတယ်။ ဦးဇင်းကို ထောင်အာဏာပိုင်များက လူနာမည်ခေါ်ပြီး နှိမ်ချဆက်ဆံပါတယ်။ ဦးတင်ဦးနဲ့အတူ အကျဉ်းကျခံရတဲ့ နိုင်ငံရေးအကျဉ်းသားများကတော့ ခေါ်ကြီး



www.burmeseclassic.com

www.burmeseclassic.com




ရုတ်ကြီး ဝါတွင်းကာလတွေမှာ ဦးဇင်းဆီက သီလပေးတရားများကို နာယူကြပါတယ်။ ဦးဇင်းဦးစန္ဒာသီရိ ၂၀၀၅ ဇူလိုင်လ ၆ ရက်နေ့ ကလေးအကျဉ်းထောင်က ဒုတိယအကြိမ် ပြန်လည်လွတ်မြောက်လာခဲ့ပါတယ်။ ဦးဇင်း အကျဉ်းထောင်က လွတ်မြောက်ပြီး မကြာခင်မှာ လောင်စာဆီဈေးနှုန်း ရုတ်တရက် တိုးမြင့်မှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များနဲ့အတူ၊ ၈၈ မျိုးဆက်ကျောင်းသားတွေနဲ့အတူ ပူးပေါင်းလမ်းလျှောက် ဆန္ဒပြခဲ့ပါတယ်။

အဲဒီနောက် ပခုက္ကူသံဃာလှုပ်ရှားမှုမှာ သံဃာတွေကို ဓာတ်တိုင်မှာ ကြိုးချည်ပြီး ရိုက်နှက်ခဲ့ပါတယ်။ ဒီအမှုအတွက် သံဃာတော်တွေက စစ်အစိုးရကို တောင်းပန်ဝန်ချဖို့ တိုက်တွန်းခဲ့တယ်။ စစ်အစိုးရက မတောင်းပန်တဲ့အပြင် ဖိနှိပ်မှုကို မြင့်တင်ခဲ့ပါတယ်။ မေတ္တာတရားနဲ့ နေထိုင်တတ်သူ သံဃာတော်တွေဟာ စစ်အာဏာရှင်ကြောင့် ဒုက္ခအခက်အခဲရောက်နေတဲ့ ပြည်သူလူထုတွေရဲ့ကိုယ်စား စစ်အာဏာရှင်ကို မေတ္တာပို့ တောင်းဆိုခဲ့ကြပါတယ်။ ဒီသံဃာထုထဲမှာ ဦးဇင်း ဦးစန္ဒာသီရိလည်း ပါဝင်ခဲ့ပါတယ်။ စက်တင်ဘာသံဃာ့လှုပ်ရှားမှုမှာ စစ်အာဏာရှင် စနစ်ဆန့်ကျင်ရေးအလံကို လွှင့်ထူရင်း သံဃာနဲ့ လူထုကြားမှာ တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ ဆိုပြီး ဦးဆောင်မေတ္တာပို့နေတဲ့ ဦးဇင်းဦးစန္ဒာသီရိရဲ့ ရုပ်ပုံလွှာကို စက်တင်ဘာသံဃာ့လှုပ်ရှားမှု ၂ နှစ်မြောက်မှာ အမှတ်ရစရာ တစ်ခုအဖြစ် အမှတ်ရနေရပါတော့တယ်။

မျှဝေခံစားနိုင်ကြပါစေ။

❑





## မစန်းစန်းမြင့်

နိုင်ငံရေးသမား၏ ဘဝလမ်းဆုံးသည် ဝန်ကြီးဖြစ်ရေး၊ သမ္မတဖြစ်ရေး မဟုတ်ပါ။ မိမိတို့မလိုလားသော စနစ်ကြီးတစ်ခုကို လိုလားသောစနစ်သို့ ခရီးဆုံးတိုင်အောင် ပြောင်းသောလုပ်နေ်းသာဖြစ်သည်လို့ သခင်ဝတင်က ပြောခဲ့ဖူးပါတယ်။ ကျမတို့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းကို ပါဝင်ဖြတ်သန်းခဲ့ သူတွေရဲ့ ပြောစကားတွေက ယနေ့ မျက်မှောက်ကာလကို မီးမောင်းထိုးပြနေပါတယ်။ ကျမတို့အားလုံး စစ်အာဏာရှင်စနစ်ကို ဖြိုချဖို့ ကြိုးစားနေကြတာပါ။

လွတ်လပ်ရေးရပြီးနောက်ပိုင်း တော်လှန်ရေးကောင်စီ၊ မ·ဆ·လ၊ န·ဝ·တ၊ န·အ·ဖ ရဲ့ စစ်အာဏာရှင်အဆက်ဆက်ကို တော်လှန်ခဲ့ကြပါတယ်။ စစ်အာဏာရှင်ရဲ့ လူနာမည်တွေသာ ပြောင်းခဲ့တယ်။ စနစ်ကတော့ မပြောင်းသေးပါဘူး။

ကျမတို့ပြည်သူလူထုက အသားပုံ နဲ့ တိုးရပြီး စစ်အာဏာရှင်က လက်နက်နဲ့ တင်းခံကာ ရက်စက်စွာချေမှုန်းခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည် လွတ်လပ်ရေးအတွက် အရေးအခင်းတိုင်း၊ တိုက်ပွဲတိုင်းမှာ အသက်စွန့်သွားသူတွေ ကျဆုံးရကျိုး၊ စွန့်လွှတ်အနစ်နာခံရကျိုးနပ်အောင် ကျန်သူတွေ ညီညွတ်ဖို့တော့ လိုပါတယ်။ ဒီလို စနစ်ပြောင်းတော်လှန်ရေးထဲမှာ ဓာထင်မရှားနဲ့ ကိုယ်ကျိုးစွန့်ပါဝင်ခဲ့သူတွေ ကိုလည်း ကျမတို့ မမေ့ပါဘူး။ အိမ်ထောင်ရှင်မိန်းမသားဘဝနဲ့ စားမှုနေမှုကို ယောကျ်ားနဲ့အတူတွဲပြီး တာဝန်ယူဖြေရှင်းရင်း ဒီမိုကရေစီဆိုတဲ့ လမ်းသစ်ကြီးကို မြန်မာနိုင်ငံအတွက် လမ်းဖောက်တဲ့အထဲမှာ လမ်းခင်းကျောက်ခဲလို ပါဝင်ခဲ့တဲ့ အညတရ သူရဲကောင်းများကို အခါခါ ဦးညွှတ်မိပါတယ်။ ဒီလို အညတရ သူရဲကောင်းတစ်ဦးဖြစ်တဲ့ ဒလမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် အမျိုးသမီးမစန်းစန်းမြင့်အကြောင်း ကျမ ပြောပါရစေ။

မစန်းစန်းမြင့်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းတွေနားထောင်ပြီး နိုးကြားသာမန်ပြည်သူကနေ အဖွဲ့ချုပ်ပါတီထဲ ဝင်လာခဲ့သူပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းတွေထဲက သူတို့ပါတီဝင်တစ်ယောက်ဖြစ်စေတဲ့ မိန့်ခွန်းကတော့ ကျမတို့ ပြည်သူလူထုကို အားကိုးတယ်။ ပြည်သူလူထုကလည်း ကိုယ့်ကိုယ်ကို အားကိုးကြပါ။ ကိုယ့်ကိုယ်ကို အထင်မသေးကြပါနဲ့။ လူထုရဲ့အင်အားဆိုတာ အင်မတန်မှ ကြီးပါတယ်။ လူထုရဲ့အင်အားဆိုတာကို မလေးမစားဘဲ မနေနိုင်ပါဘူး။ ကျမတို့ကလည်း လေးစားတယ်။ နောင်လည်း အစိုးရအဆက်ဆက်က လေးစားသင့်တယ်။ ပြည်သူလူထုကို လေးစားတဲ့အစိုးရမျိုး ကျမတို့ဖြစ်စေချင်ပါတယ်။ ဒါမှ တိုင်းပြည်မှာလည်း အကျိုးဖြစ်စေမယ်၊ ပြည်သူလူထုကလည်း စိတ်ချမ်းသာသာမယ်တဲ့။

မစန်းစန်းမြင့်က မိုလ်ချုပ်ဈေးရှေ့ပလက်ဖောင်းမှာ ဈေးရောင်းပြီး ပလက်ဖောင်းဈေးသည်အဖြစ် ဘဝရပ်တည်ရသူပါ။ သီရိမင်္ဂလာဈေးက ကုသီပေါ်အသီးအနှံတွေကို ယူပြီး ရောင်းပါတယ်။ ဈေးဝယ်လာသူတွေရဲ့ ချမ်းသာမှုနဲ့ ပလက်ဖောင်းဈေးသည်အဖြစ် ဘဝရပ်တည်ရသူတွေရဲ့ ဆင်းရဲကျပ်တည်းမှု၊ ဘဝမတည်ငြိမ်မှုကို ယှဉ်ပြနိုင်တဲ့နေရာကတော့ မိုလ်ချုပ်ဈေးပါပဲ။ ပလက်ဖောင်းဈေးသည် မစန်းစန်းမြင့်တို့ဘဝက ကျိုးလန့်စာ စားနေရတဲ့ဘဝပါ။ ဈေးကောက်ဆိုတဲ့ အခွန်အခပေးနေရတဲ့ကြားက စည်ပင်ရဲဖမ်းရင် ဈေးဗန်း





အသိမ်းခံရပြီး အရင်းပြုတ်ရတဲ့အထိပါ။ ဖမ်းဆီးတဲ့သူတွေက တာဝန်ဆိုတဲ့ သက်ပတ်ကြီး လက်မောင်းပတ်၊ ယူနီဖောင်းဝတ်ပြီး ဈေးသည်တွေကို လိုတာထက် ပိုတဲ့ ရက်စက်တဲ့အပြုအမူတွေနဲ့ ဖမ်းဆီးတတ်ပါတယ်။ ဒဏ်ငွေရိုက်သလို ဈေးဗန်းထဲကပစ္စည်းပါ သိမ်းပါတယ်။ ဒီပစ္စည်းတွေကို တာဝန်ရှိသူတွေက ခွဲယူကြပါတယ်။ ဈေးကောက်ကောက်တော့လည်း သူတို့၊ ဖမ်းတော့လည်းသူတို့နဲ့ သုံးကုန်ပစ္စည်း ဈေးဗန်းခင်းပြီးတာနဲ့ တာဝန်ရှိသူတွေက ဈေးဗန်းထဲကနေ သူတို့ကြိုက်တာကိုလည်း အနိုင်ကျင့် ယူသွားတတ်ပါသေးတယ်။

ဒါကို ခွန်းတုံ့ပြန်မပြောရဲပါဘူး။ ဈေးဗန်းတည်မြဲမှ ဘဝရပ်တည်နိုင်မယ် မို့လား။ ဒါကြောင့် ချောင်းထဲမှာနေတဲ့ငါးဟာ မိချောင်းနဲ့ တည့်အောင်နေမှ ဖြစ်မယ်ဆိုတာကို ဘဝက သင်ကြားပေးလိုက်ပါတယ်။ ပလက်ဖောင်းဈေးသည်တွေကို စည်ပင်ရဲဖမ်းတဲ့ မြင်ကွင်းမျိုးကို ကျမဈေးဝယ်ရင်း မကြာခဏ ကြုံဖူးပါတယ်။ မြင်ရတိုင်းလည်း ထိထိခိုက်ခိုက် ခံစားခဲ့ရပါတယ်။ ဈေးဗန်းတစ်ဗန်းဖြစ်ဖို့ ဈေးသည်တွေက ငွေကိုအတိုးနဲ့ယူပြီး တည်ဆောက်ထားရပါတယ်။ ဈေးဗန်းလေးနဲ့ မိသားစုအသက်တည်မြဲအောင် လုပ်ရပါတယ်။ ကိုယ်တိုင်ခံစားရတဲ့ မစန်းစန်းမြင့်တို့ဈေးသည်တွေက ပိုပြီး ထိခိုက်ကြရပါတယ်။ ဒါ သူတို့ဘဝပါပဲ။ ဒီခံစားချက်တွေက မစန်းစန်းမြင့် ယုံကြည်ချက်ကို ပိုပြီးခိုင်မာစေခဲ့ပါတယ်။ ဒီလို မတရားမှုလုပ်ရပ်တွေကို အဖွဲ့ချုပ်ရုံးကိုလာပြီး ရင်ဖွင့်ပြောဆိုတတ်ပါတယ်။

နေ့စဉ်ထိတွေ့နေရတဲ့ လူထုရဲ့ပြဿနာကို လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် သိအောင် မစန်းစန်းမြင့် ပြောဆိုနိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က မစန်းစန်းမြင့် ပြောဆိုတာတွေကို ဂရုတစိုက် နားထောင်ပြီး စိတ်ခွန်အားဖြစ်စေမယ့် စကားတွေနဲ့ အားပေးတတ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နှလုံးသားကျယ်ပြန့်လို့လည်း မစန်းစန်းမြင့်တို့လို ပြည်သူလူထုတွေရဲ့ ချစ်ခင်ခြတ်နိုးမှုကို ခံနေရတာပါ။

၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက် မနက် ၉ နာရီမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ ရန်ကုန်တိုင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်၊ ဒေါ်တာမျိုးအောင်နဲ့ အဖွဲ့ချုပ်လူငယ်တွေ ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့နယ်ဘက် တက်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူး အစရှိတဲ့ မြို့နယ်တွေကို စည်းရုံးရေး ဆင်းဖို့ ရန်ကုန် ပန်းဆိုးတန်းဆိပ်ကမ်းကနေ ထွက်ခဲ့ကြပါတယ်။

အဖွဲ့ချုပ်လူငယ်တွေစီးလာတဲ့ကားနဲ့ လူငယ်တွေ ဒလဘက်ကမ်းရောက် နေချိန်မှာ ဘဘဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်စီးလာတဲ့ ကားအဖြူလေးနဲ့ ကားမောင်းသူ ကိုညွန့်ရွှေတို့ကို ပန်းဆိုးတန်းဆိပ်ကမ်းမှာ အာဏာပိုင်က တားဆီး ထားပါတယ်။ ဒီအချိန်မှာပဲ ကားကိုထားခဲ့ပြီး ဘဘဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစု ကြည်က ကူးတို့ဇက်ပေါ် တခြားခရီးသည်များနဲ့အတူ တက်သွားပါတော့တယ်။ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းမှာ ကားအဖြူလေးနဲ့ ကားမောင်းသူ ကိုညွန့်ရွှေပဲ ကျန်ခဲ့ပါတော့တယ်။

ဒလဘက်ကမ်းကို ဘဘဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည် ရောက်တော့ ကြိုရောက်နေတဲ့ အဖွဲ့ချုပ်ကား ၂ စီးနဲ့ ကွမ်းခြံကုန်းမြို့ကို ခရီးထွက်ခဲ့ကြပါတယ်။ ဒလမြို့ မြို့ပြင် ၃ မိုင်အကွာ ကျွန်စစ်သားရပ်ကွက်နားမှာ ကားတွေပိတ်ဆို့ပြီး ရဲမှူးမျိုးလွင်က ဆက်လက် သွားခွင့်မပြုနိုင်ကြောင်းနဲ့ ရန်ကုန်ကို ပြန်လှည့်ရန် ပြောဆိုခဲ့ပါတယ်။ ဘဘဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်က နောက်ကြောင်း ပြန်မလှည့်နိုင်ဘူး။ ရှေ့ခရီးပဲ ဆက်သွားမယ်ဆိုတော့ အာဏာပိုင်က မော်တော်ကား ၂ စီးကို လမ်းမကြီးဘေး လယ်ကွက်ထဲကို ပို့ဆောင်ခဲ့ပါတယ်။

ဒလမြို့နယ် လယ်ကွင်းထဲမှာ ၉ ရက်ကြာနေခဲ့ရတဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဘဘဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့ သခင်စိုးမြင့်၊ ဒေါက်တာမျိုးအောင်၊ အဖွဲ့ချုပ်လူငယ်တွေနဲ့ စည်းရုံးရေးခရီးစဉ်ကို မှတ်သားစရာဖြစ်အောင် သမိုင်းရေးခဲ့သူကတော့ မစန်းစန်းမြင့်ပဲ ဖြစ်ပါတယ်။

ကျမတို့မြန်မာလူမျိုးရဲ့ အားသာချက်တစ်ခုကတော့ လုပ်မိရင် မကြောက် မရွံ့ ရဲရဲလုပ်ရဲသူတွေ ဖြစ်ပါတယ်။ ဘဝကိုအရှုံးမပေးဘဲ လောကဓံကို ရင်ဆိုင်နိုင် ကြပါတယ်။ ကျောင်းသင်ခန်းစာထဲနေရမယ့် လူငယ်တွေရဲ့ပခုံးပေါ် ခေတ်ဝန်ထမ်းဖို့ ဖြစ်လာတော့လည်း ထမ်းနိုင်ကြပါတယ်။ ပုခက်လွှဲ သားချော့တေး ဆိုရမယ့် မိခင်တွေကို ပခုံးပေါ်၊ ခေါင်းပေါ် ခေတ်ဝန်ထမ်းဖို့ ဖြစ်လာတော့လည်း ရွက်ပိုးနိုင် ကြပါတယ်။ တရားဓမ္မလုပ်နေရမယ့် အသက်ကြီးရင့်သူတွေပခုံးပေါ် ခေတ်ဝန်ထမ်း ဖို့ဖြစ်လာတော့လည်း ထမ်းနိုင်ခဲ့ကြပါတယ်။ အရှုံးမပေးကြပါဘူး။ ဘဝကို





စ်ပြန်စနိုင်တဲ့ ခိုင်မာတဲ့ နှလုံးသားတွေ ရှိကြပါတယ်။

ဆင်းရဲဒုက္ခကို ရင်ဆိုင်နေရတဲ့တိုင် လူ့ဘဝပျော်ရွှင်မှုကိုရနေတဲ့ လူတစ် ောက်လို မစန်းစန်းမြင့်က အခက်အခဲတွေ့တိုင်း ပြုံးနေတတ်ပါတယ်။ အဲဒီ ခက်အခဲကို ထိုးဖောက်ရင်ဆိုင်နိုင်တဲ့သတ္တိ မစန်းစန်းမြင့်မှာ ရှိပါတယ်။ ဘဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်လူငယ်တွေကို မစန်းစန်းမြင့် ဆိုင်ရာ ဒလမြို့နယ်ထဲမှာ အတားအဆီးခံထားရတယ်။ လယ်ကွင်းထဲမှာ ှမိုးရွာ ဒီအတိုင်းနေနေရတယ်။ စားစရာထမင်း ဟင်းမရှိ၊ သောက်စရာရေမရှိ၊ း‌အနား ဖြတ်သန်းလို့မရဖြစ်နေတဲ့အခြေအနေက မစန်းစန်းမြင့် အိမ်ကနေ မင်းချိုင့်ထဲ ထမင်းထည့်ပြီး ဘဘဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ရှိတဲ့ ယ်ကွင်းဘက် ထွက်ခဲ့ပါတယ်။

မစန်းစန်းမြင့်ကို ဘဝကခံစားစေပြီး၊ ခံစားရခြင်းက သိမြင်စေခဲ့ ါတယ်။ သိမြင်စေခြင်းက လမ်းစကိုရှာတွေ့ခဲ့ပါတယ်။ တားဆီးပိတ်ပင်ထားတဲ့ ာဏာပိုင်တွေက မစန်းစန်းမြင့်ကို ဘယ်သွားမလို့လဲလို့ ဟိန်းဟောက် မေးမြန်းခဲ့ ါတယ်။ ဒီတော့ မစန်းစန်းမြင့်က ဒလမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးပါ။ ကျမတို့ခေါင်းဆောင်တွေနဲ့ ပါတီဝင်လူငယ်တွေကို ထမင်းကျွေးချင်လို့ ာခဲ့တာပါ။ ကျမကိုပေးခွင့်ပြုပါ။ ကျမတို့ ခေါင်းဆောင်တွေ လယ်ကွင်းထဲမှာ ၄ ရက်ရှိပြီ။ ကျမစိုးရိမ်လို့ပါ။ ဒုက္ခကိုအောင့်ခံလို့ရတယ်။ ဗိုက်ဆာတာကို တောင့်ခံလို့ မရဘူးလို့ ပြောလိုက်ပါတယ်။

အာဏာပိုင်က စကားပြောတဲ့စက်တွေနဲ့ အထက်ကို သတင်းပို့ကြပါတယ်။ အထက်အမိန့်နဲ့ မစန်းစန်းမြင့် ထမင်းချိုင့်ကိုလက်ခံပြီး မနက်ဖြန်ကစပြီး အစား အစာ လာပို့လို့ရပြီလို့ ပြောလိုက်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေး ခရီးစဉ်ရဲ့ ဒလခရီးစဉ်မှာ ဘဘဦးတင်ဦး၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ပါတီဝင်တွေ ပထမဆုံးစားရတဲ့ ထမင်းကတော့ မစန်းစန်းမြင့်ရဲ့ ထမင်းပါပဲ ဆောင်မှ ကျမတို့ကို ခရီးစဉ်မှာပါတဲ့ လူငယ်တွေ ပြန်ပြောပြတာကတော့ မစန်းစန်းမြင့် ို့တဲ့ထမင်းကို ဒေါ်စုက လက်နဲ့ဆုပ်ပြီး အညီအမျှဝေပါတယ်။ တစ်ယောက်ကို ထမင်းတစ်ဆုပ်ဆီ ဝေပုံကျရပါတယ်။ လူငယ်တွေက "ကျနော်တို့က လူငယ်တွေ အန်တီနဲ့ ဘဘပဲ စားပါ" ဆိုပေမယ့် ဒေါ်စုက လက်မခံခဲ့ပါဘူး။ ဒီစကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မစန်းစန်းမြင့်နဲ့အတူ ကျမတို့အားလုံး ဘဘဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ပိုပြီးလေးစားခဲ့ရပါတယ်။ မစန်းစန်းမြင့် ကတော့ သူ့ဆန့်ကြမ်းထမင်းလေးကို စားရတဲ့သူတွေကို ပြန်ပြီး အားနာနေပြန်ပါတယ်။

အဲဒီရက်ထဲမှာ စီမံချက်ဆိုပြီး ပလက်ဖောင်းဈေးသည်တွေ အဖမ်းဆီး များနေလို့ပါအေ၊ နို့မို့ဆို ဆန်ကောင်းကောင်းလေးချက်ပြီး ဟင်းတွေအများကြီး ထည့်သွားနိုင်ပါတယ်လို့ ပြောရှာပါတယ်။

ပါတီစည်းရုံးရေးခရီးစဉ်တွေမှာ အသက်အန္တရာယ်ထိပါးတဲ့အထိ နှောင့်ယှက်ခံရတဲ့ ဘဘဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်က အသက်ရှင်အောင် ရုန်းကန်ခဲ့ပြီး ပြည်သူလူထုအတွက် အသက်ရှင်နေပါတယ်။

နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ဝတ်ပြုဆုတောင်းပွဲကို ဘာသာခြားနေပေမယ့် မစန်းစန်းမြင့် ရွှေတိဂုံဝေါ မပြတ်တက်ပြီး အင်အားဖြည့်ခဲ့ပါတယ်။ ဒလမြို့နယ်က နေ့စဉ် ရန်ကုန်ဘက်ကမ်းကူး ဈေးရောင်း၊ ရွှေတိဂုံအဖွဲ့ချုပ်ရုံးကိုလာ၊ ညဘက်ဒလပြန်ကူးနဲ့ မနားရပါဘူး မစန်းစန်းမြင့်ခင်ပွန်းကလည်း ကျေကျေနပ်နပ် ခွင့်ပြုပါတယ်။ ဇနီးမောင်နှံ နှစ်ယောက် ကာယနဲ့အလုပ်လုပ်ရင်း သမီးတွေကိုလည်း တက္ကသိုလ်ကျောင်း ထားနိုင်အောင် လုပ်ပါတယ်။ အင်္ဂါနေ့ ဝတ်ပြုဆုတောင်းပွဲကို မပျက်မကွက် လာနိုင်အောင် ကြိုးစားပါတယ်။ နေလောင်နေတဲ့ မစန်းစန်းမြင့် မျက်နှာညိုညိုက ယုံကြည်ချက်အပြည့်နဲ့ တက်ကြွရွှင်လန်းနေတတ်ပါတယ်။ မီးခဲပြာဖုံးသတ္တိမျိုးလည်း မစန်းစန်းမြင့်မှာ ရှိတယ်ဆိုတာကို ဒလခရီးစဉ်ကတည်းက ကျမတို့ တွေ့မြင်ခဲ့ရပါတယ်။

နောက်တစ်ကြိမ်ကတော့ အကြိမ်တစ်ရာကျော် အင်္ဂါနေ့ဝတ်ပြုဆုတောင်းပွဲမှာပါ။ စက်တင်ဘာကာလ အရေးအခင်းမတိုင်ခင်ကတည်းက အာဏာပိုင်က သာသနာ့နယ်မြေ၊ ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်မှာ အပေါင်မြို့နယ် နတ်ကြီးတောင်လမ်းခွဲ သစ္စာတောင်ဆရာတော်ကို ရိုက်နှက်ဖမ်းဆီးခဲ့ပါတယ်။ သစ္စာတောင်ဆရာတော်က ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် အင်္ဂါနေ့ဝတ်ပြုဆုတောင်းပွဲကို အပေါင်မြို့နယ်ကနေ လာခဲ့ပါတယ်။ အင်္ဂါထောင့်မှာ သက်သတ်လွတ်ဆွမ်းကပ်ပြီး ဝတ်ပြုဆုတောင်းတဲ့အခါ ဆရာတော်ကို





ထောက်လှမ်းရေးနဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးကလူတွေ ဝိုင်းပြီး ရိုက်ပါတော့တယ်။ သက်သတ်လွတ် သစ်သီးဆွမ်းပွဲတွေကိုပါ ဖျက်ဆီးပစ်လိုက်ပါတယ်။

ဆရာတော်ကို ရိုက်တဲ့တုတ်တွေကို ဝိုင်းဝန်းပြီး ကျောနဲ့ခေါင်းနဲ့ ကိုယ်စားခံပေးသူကတော့ မစန်းစန်းမြင့်နဲ့ အင်္ဂါနေ့ဝတ်ပြုဆုတောင်းသူတွေပါ။ ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်မှာ ထောက်လှမ်းရေးကို ရဲရဲဝံ့ဝံ့ဦးဆောင်ပြီး အရေးမှုကို ထုတ်ဖော်ပြောဆိုပေးခဲ့သူက မစန်းစန်းမြင့်ပါပဲ။ ဒေါ်အောင်ဆန်းစုကြည်ကို လေးစားချစ်ခင်ရင် ပြည်သူလူထုကိုရော ရဟန်းသံဃာတော်ကိုပါ အာဏာရှင်က ရန်သူလိုသဘောထားတယ်ဆိုတာ ဒီအဖြစ်အပျက်တွေက သက်သေပြခဲ့ပါပြီ။

ဘုရားရင်ပြင်တော်ပေါ်မှာ ဆရာတော်ကိုရိုက်နှက်၊ သက်သတ်လွတ် ဆွမ်းပွဲကို ကန်ကျောက်ဖျက်ဆီးနေတာကိုမြင်တော့ ဘုရားဖူးလာပြည်သူတွေက အရေးမလုပ်ပါနဲ့။ ဒါ သာသနာ့နယ်မြေ နင်တို့ငရဲကျလိမ့်မယ်လို့ ဝိုင်းအော်ကြပါတယ်။ သစ္စာတောင်ဆရာတော်ကို ရန်ကုန်မလာရဆိုပြီး အပေါင်မြို့နယ်အထိ အာဏာပိုင်တွေကိုယ်တိုင် လိုက်ပို့ခဲ့ပါတယ်။

သမိုင်းမှာ မှတ်သားစရာရှိခဲ့တဲ့ ဒလမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးအဖွဲ့ဝင် မစန်းစန်းမြင့်တစ်ယောက် အကျဉ်းထောင်ထဲမှာ အတော်ဝန်ကိုရွက်ပိုးပြီး သူ့ကိုယ်ပိုင်ဘဝကို မြန်မာပြည်သူလူထုအတွက် ပေးဆပ်နေရပါတယ်။ ဘဝကို သူညနောက်က အနုတ်လက္ခဏာနဲ့ ရင်ဆိုင်နေရပေမယ့် ခိုင်တဲ့ခွန်အားသတ္တိရှိလို့သာ စည်းနှစ်ခုကြားမှာမရပ်တဲ့ မမွဆိုတဲ့ စည်းတစ်ဖက်မှာ မစန်းစန်းမြင့် ရပ်တည်နိုင်ခဲ့တာပါ။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com


ထောင်တာဝန်ရှိသူတွေကိုယ်တိုင် ခေါ်လာတဲ့ အချိန်မှာ သူ့ခန္ဓာကိုယ်ပိန်ပိန်လေးနဲ့မမျှ အံ့ဩစရာကြီး ဖိုးခွားလို့ ခေါ်လိုက်တဲ့ အသံက ထောင်က သူတွေရော ထောက်လှမ်းရေးပါ ဆို့နင့်ကြေကွဲ သွားကြတယ်။ တုန်ရီနေတဲ့ ဦးစောနီအောင်ကို အပါးလို့ခေါ်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလိုက်တဲ့ သားအဖ ၂ ယောက်ကိုကြည့်ပြီး အားလုံး ငြိမ်သက် သွားပါတော့တယ်။



## ဦးစောနီအောင်

ကျမတို့ မြန်မာပြည်သူတွေရဲ့ခေါင်းပေါ်မှာ မိုးကောင်းကင် မဟုတ်ပါဘူး။ နှစ်ဆိုးခေတ်ဆိုးက ကောင်းကင်လို မိုးထားပါတယ်။ ကျမတို့ ပြည်သူတွေမှာ ဝန်ထုပ်ဝန်ပိုးတွေကို ထမ်းပိုးနေရပါတယ်။ ကျောပေါ်မှာ၊ ပခုံးပေါ်မှာ စစ်ပွဲတွေ၊ အကျဉ်းထောင်တွေနဲ့ စစ်အာဏာရှင်ရဲ့ ပြည်တွင်းစစ်က ပြည်သူလူထုကို အလန့်မထူအောင် လုပ်နေပါတယ်။

ပြည်တွင်းစစ်နဲ့ အကျဉ်းထောင် နှစ်ခုလုံးကို ထမ်းပိုးထားရတဲ့ လူမျိုးစုဖိနှိပ်ခံတွေထဲက ကရင်အမျိုးသားတွေရဲ့ ဘဝကလည်း သိပ်ကိုကြေကွဲစရာကောင်းလှပါတယ်။ ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်လယ်မြေမှာ စိတ်ချလက်ချ စိတ်အေးလက်အေး မနေနိုင်ကြပါဘူး။ စာသင်ခန်းထဲဝင်နိုင်ဖို့ထက် ဗမာစစ်သားမြင် ပြေးရမယ်ဆိုတဲ့ ဘဝအသိနဲ့ ကြီးပြင်းရတဲ့ကလေးတွေ၊ ဗမာစစ်သားကို ကိုယ်က အရင်မြင်နိုင်ရတဲ့လူ ဖြစ်ရပါလို၏ဆိုတဲ့ ဆုတောင်းတစ်ခုသာ တောင်းတတ်တဲ့ ကရင်အမျိုးသား စစ်ပြေးဒုက္ခသည်တွေ မြန်မာပြည်နယ်စပ်တစ်လျှောက်မှာ အများကြီးပါပဲ။ ကျမတို့ပြည်တွင်းမှာ ၁၉၉၂ ခု ဘိုကလေး အရေးအခင်းကလည်း ထိတ်လန့်ကြေကွဲစရာကောင်းလှပါတယ်။ ဘိုကလေးမြို့နယ် ကက်သမျှင် ကျေးရွာမှာ ခရစ်စမတ်ပွဲမတိုင်ခင် မိုးကြိုးပစ်တော်လဲသလို ဗုံးဆန်၊ အမြောက်ဆန်၊ ကျည်ဆန်တွေ ရွာထဲကိုကျလာပါတယ်။ ကျောင်းစာသင်ခန်းထဲက ကလေးတွေ စာသင်ခုံအောက်ထဲ ပြေးဝင်ကြ၊ အမိအဖရှိရာ အားကိုးပြီး ပြေးကြလွှားကြတော့ ကျည်ဆံမှန်၊ ဗုံးဆံမှန်ပြီး အသက်ပျောက်မျိုးတုံး၊ ကျန်သူတွေဘဝပျက်၊ အပူမီးတွေ ဒိုင်းခဲ့ရပါတယ်။ ဒီထဲကမှ ကျောင်းဆရာ ကရင်အမျိုးသား ဦးစောနီအောင်နဲ့ သူ့ဇနီး သားဖွားဆရာမတို့ အသက်မသေပေမယ့် ဘဝသေခဲ့ရပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



ဦးစောနီအောင်ကို တစ်သက်တကျွန်းပြစ်ဒဏ်ချပြီး သူ့ဇနီးကို ပြစ်ဒ
ငါးနှစ်နဲ့ မအူပင်ထောင်ကို ပို့လိုက်ပါတယ်။ သားအကြီးလေးက သူငယ်တ
အရွယ်မို့ မြန်မာဘုန်းကြီးကျောင်းမှာ အပ်ခဲ့ရပါတယ်။ ၆ လအရွယ် သားငယ်
မိခင်နဲ့အတူ မအူပင်ထောင်ကို ခေါ်သွားရပါတယ်။ ကရင်အမျိုးသား ဦးစောနီအောင်
ဘာသာတရားကိုင်းရှိုင်းတယ်။ ကရင်အမျိုးသားဖြစ်ရတာကို ကျေနပ်တယ်
ရိုးရာအစားအစာဖြစ်တဲ့ တာလပေါကိုလည်း ကြိုက်တဲ့သူဖြစ်တယ်။ ဦးစောနီအော
ကို ကျမ မမြင်ဘူးခင်ကတည်းက ခင်ပွန်းသည်ကို ထောင်ဝင်စာ တွေ့ဆုံချိန်တို
သူ့သတင်းတွေကို ကြားနေရတာပါ။ ဦးစောနီအောင်ကို စစ်တပ်ကဖမ်းဆီး
အင်းစိန်ထောင်ကနေ ကလေးအကျဉ်းထောင်ကို ပြောင်းရွှေ့ပေးလိုက်ပါတယ်
ထောင်ဝင်စာတွေ့မယ့်လူမရှိတဲ့ ဦးစောနီအောင်အတွက် ကျမ တတ်နိုင်သ
ထောင်ဝင်စာပစ္စည်းတွေ ပို့ပေးခဲ့ရပါတယ်။ သူ့သားနှစ်ယောက်နဲ့ သူ့
ဆွေမျိုးတွေဆီ သတင်းစကားပါးနိုင်ဖို့ ကျမ ကြိုးစားပေးခဲ့ရပါတယ်။ ဦးစောနီအော
ရဲ့ သားနှစ်ယောက်ကို တာဝန်ယူထားတဲ့အစ်မကြီးက အစာအိမ်ရောဂါသ
သက်ကြီးရွယ်အို အမိအဖကို တာဝန်ယူနေရသူမို့ ဝေးလံလှတဲ့ ကလေးထော
လိုက်ပြီး ထောင်ဝင်စာ မတွေ့နိုင်ခဲ့ပါဘူး။ ဒါကြောင့် စာနဲ့ငွေ တစ်ခါတစ်ရံလှ
ပေးတတ်တယ်။ နှစ်ရှည်ထောင်ဒဏ်တွေနဲ့ ထောင်တွင်း အခြေအနေတွေကြော
ဦးစောနီအောင် မကြာခဏ နေမကောင်းဖြစ်ပါတယ်။ ဒီကြားထဲ တီဘီပါထ
ဖြစ်ပါတော့တယ်။

ဦးစောနီအောင်အတွက် အဖွဲ့ချုပ်ဗဟိုလူမှုအထောက်အကူကနေ
တီဘီဆေးဝါးတွေ ပျောက်ကင်းတဲ့အထိပေးခဲ့ပါတယ်။ ဦးစောနီအောင်က ပန်းပု
တတ်ပါတယ်။ ထောင်ထဲမှာရတဲ့ ပုံစံဆပ်ပြာကြမ်းကို အရုပ်အမျိုးမျိုးထု
သူ့သားနှစ်ယောက်အတွက် ကျမခင်ပွန်းသည်ကတဆင့် ထောင်ဝင်စာတွေ့တို
ပေးတတ်ပါတယ်။ သူ့သားလေးတွေကလည်း 'အပါး' နေကောင်းလားဆို
စာတွေပေးပြီး ဖခင်နဲ့သားတို့ရဲ့ ချစ်ခြင်းကို ပုံဖော်ရပါတယ်။ ဦးစောနီအောင်
ဇနီးသည် ထောင်တွင်းညှဉ်းပန်းမှုတွေကြောင့် ထောင်ကလွတ်ပြီး မကြာခင်
ဆုံးပါးသွားပါတယ်။ မိခင်မရှိ၊ ဖခင်က ထောင်ထဲမှာဆိုတော့ ကလေးနှစ်ယောက်
ဘယ်အချိန်ကြည့်ကြည့် ညှိုးနွမ်းအားငယ်နေပါတယ်။ ကလေးပီပီ ပျော်ပျော်ရွှင်ရွှ





သန်းဆန်းဆန်း မရှိရှာပါဘူး။ စစ်ရဲ့အနိဋ္ဌာရုံ၊ ဘဝရဲ့ ဒဏ်ရာဒဏ်ချက်တွေက
ကြွန်းလို့ လူတစ်ယောက်ကိုကြည့်ရင် စစ်ရေးအမြင်နဲ့ သတိထားကြည့်တဲ့
ကြည့်က သူတို့ကျင့်သားရနေကြပြီ။ မိခင် ဖခင်ရဲ့ချစ်ခြင်းနဲ့ ထွေးပွေ့ယုယမှု၊
င့်ရှောက်မှုကိုမရရှာတဲ့ သူတို့ရဲ့ဘဝကို သနားပြီး သနားနေရပါတယ်။
အငယ်လေးကတော့ အင်းစိန်အကျဉ်းထောင်ထဲက မိခင်ကို တစ်ခေါက်သာ
ဖူးပြီး ဖခင်ကိုတစ်ခါမှ မမြင်ဖူးပါဘူး။

၂၀၀၂ ခုမှာတော့ ဦးစောနီအောင်ကို ကလေးအကျဉ်းထောင်ကနေ
ဆက်ထောင်ကို ရွှေ့ပြောင်းခံလိုက်ရပါတယ်။ မိဘဆွေမျိုးတွေ စိတ်ပူသွားပြီး
ယ်လိုတွေ့ရင်ကောင်းမလဲလို့ ကျမကို အကြံတောင်းပါတယ်။ ထောင်ဝင်စာ
တွေ့ရမယ့်သူက အကျဉ်းကျသူနဲ့အတူ သန်းခေါင်စာရင်းဝင်ဖြစ်ရမယ်၊ မှတ်ပုံတင်
ရမယ်လို့ အကျဉ်းထောင်တာဝန်ရှိသူများက သတ်မှတ်ထားတာပါ။
စောနီအောင်သားအကြီးက ဆယ့်ငါးနှစ်ရှိပါပြီ။ ဒါပေမဲ့ မှတ်ပုံတင်မရှိသေးပါဘူး။
န်းခေါင်စာရင်းက ကက်သမျှင်ရွာစစ်ပွဲမှာ မီးလောင်တဲ့အထဲ ပါသွားပြီတဲ့၊
ပုံဖြစ်သွားတဲ့ ရွာပျက်စာရင်းဖြစ်သွားတာမို့ ပြန်လျှောက်လို့ မရပါဘူး။ ဒီတော့
တို့ ICRC ကို မှတ်ပုံတင်သန်းခေါင်စာရင်း အထောက်အထား မပြနိုင်ပေမယ့်
ICRC ကတစ်ဆင့် သားနှစ်ယောက်ဆီ ဦးစောနီအောင် ပို့လိုက်တဲ့စာပြတာနဲ့
ဆင့်ပြေပါတယ်။ နောက်တစ်ခုက အရေးကြီးပါတယ်။ အဲဒါကတော့
ဆက်ထောင်ကို ဘယ်လိုသွားရမလဲ၊ ဘာနဲ့ သွားမလဲဆိုတာပါပဲ။ အဲဒီအချိန်က
ကျင်နဲ့ စစ်ဖြစ်နေတဲ့အချိန်ပါ။ ထိုင်းကို ယိုးဒယားလို့ခေါ်ပြီး သတင်းစာထဲမှာ
င်းကိုတိုက်ခိုက်တဲ့ ဆောင်းပါး ဒေါက်တာမတင်ဝင်း ရေးနေတဲ့အချိန်ပါပဲ။
ကဲ ယိုးဒယားပစ္စည်းမှန်သမျှ ဖမ်းမယ်ဆိုပြီး အချိုမှုန့်တွေကို ရန်ကုန်မြစ်ထဲမှာ
သော်၊ မော်တော်ပေါ်တင်ပြီး အကြီးအကျယ် ရေမျှောနေတဲ့အချိန်ပေါ့။

မိုင်းဆက်ကို လေယာဉ်လမ်းတစ်ခုပဲ သွားလို့ရပါတယ်။ မိုင်းဆက်
ယာဉ်က တစ်ပတ်မှာ နှစ်ရက်ပဲဆင်းပါတယ်။ စနေ၊ အင်္ဂါနှစ်ရက်ပါ။
င်းဆက်အသွားခရီးက ရန်ကုန်မှာနေတာမို့ လေယာဉ်လက်မှတ် မရမချင်း
ယ့်အိမ်မှစောင့်ရတာ အပမ်းမကြီး ပေမယ့် မိုင်းဆက်မှာ လေယာဉ်လက်မှတ်
င်လလောက်စောင့်ရရင် ဘယ်လိုလုပ်မလဲလို့ တွေးပူရပါတယ်။ ကားလမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိပေမယ့် မိုးတွင်းအချိန်မို့ ကားလမ်းတွေပိတ်ပါတယ်။ နောက်ပြီး စောမြင့်အောင်
လူငယ်အရွယ်မို့ စစ်တပ်ကပေါ်တာဆွဲရင် မလွယ်ဘူးလို့ သတိပေးကြပါတယ်
နယ်ဝေးထောင်ဝင်စာကို ကျမ လိုက်ပို့တဲ့သူမှန်သမျှ အသက်အရွယ်ကြီးရင့်သူများ
အခုတော့ ထောင်ဝင်စာ တစ်ခါမှမတွေ့ဘူးတဲ့ ၁၅ နှစ်သားကလေးရဲ့ ဘဝလုံခြုံ
ကိုပါ တာဝန်ယူရမယ်ဆိုတဲ့အသိက ကျမ စိတ်ပင်ပန်းရတဲ့ ခရီးပါပဲ။

အရွယ်နဲ့မမျှတဲ့ ဘဝဒဏ်ရာတွေနဲ့ လူငယ်လေးတစ်ယောက်
ဦးဆောင်ပြီး မိဘနဲ့ သားသမီးချစ်ခြင်းကို ပုံဖော်ဖို့ ကျမကြိုးစားရတဲ့ ထောင်ဝင်
ခရီးက ကျမတစ်ဘဝစာ မေ့မရနိုင်တဲ့ခရီးပါပဲ။

မိုင်းဆက် လေယာဉ်လက်မှတ်ရဖို့ ကမ်းနားလမ်းလေယာဉ်ရုံး
တစ်ပတ်နှစ်ကြိမ် သွားရပါတယ်။ မနက် ၈ နာရီအရောက်သွား၊ နေ့လယ်
နာရီအထိစောင့်၊ လက်မှတ်မရဘူးဆိုတာသိရင် အိမ်ပြန်၊ တစ်လကြာမှ လေယာဉ်
လက်မှတ်ရခဲ့ပါတယ်။ ဝမ်းသာတာများ မပြောပါနဲ့တော့။ ပြုံးရွှင်ခြင်းကင်းတဲ့
စောမြင့်အောင်တောင် ပြုံးပြုံးရွှင်ရွှင်နဲ့ ဘုရားသခင်ဆီမှာ သား နေ့တိုင်း
ဆုတောင်းတယ်။ အပါးနဲ့ အမြန်ဆုံးတွေ့ရပါစေတဲ့။ ဒီလောက် ဆုတောင်း
နည်းသလားလို့ ကျမပြောတော့ သူဘာမှ ပြန်မပြောတတ်ရှာဘူး။ ဒီဆုတောင်း
လေးကလည်း သူ့မိသားစုဘဝတွေနဲ့ ရင်းထားရတာ မဟုတ်လား။

ကျမတို့ လေယာဉ်ကွင်းကိုရောက်တော့ မနက်ငါးနာရီ။ လေယာဉ်
ထွက်ချိန်က ၇ နာရီဆိုပေမယ့် ကြိုရောက်ရပါတယ်။ စောမြင့်အောင်မှာ
မှတ်ပုံတင်မရှိလို့ လေယာဉ်ကွင်း ဧည့်ခန်းထဲရောက်ဖို့ လ.ဝ.က၊ အကောက်ခွန်
ဂိတ်တွေ ကျော်ဖြတ်တဲ့အခါ ကျမတို့ စိုးရိမ်စိတ်နဲ့ ရင်ထဲမှာ လေယာဉ်အင်ဂျင်
စက်မောင်းနေသလိုပါပဲ။ ကံကောင်းချင်တော့ ကျမတို့ ချောချောမွေ့မွေ့
ဧည့်ခန်းထဲရောက်သွားပါတယ်။ လေယာဉ်ကွင်းမှာ နေ့လယ် ၁၂ နာရီအထိ
လေယာဉ်စောင့်ခဲ့ရပါတယ်။ မြန်မာတစ်နိုင်ငံလုံးသွားနေရတာ လေယာဉ်
နှစ်စီးထဲမို့ လေယာဉ်စောင့်ရတာပါ။ စက်ချို့ယွင်းတာကို လက်ပူတိုက်ပြင်ထားတဲ့
လေယာဉ်ကို ကျမတို့အသက်စွန့်ပြီး စီးခဲ့ရပါတယ်။ ရန်ကုန်၊ မန္တလေး၊ ဟဲဟိုး
နမ့်စမ် အဆင်းအတက်လုပ်ပြီးမှ မိုင်းဆက်ကို ရောက်ပါတယ်။ မိုင်းဆက်အတွက်
နမ့်စမ်၊ ဟဲဟိုးမှာ ကုန်စိမ်းတွေ၊ သားငါးတွေ ဘုရားပန်းတွေ တင်ပါတယ်





သူတို့လေယာဉ်က ကုန်စိမ်းတင်တဲ့ သီရိမင်္ဂလာဈေးကားလို ဖြစ်နေပါတော့တယ်။

မိုင်းဆက်လေယာဉ်ကွင်းကို ညနေသုံးနာရီမှာ ရောက်ပါတယ်။
မိုင်းဆက်လေဆိပ်ရောက်လို့ လေယာဉ်ပေါ်ကဆင်း၊ လေဆိပ်ဧည့်ခန်းထဲ
ဝင်လိုက်တဲ့အခါ မြင်ရတဲ့မြင်ကွင်းကို ကျမ မမေ့နိုင်သေးပါဘူး။ ဒဏ်ရာရတဲ့
စစ်သားတွေ လေဆိပ်ကြမ်းပြင်မှာ အတုံးအရုန်း ပိုးလိုးပက်လက်။ ကျမတို့ကို
မျက်စိကျည်းပန်းတဲ့သူတွေ အတိဒုက္ခရောက်တာကို မြင်ရပေမယ့် ကျမတို့
ပျော်ရွှင်ပါဘူး။ ဒဏ်ရာရစစ်သားတွေကိုကျော်ပြီး ကျမတို့ မြို့ထဲတည်းခိုခန်းကို
သွားဖို့ ကားငှားပါတယ်။ ကျမတို့ငှားလာတဲ့ကားဆရာကပဲ ထောင်ကို လမ်းညွှန်ပြီး
လိုက်ပို့ပါတယ်။ ထောင်က မြို့နဲ့ဝေးပါတယ်။ ထောင်ရောက်တော့ ထောက်လှမ်းရေး
ခွင့်ပြုချက်နဲ့မှ တွေ့ရမယ်ဆိုပြီး ထောင်ဝင်စာ ပေးမတွေ့ပါဘူး။ ဒီလောက်
ခက်ခက်ခဲခဲလာပြီးမှ ထောင်ဝင်စာမတွေ့ရရင် မပြန်ဘူးလို့ ကျမ စိတ်ဆုံးဖြတ်လိုက်တယ်။
ကားဆရာကို အကျိုးအကြောင်းပြောပြီး ထောက်လှမ်းရေးတပ်ကို ပို့ခိုင်းရပါတယ်။

ထောက်လှမ်းရေးတပ်မှူးက ကျမတို့နှစ်ယောက်ကို မေးစရာရှိတယ်ဆိုပြီး
ကားကို ပြန်လွှတ်လိုက်ပါတယ်။ ကျမလည်း ထိတ်ခနဲ ဖြစ်သွားတယ်။ သူတို့က
အသက်နဲ့ခေါ်တာ။ ငါတို့က နတ်သက်နဲ့ နေခဲ့ရတယ်လို့ပြောတဲ့ ဘွားကြည်
စကားကို သွားသတိရမိတယ်။ သူတို့ခဏဆိုတာ ၁၄ နှစ်လည်းဖြစ်နိုင်တယ်မို့လား။
ကျမကို ဦးစောနီအောင်နဲ့ ဘာတော်သလဲ မေးပါတယ်။ မှန်မှန်ဖြေလို့လည်း
ခြိမ်းခြောက်သေးတယ်။ ကျမက ဦးစောနီအောင်အစ်မရဲ့ သူငယ်ချင်း၊ ကျမမှာ
သားတစ်ယောက်ရှိတယ်၊ မိခင်စိတ်နဲ့ ဒီကလေးကို လိုက်ပို့တာ၊ ဒီကလေးက
သူ့အဖေနဲ့တွေ့ခွင့်မရတာ ဆယ်နှစ်ကျော်ပြီ၊ အမေကလည်း ထောင်ကလွတ်ပြီး
ကြောခင် သေသွားတယ်၊ အခု သူ့အဒေါ်တွေနဲ့ နေတယ်၊ ဒါကြောင့် သားအဖချင်း
တွေ့ဆုံခွင့်ရပါစေဆိုတဲ့ ဆန္ဒနဲ့ သားသမီးချင်း ကိုယ်ချင်းစာစိတ်နဲ့ လိုက်ပို့တာပါ။
တခြား ဘာရည်ရွယ်ချက်မှ မရှိဘူး။ ထောက်လှမ်းရေးက ကျမကိုယ်ရေးရာဇဝင်
အကုန်ယူပါတယ်။ ပြီးတော့ စောမြင့်အောင်ကို ထပ်မေးတယ်။

စောမြင့်အောင်က အပါးနဲ့ ကျနော်မတွေ့ရတာ ဆယ်နှစ်ရှိပြီ။
အမိုးကလည်း ထောင်ကလွတ်ပြီး သိပ်မကြာဘူး ဆုံးသွားတယ်။ သန်းခေါင်
စာရင်းကလည်း ရွာမီးလောင်တဲ့အထဲ ပါသွားတယ်၊ အဲဒီနေ့က ကျနော်တို့



www.burmeseclassic.com

www.burmeseclassic.com



အသင်ခန်းထဲမှာ၊ သေနတ်ကျည်ဆန်တွေမှန်မှာစိုးလို့ ဆရာမက ခုံအောက် သွင်းထားတယ်၊ သေနတ်သံ၊ မိုးသံတွေ တိတ်သွားပြီး ရှားမီးလောင်တော့တာပဲ အမိုးက ညီလေးချီပြီး ကျနော့်ကို လာခေါ်တယ်။ ပြီးတော့ ဘုန်းကြီးကျောင်းကို သွားတယ်။ အပါးကို အဲဒီအထဲက မတွေ့ရတာ။ အမိုးကို စစ်တပ်ကဖမ်းသွားတော့ ညီလေးက ၆ လသားမို့ ခေါ်လာခဲ့တဲ့။ ကျနော့်ကိုတော့ ဘုန်းတော်ကြီးက အလှူခံလို့ထားခဲ့တယ်။ အမိုးပါသွားတော့ ကျနော် မငိုရဲဘူး။ ငိုရင် ကျနော့်ကို တခြားကလေးတွေလို ဘက်နက်နဲ့ အထိုးခံရမှာစိုးလို့။ အမိုးကတော့ စိတ်မချလို့ သားအဒေါ်တွေကို အကြောင်းကြားဖို့ အထပ်ထပ်မှာသွားတယ်။ သားကို ၆ လလောက်ကြာမှ အဒေါ်တို့ရှာတွေ့တယ်။ အမိုးလည်း အပါးစိတ်နဲ့ သေရတာလို့ အဖိုးက ပြောတယ်။ ခုလည်း အပါးကို တွေ့ချင်လို့ ဒီကအန်တီကို လိုက်ပို့ခိုင်း ရတာပါ။

စောမြင့်အောင်က မျက်ရည်တွေနဲ့ သူတို့ကိုပြောပြတော့ မေးမြန်းသူတွေ အားလုံးတွေသွားပါတယ်။ စကားအများကြီး တစ်ခါမှ မပြောဘူးတဲ့ကလေး သူ့ဘဝကို ပြန်တူးဆွပြီး ဖခင်ကိုတွေ့ဖို့ကြိုးစားတာ ဘယ်လောက်များ နာကျင်လိုက်မလဲ။ ကျမတို့ကို ထောက်လှမ်းရေးက တည်းခိုခန်းပြန်ပို့ပေးပြီး အထက်ကိုအကြောင်းကြားပေးမယ်လို့ ပြောပါတယ်။ နောက်နေ့မနက် ထောင်ဝင်စာ တွေ့ဖို့ တည်းခိုခန်းကို ထောက်လှမ်းရေးက လာခေါ်ပါတယ်။ ကျမတို့ကို ထောက်လှမ်းရေးကိုယ်တိုင် ထောင်ဝင်စာတွေ့ဖို့ ဧည့်ခန်းမှာ စီစဉ်ပေးပါတယ်။ ဦးစောနီအောင်ကို ထောင်တာဝန်ရှိသူတွေကိုယ်တိုင် ခေါ်လာတဲ့အချိန်မှာ သူ့ခန္ဓာကိုယ်ပိန်ပိန်လေးနဲ့မမျှ အံ့သြတကြီး ဖိုးခွားလို့ ခေါ်လိုက်တဲ့အသံက ထောင်က သူတွေရော ထောက်လှမ်းရေးပါ ဆို့နင့်ကြေကွဲသွားကြတယ်။ တုန်ရီနေတဲ့ ဦးစောနီအောင်ကို အပါးလို့ခေါ်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလိုက်တဲ့ သားအဖ ၂ ယောက်ကိုကြည့်ပြီး အားလုံး ငြိမ်သက်သွားပါတော့တယ်။ ရှိုက်ငင်နေတဲ့ သားအဖ ၂ ယောက် တော်တော်နဲ့ စကားမပြောနိုင်ကြပါဘူး။ သူတို့သားအဖကိုကြည့်ပြီး ကျမတစ်သက် မွန်မြတ်တဲ့အလုပ်တွေ ပြည့်စုံသွားသလို ခံစားမိပြီး ကြည်နူးသွားရပါတယ်။

ထောက်လှမ်းရေးက ဒီမြင်ကွင်းကိုမြင်တော့ တာဝန်ကိုဖယ်ပြီး





သားစိတ်နဲ့ ဦးစောနီအောင်တို့သားအဖနဲ့ ကျမကို ဧည့်ခန်းထဲမှာ ထမင်းလက်ဆုံ ခွင့်ပြုပါတယ်။ ကျမ ဆယ်နှစ်ထောင်ဝင်စာခရီးမှာ အကျဉ်းသားတစ်ယောက် အတူ ထောင်ဧည့်ခန်းမှာ ထမင်းလက်ဆုံစားခွင့်ရခဲ့တာ အဲဒီတစ်ကြိမ်ပါပဲ။ စောနီအောင်နဲ့ သူ့သားကို စကားဝအောင်ပြော၊ မောမှပြန်လို့ ထောက်လှမ်းရေးက ခွင့်ပြုခဲ့ပါတယ်။ ဦးစောနီအောင်က မိဘဆွေမျိုးတွေ ဘယ်သူတွေရှိသေးလဲ။ ဘယ်သူတွေ သေကုန်ပြီလဲ။ သားငယ်လေးကကော၊ သူ့ကို ဖခင်တစ်ယောက်လို သတိမှတ်ရဲ့လားလို့ မေးရှာတယ်။ ထောင်ဝင်စာအပြန်မှာ စောမြင့်အောင်အတွက် ဦးမွေးနဲ့ထိုးထားတဲ့ ဘောကန့်ဖိနပ်လေး ပေးလိုက်ပါတယ်။

မြန်မာပြည် ပြည်တွင်းစစ်မီးလျှံထဲမှာ ကျမတို့ပြည်သူလူထုက မိသားစု ဘဝတွေ လောင်မြိုက်ခံနေရပါတယ်။ ဒီထဲကပဲ ကျမတို့ဘဝတွေကို အကြိမ်ကြိမ် ပြီး တည်ဆောက်နေကြရပါတယ်။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာတဲ့ ဆန်အိတ်ထဲ ရေစိုမိတဲ့ ဆန်အိတ်တွေ ကြားညှပ်ထည့်ပေးတော့ ကိုဇာဂနာက ချက်ချင်းပြန်ပို့ ပြန်းဆောက်တယ်။ နောက်နေ့မဝယ်တော့ဘူး။ ထိန်းရာချို နေ့စဉ်ဝယ်နေတာ ကျနော်တို့ အားမနာရင်တောင် ဒုက္ခသည်တွေကို အားနာဖို့ကောင်းတယ်။ ကျနော့်မျက်နှာ ပူတယ်။ ဒုက္ခသည်ပဲ ငါတို့ လုပ်သလိုခံရမယ်ဆို တာဟုတ်ပါ့မလား ဘယ်နှယ်ဗျာ တခြားနည်းနဲ့ စီးပွားရှာကြိုးစား တော့တာပဲ။



# ကိုဇာဂနာ

မြန်မာပြည်မှာ နာဂစ်လေမုန်တိုင်း တိုက်ခိုက်ခဲ့တာ ၁ နှစ်ပြည့်ပြီးချိန် ဆိုပေမယ့် မုန်တိုင်းရဲ့ နောက်ဆက်တွဲ သောကမုန်တိုင်းသင့် ပြည်သူတွေကို ကူညီအားပေး လှူဒါန်းခဲ့သူများရဲ့ ဘဝမုန်တိုင်းတွေလည်း အကျဉ်းထောင်ထဲမှာ အခုချိန်ထိ တိုက်ခိုက်နေဆဲပါ။

မြစ်ကြီးနား အကျဉ်းထောင်မှာ နှစ်ရှည်ထောင်ဒဏ်တွေ အများကြီးနဲ့ အကျဉ်းကျခံနေရတဲ့ လူရွှင်တော်ကိုဇာဂနာက နာဂစ်အလှူမှာ ရှေ့တန်းက ဦးဆောင်ပါဝင်ခဲ့သူပါ။ အနုပညာသည် အများစုပါဝင်ဖို့ မီဒီယာကနေ လှုံ့ဆော်ခဲ့တယ်။ ကိုဇာဂနာဆီ ရုပ်ရှင်သရုပ်ဆောင်တွေ ဆန်ဆီ၊ ငရုတ်ကြက်သွန်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါး၊ မိုးကာဖျင်တွေ လှူဒါန်းနိုင်ဖို့ ပါဝင်ကူညီကြပါတယ်။ ရုပ်ရှင်သရုပ်ဆောင်တွေရဲ့အလှူကို ကိုဇာဂနာ ကူညီပံ့ပိုးသလို အလှူဖြစ်မြောက်အောင် တောင်ဒဂုံ အဖွဲ့ချုပ်လူငယ် မဥမ္မာလည်း ပါဝင်ကူညီခဲ့ပါတယ်။ တောင်ဒဂုံ၊ မြောက်ဒဂုံ နေရာအနှံ့ လေဘေးသင့်ပြည်သူတွေရဲ့ ဒုက္ခအခက်အခဲကို ဘတ်အားသလောက် ကူညီနိုင်ဖို့ ဒေသခံတွေနဲ့ ဆက်သွယ်ပြီး လတ်တလော အကူအညီပေးနိုင်ခဲ့ပါတယ်။

ကိုဇာဂနာတို့အလှူကို မဥမ္မာနဲ့အတူ ကျမ ပါဝင်ကူညီလှူဒါန်းပေးရစဉ်က အဖြစ်အပျက်လေးကလည်း မော်စရာတွေကြား ရယ်စရာ ဖြစ်ရပါသေးတယ်။ ရွာသားကြီး လေးဒေါင့်ကန် လေဘေးသင့်ပြည်သူတွေလက်ထဲ အလှူပစ္စည်းတွေ ရောက်ရှိဖို့ တိုကင် ကြိုပေးစဉ်က ဒေသခံတွေကို အကူအညီတောင်းရပါတယ်။ ဒီတိုကင်ရသူတွေကို မနက်ဖြန် ၉ နာရီမှာ လာလှူမယ်။ အလှူရှင်တွေက



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်တွေလို့ ပြောထားတယ်။ တကယ်က ပစ္စည်းကသာ ရုပ်ရှင်သရုပ်ဆောင်တွေရဲ့ အလှူပစ္စည်း၊ လုပ်အားပေးကူညီသူက ကျမတို့တွေ၊ လေးဒေါင့်ကန်ရွာကိုရောက်တော့ ပစ္စည်းတွေတင်လာတဲ့ကားနားကို ဒုက္ခသည်တွေ ဝိုင်းလာကြတယ်။ ဘယ်မင်းသားပါလဲ။ ဘယ်မင်းသမီးလဲဆိုပြီး ဆင့်ထက်ကဲ ဝိုင်းမေးကြတယ်။ ကားပေါ်ကသူတွေက မင်းသားမင်းသမီး မဟုတ်တဲ့အပြင် ဖြတ်လျှောက်ထဲမှာတောင် မတွေ့ဖူးဘူး။ ဒီတော့ ရှုတင်ထမင်းချက်တွေပဲဖြစ်မယ်လို့ စကားတင်းဆိုကြတယ်။ ဒါကို ကိုဇာဂနာသိတော့ ဟုတ်တာပေါ့။ ပြည်သူလူထုက သူတို့ချစ်ခင်တဲ့ သရုပ်ဆောင်တွေ မြင်ချင်ရှာမှာပဲ။ ဒါလည်း စိတ်ကုထုံးတစ်မျိုးလို့ပြောပြီး နောက်ထပ်အလှူတွေကို ရုပ်ရှင်သရုပ်ဆောင်တွေ တစ်ယောက်မဟုတ် တစ်ယောက် လိုက်ခိုင်းပါတယ်။ အဆိုတော်တွေလည်း ပါပါတယ်။ ကိုဇာဂနာက သူကိုယ်တိုင် မလိုက်နိုင်ရင်လည်း အလှူပစ္စည်းတွေ ဝေမယ့်နေရာကို ဖုန်းဆက်တတ်ပါတယ်။ ဒုက္ခသည်တွေကို ဖုန်းနားထောင်ခိုင်းပြီး သူ့အသံကြီးနဲ့ အားရပါးရ အားပေးတတ်တယ်။ ခုထက်လှူနိုင်အောင် ကြိုးစားမယ်လို့ ကတိပေးတယ်။ အဲဒီကတိအတိုင်းလည်း ထပ်ပြီးလှူနိုင်အောင် လုပ်ပါတယ်။ ဒီတော့ ဒုက္ခသည်တွေက ကိုဇာဂနာကို ပိုပြီး ချစ်ခင်လေးစားကြတယ်။

တောင်ဒဂုံ ၆၁ ရပ်ကွက်မှာ လှူဒါန်းစဉ်က ရုပ်ရှင်သရုပ်ဆောင် ကိုအောင်ခိုင်၊ ကိုငှက်ပျော်ကြော်နဲ့ ကိုလူချော့တို့အဖွဲ့ကို ဒိုင်နာ ၃ စီးနဲ့ လွှတ်လိုက်ပါတယ်။ ကြိုတင် ရောက်နှင့်နေတဲ့ မဉ္ဇူမှာတို့ကိုကျော်ပြီး ကားမောင်းသွားတော့ ဒုက္ခသည်စခန်းထဲကသူတွေကိုဝေဖို့ တင်လာတဲ့ဆန်အိတ်တွေထဲက ၁၀ အိတ်ကို ကြံ့ခိုင်ရေးအလံတွေ ထောင်ထားပေမယ့် ဒုက္ခသည်တွေကို ကူညီရတာက ပုဂ္ဂလိက အလှူရှင်တွေပါ။ အဲဒီနေ့က ဒုက္ခသည် အိမ်ထောင်စုအလိုက် ဆန် ၅ ပြည်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ ဆေးဝါး ပေးပါတယ်။ ဆန်တွေကို တောင်လိုပုံပြီး ပြည်တောင်းနဲ့ချင်တွယ်ပြီး ပေးတာပါ။ ဆန်ချင်တွယ်သူတွေကတော့ ကိုလူချော့တို့အဖွဲ့ပါပဲ။ ဒုက္ခသည်တွေက သူတို့မှတ်မိနေသူတွေမို့ သူတို့ဘဝနဲ့ ဆက်နွယ်တဲ့ဆုတောင်းကို ဝိုင်းပေးကြတယ်။ မင်းသမီးတွေကို ဇလက်ကာယ များများလုပ်နိုင်ပါစေတဲ့။

ကိုလူချော့တို့အဖွဲ့ကလည်း တကယ့်ကို ခွန်အားစိုက်ထုတ်ပြီး ကူညီတာပါ။





ဆန်အိတ်တွေကို ကိုယ်တိုင်ချ၊ ကိုယ်တိုင်သယ်၊ ကိုယ်တိုင်သွန်၊ ကိုယ်တိုင်ချင်တွယ်လုပ်ကြရတာ ခါးချိုးတဲ့အထိပါ။ ဒီလို ငွေအားခွန်အားနဲ့ ကူညီနေသူတွေ အများကြီးထဲမှာ ငွေမျက်နှာတစ်ခုကိုသာကြည့်တဲ့ ဝိသမလောဘသမားတွေလည်း ရှိပါတယ်။ ကိုဇာဂနာ ဝယ်လာတဲ့ဆန်အိတ်ထဲ ရေစိုမိတဲ့ဆန်အိတ်တွေ ကြားညှပ်ထည့်ပေးတော့ ကိုဇာဂနာက ချက်ချင်း ပွဲရုံကို ဖုန်းဆက်တယ်။ နောက်နေ့ မဝယ်တော့ဘူး။ ဘိန်းရာချီ နေ့စဉ်ဝယ်နေတာ ကျနော်တို့ကို အားမနာရင်တောင် ဒုက္ခသည်တွေကို အားနာဖို့ကောင်းတယ်။ ကျနော် မျက်နှာပူတယ်။ ဒုက္ခသည်ပဲ ငါတို့လုပ်သလို ခံရမယ်ဆို ဘယ်ဟုတ်ပါ့မလဲ ဘယ်နှယ့်ဗျာ။ တခြားနည်းနဲ့ စီးပွားရှာလို့ပြောတော့ ဘာပဲ။

တကယ်လည်း ဟုတ်ပါတယ်။ ဒုက္ခသည်တွေကို အလှူ လှူပြီးပြန်လာရင် ကျမတို့မှာ ဝေဒနာတစ်ခုပါလာတယ်။ အလှူရှင်တွေက လှူတဲ့နေရာမှာ ယူကူအောင် ဒုက္ခသည်တွေကို တန်းစီခိုင်းပြီး လက်ထဲကိုယ်တိုင်ထည့်ပါတယ်။ အဲဒီလို တန်းစီနေတဲ့အချိန်မှာ ဒုက္ခသည်တွေရဲ့ မျက်နှာတွေ ညှိုးကျသွားတယ်။ သိမ်ငယ်စိတ်၊ အားငယ်စိတ်တွေ လွှမ်းနေတယ်။ ရှက်လည်းရှက်ကြတယ်။ နာဂစ်မဖြစ်ခင်မှာ ဆင်းရဲဦးတော့ ကိုယ့်လက်ကိုယ့်ခြေ၊ ကိုယ့်အိမ်ကိုယ့်ယာဆိုတဲ့ အသိက ဘဝကိုရင်ဆိုင်ဖို့ ခွန်အားတွေနဲ့ တက်ကြွနေကြတာ။ ခုတော့ အလှူရှင်ကို မျှော်ရတဲ့ဘဝ။ အလှူရှင်ပါလာတဲ့ပစ္စည်းနဲ့ အသက်ဆက်ရတော့ ရှက်လို့၊ သိမ်ငယ်လို့ မယူဘူးဆိုလည်း စားစရာမရှိ။ ရှေ့မျက်နှာ နောက်ထားပြီး တန်းစီရတော့တာပါပဲ။ ဒုက္ခသည်တွေရဲ့ စိတ်ခွန်အားဖြစ်ဖို့၊ ကိုယ့်အားကိုယ်ကိုးနိုင်ဖို့ ကိုဇာဂနာ အလှူရှင်တွေနဲ့ ဆွေးနွေးပြီး လုပ်ငန်းသုံး အထောက်အကူပစ္စည်းတွေ ပေးနိုင်ဖို့ ကြိုးစားပါတယ်။ မြစ်ဝကျွန်းပေါ်ကို ကျမရောက်တော့ ယာယီတဲစခန်းလေးတွေထဲမှာ မီးခိုးတွေ ထွက်နေတာတွေ့ရတယ်။ ဒီနေ့ ဘာတွေချက်သလဲဆိုတော့ ဒုက္ခသည်တွေက ကျော်သူထမင်း ကျော်သူဟင်း။ ဇာဂနာထမင်း ဇာဂနာဟင်းတဲ့။

ကျော်သူထမင်း ကျော်သူဟင်း။ ဇာဂနာထမင်း ဇာဂနာဟင်းဆိုတာ နာဂစ်ဒုက္ခသည်တွေရဲ့ ရင်တွင်းဖြစ်စကားတွေပါပဲ။ သူတို့ရှိတဲ့နေရာတွေဆီ အရောက် ဒုက္ခအမျိုးမျိုးခံပြီး သွားခဲ့တဲ့၊ လှူဒါန်းတဲ့ ကိုဇာဂနာအဖွဲ့၊ ကိုကျော်သူဦးစီးတဲ့ နာရေးကူညီမှုအဖွဲ့ကပေးတဲ့ မိုးကာဖျင်နဲ့ ယာယီတဲစခန်း ဆောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပေးတဲ့ ဆန် ဆီ ဆား၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်ကို ချက်စားရတယ်။ အခြားပုဂ္ဂလိက အလှူရှင်တွေရဲ့ပစ္စည်းတွေနဲ့ သူတို့ အသက်ဆက်ကြတယ်။ ဒီထဲကမှ သူတို့ချစ်တဲ့ အနုပညာရှင်တွေကို ဗီဒီယိုထဲမှာမဟုတ်ဘဲ အပြင်မှာ လက်တွေ့ဆက်ဆံနေထိုင်ရတဲ့အခါ သူတို့ဝမ်းသာပြီး ခံစားနေရတဲ့ဒုက္ခကို ခဏမေ့သွားတယ်။ ကျေးဇူးတင်ကြတယ်။ သာခုခေါ်ကြတယ်။ သူတို့ခံစားရတဲ့အတိုင်း တုံ့ပြန်ကြတယ်။ ဒီလို လေဘောင်းသင့်ဒုက္ခသည်တွေကို ရှေ့ခရီးအတွက်လိုအပ်မယ့် လုပ်ငန်းသုံးလယ်ထွန်စက်၊ ငါးဖမ်းလှေတွေ လှူဒါန်းဖို့ ပြင်ဆင်နေဆဲမှာပဲ ကိုဇာဂနာ အဖမ်းခံရတဲ့သတင်းကိုကြားတော့ ရန်ကုန်၊ မြစ်ဝကျွန်းပေါ်က နာဂစ်ဒုက္ခသည်တွေ အံ့သြတုန်လှုပ်သွားကြတယ်။ သူတို့အားလုံး အားထားနေရတဲ့သူတွေ ဖမ်းဆီးခံ တားမြစ်ခံရတော့ သူတို့ရှေ့ခရီးကို ဘယ်လိုအထောက်အပံ့နဲ့ ဘယ်လိုခရီးဆက်ရပါ့မလဲ။

အားကစားဝန်ကြီးကတော့ ဒုက္ခသည်တွေကို စာသင်ခန်းတွေက ဖယ်ပေးဖို့၊ မိမိတို့ရပ်ကွက်တွေကို ပြန်ဖို့ လာပြောပါတယ်။ နိုင်ငံတော်အစိုးရက ဒီလောက်ခွင့်ပြုထားရင် ကျေနပ်ဖို့ကောင်းပြီ။ ကိုယ်ထူကိုယ်ထပဲ။ စစ်သား မိန်းမတွေ နေ့စဉ် ချဉ်ပေါင်ရွက်စားရတယ်။ ကိုယ်စားတဲ့ ချဉ်ပေါင်ရွက်ကို ပြန်စိုက်။ တစ်ပတ်ကြာလို့ အရွက်ထွက်လာရင် ပြန်ခူးစား၊ ဒီလိုနဲ့ အသက်ဆက်ရတာပဲလို့ ဒုက္ခသည်တွေကို ပြောသွားပါတယ်။ အဲဒီစကားကလွဲလို့ တခြား ဘာအကူအညီမှ မပေးခဲ့ပါဘူး။

နာဂစ်ဒုက္ခသည်တွေကို ကူညီနေတဲ့သူတွေကို တားမြစ်ဖမ်းဆီး ထောင်ချပြီး ကယ်ဆယ်ရေးမရှိတော့ဘူး။ ပြန်လည်ထူထောင်ရေးပဲ ရှိတော့တယ်လို့ စစ်အာဏာရှင်က ကြေငြာလိမ်ခဲ့ပါတယ်။ နာဂစ်ဒုက္ခသည်တွေ မုန်တိုင်းရဲ့ ဒဏ်ရာဒဏ်ချက်တွေထဲက ကုန်းရုန်းထခဲ့ရပါတယ်။ အခုထိ အခြေမခိုင်သေးပါဘူး။ နာဂစ်ဒုက္ခသည်တွေကို ကူညီခဲ့တဲ့ ကိုဇာဂနာ တစ်ယောက်လည်း မြစ်ကြီးနား အကျဉ်းထောင်ထဲမှာ အကျဉ်းကျခံနေရဆဲပါ။

၁၉၉၀ ဝန်းကျင်က ကိုဇာဂနာ ထောင် ၃ နှစ်ကျခဲ့ဖူးပါတယ်။ ၉၀ ရွေးကောက်ပွဲကို ကိုဇာဂနာ့မိခင် သခင်မ၊ စာရေးဆရာမကြီး ဒေါ်ကြည်ဦးက တစ်သီးပုဂ္ဂလ ဝင်ရောက်အရွေးခံခဲ့ပါတယ်။ ကိုဇာဂနာကလည်း မိခင်ကြီးအတွက်





မဲဆွယ်စည်းရုံးခဲ့ပါတယ်။ ကိုဇာဂနာကို မိုးနတ်သူဇာအငြိမ့်မှာ လူရွှင်တော်အဖြစ် အတိုင်းက လက်ခံအားပေးနေချိန်ပါ။ ရှစ်လေးလုံးမတိုင်ခင် ဖဆပလ အစိုးရကို သဟာသတွေနဲ့ ထိရောက်စွာ ထိုးနှက်သရော်ခဲ့ပါတယ်။ ခေတ်နဲ့အညီ ဖြစ်ပျက်နေတာတွေကို တီဗီအငြိမ့်မှာ ဖျော်ဖြေခဲ့ပါတယ်။ သူ့ရဲ့ တီဗီအငြိမ့်အစီအစဉ်ဟာ ထူးခြား လူကြိုက်များခဲ့ပါတယ်။ အဲဒီတုန်းက ပါတီကောင်စီခေတ်ကို ထိထိမိမိ ထိုးနှက်သရော်နိုင်ခဲ့တယ်။ လူရွှင်တော်တွေကို ကိုဇာဂနာက အုတ်ခဲစီခိုင်းပါတယ်။ လူရွှင်တော်တွေစီတာကို သူ မကြိုက်ဘူး။ ပါးစပ်ကလည်း ပြောပါတယ်၊ ဟိုကောင်စီလည်း မကောင်းဘူး၊ ဒီကောင်စီလည်း မကောင်းဘူးတဲ့။ ဒီပြက်လုံးကို ပြန်ပြန်သတိရပြီး ပြုံးမိရပါသေးတယ်။

ကိုဇာဂနာက လူရွှင်တော်တို့ တတ်အပ်တဲ့ပညာရှိပြီး သူ့ပြက်လုံးတွေက သေတဲ့ ပြက်လုံးတွေဖြစ်ပါတယ်။ ကိုဇာဂနာ ပြက်လုံးထုတ်ရင် ပြောနေတဲ့လေသံနဲ့ ချက်နာက သိပ်ကြည့်ကောင်းပါတယ်။ သူ့မှာ လူပြက်မှင်မောင်း အပြည့်ရှိတယ်။ သူ့ပုံစံ၊ သူ့လေ၊ သူ့မျက်နှာထားက သူများတုလို့ မရပါဘူး။ ကိုဇာဂနာက စိတ်ထားကောင်းတယ်။ စေတနာကောင်းတယ်။ လောကကြီးမှာ ရယ်စရာကောင်းတဲ့ ကိစ္စလေးတွေကို ထောင့်စေ့အောင် ပြောတတ်ပါတယ်။ အားနေရင်တောင် ပါးစပ်ဆိုင်းတော့ တီးနေသေးတယ်။ အင်းစိန်အကျဉ်းထောင်ထဲမှာ သူနေခဲ့စဉ် သူနဲ့အတူ နေခဲ့ဖူးသူတွေက သူ့အကြောင်း မှတ်မှတ်ရရ ပြောတတ်ပါတယ်။ အဲဒီတုန်းက သူကထောင်ထဲမှာ အမျှော်စိုက်တေးတွေကြီးပဲ၊ အငြိမ့်သီချင်း မဟုတ်ဘူး။ အလှဘွဲ့၊ ရာသီဘွဲ့ သီချင်းတွေကို အငြိမ့်သီချင်းလုပ်ချင်တယ်လို့ ပြောပါတယ်။

သူက တောင်ထဲမှာ သီချင်းတွေရေးတယ်။ ပြဇာတ်တွေရေးတယ်။ သူ့ရဲ့အနုပညာ ရှေ့ဆက်ဖန်တီးမှာတွေကို ပါးစပ်နဲ့ သရုပ်ဆောင်ဖန်တီးပြီး ဘဝတူ နိုင်ငံရေးအကျဉ်းသားတွေကို ဖျော်ဖြေခဲ့တယ်။ သူနဲ့အတူ နေခဲ့သူတွေက သူ့အသံဒိုးက သာမန်လူတွေထက် ကြီးတယ်။ သူ့အသံကို ဆယ်ခန်းကျော်ကတောင် ကြားရတယ်တဲ့။ ထောင်ကျအကျဉ်းသားဆိုတာ ဟိုဘက်တိုက် ဒီဘက်တိုက် စကားမပြောရဘူး။ ဆက်သွယ်ရဘူး။ ထောင်ထဲမှာ ဟင်းက အရေးကြီးသလို သတင်းကလည်း အရေးကြီးတာမို့ သူသိတဲ့သတင်းကို အသြောင်းပြေ လမ်းလျှောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com




ကရင်ပြည်နယ်မှာ န.အ.ဖ နဲ့ တိုက်ပွဲဖြစ်တဲ့သတင်းကို သူက အမှုအရာနဲ့ ပြန်ပြောပြသတဲ့။ ကရင်ပြည်နယ်ဆိုတာကိုသိအောင် ကရင်ဒုံယိမ်း ကပြတယ်။ လက်နဲ့ သေနတ်ပစ်ပြတယ်။ အပွင့်အခက်တွေကို လက်မောင်းမှာ ပုတ်ပြပြီး လျှာထွက် ပက်လက်လှန်ပြတယ်။ စစ်အစိုးရနဲ့ ကရင်တော်လှန်ရေးသမားတွေ တိုက်ပွဲအပြင်းအထန် ဖြစ်တယ်ဆိုတာကို နိုင်ငံရေးအကျဉ်းသားတွေ နားလည်သွားကြတယ်။ နိုင်ငံရေးသတင်းကို သူ့အနုပညာနဲ့ သရုပ်ဖော်သွားတာ ဖြစ်ပါတယ်။ လူရွှင်တော်ကိုဇာဂနာ အများပြည်သူကို ပျော်ရွှင်အောင် ဟာသတွေလုပ်ပေးခဲ့ပေမဲ့ သူ့ဘဝကတော့ ပျော်စရာမဖြစ်ခဲ့ပါဘူး။ မိသားစုက နိုင်ငံခြားမှာ၊ သူက နှစ်ရှည်ထောင်ဒဏ်နဲ့ မြစ်ကြီးနား အကျဉ်းထောင်ထဲမှာ မိခင်ကြီးရဲ့ နောက်ဆုံးခရီး ဈာပနကိုလည်း သူလိုက်ပို့ခွင့် မရခဲ့ပါဘူး။ မိခင်ရဲ့ နာရေးသတင်းကြားပြီး လူသားပီပီ သူကြေကွဲနေပါလိမ့်မယ်။

ဒါပေမဲ့ ခေတ်တွေစနစ်တွေကို ကိုဇာဂနာတစ်ယောက် ဟာသနဲ့ကြည့်နေမယ်ဆိုတာကိုတော့ ကျမတို့ ယုံကြည်လျက်ရှိပါ။

မျှဝေခံစားနိုင်ကြပါစေ။

□






## ဦးတင်ဦး

(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ)

ခုလို မေလဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွက်၊ မြန်မာပြည် ပြည်သူလူထုအတွက် မေ့လို့မရနိုင်တဲ့ အဖြစ် အပျက်တွေ အများကြီးရှိခဲ့ပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံအပြီး ဒီမိုကရေစီ တော်လှန်ရေးခရီး ရှည်က နှစ်ပေါင်း ၂၀ နှစ်ကြာခဲ့ပါပြီ။ ဒီ ၂၀ နှစ်အတွင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရှစ်လေးလုံးအရေးတော်ပုံရဲ့ အသီးအပွင့်ဖြစ်တဲ့ ၁၉၉၀ ပြည့်ရွေးကောက်ပွဲမှာ ပြည်သူလူထုက တိုင်းပြည်အာဏာဆိုတာ ပြည်သူလူထုဆီက မဲ ပုံအောပြီးထောက်ခံခဲ့ပါတယ်။ ကဗျာဆရာကြီးဦးတင်မိုးရဲ့ ကဗျာနဲ့ သင်းနေတဲ့ ဆောင်ပုဒ် ကြွေးကြော်သံအတိုင်း စုနဲ့ခမောက် မေမှာနိုင်ခဲ့ပါတယ်။ ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှာ ပြည်သူလူထုက တိုင်းပြည် အာဏာဆိုတာ ပြည်သူလူထုဆီကဆင်းသက်မယ်။ မဲဆန္ဒရှင်ဆိုတာ စင်အောက်ကလူ မဟုတ်ဘူး။ စင်ပေါ်ကလူဆိုတာကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှင်သိအောင် အသည်းကြားက မဲတစ်ပြားနဲ့ ဆန္ဒအစစ်အမှန်ကို ဖော်ထုတ်ခဲ့ပါတယ်။

ပြည်သူလူထုရဲ့ ဆန္ဒအစစ်အမှန်ကို စစ်အာဏာရှင်က လျစ်လျူရှုပြီး ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အာဏာလွှဲပြောင်းမပေးခဲ့ပါဘူး။ မတရားမှုမျိုးစုံနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖြိုခွင်းခဲ့ပါတယ်။ ဒီလို မတရားမှုတွေထဲက အထင်ကရရှိလှတဲ့ မေ ၃၀ ဒီပဲယင်း လုပ်ကြံသတ်ဖြတ်မှုကြီးကလည်း မြန်မာပြည်သမိုင်းမှာ ဘယ်လိုမှ မေ့ပျောက်လို့မရနိုင်ခဲ့ပါဘူး။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို နည်းမျိုးစုံနဲ့ ပျက်ပြယ်အောင်လုပ်နေတဲ့ စစ်အာဏာရှင်က သူတို့အာဏာတည်မြဲရေးအတွက် တစ်ဖက်သတ် ရေးဆွဲထားတဲ့ ၂၀၀၈ အခြေခံဥပဒေဖွဲ့စည်းပုံနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို အတင်းအဓမ္မလုပ်ဖို့ ကြိုးစားနေပါတယ်။ ဒီအခါ ဒီမိုကရေစီအင်အားစုအတွင်းမှာ ရွေးကောက်ပွဲဝင်ရေး မဝင်ရေးအယူအဆတွေ ဝင်ရောက်လာပါတယ်။ မြန်မာပြည်ရဲ့လက်ငင်း ပြဿနာက စစ်အာဏာရှင်စနစ် မရှိရေးပါ။ ၂၀၀၈ အခြေခံဥပဒေဖွဲ့စည်းပုံနဲ့ စစ်အာဏာရှင်ကျင်းပမယ့် ၂၀၁၀ ရွေးကောက်ပွဲကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မဝင်ခြင်းဟာ အဖိနှိပ်ခံပြည်သူလူထုဆန္ဒကို အကာအကွယ်ပေးခြင်း ဖြစ်ပါတယ်။ စစ်အာဏာရှင်ကို ကျောသပ်ရင်သပ်နဲ့ ပြည်သူ့အာဏာရရှိမယ်လို့ မျှော်လင့်နေမယ်ဆိုရင် ပြည်သူလူထုလွတ်လပ်ခွင့်က ဝေးသထက်ဝေးနေ ပါလိမ့်မယ်။

စစ်အာဏာရှင်က ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တရားဝင်ဖိနှိပ်ညှဉ်းပန်းခဲ့တာကို ပြည်သူလူထုက ၂၆ နှစ်လုံးလုံး ရင်စည်းခံခဲ့ရပါတယ်။ ၁၉၈၈ ရှစ်လေးလုံးအရေးတော်ပုံမှာ ပြည်သူလူထုက မ·ဆ·လ စစ်အာဏာရှင်စနစ်ကို အပြင်းထန်ဆုံး တွန်းလှန်နိုင်ခဲ့ပါတယ်။ မြို့ကြီးပေါင်း ၄၀ မှာ ပြည်သူလူထုသိန်းပေါင်းများစွာ ဆန္ဒထုတ်ဖော် သွေးခင်းပြီး စစ်အာဏာရှင်ကို တွန်းလှန်ခဲ့တဲ့ ရှစ်လေးလုံးအရေးတော်ပုံကြောင့် လူထုနဲ့ ထိုက်တန်တဲ့ခေါင်းဆောင်ပါတီကောင်းတစ်ခု ပေါ်ထွန်းရရှိခဲ့ပါတယ်။ ဒီခေါင်းဆောင်မှုထဲက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဘဘဦးတင်ဦး အကြောင်း ကျမပြောပါရစေ။

ဘဘဦးတင်ဦးရဲ့ပခုံးပေါ်မှာ ဟိုးတုန်းက ကာကွယ်ရေးဦးစီးချုပ်ဆိုတဲ့ အပွင့်အခက်တွေ ရှိခဲ့ပေမယ့် ရှစ်လေးလုံးအရေးတော်ပုံအပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်တဲ့အခါမှာ ဒီမိုကရေစီရေးတာဝန်တွေကို ခုံးပေါ်တင်ပြီး ပြည်သူလူထုအတွက် မမောမပန်းထမ်းဆောင်ခဲ့တာ ဒီနေ့အချိန်ထိပါ။ ဘဘဦးတင်ဦးရဲ့ ဘဝအလင်းအမှောင်က မြန်မာပြည်သမိုင်းနဲ့ ဆက်စပ်နေပါတယ်။ ရှစ်လေးလုံးအရေးတော်ပုံအပြီး တပ်မတော်သားများမှ ပြည်သူ့ရင်ခွင် ခိုလှုံတော့ သူရဦးတင်ဦးက သရက်တောဘုန်းကြီးကျောင်းမှာ ဦးဆောင်ကြိုဆိုခဲ့တာကို ကျမတို့ မှတ်မိနေပါတယ်။ ဒီနောက် အဖွဲ့ချုပ်ပါတီမှာ ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူတော့ ဘဘဦးတင်ဦးကို လည်ကတုံးအင်္ကျီအဖြူ ကချင်ပုဆိုး၊ ပင်နီတိုက်ပုံနဲ့ အမြဲတမ်း တက်ကြွပြုံးရွှင်စွာ တွေ့ရတတ်ပါတယ်။ ဘဘရဲ့အပြုံးက အတင်းလုပ်ယူရတဲ့ အပြုံးမဟုတ်ပါဘူး။ တည်ကြည်တဲ့အပြုံးပါ။ ဘဘဦးတင်ဦးက တာဝန်ယူမှု၊ တာဝန်သိမှုတွေအပြင် အမှန်တရားကိုလည်း မြတ်နိုးခုံမင်တတ်သူလည်း ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဇနီး ဒေါ်အောင်ဆန်းစုကြည်ရဲ့မိခင် ဒေါ်ခင်ကြည်ရဲ့ နောက်ဆုံးခရီးကို အသွားလူထုဒေါ်အမာက လိုက်ပါပို့ဆောင်ပေးခဲ့ပါတယ်။ ဒီတစ်ခါ ဘဘဦးတင်ဦးက အသွားလူထုဒေါ်အမာရဲ့ လက်နှစ်ဖက်ကိုကိုင်ပြီး အစ်မကြီး ကျနော်တို့ကို အကူအညီပေးရမယ်နော်လို့ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပြောပါတယ်။ ဒီမြင်ကွင်း၊ ဒီစကားကို ကျမမှတ်မိနေသလို အဖြူအမည်း ဓာတ်ပုံလေးကိုကြည့်ပြီး လွမ်းရပါသေးတယ်။ ဘဘဦးတင်ဦးက ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့တဲ့ တပ်မတော်ရဲ့ ပြည်သူ့အပေါ်ထားတဲ့ စိတ်စေတနာတွေကို ကြည်ညိုလေးစားလွန်းလို့ စစ်ထဲဝင်ခဲ့တာပါတဲ့။ ဘဘဦးတင်ဦး ရင်ထဲမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့တန်ဖိုးတွေ စိမ့်ဝင်နေသလို ယနေ့ခေတ် ကျမတို့ ပြည်သူလူထု ရင်ထဲမှာလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့တန်ဖိုးတွေ စိမ့်ဝင်နေတယ်လို့ ကျမ ယုံကြည်ပါတယ်။

လူတွေရဲ့ ဘဝဇာတ်ခုံ၊ နိုင်ငံရေးဇာတ်ခုံမှာ စိတ်ပျက်စရာ၊ ကြည်နူးနှစ်သိမ့်စရာ၊ အသည်းထိတ်စရာ၊ ကြေကွဲစရာ၊ ဝမ်းနည်းစရာအဖြာဖြာ ရှိခဲ့ပါတယ်။ ဒီလောကဓံကို ဘဘဦးတင်ဦးက မြန်မာပြည်သမိုင်းနဲ့ယှဉ်ပြီး ခံစားခဲ့ရသူပါ။ ကာကွယ်ရေးဦးစီးချုပ် ဘဝနဲ့ ပုသိမ်ကို ခရီးရောက်တဲ့အချိန်မှာ ဘဘရဲ့ ယ်ဆရာတော်ကြီးကို ဝင်ရောက်ဖူးမြော်ခဲ့ပါတယ်။ ဆရာတော်ကြီးက တင်ဦး ရောက်တဲ့အချိန် ဝိပဿနာတရား အားထုတ်သွားဦးလို့ပြောတော့ တပည့်တော်







www.burmeseclassic.com

www.burmeseclassic.com



အချိန်မရလို့ပါဘုရားလို့ လျှောက်တင်ပါတယ်။ တစ်ပတ်မရရင် တစ်ရက်တော့ အားထုတ်သွားဆိုတော့ တစ်ရက်လည်း အချိန်မရလို့ပါဘုရားလို့ လျှောက်တော့ အေး၊ နင်တစ်နေ့ ငါ့ဆီရောက်လာမှာလို့ ဆရာတော်ကြီးက မိန့်ပါတယ်။

ဘဘဦးတင်ဦးက ဟန်ဆောင်မှုကင်းကင်းနဲ့ တပ်ဗိုလ်တပ်သားများနဲ့ တစ်သားတည်းရှိတဲ့အတွက် တပ်မတော်အတွင်းမှာ ဩဇာညောင်းလာခဲ့ပါတယ်။ စစ်တပ်ကို အားပြုပြီး အာဏာတည်ဆောက်ထားတဲ့ ဗိုလ်နေဝင်းက ဘဘဦးတင်ဦး အပေါ် သံသယဝင်လာခဲ့ပါတယ်။ သူ့ရဲ့အာဏာကို လှုပ်လာနိုင်တယ်လို့ ယူဆပြီး နိုင်ငံရေးဇာတ်ခုံ၊ စစ်တပ်နဲ့ ဆက်စပ်မှုကနေ ဆွဲထုတ်ဖြုတ်ချခဲ့ရာမှာ နိုင်ငံတော် ပုန်ကန်မှုကို ထိမ်ချန်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ဖမ်းဆီးအကျဉ်းချခဲ့ပါတယ်။ အကျဉ်းထောင်ထဲမှာ ဘဘဦးတင်ဦးက ဝိပဿနာတရားအားထုတ်ရင်း အကျဉ်းကျ နေတဲ့ရက်တွေကို ကျော်ဖြတ်ခဲ့ပါတယ်။ သူ အကျဉ်းထောင်ကလွတ်တဲ့နေ့ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာကိုသွားပြီး ပွှင်းခံခဲ့ပါတယ်။ သင်္ကန်းစီးပြီး ဥပဇ္ဈာယ် ဆရာတော်ကို ထိခြင်းငါးပါးနဲ့ ကန်တော့လိုက်ချိန်မှာ တင်ဦး ငါ့ဆီရောက်လာ ပြီပေါ့လို့ မိန့်လိုက်တာက ဘဘဦးတင်ဦးရဲ့ ငယ်ဆရာတော်ကြီးပါ။

ခေါင်းမအိုရင် လူမအိုဘူးလို့ အမြဲပြောတတ်တဲ့ ဘဘဦးတင်ဦးက ကိုယ့်ကံပစ်ချတဲ့ ကိုယ့်ဘဝတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တတ်တဲ့သူပဲ ဖြစ်ပါတယ်။

တော်လှန်ရေးဆိုတာ ဟောင်းနွမ်းဆွေးမြေ့တဲ့ စနစ်တစ်ခုကို စနစ်တကျ ဖြိုချဖျက်ဆီးပြီး စနစ်တကျ အသစ်ပြန်လည်တည်ဆောက်တာကို တော်လှန်ရေးလို့ ခေါ်တယ်။ ဒါကို ဆောင်ရွက်သူက တော်လှန်ရေးသမားလို့ ဘဘဦးတင်ဦးက ပြောခဲ့ပါတယ်။ ဟုတ်ကဲ့ပါ။ ဒီမိုကရေစီ တော်လှန်ရေးသမားအဖြစ် ဘဘဦးတင်ဦးက သူ့ရဲ့တတိယဘဝကို ပြည်သူလူထုအတွက် ပေးဆပ်ခဲ့ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ လူငယ်တွေအတွက် ကျပန်း စကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲတွေ လုပ်ပေးခဲ့ပါတယ်။ ကျပန်းစကားပြော ပြိုင်ပွဲမှာ အဖွဲ့ချုပ်လူငယ်တစ်ယောက်က ပြောပါတယ်။ ကျနော် ညက အိပ်မက် မက်တယ်။ "အိမ်မက်ထဲမှာ ဘဘဦးတင်ဦးက ခေါင်းပေါင်းနဲ့ တောင်ရှည်ပုဆိုးနဲ့ မာစီဒီးကားကြီးစီးပြီး လွှတ်တော်တက် အခြေခံဥပဒေရေးဆွဲနေတာများ





တွေ့ကိသရေရှိလိုက်တာဗျာ။ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ အဖွဲ့ချုပ်ခေါင်းဆောင် တွေလည်း အများကြီးပါတယ်တဲ့" လွန်ခဲ့တဲ့ ၁၀ နှစ်က ပြောခဲ့တာပါ။ ဒါ အိပ်မက်မဟုတ်ပါဘူး။ တကယ်ဖြစ်ရမှာပါ။ လူ့ဘဝဆိုတာ အိပ်မက်များစွာနဲ့ ဖွဲ့စည်းထားတာပဲ မဟုတ်လား။ လူငယ်ရဲ့စကားကို ဘဘကပြုံးပြီး နားထောင် နေပါတယ်။

၁၉၉၉ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မွေးနေ့ဆောင်းပါးပြိုင်ပွဲမှာ ကျမ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ကံကောင်းစွာပဲ ဆောင်းပါးပထမဆု ရခဲ့ပါတယ်။ ကျမရဲ့စာမူကို ဒေါက်တာသန်းငြိမ်းဇနီး အန်တီခင်အေးက မွေးနေ့အခမ်းအနားမှာ ဖတ်ပြခဲ့ပါတယ်။ ဆောင်းပါးမှာ ကျမဖခင်က ကိုကိုးကျွန်းပြန်တစ်ဦးဖြစ်တဲ့ အကြောင်း၊ ဖေဖေ ကျွန်းကပြန်လာတော့ ကျမဖေဖေ့ကို ကျမ မမှတ်မိသလို ဆရာကြီးဗန်းမော်တင်အောင်ရဲ့ သားငယ်ကလည်း သူ့အဖေကို မမှတ်မိဘူးဆိုတဲ့ အကြောင်း ပါခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကျမကို ဆုပေးပြီးတဲ့အချိန်မှာ ဘဘက ကျမလက်ကိုဆွဲပြီး ကိုကိုးကျွန်းအကျဉ်းထောင်နဲ့ ပတ်သက်ပြီး ဘဘ တာဝန်မကင်းဘူးလို့ ကြေကြေကွဲကွဲ ပြောရှာပါတယ်။ ဘဘရဲ့ ရိုးသားမှု၊ တာဝန်သိမှုတွေကြောင့် ကျမတို့အားလုံး ဘဘဦးတင်ဦးကို ပိုပြီးလေးစား နှစ်ခင်ခဲ့ရပါတယ်။

မေ ၃၀ ဒီပဲယင်းလုပ်ကြံမှုမတိုင်ခင်ထဲက အဖွဲ့ချုပ်ခေါင်းဆောင် ဘဘဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို န·အ·ဖ စစ်အာဏာရှင် ရိုက်နှက်ညှဉ်းပန်းခဲ့တဲ့ သာဓကတွေရှိခဲ့ပါတယ်။ လူငယ်ဖွဲ့စည်းရေးလုပ်တဲ့အခါမှာ ဘဘဦးတင်ဦးကားကို န·အ·ဖ လက်ပါးစေတွေက တုတ်နဲ့ ဝိုင်းရိုက်ကြပါတယ်။ တရားဥပဒေမဲ့ အသက်အန္တရာယ်ထိပါးတဲ့အထိ လုပ်ရပ်တွေခံရတဲ့ထဲ လူငယ် စာဖတ်ဝိုင်းလည်း ပါဝင်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်ခြံထဲမှာ လူငယ်စာဖတ်ဝိုင်း ရှိပါတယ်။ ဒီစာဖတ်ဝိုင်းမှာ ဆွေးနွေးနားထောင်မယ့် လူငယ်တွေကို ဒေါ်အောင်ဆန်းစုကြည် ခြံထဲမသွားဖို့ အာဏာပိုင်က တားဆီးနေတာကိုသိတဲ့အခါ ဘဘဦးတင်ဦးက ဒေါ်အောင်ဆန်းစုကြည်ခြံနဲ့အတူ တက္ကသိုလ်ရိပ်သာလမ်းထိပ်ကို သွားရောက်ပြီး လူငယ်တွေကို ခြံထဲခေါ်ဖို့ ကြိုးစားခဲ့ပါတယ်။ လူငယ်တွေနဲ့အတူ ဘဘဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်ပါ လုံထိန်းရဲတွေရဲ့ ရိုက်နှက်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခံခဲ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လုံထိန်းတွေရိုက်တော့ ဘဘဦးတင်ဦးက ထီးနဲ့ကာကွယ်ပေးခဲ့ပါတယ်။ တက္ကသိုလ်ရိပ်သာလမ်းထိပ် ကမ္ဘာအေးစေတီလမ်းကို ဘတ်စ်ကားတွေနဲ့ ကာထားပြီး ရိုက်နှက်ခဲ့တာပါ။ လူငယ်တွေရှေ့ကနေ လုံထိန်းတွေရဲ့တုတ်တွေကို ခန္ဓာကိုယ်တွေနဲ့ ကာကွယ်ပေးခဲ့တဲ့ ဘဘဦးတင်ဦး ဒေါ်အောင်ဆန်းစုကြည်တို့ကို မြင်ပြီး ခေါင်းဆောင်ဆိုတာ တိုက်ပွဲကြားကမှ ပေါ်ပေါက်တယ်ဆိုတာကို အလေးအနက် ယုံကြည်ခဲ့ပါတယ်။

မေလ ၃၀ ဒီပဲရင်းလုပ်ကြံမှုမှာတော့ ကျမတို့မြန်မာပြည် ပိုပြီး အမှောင်ကျသွားသလိုပါပဲ။ မေ ၃၀ ဒီပဲယင်းညက ကောင်းကင်မရှိတော့တဲ့ညပါ။ ကျမတို့အားလုံး စိတ်နှလုံး ကြေကြေကွဲကွဲ ခံစားခဲ့ရတဲ့နေ့လည်း ဖြစ်ပါတယ်။ အထက်ဗမာပြည် စည်းရုံးရေးခရီးစဉ်မှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဘယ်လောက် ချစ်ခင်လေးစားလဲဆိုတာ ပြည်သူလူထုက သောင်းသောင်းဖြဖြ ကြိုဆိုပြလိုက်တာပါပဲ။ ဒီပဲယင်းလုပ်ကြံမှုမှာ အရိုက်ခံရလို့ ဦးခေါင်းကွဲခဲ့ရတဲ့ လူငယ်တာဝန်ခံ ကိုတိုးလွင်က ဘဘဦးတင်ဦးရဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် ထားတဲ့မေတ္တာ၊ စေတနာကို ပြောပြခဲ့ပါတယ်။ အမြဲတမ်း ဒေါ်စုလို့ခေါ်နေတဲ့ ဘဘဦးတင်ဦးက ငိုသံပါကြီးနဲ့ သမီး၊ တိုင်းပြည်အတွက် အာဇာနည်မလိုချင်ဘူး၊ ခေါင်းဆောင်မှုပဲလိုချင်ပါတယ်လို့ ပြောခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တုံ့ပြန်တဲ့စကားသံ မကြားရခင်မှာပဲ ကားသမားလူငယ်က ကန်သင်းရိုးတွေဖြတ်ပြီး မောင်းထွက်သွားတာကို ဘဘ ငေးကြည့်နေခဲ့ပါတယ်။

ဘဘဦးတင်ဦးကို ဒီပဲယင်းလူသတ်ကွင်းကနေ ကလေးအကျဉ်းထောင်ကို စစ်အာဏာရှင်က ပို့လိုက်ပါတယ်။ ကလေးဝမြို့က ဆိပ်ကမ်းမြို့လေးပါ။ ဝင်ပေါက်တစ်ခုပဲ ရှိပါတယ်။ ချင်းတွင်းမြစ်ကမ်းက ဝင်ပေါက်ကိုပိတ်ပြီး အာဏာပိုင်က မြို့ခံလူထုကို အပြင်မထွက်ရလို့ အမိန့်ထုတ်ခဲ့ပါတယ်။ ဒီအတွက် ထူးခြားမယ်ဆိုတာကို မြို့ခံလူထုက ဘဝပေးအသိနဲ့ သိနေကြပါပြီ။ ညနေစောင်းမှာ ကလေးဝဆိပ်ကမ်းကနေ ကားတစ်စီး မောင်းတက်လာပါတယ်။ အဲဒီကားထဲကနေ ဘဘဦးတင်ဦးက ကိုယ်တစ်ပိုင်းထွက်ပြီး လက်ပြနှုတ်ဆက်လိုက်တဲ့အခါ မြို့ခံတွေရဲ့ သတင်းစကားတွေ ရန်ကုန်မြို့အထိ ရောက်လာပါတော့တယ်။ ဒီသတင်းစကားကို သယ်ဆောင်ပေးရသူကျမက ဘဘဦးတင်ဦး အသက်မသေဘဲ ကလေးအကျဉ်းထောင်





ထဲမှာ ရှိတယ်လို့ပြောတော့ ဘဘဖနီးက မယုံရဲခဲ့ပါဘူး။

ကလေးအကျဉ်းထောင်ကို ကျမ ထောင်ဝင်စာသွားတွေ့တော့ ဘဘဦးတင်ဦး ကလေးအကျဉ်းထောင်ကို ညနေ နေဝင်ဆည်းဆာချိန် ရောက်လာတဲ့အကြောင်း ထောင်နဲ့ နီးစပ်သူတွေက ကျမကိုပြောခဲ့ပါတယ်။ ထောင်ဘူးဝလမ်းမှာ ခါတိုင်းလွတ်နီးအကျဉ်းသားတွေကိုပါ လမ်းပေါ်မရှိရလို့ လမ်းရှင်းထားပါတယ်။ ထမင်းလေးရဲ့ဘေး သက်သာဆိုင်ထဲက ထရံပေါက်ကနေ ချောင်းကြည့်နေကြပါတယ်။ ဘဘဦးတင်ဦးကို အာဏာပိုင်က ကားပေါ်ကဆင်းလို့ရပါပြီတဲ့။ ကားပေါ်က ဆင်းဆင်းချင်း ကလေးအကျဉ်းထောင်ရှေ့မှာ အာဏာပိုင်တွေကို ဘဘဦးတင်ဦးက ဒီလို ပြောခဲ့ပါတယ်။

ငါတို့ကို သတ်ချင်သတ်လို့ရမယ်။ အကျဉ်းချလို့ရချင်ရမယ်။ ဒါပေမဲ့ ငါတို့ယုံကြည်ချက်ကို သတ်လို့မရဘူး။ ငါတို့ယုံကြည်ချက်ကို အကျဉ်းချလို့ မရဘူးဆိုတာ မင်းတို့ မြဲမြဲမှတ်ထားတဲ့။

ခေါင်းမအိုရင် လူမအိုဘူးဆိုတဲ့ ဘဘဦးတင်ဦးက မြန်မာပြည်ရဲ့ ပြဿနာကို ဖြေရှင်းနိုင်ဖို့ဆိုရင် လူမျိုးစုံသွေးစည်းညီညွတ်ရေး၊ တန်းတူရေးကို အခြေခံပြီး စုပေါင်းဆောင်ရွက်သွားမှသာလျှင် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းပြီး ပြည်သူလူထုလိုလားတဲ့ ဒီမိုကရေစီစနစ် ရရှိမှာဖြစ်ပါတယ်တဲ့။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com


လျှို့ဝှက်အပ်တဲ့ကိစ္စကို စောင့်စည်းထိန်းသိမ်းခြင်းက ဒီမိုကရေစီတော်လှန်ရေးသမားဖြစ်တယ်လို့ဦးတင်မောင်ဝင်း ခံယူခဲ့ပါတယ်။ တိုင်းပြည်အပေါ် သားကောင်းပီပီ ခိုင်မြဲလှသလို ပါတီအပေါ်သစ္စာရှိတဲ့ဦးတင်မောင်ဝင်းကို စစ်အာဏာရှင် က ဖယ်လို့မရခဲ့ပါဘူး။



## ဦးတင်မောင်ဝင်း

၂၀၁၀ က မင်္ဂလာရှိတဲ့ နှစ်သစ်ဖြစ်ပါစေ။ ၂၀၁၀ မှာ ၁၀ ရက်၊ ၁၀ လ၊ ၂၀၁၀ ဆယ်သုံးလုံးဆိုပြီး ရွေးကောက်ပွဲကျင်းပမယ်ဆိုပြီး စစ်အာဏာရှင်က အရေးမဝင် လေသံပစ်ထားပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲဆိုတာနဲ့ ပြည်သူလူထုရဲ့ ဆန္ဒအမှန်ဖြစ်တဲ့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ချေဖျက်ဖို့ စစ်အာဏာရှင်က ကြိုးစားနေတာဖြစ်ပါတယ်။ မြန်မာပြည်သမိုင်းမှာ ပြည်သူလူထုက စစ်အာဏာရှင် စနစ်ကို မကြိုက်မနှစ်သက်ကြောင်း အင်နဲ့အားနဲ့ သုံးကြိမ်သုံးခါ ပြခဲ့ပါတယ်။ ၁၉၅၈ ခု ဖ·ဆ·ပ·လ ပါတီနှစ်ခုမှာ စစ်တပ်နောက်ခံဖြစ်တဲ့ တည်မြဲကို အနိုင်ကွက်ပြီး အသည်ကြားက မဲတစ်ပြားနဲ့ သန့်ရှင်းပါတီပုံးထဲကို မဲပုံအောခဲ့ပါတယ်။

ဆိုရှယ်လစ်အမည်ခံထားတဲ့ စစ်အာဏာရှင်ကို ရှစ်လေးလုံးလူထု အရေးတော်ပုံကြီးမှာ ဘဝတွေ၊ အသက်တွေနဲ့ရင်းပြီး ပြည်သူလူထုကြီးက ဆန့်ကျင်ဆန္ဒပြခဲ့ကြပါတယ်။

၁၉၉၀ ရွေးကောက်ပွဲမှာ စစ်အာဏာရှင်စနစ်ကို အလိုမရှိကြောင်း၊ တိုင်းပြည်မှာ ဒီမိုကရေစီစနစ်သာ လိုအပ်ကြောင်းကို ရှစ်လေးလုံးအရေးတော်ပုံရဲ့ ရေးစကာ၊ မျက်ရည်က နိုင်ငံမဲပြားတွေအဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မဲပုံအောပြီး ပြည်သူလူထုက ထောက်ခံခဲ့ကြပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုတာ နှာဂစ်မျက်ရည်တွေနဲ့ ရွေးချယ်ထားတာပါ။ လူထုဆန္ဒအစစ်အမှန်နဲ့ ရွေးချယ်ထားတာမဟုတ်တဲ့ အတုအယောင် ဖွဲ့စည်းပုံသာဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲလုပ်ဖြစ်ရင် အနိုင်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မြန်မာပြည်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဘယ်လို ဖော်ကြမလဲဆိုတာ မတွေးရဲသလောက်ပါဘဲ။


www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးဆိုတာ လှည်းကြမ်းကြီးမို့ လှည်းနံ့ရုံကို မြဲမြဲစွာဆုပ်ကိုင်တဲ့ သူတွေရှိသလို မဆုပ်ကိုင်နိုင်သူတွေလည်း ရှိပါတယ်။ ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူလူထုအတွက် သူတို့ရဲ့အတွေးအခေါ်၊ ဉာဏ်အား၊ ခွန်အားတွေနဲ့ ထင်ထင်ရှားရှား အလုပ်အကျွေး မပြုရပေမယ့် သူတို့ဘဝ၊ အသက်တွေကိုတော့ မထင်မရှားနဲ့ ပြည်သူလူထုအတွက် စတေးခဲ့ကြပါတယ်။

ဇန်နဝါရီလ ၁၈ ရက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၊ အကျဉ်းထောင်ထဲမှာ ကျဆုံးခဲ့ရတဲ့ နှစ်ပတ်လည်နေ့ ပါပဲ။ ဦးတင်မောင်ဝင်းက ၁၉၉၀ ပြည့်ရွေးကောက်ပွဲမှာ မဲဆန္ဒနယ်အမှတ် ၂ ခရမ်းမြို့နယ်က ရွေးကောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ခရမ်းမြို့နယ်အမှတ် ၁ မဲဆန္ဒနယ်မြေ တ·စ·ည ကိုယ်စားလှယ်က ဦးတင်မောင်ဝင်းရဲ့ အစ်ကိုအရင်းဖြစ်တဲ့ နိုင်ငံတော်ကောင်စီဝင် ဗိုလ်မှူးကြီးဇော်ဝင်း ဖြစ်ပါတယ်။

ဦးတင်မောင်ဝင်းက ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများအဖွဲ့ချုပ် ဗ·က·သ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ တ·က·သ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားညီညွတ်ရေးတပ်ဦးမှာ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီအစိုးရက ကျောင်းသားအခွင့်အရေး ပြည်တွင်းငြိမ်းချမ်းရေး လှုပ်ရှားမှုများမှာ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့တဲ့ ဦးတင်မောင်ဝင်းကို ၁၉၆၃ ခုနှစ် ဒီဇင်ဘာလမှာ ဖမ်းဆီးခဲ့ ပါတယ်။ သူနဲ့အတူ ပါဝင်လှုပ်ရှားခဲ့တဲ့ ကျောင်းသားခေါင်းဆောင်တွေ ကိုကိုးကျွန်းကို ပါသွားပြီး ဦးတင်မောင်ဝင်းက အင်းစိန်အကျဉ်းထောင်မှာ ၇ နှစ်ကြာ ဖမ်းဆီးထိန်းသိမ်း ခံခဲ့ရပါတယ်။

၁၉၈၈ လူထုလှုပ်ရှားမှုကာလအတွင်း စစ်ပြီးခေတ် ကျောင်းသား ခေါင်းဆောင်ဟောင်းများအဖွဲ့မှာ ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းတည်ထောင်တဲ့အခါမှာတော့ အဖွဲ့ချုပ်ရဲ့ ရန်ကုန်တိုင်း စည်းရုံးရေးကော်မတီမှာ တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါတယ်။

ဦးတင်မောင်ဝင်းကို အဖွဲ့ချုပ်စည်းရုံးရေးကော်မတီအဖြစ်၊ လွှတ်တော် ကိုယ်စားလှယ်အဖြစ်နဲ့တင်မဟုတ်ဘဲ ကျမ ဖေဖေရဲ့ ရဲဘော်အဖြစ် ငယ်စဉ်ထဲက





တွေ့မြင်လေးစားခဲ့ရပါတယ်။ ဦးတင်မောင်ဝင်းနဲ့ အလွန်ချစ်ခင်ကြတဲ့ ဦးလေး ဦးလှရွှေ၊ ဦးလေး ဦးလှတင်အောင် တို့ရဲ့ ရဲဘော်စိတ်ကို ကျမတို့ငယ်စဉ်ထဲက လေးစားအားကျခဲ့ရပါတယ်။ ကြက်မွေးမြူရေးနဲ့ အသက်မွေးကြတဲ့ ဦးလေးတွေဆီကို အပတ်စဉ် အလည်လာပါတယ်။

ခေတ်ကာလစနစ်တွေကို ဖြတ်သန်းခဲ့တဲ့ ဦးတင်မောင်ဝင်းတို့ ပြောတဲ့ စကားလုံးတိုင်းက လှပပြောင်မြောက်လို့ စိတ်ဝင်စားဖို့ ကောင်းလှပါတယ်။ စကားတွေကနေပြီး သူတို့ခေတ်၊ သူတို့ဝန်းကျင်၊ သူတို့နောက်ခံတွေကို ဆန့်ထုတ်ကြည့်မြင်လို့ ရနိုင်ပါတယ်။ သူတို့ပြောတဲ့စကားတွေကနေ သူတို့ရဲ့ ခေတ်နေစိတ်ထား ကိုယ်ကျင့်တရား၊ သူတို့ဖြစ်တည်ရှင်သန်မှုတွေနဲ့ သူတို့ရဲ့ လောကကြီးကို လှမ်းကြည့်လို့ရနိုင်ပါတယ်။ ဦးတင်မောင်ဝင်းက သမိုင်း အကွေ့တိုင်းမှာ ရေဆန်ကိုချည်း အမြဲကူးခဲ့သူဖြစ်ပါတယ်။

ဦးတင်မောင်ဝင်းက လူငယ်တွေရဲ့စိတ်ကို နားလည်သူတစ်ယောက် ဖြစ်ပါတယ်။ လူငယ်အဖွဲ့အစည်းအသီးသီးကို ညီမျှခြင်းဖြစ်အောင် ဖြေရှင်းနိုင်သူ တစ်ယောက် ဖြစ်ပါတယ်။ ကျမတို့ လူငယ်တွေဖြစ်ချင်တဲ့ဆန္ဒကို ဦးတင်မောင်ဝင်းကို ပြောပြရင် လူငယ်တွေ ကျေနပ်နှစ်သိမ့်နိုင်မယ့် သဘောတရားနဲ့ လက်တွေ့ကို ရှင်းပြနိုင်သူလည်းဖြစ်ပါတယ်။ ဦးတင်မောင်ဝင်းရဲ့ ချိုသာတဲ့စကား၊ ကျမတို့ လူငယ်တွေအပေါ် စာနာနားလည်တဲ့အပြုံးတွေက လန်းဆန်းအားကောင်းလှပါ၏။ ဦးတင်မောင်ဝင်းက ကျမတို့လူငယ်တွေကို ပြောတတ်တဲ့စကားရှိပါတယ်။

မဟာမိတ်မရှိဘဲ ဒီမိုကရေစီတိုက်ပွဲ မအောင်မြင်နိုင်ဘူး။ နိုင်ငံရေးဆိုတာ ခံစားချက်နဲ့ လုပ်လို့မရဘူး။ ခံစားချက်ကနေ ခံယူချက်ကို ပြောင်းယူနိုင်ရမယ်တဲ့။

စစ်အစိုးရအကျဉ်းထောင်ထဲမှာ သေဒဏ်ချမှတ်ခံထိုက်သူ မဟုတ်ပေမယ့်၊ ရာဇဝတ်သားမဟုတ်ပေမယ့်၊ တရားမဲ့မှုများအောက်မှာ သေဆုံးသွားရတဲ့၊ သေဒဏ်ကျခံသွားခဲ့ရတဲ့ နိုင်ငံရေးအကျဉ်းသားတွေထဲမှာ ဦးတင်မောင်ဝင်း တစ်ယောက် အပါအဝင်ဖြစ်ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဦးတင်မောင်ဝင်း အရွေးချယ်ခံခဲ့ရပါတယ်။ ရှစ်လေးလုံး



www.burmeseclassic.com

www.burmeseclassic.com



အရေးတော်ပုံအပြီး စစ်တပ်က အာဏာသိမ်းပြီးနောက် ၁၉၉၀ မေ ၂၇ ရက်မှာ ဒီမိုကရေစီနည်းအရ ပါတီစုံရွေးကောက်ပွဲ လုပ်ပေးမယ်။ ရွေးကောက်ပွဲမှာ အနိုင်ရပါတီကို အာဏာလွှဲပြောင်းပေးပြီး စစ်တပ်က စစ်တန်းလျားပြန်မယ်လို့ စစ်အာဏာရှင်က ကမ္ဘာသိ ကြေညာခဲ့ပါတယ်။ သို့ပေမဲ့ အနိုင်ရပါတီ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို အာဏာလွှဲပြောင်းပေးဖို့ လစ်လျူရှုခဲ့ပါတယ်။ ဂန္ဓီခန်းမမှာ ပြုလုပ်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ စုညီအစည်းအဝေး အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့တဲ့ အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းကို ၁၉၉၀ အောက်တိုဘာလ ၂၃ ရက်မှာ စစ်အာဏာရှင်က ဖမ်းဆီးခဲ့ပါတယ်။

လျှို့ဝှက်အပ်တဲ့ကိစ္စကို စောင့်စည်းထိန်းသိမ်းခြင်းက ဒီမိုကရေစီ တော်လှန်ရေးသစ္စာဖြစ်တယ်လို့ ဦးတင်မောင်ဝင်း ခံယူခဲ့ပါတယ်။ တိုင်းပြည် အပေါ်ထားတဲ့စိတ် ခိုင်မြဲလှသလို ပါတီအပေါ်သစ္စာရှိတဲ့ ဦးတင်မောင်ဝင်းကို စစ်အာဏာရှင်က ဝယ်လို့မရခဲ့ပါဘူး။

နိုင်ငံရေးသမားများကို ဖမ်းဆီးထောင်ချပြီးရင် ထောင်ဝင်စာ တွေ့ခွင့် ပေးရပါတယ်။ ၁၄ ရက်တစ်ကြိမ် ထောင်ဝင်စာက အကျဉ်းသားတစ်ယောက်ရဲ့ ရပိုင်ခွင့်ပါ။ ဒီလို အခွင့်အရေးချိုးဖောက်ခံရတဲ့ နိုင်ငံရေးသမားကို တန်းအေ သို့မဟုတ် ၁၀/က လို့ခေါ်ပါတယ်။ ၁၉၉၁ ဇန်နဝါရီလအတွင်းမှာ ဦးတင်မောင်ဝင်းကို အမိန့်ချမှတ်ခဲ့ပါတယ်။ အမိန့်ချတဲ့စစ်ခုံရုံးကို ဦးတင်မောင်ဝင်း အလွန်နာမကျန်း ဖြစ်နေလို့ မတက်ရောက်နိုင်ဘူးဆိုတာ နောင်မှ သိခဲ့ရပါတယ်။

ဖမ်းဆီးခံရချိန်ကနေ ကွယ်လွန်ချိန်အထိ မိသားစုနဲ့ လုံးဝအဆက်အသွယ် မရခဲ့ပါဘူး။ အင်းစိန်အကျဉ်းထောင်ထဲမှာ ဝမ်းကိုက်ရောဂါ ခံစားနေရတယ်လို့ မိသားစုသိရှိတဲ့အခါ ဆေးဝါးပေးဖို့ကြိုးစားတာကို အာဏာပိုင်က ခွင့်မပြုခဲ့ပါဘူး။ ထောင်ဝင်စာဆိုတာ နိုင်ငံရေးအကျဉ်းကျမိသားစုအတွက် သိပ်ကိုတန်ဖိုးထားရတဲ့ အချိန်ကာလပါ။ ထောင်ဝင်စာတွေ့ခွင့်ရရင် အကျဉ်းထောင်ထဲက ကိုယ့်မိသားစုဝင်ရဲ့ ကျန်းမာရေးကို ၂ ပတ်တစ်ခါ သိခွင့်ရပြီး လိုအပ်တဲ့ဆေးဝါး၊ အာဟာရပေးနိုင်ပြီလို့ မိသားစုက နှာနှာကျင်ကျင်နဲ့ကို ဝမ်းသာရပါတယ်။ ဦးတင်မောင်ဝင်းတို့လို ၁၀/က သမားတွေအတွက်တော့ လူ့အခွင့်အရေး အချိုးဖောက်ခံရတာပါပဲ။





မိသားစုရဲ့ခံစားချက်ဆိုတာ နီးကပ်မှုတွေ၊ ချစ်ခြင်းတွေနဲ့အတူ ပျော်ရွှင်မှုတွေရှိပါတယ်။ သူတို့အားလုံး ဦးတင်မောင်ဝင်း မိသားစုနဲ့အတူ ထပ်တူကြေကွဲရတဲ့နေ့ကတော့ ဇန်နဝါရီလ ၁၈ ရက်နေ့ပါပဲ။

နောင်မှာ ကဗျာဆရာကြီးဦးတင်မိုးက ပြန်ပြောပြပါတယ်။ ဦးတင်မောင်ဝင်း သေဆုံးသွားပြီးလို့ စစ်အာဏာရှင်တွေ လာအကြောင်းကြားတဲ့နေ့က ဆရာကြီး ဦးတင်မိုး ဝတ်မှုန်ကို စာသင်ပေးနေတဲ့အချိန် ဖြစ်ပါတယ်။ ဖခင်ကို ဖမ်းဆီး ခေါ်ဆောင်သွားတဲ့ အချိန်ကစပြီး တစ်ခါမှတွေ့ခွင့်မရဘဲ သေဆုံးသွားပြီဆိုတော့ ရုန်းလှုပ်ခြောက်ခြားစွာ အော်ဟစ်ငိုလိုက်တဲ့ ဦးတင်မောင်ဝင်းသမီး ဝတ်မှုန်ရဲ့ အသံက ဆရာကြီးအသည်းနှလုံးကို ဆုပ်ခြေလိုက်သလို ခံစားလိုက်ရပါတယ်။ ၁၉၉၀ အောက်တိုဘာလ ၂၃ ရက်နေ့မှာ စစ်ထောက်လှမ်းရေးက ဦးတင်မောင်ဝင်းကို မေးမြန်းစရာရှိလို့ ခဏလိုက်ခဲ့ပါတဲ့။ သူတို့က လူသက်နဲ့ခေါ်တာ၊ ငါတို့က အသက်နဲ့နေရတာလို့ ပြောတတ်တဲ့အဘွား ဒေါ်ကြည်ကြည် စကားအတိုင်းပါပဲ။ စစ်အာဏာရှင်ရဲ့ ခဏဆိုတဲ့အသံက နိုင်ငံရေးသမားနဲ့ မိသားစုကို ခွဲခွာလိုက်တဲ့ အချက်ပေးသံ ဖြစ်ပါတယ်။

ဖခင်ရဲ့ ဘာမှစိတ်မပူကြနဲ့လို့ ပြောခဲ့တဲ့အသံကို ဝတ်မှုန် နောက်ဆုံး ကြားခဲ့ရတာ၊ အာဏာပိုင်ခေါ်သွားတဲ့နောက်ကို ဘာမှယူခွင့်မရဘဲ လိုက်သွားရတဲ့ ဖခင်ရဲ့နောက်ကျောကို ဝတ်မှုန် နောက်ဆုံးမြင်လိုက်ရတာပါပဲ။ သွေးကင်ဆာနဲ့ သေဆုံးရတယ်လို့ အာဏာပိုင်ပြောတာကို မိသားစုက ဘယ်လိုမှ ယုံကြည်လို့ မရခဲ့ပါဘူး။ ဖခင်အလောင်းကိုမြင်ရဖို့ အင်းစိန်အကျဉ်းထောင်ကို ဝတ်မှုန်တို့ မိသားစု ရောက်သွားကြပါတယ်။ ထောင်ပိုင်အခန်းနံရံက ဦးနေဝင်းပုံကိုတွေ့တော့ ဝတ်မှုန် စိတ်မထိန်းနိုင်တော့ပါဘူး။ ဒီလူကြီးသတ်လို့ သမီးအဖေသေရတာ။ သမီးအဖေကို ဒီလူကြီးသတ်တာလို့ ဦးနေဝင်းပုံကို လက်ညှိုးထိုးပြီး ရှိုက်ကြီး တငင်ငင် ငိုကြွေးပါတော့တယ်။ အဲဒီတော့ စစ်ထောက်လှမ်းရေးက ကလေးကို ထိန်းပါ။ ကလေးကိုမထိန်းရင် ကျနော်တို့ အလောင်းကိုထုတ်ပေးဖို့ အခက်အခဲ ရှိပါလိမ့်မယ်တဲ့။ ဒီတော့ ဒေါ်ဒေါ် ဒေါ်ခင်မာအေးက တူမလေး စိတ်ထိန်းနော်၊ သမီးအဖေကိုသတ်တာ စနစ်လို့ ပြောလိုက်ပါတယ်။ သုံးရက်မြောက်နေ့မှာ ဦးတင်မောင်ဝင်း ရုပ်အလောင်းကို ကြံတောသုသာန်မှာ မီးသဂြိုဟ်ခွင့်ရခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်မောင်ဝင်းကို အအေးခန်းကထုတ်လာတော့ မျက်ခုံးနှစ်ခုကြားမှာ အသားနှစ် ကွဲနေတဲ့ဒဏ်ရာကို တွေ့ရပါတယ်။ ၁၀/က နဲ့ အကျဉ်းသားအခွင့်အရေး ဘာမှ မရခဲ့တဲ့ ဦးတင်မောင်ဝင်းရဲ့ ဆံပင်၊ မုတ်ဆိတ်၊ နှုတ်ခမ်းမွှေးတွေက ရှည်လျား နေပါတော့တယ်။ အာဟာရပြတ်လတ်မှုကြောင့် ဦးတင်မောင်ဝင်း ရုပ်အလောင်းက အရိုးအပြိုင်းပြိုင်း ဖြစ်နေပါတယ်။ ဆံပင်မုတ်ဆိတ်၊ နှုတ်ခမ်းမွှေးတွေကို ဦးတင်မောင်ဝင်းရဲ့ ရဲဘော်ဒေါ်ခင်မာအေးက ရိတ်သိမ်းပေးဖို့လုပ်တော့ သူ့ဇနီးသည်က မခင်မာအေး ဒီအတိုင်းပဲထားလိုက်ပါ။ သူဘယ်လောက် စွန့်လွှတ်သွားလဲဆိုတာ သူ့ရဲဘော်တွေသိပါစေတဲ့။ တကယ် ဦးတင်မောင်ဝင်းရဲ့ နောက်ဆုံးခရီးကို လိုက်ပို့ရသူအပေါင်း ရင်ဆို့ရတဲ့ မြင်ကွင်းပါပဲ။

ကန္တာရ ညများစွာကို ဒဏ်ရာဗရပွနဲ့ ဖြတ်သန်းခဲ့ရတဲ့ ခရမ်းမြို့နယ် အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းကို သူ့ရဲဘော် ကိုအောင်သာနဲ့ စကားနဲ့ပဲ နက်နက်ရှိုင်းရှိုင်း ဂုဏ်ပြုလိုက်ပါရစေ။

ကိုတင်မောင်ဝင်း ခင်ဗျားဟာ သေတာတောင် အစွယ်မကျိုးတဲ့ မြွေပွေးလို လူမျိုးပါပဲတဲ့။

မျှဝေခံစားနိုင်ကြပါစေ။

❑



# တော်ဘုရားလေး

ကျမတို့လူသားတွေကို သံသရာ ခရီးသည်လို့ ဆိုကြပါတယ်။ ကျမတို့ ခရီး တွေသွားနေကြပါတယ်။ ခေတ်စနစ်ကြောင့် ဖြစ်ပေါ်လာရတဲ့ခရီးကတော့ ထောင်ဝင်စာ ခရီးပါပဲ။ နိုင်ငံရေးအကျဉ်းကျ မိသားစုတွေ သွားနေရတဲ့ ထောင်ဝင်စာခရီးမျိုး ဘယ်နိုင်ငံ မှာမှ ရှိမယ်မထင်ပါဘူး။ ရန်ကုန်မြို့ကနေ ကလေးအကျဉ်းထောင်ကို ၁ လ ၁ ကြိမ်နှုန်းနဲ့ ၁၀ နှစ်ကြာသွားခဲ့ရတဲ့ ကျမရဲ့ထောင်ဝင်စာ ခရီးမှာ မေ့မရနိုင်တဲ့ ဒေသန္တရသမိုင်းတွေ ရှိခဲ့ပါတယ်။ ရန်ကုန်ကနေ မန္တလေးအထိ ရထားစီး၊ မန္တလေးကနေ ကလေးမြို့ကို ကားစီးရပါတယ်။ ကားစီးရတဲ့အချိန်က ညနေ ၃ နာရီပါပဲ။ မန္တလေးဘူတာကနေ သီရိမန္တလာ ကားဝင်းကိုသွားရင် မန္တလေး ကျုံး မြို့ရိုးနဲ့ မန္တလေးတောင်ကိုအမြဲမြင်တွေ့ ဖြတ်သန်းရပါတယ်။ ဒါပေမဲ့ကျမစိတ်ထဲမှာ တစ်ခါမှ ရိုးသွားတယ်မရှိပါဘူး။ မြို့ရိုး ကျုံး၊ မြောင်း၊ ပြသာဒ်၊ ဇရပ်တွေကိုမြင် ရတိုင်း မြန်မာတို့ရဲ့ ယဉ်ကျေးမှုခမ်းနား



www.burmeseclassic.com

www.burmeseclassic.com



ကိုဂုဏ်ယူသလို လွမ်းလည်းလွမ်းမိပါတယ်။ မန္တလေးကနေ ကလေးမြို့ကိုသွားရင် အရှေ့ဘက်မှာ မှိုင်းပြာနေတဲ့ ရှမ်းရိုးမတောင်တန်း၊ အနောက်ဘက်မှာ ရစ်ခွေစီးဆင်းနေတဲ့ ဧရာဝတီမြစ်၊ စေတီပုထိုးတွေ ဖွေးဖွေးဖြူနေတဲ့ စစ်ကိုင်းတောင်ရိုးကို ကားပေါ်ကနေ မြင်နေရပါတယ်။ ရွာသီနဲ့ယှဉ်ပြီး ဖရဲသီး မြေပဲခင်း၊ ပြောင်းခင်းတွေကို မြေနုကျွန်းတွေ ပေါ်မှာလည်း တွေ့ရတယ်။ ဧရာဝတီမြစ်ကြီးကိုမြင်ပြီး မကြာခင် ဂေါ်ဝိန်ဆိပ်ကို ဖြတ်ရပါတယ်။

ဒီဂေါ်ဝိန်ဆိပ်က ကျမတို့မြန်မာနိုင်ငံရဲ့ ကြေကွဲစရာ အတိတ်ဇာတ်လမ်းကို ပြောနေတယ်လို့ ထင်ရပါတယ်။ ဂေါ်ဝိန်ဆိပ်ကမ်းက မြန်မာ့ထီးနန်းဆုံးရှုံးခန်းနဲ့ ခွဲမရတဲ့အရာပဲမဟုတ်ပါလား။ တွေဝေနေတဲ့ သီပေါဘုရင်လက်ကို မိဖုရား စုဖုရားလတ်က ဆွဲပြီး ရဲရင့်တည်ကြည်တဲ့မျက်နှာနဲ့ သူရိယသင်္ဘောကုန်းပေါင်ပေါ်ကို တက်သွားတယ်။ စုဖုရားလတ် ဘယ်တော့မှပြန်မလာတဲ့ သွားခြင်းမျိုးနဲ့ မန္တလေးမှ ထွက်ခွာသွားရပါတယ်။ စုဖုရားလတ်ရဲ့ ခြေအစုံက ညိုမောင်းတဲ့မန္တလေးမြေကို နောက်ထပ်ထိစရာ အကြောင်းမရှိတော့ပါ။ သူရိယသင်္ဘောမှ ဥဩသံက ပဒေသရာဇ် မန္တလေးကို သဂြိုဟ်လိုက်တဲ့ ခေါင်းလောင်းသံဖြစ်ပြီး ကိုလိုနီမန္တလေးကို မွေးဖွား ပေးလိုက်တဲ့ အချက်ပေးသံလည်းဖြစ်တယ်လို့ ကျမ ဖတ်ခဲ့၊ မှတ်ခဲ့ဖူးပါတယ်။

သီဟာသနပလ္လင်ထက်မှာ မင်းမြောက်တန်ဆာဝတ်ပြီး သီပေါမင်းနဲ့အတူ အကန့်တော့ခံနေတဲ့ မိဖုရားခေါင်ကြီးစုဖုရားလတ်ဓာတ်ပုံကို အမျိုးသားပြတိုက်မှာ ကျမ မြင်ဖူးပါတယ်။ သီပေါမင်းတရားနဲ့ မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ရဲ့ စတုတ္ထသမီးတော်ကဖွားမြင်တဲ့ တော်တော်လို့ အများကခေါ်ကြတဲ့ တော်ဘုရားလေး ကိုတော့ ကျမတို့ ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ဖူးပါတယ်။ တော်ဘုရားလေးက နိုင်ငံရေးအကျဉ်းသားဘဝနဲ့ ၁၉၈၉ မှာ အင်းစိန်အကျဉ်းထောင်ထဲ အကျဉ်းကျ ခံခဲ့ရပါတယ်။ ၁၉၉၂၊ ၉၃ မှာ အကျဉ်းထောင်က ပြန်လွတ်လာပါတယ်။ တော်ဝင်မင်းမျိုးဆိုတဲ့ အဆောင်အယောင် အခမ်းအနားနဲ့ ဟိတ်ဟန်မထုတ်ပါဘူး။ ရိုးရိုးသာမန်ပြည်သူတစ်ယောက်လိုပဲ နေထိုင်သွားပါတယ်။ တော်ဘုရားလေးက ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးဆောင်တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်၊ အာရှအာဖရိက သွေးစည်းညီညွတ်ရေးအဖွဲ့တို့ရဲ့ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် တစ်ယောက်ဖြစ်ပါတယ်။ တရုတ်ဖြူ ကျူးကျော်မှုနဲ့ နယ်ချဲ့ဆန့်ကျင်ရေးမှာလည်း





ပါခဲ့ပါတယ်။

တော်ဘုရားလေးရဲ့ နိုင်ငံရေးလက်ကိုင်ဝါဒက ဆရာကြီးသခင် ကိုယ်တော်မှိုင်းရဲ့ ငြိမ်းချမ်းရေးဝါဒပါပဲ။ တော်ဘုရားလေးရဲ့ နိုင်ငံရေး လှုပ်ရှားမှုတွေက နိုင်ငံရေးသမားတွေ၊ စာပေအနုပညာရှင်၊ ပြည်သူလူထုတွေနဲ့ ဆက်ယှက်နေတော့ မင်းသားပေမယ့် အားလုံးအတွက်တော့ ရဲဘော်ရဲဘက်ပါပဲ။ အင်းအာဏာရှင်ရဲ့ အကျဉ်းထောင်ထဲမှာ လူထုက လေးစားကြည်ညိုတန်ဖိုးထားသူ၊ အသက်အရွယ်ကြီးရင့်သူ မည်သူမဆို ရှေ့ကနေ ဦးတပ်ပြီး မခေါ်ပါဘူး။ ရိုင်းရိုင်းပျပျ ဦးမတပ်ဘဲ နာမည်ပဲခေါ်ပါတယ်။ ဒီလိုမျိုး ထောင်ဝါဒါတွေက တော်ဘုရားလေးကို ဆက်ဆံတဲ့အခါ လူငယ်ကျောင်းသားတွေက အာဏာပိုင်တွေကို ပိုင်းဝန်းအော်ဟစ်တားဆီးခဲ့ပါတယ်။ ဒါ ငါတို့ရဲ့ ဘုရင်ကွ၊ မင်းတို့ မရိုင်းစိုင်းနဲ့လို့ ပြောကြပါတယ်။ တော်ဘုရားလေးကို လူငယ်တွေ ချစ်ခင်လေးစားတဲ့အကြောင်း အကျဉ်းအကျပ်ထဲကနေပဲ ကျောနဲ့ရင်းပြီး ထောင်အာဏာပိုင်တွေကို သက်သေ ပြခဲ့ပါတယ်။

ကျမတို့လူငယ်တွေက တော်တော်လို့ ခေါ်ကြပါတယ်။ တော်တော်က နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တွေရဲ့ သားသမီးတွေအပြင် တခြား အင်္ဂလိပ်စာ စိတ်ဝင်စားသူတွေကိုပါ သင်ပေးပါတယ်။ တော်ဘုရားလေးအောင်ဇေ ဆိုတဲ့ နာမည်နဲ့ ကလျာမဂ္ဂဇင်းမှာ နှစ်အကြာကြီး ဆောင်းပါးတွေရေးခဲ့ပါတယ်။ အင်္ဂလိပ်စကား သွက်သွက်လက်လက် ပြောနိုင်ဖို့ ကျပန်းစကားပြောပွဲကို အင်္ဂလိပ်လို ပြောခိုင်းပါတယ်။ အခမ်းအနားလုပ်ပြီး ပြိုင်ပွဲဝင်ခိုင်းတယ်။ လူငယ်တွေကို ဆက်မြက်ထူးချွန်စေချင်တဲ့ စိတ်စေတနာတွေ တော်တော့်မှာ အများကြီးရှိပါတယ်။ ပြိုင်ပွဲတစ်ခုမှာ ချွေးဆိုတဲ့အကြောင်းအရာကို ပြောနိုင်ဖို့ ရွေးချယ်ပေးပါတယ်။ ချွေးဆိုတဲ့အရာကို ကျမတို့ လူတော်တော်များများက ရွံစရာအဖြစ် သဘောထားကြ ပါတယ်။ တော်တော်က ချွေးဆိုတာ စိတ်စေတနာ လုပ်အားတန်ဖိုးတွေကြောင့် ဖြစ်ရတဲ့ချွေးလို့ဆိုပါတယ်။ လမ်းခင်းတဲ့ ကာယလုပ်သားတွေ အများပြည်သူ အဆင်ပြေဖို့ သူတို့ခွန်အားနဲ့ အလုပ်လုပ်ကြရတယ်။ ဒီအခါ ချွေးတွေ သူ့ခန္ဓာကိုယ်က ထွက်လာတယ်။ ဒီလို ချွေးထွက်အောင် လုပ်ဆောင်နိုင်ကြလို့သာ ကောင်းမွန်တဲ့လမ်းကို အများလျှောက်နိုင်တာပါ။ ဒါကြောင့် ချွေးတွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆေးတာနာလုပ်အားတွေ ပါပါတယ်တဲ့။

တော်တော် ပြောလိုက်တဲ့ ချွေးအကြောင်းနားထောင်ပြီး ကျမတို့ ချွေး ရှုံ့စရာအဖြစ် မမှတ်တော့ဘဲ တန်ဖိုးထားတတ်လာပါတယ်။ ဒီမိုကရေစီဆို ခရီးလမ်းကို ဘဝနဲ့ရင်းပြီး လမ်းခင်းနေသူတွေရဲ့ ချွေးတွေကို ကျမတို့ပို တန်ဖိုးထားတတ်လာပါတယ်။ တော်တော်ကိုယ်တိုင်လည်း တန်ဖိုးထား သူတို့သားသမီးမြေးတွေကို ကိုယ့်သားသမီးမြေးတွေအဖြစ် သတ်မှတ်ပြီး စောင့်ရှောက်ကူညီခဲ့ပါတယ်။ တော်တော် ပြောတဲ့စကားတွေထဲက အမှတ်တ ဖြစ်နေတဲ့စကားလည်း ရှိပါတယ်။ တော်တော်က ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးဆောင်တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂယက်မှာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ယောက်ဖြစ်တာမို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို လေးစားတန်ဖိုးထား တစ်ယောက်ပါ။ ဆရာကြီးက နိုင်ငံရေးနဲ့ဆက်နွယ်ဖွဲ့ဆိုတဲ့ ကဗျာတွေတင် အမှတ်ရစေခဲ့တာမဟုတ်ဘဲ ဆရာကြီးရဲ့ ငြိမ်းချမ်းရေးအမြင်မှာလည်း အမှတ်ရစရာ ရှိပါတယ်တဲ့။ ဒီအထဲကမှ *ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ငြိမ်းချမ်းရေးအမြင် ကတော့ ကြက်တစ်အုပ်ကို သားရဲန်ပြုမယ်ဆိုရင် ကြောင်တစ်ကောင်ကို ရှင်းတ ရှင်းရမယ် ဆိုတာပါပဲ။*

ဇွန်လရဲ့ သမိုင်းရေစက်တွေကြားထဲမှာ အမှတ်ရစရာနေ့ရက်တွေ ပြည့်နှက်လို့နေပါတယ်။ မြန်မာပြည် သမိုင်းအပြောင်းအလဲနဲ့ သမိုင်းအစဉ်အလာ ကြီးသူတွေရဲ့ မွေးနေ့တွေ၊ ကွယ်လွန်တဲ့နှစ်ပတ်လည်နေ့တွေကို ဇွန်လရဲ့ မိုးရေစက်တွေနဲ့အတူ ဆင်နွှဲနေရပါတယ်။ တော်ဘုရားလေး ကွယ်လွန်ခဲ့တာ ၂၀၀၆ ဇွန်လ ၁၈ ရက်နေ့မှာပါ။ တော်တော့်အပေါ် သစ္စာရှိ၊ ချစ်မြတ်နိုးတဲ့ တော်တော့်ဇနီး ကြီးကြီးဒေါ်ခင်မေနဲ့အတူ ကျမတို့အားလုံး ကြေကွဲရပါတယ်။

တော်တော်က သူယုံကြည်တာကို တစ်သက်လုံး လုပ်ဆောင်သွားတဲ့သူ ဖြစ်ပါတယ်။

တော်တော် အကျဉ်းထောင်က လွတ်လာတဲ့အချိန်မှာ သူ့လက်ကျိုးနေ ပါတယ်။ အကျဉ်းထောင်ထဲမှာ ရေချိုးဆင်းရင်း ချော်လဲလို့ လက်ကျိုးသွားတာပါ။ ထောင်ထဲမှာ ဆေးကုပေးဖို့ဆေး၊ ပတ်တီးတောင် လောက်အောင်ပေးတာ မဟုတ်ပါဘူး။ ထောင်ထဲမှာ ဘာမှလုပ်မပေးနိုင်လို့ ကျိုးနေတဲ့လက်ကို လည်ပင်းနဲ့ တွဲချိ





ထားလိုက်တယ်။ ထောင်ဖူးဝက တော်ဘုရားလေးထွက်လာတော့ လည်ပင်းမှာ လက်ကျိုးလေးချိတ်ထားတာ အရင်မြင်ရတယ်လို့ တော်တော့်ရဲဘော်ကြီး လေထီး ဦးအုန်းမောင်က ပြောပါတယ်။

နိုင်ငံရေးအကျဉ်းသားဟောင်း လူငယ်တွေ အကျဉ်းထောင်က လွတ်မြောက်လာတော့ သူတို့ဘဝရပ်တည်နိုင်ဖို့ ဝင်ငွေရတဲ့အလုပ်တစ်ခု လုပ်နိုင်ဖို့ ဆက်တော့်ဆီသွားပြီး အလုပ်တောင်းတဲ့ အကြောင်းကလည်း အမှတ်ရစရာပါ။ ဘာလေထီးဦးအုန်းမောင်က တော်ဘုရားလေးဆီမှာ အလုပ်ရနိုင်တယ်။ ဂျပန်က သူ့မိတ်ဆွေရင်းက ဗမာပြည်မှာ သိန်းပေါင်းများစွာရင်းပြီး အလုပ်လုပ်ဖို့ သူ့ကို ကမ်းလှမ်းထားတယ် ပြောတာကြောင့်လည်း သွားကြတာပါ။ တော်တော့်ဆီ ရောက်တော့ အေးဟုတ်တယ်ကွ။ သားတို့လို ထောင်ကထွက်လာတဲ့ ကျောင်းသားတွေ နိုင်ငံရေးအကျဉ်းကျမိသားစုတွေအတွက် အဓိကထားပြီး အလုပ်ပေးချင်တာနဲ့ ဂျပန်က မိတ်ဆွေတွေကလည်း လုပ်ငန်းလုပ်ဖို့ ကမ်းလှမ်းတာနဲ့ လက်ခံမယ်ပေါ့။ လုပ်ငန်းကတော့ကြီးပါရဲ့ကွာ။ ဟိုတယ်ကြီးဆောက်ပြီး တာဝန်ယူပေးရမှာတဲ့။ လူများများတော့ အလုပ်ပေးနိုင်မှာ အသေအချာပဲ။ ဒါပေမဲ့ ကိုယ်အဆင်ပြေပြီး ရှက်ဆီးခံရမယ့်၊ ပျက်ဆီးသွားမယ့် ငါတို့တိုင်းရင်းသား အမျိုးကောင်းသားသမီးတွေရဲ့ အနာဂတ်ဘဝတွေနဲ့ ငါတို့အဆင်ပြေမှုတွေကို မလဲနိုင်ပါဘူး။ ငတ်သေရင် သေပါစေကွာ၊ သမိုင်းတရားခံ အဖြစ်မခံနိုင်ဘူး။ ဒါကြောင့် ငြင်းလိုက်ရတယ်တဲ့။

တော်တော် ငြင်းခဲ့တဲ့အရာတွေထဲမှာ မြန်မာပြည်လွတ်လပ်ရေးရပြီး ကာလာတဲ့အစိုးရက တော်ဝင်မိသားစုအဖြစ် နေလိုကနေနိုင်ကြောင်း ပြောတာကိုလည်း ငြင်းဆန်ခဲ့ပါတယ်။ ပဒေသရာဇ်စနစ်နဲ့ အာဏာရှင်စနစ်ကို မနှစ်သက်ကြောင်း ပြည်သူအများစုအခြေခံတဲ့ ဒီမိုကရေစီစနစ်ကိုသာ ကြိုက်နှစ်သက်ပြီး ပြည်သူသာ အစိုးရ၊ ပြည်သူသာဘုရင်ဖြစ်တယ်တဲ့ တော်တော်က ပြောပါတယ်။

ရေကြည်အိုင် စစ်ကြောရေးမှာ စစ်ထောက်လှမ်းရေးက တော်တော့်ကို နယ်ချဲ့အားကိုးပုဆိန်းရိုးလို့ ပြောတယ်တဲ့။ ဒီတော့ တော်တော်က မင်းတို့ကမှ နယ်ချဲ့အားကိုးကောင်တွေ၊ ငါတို့က ဆွေစဉ်မျိုးဆက် နယ်ချဲ့ကိုဆန့်ကျင်လာတာ သီပေါဘုရင့်မြေး၊ နယ်ချဲ့ကကြောက်တဲ့ စုဖုရားလတ်မြေးစစ်စစ်ကွ။ မိဖုရားခေါင် စုဖုရားလတ်က ရတနာဂီရိမှာ အကျယ်ချုပ်နဲ့ ၃၁ နှစ်လုံးလုံး အကျဉ်းသူအဖြစ်နဲ့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နေပြီး နယ်ချဲ့ကို အန်တုဝံ့တဲ့သတ္တိမျိုး ငါ့မှာရှိတယ်။ အကျဉ်းသားဘဝနဲ့ ထံတော်ကုန်တဲ့ ငါ့အဘိုးအလောင်းကို နယ်ချဲ့လက်အပ် သင်္ဂြိုဟ်ခွင့်မပေးဘဲ ကိုယ့်မြေကိုယ့်ရေမှာ သင်္ဂြိုဟ်ဖို့ တောင်းဆိုတယ်။ ၂ နှစ်ကြာအောင် ကိုယ့်စံအိမ်ထဲ အလောင်းပိုက်ရင်း နယ်ချဲ့ကို တိုက်ပွဲဝင်ခဲ့တာ မင်းတို့သိလားလို့ ပြန်ပြောပြတဲ့ တော်တော့် စကားနားထောင်ပြီး ကျမတို့ ဓာတ်မာန်တွေ ဖြစ်ခဲ့ရပါတယ်။

တော်တော်က သူယုံကြည်တာကို တစ်သက်လုံးလုပ်နိုင်ခဲ့တာ တော်တော့်ကို သစ္စာရှိချစ်မြတ်နိုး ပါရမီဖြည့်ခဲ့တဲ့ဇနီး ကြီးကြီးဒေါ်ခင်မေ ကြောင့်ပါ။ ကြီးကြီးဒေါ်ခင်မေက တော်တော်နဲ့ အရိပ်လိုခွဲမရတဲ့သူ ဖြစ်ပါတယ်။ တော်တော် ဘယ်သွားသွား ကြီးကြီးမေ ပါပါတယ်။ လည်ကတုံးအင်္ကျီအဖြူလက်တို ဝုဆိုးအဖြူအကွက်နဲ့ လွယ်အိတ်အမြဲလွယ်တဲ့ တော်တော်နဲ့ အမြဲပြုံးရွှင်နေတဲ့ ကြီးကြီးမေကိုမြင်ရတိုင်း ကျမတို့ကြည်နူးရပါတယ်။ ကြီးကြီးမေက ငွေကြေး စည်းစိမ်တွေကို ယုံကြည်ချက်နဲ့မလဲတဲ့ ခင်းပွန်းသည် တော်တော့်အပေါ် နားလည် ကြည်ဖြူနိုင်တဲ့သူပါ။

ကျမတို့ အကျဉ်းကျမိသားစုတွေကို ကြီးကြီးမေက သူတတ်နိုင်တာလေး ခွဲဝေပေးပါတယ်။ ကြီးကြီးမေ ပြောတာလေး ကျမ မှတ်မိနေသေးတယ်။ တော်တော့်ကို အင်းစိန်အကျဉ်းထောင်မှာ ထောင်ဝင်စာသွားတွေ့တော့ တော်တော့် အတွက် ပလာတာကို လက်ဖက်ရည်ဆိုင်မှာ ဝင်ဝယ်ပါတယ်။ ဒီတော့ ထုံးစံအတိုင်း ပလာတာကို သတင်းစာနဲ့ ထုတ်ပေးပါတယ်။ ကြီးကြီးမေက သတင်းစာနဲ့ ထုတ်ပေးလို့မရဘူး။ ပလတ်စတစ်နဲ့ ထုတ်ပေးပါဆိုတော့ ဆိုင်ပိုင်ရှင်က ငွေသိမ်း ကောင်တာက လှမ်းကြည့်ပြီး ဘာဖြစ်လို့လဲလို့ မေးပါတယ်။ ဒီတော့ ကြီးကြီးမေက သားရယ် ထောင်ဝင်စာ သွားတွေ့ရမှာမို့ပါ။ ထောင်ထဲကို သတင်းစာစာရွက် သွင်းခွင့်မရှိဘူး။ နိုင်ငံရေးသမားမို့လို့ ပြောပါတယ်။ ကြီးကြီးမေ စကားကို နားထောင်ပြီး ဆိုင်ရှင်က ပလတ်စတစ်နဲ့ ထုတ်ပေးပါတယ်။ နောင် ထောင်ဝင်စာ အပတ်စဉ်တိုင်း သူတို့ဒါနပြုပါရစေတဲ့။ ကြီးကြီးမေ ငြင်းဆန်တော့ နိုင်ငံရေးသမားကို လေးစားလို့ ကိုယ်တတ်နိုင်တာနဲ့ ဒါနပြုတာပါလို့ ဆိုပါတယ်။ နိုင်ငံရေးသမားကို လေးစားတယ်ဆိုတဲ့စကားကို ကြီးကြီးမေ ဝမ်းသာတယ်တဲ့။

တော်တော် ဆုံးပြီးတဲ့နောက် တော်တော့်ကို အမြဲအမှတ်ရနေမယ့်





အရှားအတွက် အကျိုးဖြစ်စေမယ့် တော်ဘုရားလေးစာပေဆုကို ကြီးကြီးမေနဲ့အတူ သမီးဒေဝီသန့်စင်တို့က ကြိုးစားခဲ့ပါတယ်။ တော်ဘုရားလေးစာပေဆု ဒုတိယအကြိမ် ကျင်းပပြီးနောက်ပိုင်း ခွင့်မပြုတော့ပါဘူး။ ဒုတိယအကြိမ်မှာတောင် ဆုပေးပွဲ အခမ်းအနားအကြောင်း ဂျာနယ်မဂ္ဂဇင်းတွေမှာတောင် ဖော်ပြခွင့်မပြုခဲ့ပါဘူး။ အနုပညာရှင်များ၊ အနုပညာမြတ်နိုးသူ ပြည်သူလူထု၊ တော်ဘုရားလေးကို ချစ်ခင်လေးစားသူတွေ ရင်ထဲမှာတော့ တော်ဘုရားလေးစာပေဆုကို နှစ်စဉ် ကျင်းပနေကြမှာပါ။

မြန်မာပြည် ပြည်သူလူထုအနာဂတ်အတွက် တော်ဘုရားလေးတို့လို သမိုင်းဝင်ပုဂ္ဂိုလ်တွေ သူတို့ရဲ့ပစ္စုပ္ပန်တွေကို စတေးပစ်ခဲ့ရပါတယ်။ ကမ္ဘာကြီးပေါ်မှာ ဘယ်သူဟာ နေထိုက်ပြီး ဘယ်သူက ရှင်ထိုက်တယ်လို့ ဆုံးဖြတ်စီရင်နိုင်တဲ့ ဘုရားသခင်သာ တကယ်ရှိခဲ့ရင် တော်ဘုရားလေး ကျမတို့အခေါ် တော်တော်က ကျမတို့ အမိမြန်မာပြည်မှာ ပြည်သူလူထုအတွက် အနေထိုက်ဆုံး အရှင်ထိုက်ဆုံး လူထဲမှာ တစ်ဦးအပါအဝင်ပဲ ဖြစ်ပါတော့တယ်။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com



ဆူးလေစေတီတော်က စက်ပစ်ကွင်းဖြစ်ခဲ့ရတယ်။
လွတ်လပ်ရေးကျောက်တိုင်ကြီးက ဘန်ကာဖြစ်ခဲ့ရတယ်။
မြို့တော်ခန်းမက ရှေ့တန်းစစ်ဌာနချုပ် ဖြစ်ခဲ့ရတယ်။
စာသင်ခန်းတွေက အားတိုက်ဖြစ်ခဲ့ပြီး နိုင်ငံတော်
တရားရုံးချုပ်အဆောက်အအုံက လက်နက်ဂိုဒေါင်။



# ကိုထက်မိုး

ကျမရဲ့ငယ်ဘဝကို သတိရရင် ကျမနဲ့အတူ ငယ်ဘဝကို ဖြတ်သန်းကြီးပြင်းခဲ့ရတဲ့ ကိုဆက်အောင်နိုင်၊ ကိုဆက်အောင်ခိုင်၊ ကိုထက်မိုး တို့ကိုလည်း သတိရမိတယ်။ ကျမတို့က တော်လှန်ရေးကောင်စီခေတ်မှာ မွေးဖွားပြီး မ·ဆ·လ၊ န·ဝ·တ နဲ့ န·အ·ဖ ခေတ်မှာ ကြီးပြင်းရတဲ့ ခေတ်လူငယ်တွေ၊ ဒီခေတ်ခရီးကို အတူလျှောက်ခဲ့ကြတာပါ။ သဃ်န်းကျွန်း ဆ/ခ ရပ်ကွက်မှာ ကျမဖေဖေနဲ့အတူ ဦးလှတင်အောင်၊ ဦးလှရွှေတို့က ကြက်မွေးမြူရေးနဲ့ အသက်မွေးခဲ့ကြတာ နှစ် ၃၀ ကြာခဲ့ပါတယ်။ ကျမတို့ ကြက်ခြံနဲ့ ဦးလှရွှေ၊ ဦးလှတင်အောင်တို့ ကြက်ခြံက သိပ်မဝေးပါဘူး။ ဒီတော့ ရဲဘော်ရဲဘက် ဆက်ဆံရေးက နှစ် ၃၀ ကြာခဲ့ပါတယ်။

ကျမတို့လမ်းက ရေရှားတော့ ကိုဆက်တို့ခြံကရေတွင်းမှာ ရေသွားခပ်ရပါတယ်။ ကျမ ရေခပ်တဲ့အချိန်မှာ ကိုဆက်၊ ကိုခိုင်တို့က ကြက်စာအစာစိမ်းအတွက် ဆေးဒါ၊ရွက်ကို ဓားနဲ့ နုတ်နုတ်စင်းနေပြီ၊ သီချင်းဆိုရင်း၊ စကားပြောရင်း အစာစိမ်းစဉ်းကြတယ်။ ရေတွင်းမှာရေခပ်နေတဲ့ ကျမကိုလည်း စကားလှမ်းပြောတယ်။ ကျမက သူတို့ထက် ၆ နှစ်ငယ်တယ်။ ကိုဆက်၊ ကိုခိုင်တို့နဲ့ အမြဲတွေ့ရတာကတော့ ကိုထက်မိုးပါပဲ။ ကိုထက်မိုးနာမည်ရင်းက ကိုမြင့်လွင်ပါ။ သဃ်န်းကျွန်းသားတွေဖြစ်တဲ့ ပေါ်ဦးထွန်း (ကိုမင်းကိုနိုင်)၊ မျိုးသန်းထွဋ် (မိုးသီးဇွန်)၊ မြင့်လွင် (ကိုထက်မိုး) တို့က ငယ်သူငယ်ချင်းတွေ။ သူတို့သုံးယောက်စလုံးက ကဗျာသမား၊ စာသမားတွေ။ ကိုဆက်၊ ကိုခိုင်တို့က ဂီတာတီး သီချင်းရေးသူတွေ။ ဒါပေမဲ့ ခေတ်စနစ်ရဲ့ အတားအဆီးကြောင့် သူတို့အနုပညာကို ပြည်သူလူထုကို တင်ပြခွင့်မရှိခဲ့ပါဘူး။ ကျမတို့ ရှင်သန်ကြီးပြင်းရတဲ့ခေတ်က အမှောင်ခေတ်ပါ။ ကျမတို့ရဲ့ လူငယ်ဘဝကို စိတ်ကြိုက်ရှင်သန်ခွင့်၊ တိုးတက်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ရေးသားခွင့်၊ လွတ်လပ်စွာဖန်တီးခွင့်တွေ မပေးခဲ့ပါဘူး။ ဆိုးသွမ်းလူငယ် လေလွင့်လူငယ်အဖြစ် အာဏာပိုင်က တွန်းပို့ခဲ့ပါတယ်။

ဒီထဲကမှ ကိုထက်မိုး၊ ကိုမိုးသီးဇွန်၊ ကိုမင်းကိုနိုင်၊ ကိုဆက်တို့လို လူငယ်တွေ ခေတ်ရေစီးကို စုန်မလိုက်ဘဲ ခေတ်ရေစီးကို ဆန့်တက်ခဲ့ပါတယ်။ မတရားဖိနှိပ်ချုပ်ချယ်နေတဲ့ ခေတ်ဆိုးစနစ်ဆိုးကို တွန်းလှန်အနိုင်ယူပြီး လူသား တစ်ယောက်ရဲ့ လွတ်လပ်ရှင်သန်မှုနဲ့အတူ လူ့တန်ဖိုးကိုပြနိုင်ဖို့ ပြည်သူလူထုနဲ့အတူ ကိုထက်မိုးတို့ ၁၉၈၈ လူထုအုံကြွမှုကြီးမှာ ပါဝင်လှုပ်ရှားခဲ့ကြပါတယ်။ ရှစ်လေးလုံး ရက်တွေဟာ အပြောင်းအလဲ မြန်ဆန်ခဲ့ပါတယ်။ ၁၉၈၈ စက်တင်ဘာ ၁၈ရက် မှာ စစ်တပ်က အာဏာသိမ်းတော့ ရန်ကုန်မြို့ရဲ့ နာကြည်းကြေကွဲစရာ မြင်ကွင်းကို ကိုထက်မိုးက ခုလိုရေးခဲ့ပါတယ်။

ငြိမ်းချမ်းသော၊ စည်းလုံးသော၊ ခိုင်ခန့်သော၊ သာယာသော ပါတီစုံ ဒီမိုကရေစီစနစ်နဲ့ နိုင်ငံတော်အသစ်ကြီးတည်ဆောက်ချင်ကြတဲ့ ဗမာပြည်လူထုကို စစ်အုပ်စုအသစ်က အငြိုးတကြီးနဲ့ စိတ်ရှိလက်ရှိ လက်စားချေခွင့်ရသွားတဲ့နေ့ပါ။ ဆူးလေစေတီတော်က စက်ပစ်ကွင်းဖြစ်ခဲ့ရတယ်။ လွတ်လပ်ရေးကျောက်တိုင်ကြီးက ဘန်ကာဖြစ်ခဲ့ရတယ်။ မြို့တော်ခန်းမက ရှေ့တန်းစစ်ဌာနချုပ် ဖြစ်ခဲ့ရတယ်။ စာသင်ခန်းတွေက ဘားတိုက်ဖြစ်ခဲ့ပြီး နိုင်ငံတော်တရားရုံးချုပ် အဆောက်အအုံက လက်နက်ဂိုဒေါင်။ ဒီမြင်ကွင်းကိုမြင်ပြီး ပြည်သူလူထုကြီးက နာနာကြည်းကြည်း ဖြစ်သွားခဲ့ကြတယ်။ ပြည်တွင်းစစ် နာတာရှည်လူမမာမိခင်ကြီးရဲ့ မျက်ရည်အသစ်တွေ ထပ်မံစီးဆင်းရတဲ့နေ့ပါပဲတဲ့။

ရှစ်လေးလုံး လူထုအရေးအခင်းအပြီး ရန်ကုန်ခရိုင်ကျောင်းသားသမဂ္ဂမှာ ကိုဆက်အောင်နိုင်၊ ကိုညိုထွန်းတို့နဲ့အတူ ကိုထက်မိုး ဦးဆောင်လှုပ်ရှားခဲ့ပါတယ်။ ရန်ကုန်ခရိုင်ကျောင်းသားသမဂ္ဂလှုပ်ရှားမှုကြောင့်ပဲ ကိုထက်မိုး ထောင်ကျခဲ့ရပါတယ်။ ကိုထက်မိုး ထောင်ကျနေတုန်းမှာပဲ ကိုထက်မိုးအမေ ဆုံးသွားပါတယ်။ ဈေးတောင်း ခေါင်းရွက် သားသမီးတွေကို လုပ်ကိုင်ကျွေးမွေးခဲ့တဲ့ သူ့မိခင်ဈာပနကို လူကိုယ်တိုင် လိုက်ပို့ခွင့်မရပေမဲ့ အကျဉ်းထောင်သံတိုင်တွေနောက်ကပဲ စိတ်ကူးနဲ့ နာကျင် ကြေကွဲစွာ ပို့ခဲ့ပါတယ်။

ကိုထက်မိုးတို့ နိုင်ငံရေးအကျဉ်းသားတွေ ၂၅-၉-၁၉၉၀ အင်းစိန်ထောင်





တိုက်ပွဲမှာ အရိုက်ခံခဲ့ရတယ်။ ထောင်တွင်းမတရားဖိနှိပ်မှုကို ဆန့်ကျင်တဲ့အတွက် ထောင်အာဏာပိုင်နဲ့ ထောက်လှမ်းရေးပေါင်းပြီး ရက်ရက်စက်စက် နိုင်ငံရေး အကျဉ်းသားတွေကို ရိုက်နှက်ခဲ့ပါတယ်။ အင်းစိန်အကျဉ်းထောင်ပြင်ပက ကြားမှာစိုးလို့ ဟသ်ာတထွန်းရင်ရဲ့ စာဥသီချင်းကို လော်စပီကာနဲ့ဖွင့်ထားပြီး ရိုက်နှက်ခဲ့တာပါ။ ထောက်လှမ်းရေးအရာရှိ သန်းထွန်းကိုယ်တိုင်က လုံထိန်းတွေကို ခေါ်လာပြီး ရိုက်ခိုင်းခဲ့တာပါ။ အဲဒီအချိန်မှာ တာဝန်ကျတဲ့ တိုက်ထောင်မှူးကြီး ပြုံးချိုက သိပ်မကြာခင်ကမှ ရဲဘက်စခန်းမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားပါပြီ။ ထောက်လှမ်းရေးသန်းထွန်းကတော့ သူကိုယ်တိုင်အကျဉ်းသားအဖြစ်နဲ့ ယခုတိုင် အင်းစိန်ထောင်ထဲမှာ ရှိနေပါတယ်။ နိုင်ငံရေးသမားတွေကို ရက်ရက်စက်စက် ဖိနှိပ်သူအဖြစ်နဲ့ တစ်လျှောက်လုံးနေခဲ့သူက အခု ဖိနှိပ်ခံဘဝရောက်တော့ သူတို့ ခံစားနိုင်ကြတော့တူး။ ဦးတင်အောင် (ခ) အန်ကယ်ကြီး ၁၅ နှစ်ကြာ အကျဉ်းထောင် ထဲမှာ နေခဲ့ရပါတယ်။ ထောင်ကလွတ်ကာနီးမှာ ကလေးကနေ မန္တလေး၊ မန္တလေးကနေ အင်းစိန် ပြန်ပို့ခံခဲ့ရပါတယ်။ အင်းစိန်ထောင်မှာ တစ်လကြာနေပြီး ဧပြီလမှ လွတ်ခဲ့တာပါ။ အလွန်ပူတဲ့ ဧပြီလထဲမှာ အပူရှိန်ကြောင့်မှုးနေတဲ့ ထောက်လှမ်းရေးသန်းထွန်းကို အခန်းချင်းကပ်ရက် အန်ကယ်ကြီးက သံပုရာရည် ဖျော်ပြီး တိုက်ခဲ့ရပါတယ်။

ထောက်လှမ်းရေးသန်းထွန်းကို အန်ကယ်ကြီးက ကမ္ဘာကြီးလုံးတာ ခင်ဗျား ယုံပြီလားဆိုတော့ ဟုတ်ကဲ့ ယုံပါပြီတဲ့။ ဆရာကြီးဒဂုန်တာရာရဲ့ ရန်သူ ၏၊ မိတ်ဆွေသာရှိစကားကို အန်ကယ်ကြီးက လက်တွေ့ကျင့်သုံးပြခဲ့တာပါ။ ထောင်ထဲမှာ အရိုက်အနှက်ခံရတဲ့ ဒဏ်ရာတွေနဲ့ ပြည့်နှက်နေတဲ့ ကိုထက်မိုးက ထောင်တွင်းအကျဉ်းတန်ဘဝများကို မေတ္တာတရားတွေနဲ့သာ နေထိုင်သွားပါတယ်။ ကိုထက်မိုးကို သူ့မိခင်ဆုံးပြီးတဲ့နောက် သူ့နှမလေး အေးအေးမိုးက ဒန်ပေါက်ဆိုင်မှာ ကြက်သားဆေး၊ ပန်းကန်ဆေးပြီး ထောင်ဝင်စာတွေ့နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ထောင်ဝင်စာမှာ တစ်ထွာသာသာ အပေါက်လေးကနေ ထောင်ဝင်စာပစ္စည်း ဆေးတဲ့အခါ တစ်နေ့ကုန်ရေနူးနေအောင် လုပ်ရလို့ ရေဝဲစားနေတဲ့ သူ့နှမရဲ့ လက်ကလေးကို အကြိမ်ကြိမ်နမ်းရင်း ဂုဏ်ပြုပါတယ်။

အစ်ကိုကြီးရယ်၊ အေးမိုးလက်က ကြက်သားနံ့စွဲနေတော့ ညီနှံ့ပဲမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကိုထက်မိုးက ငါ့နှမရယ်၊ ဒီအနံ့က အစ်ကိုတစ်ယောက်အပေါ်ထားတဲ့ နှမတစ်ယောက်ရဲ့ မေတ္တာရနံ့ပါ ဆိုပြီး အကြိမ်ကြိမ် နမ်းရှိုက်ခဲ့ပါတယ်။ သူ့နှမလေး လုပ်အားခနဲ့ဝယ်လာတဲ့ သနပ်ပင်မကြောင်လှန္တားဆေးလိပ်၊ ကျိုက္ကဆံ ဘီစကစ်၊ အာပြဲခြောက်၊ ငါးပိကြော်အထုပ် အားလုံးကသေးပေမဲ့ မေတ္တာတရား တွေကတော့ ကြီးမားပါတယ်။ ၁၄ ရက်တစ်ကြိမ် အိမ်နဲ့တွေ့ရခြင်းဟာ အကျဉ်းသား တစ်ယောက်အတွက် ခဏတာလွတ်ရက်စေတာ ဖြစ်ပါတယ်။ မိသားစုမေတ္တာပါတဲ့ ထောင်ဝင်စာအထုပ်ဟာ စစ်အာဏာရှင်ဆန့်ကျင်ရေးအတွက် အားရှိတဲ့ဓာတ်စာလို့ ကိုထက်မိုးနဲ့ သူ့နှမ အေးအေးမိုး ယုံကြည်ထားကြတယ်။

ဒါတွေဟာ တော်လှန်ရေးအတွက် အသက်ဆက်တဲ့စိတ်ဓာတ်လို့ ကိုထက်မိုးက ပြောခဲ့ပါတယ်။

မျှဝေခံစားနိုင်ကြပါစေ။

❑

ချင်းလူမျိုးတစ်မျိုးထဲနဲ့
နိုင်ငံအတွက်မထောင်ကျနိုင်ဘူး
[illegible]
[illegible]
ပေါင်းပြီးလုပ်မှ
[illegible]
[illegible]
[illegible]
လုပ်နိုင်မယ်

# ဦးဒိုထောင်

ရာသီလိုက်တင့် ရွှေပွင့်စကား၊ မြသားရိုးနေ ပန်းမိုးစွေ၏ သြောင်ရေသဘင် ပျော်ရွှင်သွန်းလောင်း ဆိုတဲ့ ရေးစာဆိုကြီး ဦးယာရဲ့ကဗျာနဲ့ ကဆုန်လပြည့် အခါတော် ရက်မြတ်ဒီအချိန်မှာ မန္တလေး-မုံရွာ၊ မုံရွာ-ကလေး ကားလမ်းတစ်လျှောက် တမာနဲ့တွေ သင်းနေရော့မယ်။ ကားပြတင်းကတစ်ဆင့် တဖြူးဖြူးဝင်လာတဲ့ ညလေပြည်မှာ တမာယန်း ရနံ့တွေက ခရီးသည်ကျမတို့ကို လန်းဆန်း အောင်လုပ်နိုင်ပါတယ်။ ဘယ်နှကြိမ်မြောက် မှန်းမသိတဲ့ ကလေးထောင်ဝင်စာခရီးကို ပြန်တွေးတိုင်း ကျမ စိတ်လှုပ်ရှားရပါတယ်။

စစ်ကိုင်းတိုင်း ကလေးမြို့၊ မော်လိုက်လေး အကျဉ်းထောင်နဲ့ ကလေးမြို့ မြို့လူထု က ကျမဘဝမှာ အသားတံဆိပ်ဖြစ်နေရပါပြီ။ ကျမရဲ့ ပထမဘဝကို ကျမမိဘက မွေးဖွား ခဲ့ပြီး ၁၉၉၈ မှာ နှစ်ရှည်ထောင်ဒဏ်နဲ့ ကလေး အကျဉ်းထောင်မှာ အကျဉ်းကျခံနေရတဲ့ ခင်ပွန်းသည်ကို နိုင်ငံရေးအကျဉ်းကျမိသားစု ဝင်အဖြစ် ထောင်ဝင်စာတွေရတဲ့ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက်လုံးကို စောင့်ရှောက်ကူညီခဲ့တဲ့ မိဘတွေကတော့ ကလေးမြို့ မြို့လူထုပဲဖြစ်ပါတယ်။

မန္တလေး-ကလေး ကားပေါ်ကဆင်းတဲ့အချိန်က ဘယ်အချိန်ပဲဖြစ်ပါစေ ကျမတို့ အကျဉ်းကျမိသားစုတွေကို မြို့လူထုက လုံခြုံမှုပေးပါတယ်။ ကားပေါ်ကဆင်း ဆိုက်ကားစီးပြီး ရတနာပုံအိမ်ရောက်တာနဲ့ အန်တီကြည်ရေ၊ ဗျားစိန်ရေလို့ ကျမတို့ အော်ခေါ်တာနဲ့ တံခါးတွေဖွင့်လာပြီး ချက်ချင်းပြေးလာတဲ့ အန်တီကြည်က မျှော်နေတာ၊ လာခါနီးပြီလို့ထင်နေတာ၊ အံကိုက်ပဲ ဆိုတဲ့အသံက ကျမတို့ကို မျက်ရည်ဝဲစေပါတယ်။ အိမ်ဧည့်ခန်း ဓာတ်ပုံထဲကနေ ပြုံးကြည့်နေတဲ့ ဒေါက်တာ သိန်းဝင်းရဲ့ နှုတ်ဆက်အပြုံးကလည်း ကျမရင်ကို ဆို့နင့်စေပါတယ်။ ဆရာတစ်ယောက် လူ့လောကမှာ တကယ်မရှိတော့တာ ၄ နှစ်ကျော်ပါပြီ။ ကလေးမြို့လေးကိုချစ်တဲ့ ဆရာ့နောက်ကို ချင်းအမျိုးသား ဦးဒိုထောင် လိုက်ပါ သွားခဲ့ပါပြီ။ ကျမတို့ ကလေးအကျဉ်းထောင် အကျဉ်းကျမိသားစုတွေရဲ့ ကျေးဇူးရှင်တစ်ဦးဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားဟောင်း ကလေးမြို့ မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဦးဒိုထောင် မတ်လမှာ ကွယ်လွန်သွားခဲ့တာပါ။ ရေဒီယိုသတင်းမှာ ဦးဒိုထောင် ကွယ်လွန်သွားတဲ့ အကြောင်း နားထောင်ရချိန်မှာ ကိုမင်းကိုနိုင် ရေးတဲ့ကဗျာကို ကျမ သတိရလိုက်မိ ပါတယ်။ ဒေါက်တာသိန်းဝင်းဈာပနမှာ ကိုမင်းကိုနိုင် ပန်းချီဆွဲပြီး ကဗျာရေးခဲ့တာပါ။ ကဗျာရဲ့နောက်ဆုံးပိုဒ်မှာ မြို့ကလေးတော့ အဖမဲ့သွားရှာပြီတဲ့။ ဟုတ်ကဲ့ပါ။ အခုလည်း မြို့ကလေးမှာ ထပ်ပြီး အဖမဲ့ရပြန်ပါပြီ။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ ကလေးမြို့နယ် မဲဆန္ဒနယ်မြေ (၁) အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းဝင်း၊ အမှတ်(၂) အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် ချင်းအမျိုးသား ဦးဒိုထောင်တို့ နှစ်ယောက်စလုံးကို န·အ·ဖ စစ်အာဏာရှင်က ဝယ်လို့မရခဲ့ပါဘူး။ ဦးဒိုထောင်ရော ဒေါက်တာသိန်းဝင်းပါ အဖွဲ့ချုပ်ပါတီအပေါ်၊ မဲဆန္ဒရှင်ပြည်သူလူထု အပေါ် အမှန်တကယ် သစ္စာရှိခဲ့တယ်ဆိုတာကို နောက်ဆုံးထွက်သက်အထိ သက်သေပြခဲ့ကြပါတယ်။ စစ်အာဏာရှင်က ဖိအားအမျိုးမျိုးပေး၊ ခြိမ်းခြောက် အကျပ်ကိုင်၊ ငွေကြေးနဲ့မြူဆွယ်ပြီး လွှတ်တော်ကိုယ်စားလှယ်တွေကို ဝယ်ယူနေတဲ့ အချိန်မှာ၊ နေ့စဉ်ထုတ်သတင်းစာတွေကနေ အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်အဖြစ်





ဘယ်မြို့နယ်က ဘယ်သူတော့ နုတ်ထွက်သွားပြီဆိုတာကို စာလုံးမည်းကြီးတွေနဲ့ စစ်အာဏာရှင်က ဝမ်းပန်းတသာ ကြေညာပေးခဲ့ပါတယ်။ ဒီလို ကြေညာပေးခဲ့ရတဲ့ အထဲမှာ ကလေးမြို့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးစလုံး မပါခဲ့တာကို ကလေးမြို့ ပြည်သူလူထုနဲ့အတူ ကျမတို့အားလုံး ဂုဏ်ယူရပါတယ်။

ဦးဒိုထောင်က ဖလမ်းဇာတိဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးမှူးအဖြစ် ရပ်တည်ခဲ့သူလည်း ဖြစ်ပါတယ်။ ချင်းလူမျိုး ဟွာငိုမျိုးနွယ်စုမှာ အကြီးအကဲ တစ်ဦးလည်းဖြစ်ပါတယ်။ ဦးဒိုထောင်တို့ရဲ့ ချင်းလူမျိုးတွေ နာမည်ပေးကင်ပွန်းတပ်ပွဲ အကြောင်းကလည်း စိတ်ဝင်စားဖို့ ကောင်းလှပါတယ်။ သားဦးမိန်းကလေးဆိုရင် ဘလေးအဖေရဲ့ မိခင် (အဘွား)ဘက်ကို ယူရပါတယ်။ ဒုတိယ ကလေးကျမှ ဘလေးရဲ့အမေဘက်ကို ယူရတယ်ဆိုပါတယ်။ သားယောကျ်ားလေးဆို အဘိုးရဲ့ ဘဝကို ဖော်ညွှန်းတဲ့စကားလုံးပါရမယ်။ သားရဲ့တိရစ္ဆာန်ကိုနိုင်တဲ့သူ၊ တော်လှန်ရေး ခေတ်မှာ ပါဝင်တဲ့သူ၊ တောင်ယာစပါး ဝမ်းစာဖူလုံတဲ့သူ စတဲ့သူက သားရဲ့တိရစ္ဆာန် လိုက်တဲ့နာမည်ပေးရင် နာမည်နဲ့မထိုက်တန်လို့ လူက ကံဆိုးတတ်တယ်လို့ ယုံကြည် ကြပါတယ်။ ဦးဒိုထောင်နာမည်က တိုက်ရည်ခိုက်ရည်ရှိတဲ့ လူစွမ်းကောင်း ဖြစ်တယ်လို့ အဓိပ္ပာယ်ရပါတယ်။ ဦးဒိုထောင်ဇနီး ဒေါ်ထန်ဆုန်ရဲ့ နာမည်က အဓိပ္ပာယ်တွေအများကြီးနဲ့ပါ။ သူ့အဘွားက ဂုဏ်ရှိတဲ့ မျိုးနွယ်ကဖွားတာမို့ (ထန်)၊ အရာရာကို အများအတွက် စွန့်လွှတ်သူဖြစ်လို့ (ဆုန်) လို့ပေးခဲ့တာပါ။ ဒါကြောင့်ထင်ပါရဲ့။ ဒေါ်ထန်ဆုန်က ဦးဒိုထောင်ကို အာဏာပိုင်က ဖိအားအမျိုးမျိုးပေး အကျပ်ကိုင် ခြိမ်းခြောက်နေတဲ့အချိန်မှာ မန္တလေးအကျဉ်းထောင်ထဲကို ထောင်ဝင်စာ သွားတွေ့တိုင်း သူခံစားနေရတဲ့ ဒုက္ခအခက်အခဲတွေကို မပြောပြဘဲ ယောကျ်ားဝဲ နောက်မဆုတ်နဲ့လို့ ရိုးရိုးသားသားပြောပြီး ခင်ပွန်းသည်ကို အားပေးတတ်ပါတယ်။

၁၉၉၀ ပြည့်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလမှာ ဘာတွေ အခက်အခဲရှိခဲ့သလဲလို့ ကျမ ဦးဒိုထောင်ကို မေးခဲ့ဖူးပါတယ်။ ဒီတော့ ဦးဒိုထောင်က ခုလိုပြောတယ်။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲကာလမှာ ချင်းလူမျိုးတွေက နိုင်ငံရေး ပါတီနဲ့ပတ်သက်ပြီး အတွေ့အကြုံ အားနည်းနေသေးတယ်။ ရှစ်လေးလုံး အရေးတော်ပုံအပြီး နိုင်ငံရေးပါတီတွေ ရှိလာတဲ့အချိန်မှာ NLD က ဘာလုပ်မလဲ တ·စ·ည ပါတီက သူတို့ကိုဘာလုပ်ပေးနိုင်မလဲဆိုတာ လူထုကနားလည် သဘော



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဖို့ ခက်ခဲနေပါတယ်တဲ့။ ဒီအချိန်မှာ ကလေးမြို့မဲဆန္ဒနယ် အမှတ်(၂) ကချင်မျိုးနွယ်စုတွေကို စည်းရုံးနိုင်ခဲ့တဲ့ ဦးဒိုထောင်ရဲ့စကားက သိပ်ကိုတန်ဖိုး ရှိခဲ့ပါတယ်။ ချင်းလူမျိုးတစ်မျိုးထဲက ချင်းပြည်နယ်အတွက် ပညာရေးဥစ္စာ တိုးတက်အောင်မလုပ်နိုင်ဘူး။ ဒေါ်အောင်ဆန်းစုကြည်လို အားရှိတဲ့ပုဂ္ဂိုလ်နဲ့ ပေါင်းစည်းမှ နိုင်ငံနဲ့လူမျိုးအတွက် တိုးတက်အောင် ဆောင်ရွက်နိုင်မယ်တဲ့။

သတ္တိဆိုတာ နှစ်မျိုးရှိပါတယ်။ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရဲတဲ့သတ္တိနဲ့၊ မလုပ်သင့် မလုပ်ထိုက်တာကို မလုပ်ဘဲနေရဲတဲ့ သတ္တိတွေပါ။ သာမန်လူမဟုတ်တဲ့ ရဲရင့်သူတွေကတော့ မလုပ်သင့် မလုပ်ထိုက်တာကို မလုပ်ဖို့အတွက် မတရားမှုတွေကို ငြင်းဆန်တယ်။ ခြိမ်းခြောက်မှုမှန်သမျှကို ပယ်တယ်။ အတားအဆီးမှန်သမျှကို ကျော်ဖြတ်တယ်။ သူတို့မှာ စေတနာ၊ မေတ္တာတွေ ပြင်းထန်နေတာကိုး။ စေတနာအားကြီးတဲ့ သတ္တိသမားတွေဟာ နိုင်ငံနဲ့လူမျိုးအပေါ် စေတနာထားတယ်။ ကိုယ့်အမျိုးသားတွေ အခက်အခဲတွေ့နေတာမျိုး၊ အတတ်ပညာ နိမ့်ကျနေတာမျိုး၊ အောက်ကျနောက်ကျ ဖြစ်နေတာမျိုးကနေ ရုန်းထွက်နိုင်အောင် ကိုယ်ကျိုးစွန့် ဦးဆောင်လမ်းပြတယ်။ ဒီလို အချက်အလက်တွေနဲ့ပြည့်စုံတဲ့ သတ္တိပိုင်ရှင်တွေထဲက တစ်ဦးကတော့ ကလေးမြို့နယ် အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်မြေ (၂) က ချင်းအမျိုးသား ဦးဒိုထောင်ပဲ ဖြစ်ပါတယ်။ ဦးဒိုထောင်က ကျေးလက်ကျန်းမာရေးမှူးဘဝနဲ့ ချင်းတောင်ဒေသက ပြည်သူတွေကို အရင် အလုပ်အကျွေးပြုခဲ့ပါတယ်။

ချင်းတောင်ဒေသမှာရှိတဲ့ ဒေသခံတွေရဲ့ ကျန်းမာရေးအခက်အခဲကတော့ တိုက်နယ်ဆေးရုံနဲ့ မိုင် ၄၀၊ ၅၀ လောက်ဝေးပါတယ်။ ရွာတွေ ရွာတွေမှာ သားဖွားအဆင့် ၁၅ ရွာလောက်ပဲ ကြားခံထားနိုင်ပါတယ်။ ချင်းတောင်ဒေသမှာ ချင်းလူမျိုးအများစု အသက်မွေးကြတာက ရွှေ့ပြောင်းတောင်ယာစနစ်နဲ့ အသက်မွေးရပါတယ်။ မြေပြန့်နည်းတဲ့အတွက် လှေကားထစ် စိုက်ပျိုးနည်းပဲ ရှိပါတယ်။ ဒါပေမဲ့ တောင်ကျရေများတဲ့အတွက် လှေကားထစ်စိုက်ပျိုးနည်းက အသုံးမများပါဘူး။ ချင်းလူမျိုးအများစုက အမဲလိုက်ကြပါတယ်။ သားရဲတိရစ္ဆာန်တွေနဲ့ ရင်ဆိုင်ရရင် လူနာကို အမြန်ဆုံးဆေးကုသပေးနိုင်တဲ့ ဆေးရုံမရှိပါဘူး။ မိုင် ၄၀၊ ၅၀ လောက်ဝေးတဲ့အတွက် ကျန်းမာရေးမှူးကို အဓိကထား အားကိုးရပါတယ်။ ဦးဒိုထောင်က လူနာအတွက်ဆို နေပူမိုးရွာမရှောင် နေ့ည အချိန်မရွေး





ဘယ်လောက်ဝေးပါစေ အပင်ပန်းခံ လိုက်လံဆေးကုသပေးပါတယ်။ တောင်ပေါ်ဒေသမို့ လူနာရှင်က တောင်တက်တောင်ဆင်း ခြေလျင်လျှောက်ရသလို ကျန်းမာရေးမှူး ဦးဒိုထောင်ကိုယ်တိုင်လည်း ခြေထောက်အားပြုပြီး လူနာဆီ အရောက်သွားရပါတယ်။ လူနာက ဆေးရုံမှာ အတွင်းလူနာအဖြစ် ဆေးဝါးကုသခံမှ အသက်ရှင်ရမယ့်အခြေအနေမျိုးဆို ဦးဒိုထောင် ရင်ထုမနာ ဖြစ်ရပါတယ်။ ဆေးရုံကို အချိန်မီသွားနိုင်ဖို့ခက်ခဲလွယ်ကူတာ၊ ဆေးရုံမှာ ဆေးကုသခံနိုင်ဖို့ လူနာရှင်မှာ ငွေကြေးမရှိတာ အစရှိတာတွေကြောင့် အသက်အဆုံးရှုံးခံလိုက်ရတဲ့ လူနာတွေကို မြင်ရတိုင်း နှစ်ဆိုးခေတ်ဆိုးကို ပြောင်းလဲပစ်ချင်တဲ့စိတ်တွေ ဦးဒိုထောင်ရင်ထဲ ကိန်းဝပ်နေခဲ့ရပါတယ်။

ဒီလို ဒေသခံတွေကို ချင်းအမျိုးသားဦးဒိုထောင်က သူတတ်နိုင်တဲ့ဆေးဝါးအကူအညီနဲ့ စောင့်ရှောက်ကူညီခဲ့ပါတယ်။ ဒီတော့ ဦးဒိုထောင်ကိုဒေသခံတွေက ကျေးဇူးတင်ကြောင်း ပြသတဲ့အနေနဲ့ ကြက်အရှင်တတ်နိုင်သူက ကြက်အရှင်၊ ကြက်အရှင် မတတ်နိုင်တဲ့သူက ကြက်ဥနဲ့ လက်ဆောင်ပေးပြီး ရိုးရာဓလေ့အတိုင်း ဂုဏ်ပြုတတ်ကြပါတယ်။ ဒီထက်ပိုပြီး ကျေးဇူးဆပ်ပြတာကတော့ ၁၉၉၀ ရွေးကောက်ပွဲမှာ အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးဒိုထောင် ဝင်ရောက်အရွေးချယ်ခံတော့ ချင်းအမျိုးသားတွေက သူတို့ရဲ့ဘဝကြမ္မာကိုပုံအပ်ပြီး မဲပေးခဲ့ကြပါတယ်။ မဲဆွယ်စည်းရုံးရေးကာလမှာ ဦးဒိုထောင်ရဲ့ အဓိကအားသာချက်က ကျန်းမာရေးမှူးဘဝနဲ့ ဒေသခံတွေအပေါ် စေတနာထားခဲ့တာရယ်၊ ချင်းမျိုးနွယ်စုတွေရဲ့ ဘာသာစကားအားလုံးကို ကျွမ်းကျင်တဲ့အတွက်ရယ်၊ သူ့မျိုးနွယ်ရဲ့ ဂုဏ်သိက္ခာကြီးမားမှုရယ်ကြောင့် မဲနိုင်ခဲ့တာလို့ ချင်းအမျိုးသားကြီး နန်းခင်းခမ်က ပြောပြခဲ့ပါတယ်။ ချင်းအမျိုးသားတွေရဲ့ အသည်းကြားက မဲတစ်ပြားကို ဆွဲထုတ်ယူနိုင်တဲ့ စကားလည်းပါပါတယ်။ ချင်းလူမျိုးတစ်မျိုးထဲနဲ့ နိုင်ငံအတွက် မဆောင်ရွက်နိုင်ဘူး၊ ဒေါ်အောင်ဆန်းစုကြည်လို အားရှိတဲ့ပုဂ္ဂိုလ်နဲ့ ပေါင်းပြီးလုပ်မှ ချင်းပြည်နယ်အတွက် ပညာ၊ ဓန၊ ဥစ္စာဓမ်းစာဖူလုံအောင်၊ တိုးတက်အောင် လုပ်နိုင်မယ် ဆိုတဲ့စကားကို အခုအချိန်ထိမှတ်မိနေတယ်တဲ့။ ဒီစကားကို ယုံယုံကြည်ကြည် ပြောခဲ့တဲ့ ဦးဒိုထောင်လို့ ချင်းအမျိုးသားတွေကလည်း ယုံကြည်ခဲ့ကြပါတယ်။

ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ချင်းပြည်နယ်စည်းရုံးရေး ခရီးစဉ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ချင်းတောင်တန်းဒေသတစ်ခုလုံး လှိုက်လှိုက်လှဲလှဲကြိုဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုခဲ့ကြပါတယ်။ ဖလမ်းမြို့နဲ့ ကလေးမြို့အကြား ဒေါ်အောင်ဆန်းစုကြည် ကားဖြတ်သန်းတဲ့အချိန်မှာ တောင်ပေါ်ရွာလေးတစ်ရွာက ကားတားပြီး ဒေါ်အောင်ဆန်းစုကြည်ကို ကြက်အရှင်တစ်ကောင်ပေးပြီး ချင်းထုံးစံနဲ့ ဂုဏ်ပြုခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုရင် ဝန့်ထမ်းဆို အလုပ်ဖြုတ်မယ်၊ အရပ်သူ အရပ်သားဆို ထောင်ချမယ်လို့ အာဏာပိုင်က ခြိမ်းခြောက်တဲ့ကြားက ကြိုဆိုကြတာပါ။ ဒီလို တောင်တန်းတွေကြားက ရွာလေးတွေအထိ ဒေါ်အောင်ဆန်းစုကြည်ရဲ့တန်ဖိုး ဂုဏ်သတင်းလေးစားမှုကို စိမ့်ဝင်နေအောင် စည်းရုံးနိုင်သူတွေထဲမှာ ဦးဒိုထောင် ပါခဲ့ပါတယ်။

ကားလမ်းတွေ မကောင်းလို့ ဒေါ်အောင်ဆန်းစုကြည်တို့ ကားပျက်လို့ ဘယ်အချိန် မိမိနေအိမ်ရှေ့က ဖြတ်မယ်လို့မသိတဲ့ ချင်းအမျိုးသားတွေရဲ့အိမ်မှာ တံခါးမပိတ်ဘဲ ဖယောင်းတိုင်မီးတွေထွန်းပြီး တစ်ညလုံး ကြိုဆိုခဲ့ကြပါတယ်။ ညအမှောင်မှာ ဒေါ်အောင်ဆန်းစုကြည်အတွက် ဒေသခံပြည်သူလူထုတွေ ထွန်းပေး လိုက်တဲ့ အလင်းရောင်တွေ ချင်းတောင်တစ်ခုလုံး လင်းထိန်သွားရပါတယ်။


ဦးဒိုထောင်က ၁၉၉၇ မှာ ထောင်ဒဏ် ၇ နှစ်နဲ့ မန္တလေးအကျဉ်းထောင်မှာ အကျဉ်းကျခံခဲ့ရပါတယ်။ ဦးဒိုထောင်က မဖွံ့ဖြိုးသေးတဲ့ ချင်းတောင်တန်းဒေသတစ်ခုလုံး ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး နာလန်ထူနိုင်ပြီလို့ အတွေးရှင်း၊ အမြင်ရှင်းနဲ့ ယုံကြည်ချက်ပြင်းစွာ သူ့ဘဝကို ပေးဆပ်ခဲ့ပါတယ်။ နောက်ဆုံးထွက်သက်အထိ ကလေးမြို့နယ် အမှတ်(၂) မဲဆန္ဒနယ်မြေ အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် ချင်းအမျိုးသား ဦးဒိုထောင်အဖြစ် မဲဆန္ဒရှင်ပြည်သူလူထုနဲ့ အဖွဲ့ချုပ်ပါတီအပေါ် သစ္စာရှိသွားတဲ့ သူရဲကောင်းတစ်ဦးပဲ ဖြစ်ပါတော့တယ်။

ချင်းတောင်တန်းတွေနဲ့ တောင်ဇလပ်ပန်းတွေကို မြင်ရသူတိုင်း သိပ်လှတာပဲ၊ သိပ်သာယာတာပဲလို့ဆိုခဲ့ရင် ဒေသခံပြည်သူလူထုရဲ့ အတွင်းသားဘဝကို မြင်နိုင်အောင် ကြည့်ခွင့်ရကြပါစေလို့ ကျမ ဆန္ဒပြုလိုက်ပါတယ်။

မျှဝေခံစားနိုင်ကြပါစေ

❑





# ဒေါက်တာနေဝင်း

ကျမတို့ မြန်မာပြည် နာဂစ်လေမုန်တိုင်းဒဏ်ခံရပြီး မရှေးမနှောင်းမှာ တရုတ်ပြည် ငလျင်လှုပ်ပါတယ်။ ချက်ချင်းဆိုသလို နာရီပိုင်းအတွင်း တရုတ်သမ္မတဟူကျင်းတောင် ငလျင်လှုပ်ရာဒေသကို ရောက်ရှိသွားပါတယ်။ ပြိုကျပျက်စီးနေတဲ့ အပျက်အစီးပုံကြားထဲက ကလေးတွေကို သူကိုယ်တိုင် ဝိုင်းပြီးဆွဲထုတ်တယ်။ ဒုက္ခသည်တွေ ကိုအားပေးတယ်။ ဖက်လဲတကင်း နွေးနွေးထွေးထွေး ဆက်ဆံတယ်။ ဒုက္ခသည်တွေက သူတို့သမ္မတကိုမြင်တော့ အားကိုးတကြီး ဖက်ငိုကြတယ်။ သူ့ရဲ့တိုင်းသူပြည်သားတွေရဲ့ ဒုက္ခကိုမြင်တော့ သမ္မတကိုယ်တိုင်လည်း မျက်ရည်ကျတာပေါ့။ သူ့ပြည်သူတွေရဲ့ဒုက္ခကို ကူညီနိုင်ဖို့ နိုင်ငံတကာ အကူအညီကိုလည်း သူလက်ခံကြိုဆိုတယ်။ ဒီလို အာရှနဲ့ အနီးဒွာရုံတွေမဖြစ်ခင် အမေရိကန်မှာ ကတ်ထရီနာ မုန်တိုင်းတိုက်ခတ်တော့ အမေရိကန် သမ္မတဘုရှ်လည်း အဲဒီဒေသကို ချက်ချင်းသွားပြီး ဒုက္ခသည်တွေအတွက်ကူညီတယ်၊ ကောင်းရောက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီလိုအစိုးရက ပြည်သူတွေရဲ့ အုပ်ချုပ်သူအစိုးရဖြစ်ရတာ ထိုက်တန် လိုက်တာလို့ သတင်းကြားရသူ၊ သတင်းမှာမြင်ရသူတွေက မှတ်ချက်ပေးကြပါ တယ်။ ကောင်းချီးပေးကြပါတယ်။ နာဂစ်လေမုန်တိုင်းဒဏ်ခံရတဲ့ မြစ်ဝကျွန်းပေါ် ဒေသကို ဗိုလ်ချုပ်ကြီးသန်းရွှေ ရောက်ရှိတဲ့အချိန်က မုန်တိုင်းငြိမ်သက်ပြီး လချီကြာ မှ ရောက်ရှိခဲ့တာပါ။ သူလာတဲ့အချိန်မှာ သူတို့သွားဖို့လမ်းကို ဒုက္ခရောက်နေတဲ့ ကြားက ဒုက္ခသည်တွေ လုပ်အားပေးလမ်းခင်းရတယ်။ ဒုက္ခသည်တွေက ရွှံ့နွံထဲမှာ တန်းစီပြီး လက်အုပ်ချီ ကြိုနေရတယ်။ ဒီသတင်း ရုပ်မြင်သံကြားမှာပါတော့ ဒုက္ခသည်တွေဆီကို ဗိုလ်သန်းရွှေ အဖူးအမျှော်ခံထွက်တာလို့ ပြည်သူတွေက နာနာကြည်းကြည်း ပြောကြပါတယ်။ ကျမတို့ မြန်မာပြည်နာဂစ်မုန်တိုင်းမှာ သေကျေကြတဲ့သူတွေရဲ့ သိန်းချီနေတဲ့ အလောင်းတွေ အပျက်အစီးပုံတွေကြားမှာ မြင်မကောင်းပါဘူး။ အဲဒီအလောင်းတွေကို အစိုးရက တာဝန်ယူပြီး ဘယ်လို မြှုပ်နှံမယ်။ ဘယ်လိုသင်္ဂြိုဟ်မယ်ဆိုတာ တိုင်းသူပြည်သားအားလုံး စောင့်ကြည့် မျှော်လင့်နေရတဲ့ အချိန်ပါ။ သေသူတွေရဲ့ ခန္ဓာကိုယ်တွေကလည်း နေရာအနှံ့၊ နာဂစ်ကြောင့် မသေဘဲကျန်သူ ဒေသခံတွေရဲ့ကျန်းမာရေးကို ပိုပြီး စိုးရိမ်ကြရ ပါတယ်။ သောက်ရေကန်၊ သုံးရေကန်များထဲက အလောင်းတွေ၊ ငါးကန်၊ ပုစွန်ကန်ထဲက အလောင်းတွေ၊ ဆားကွင်း လယ်ကွင်းတွေထဲက အလောင်းတွေကို ဘယ်ပုံ၊ ဘယ်နည်း ဖယ်ရှားသင်္ဂြိုဟ်မယ်ဆိုတာကို တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရတာဝန်ရှိသူတွေ စဉ်းစားပုံကိုကြည့်ပါဦး။ သစ်တောဝန်ကြီး ဦးသိန်းအောင် လာတဲ့ခရီးစဉ်မှာ ကိုတေဇက မေးတယ်တဲ့။

အန်ကယ် ဒီအလောင်းတွေ ဘယ်လိုလုပ်ရမလဲဆိုတော့ ဝန်ကြီး ဦးသိန်းအောင်က ဖြေထားပါတယ်။ မပူပါနဲ့ အသားတွေ ငါးပူတင်းတွတ်ပြီး အရိုးတွေ မြစ်ထဲကျကုန်မယ်တဲ့။ အဲဒီစကား မီဒီယာမှာပါလာတော့ ပြည်သူ ပြည်သားတွေ အုန်းအုန်းကျွက်ကျွက်နဲ့ သစ်တောဝန်ကြီးကို မေတ္တာပို့ကြတာပေါ့။

လူသားအချင်းချင်းရဲ့ ဒုက္ခကိုမြင်ရင် ကြင်နာသနားတတ်တဲ့ လူသားစိတ် ရှိသူများက နာဂစ်လေမုန်တိုင်းဒဏ်ခံရတဲ့သူတွေ အသက်ဆုံးရှုံးပြီး တစ်စစီဖြစ်နေတဲ့ ရုပ်ပုံတွေကိုမြင်ရတော့ ရင်ထဲမချိအောင် နာကြတယ်။ မသေခင် ဘယ်လောက်များ ခံစားလိုက်ရမလဲ။ ချက်ချင်းမသေဘဲ ဝေဒနာခံစားပြီးမှ သေရင်လည်း ဘယ်လောက်





ကျောင်လိုက်မလဲလို့ တွေးပြီးသနားကြတယ်။ လေမုန်တိုင်းဖြစ်ချိန် နေ့လယ်(၃)နာရီ တိုင်ခင်မှာ မိသားစုနဲ့အတူတကွ နေထိုင်စားသောက်နေကြသူတွေ ရုတ်တရက် ဖြစ်ဆိုးနဲ့ ကြုံလိုက်ရတဲ့အတွက် သေခြင်းတရားကို လက်မခံဘဲ ဗုဒ္ဓဘာသာ ယုံနဲ့ မကျွတ်မလွတ်ရင်ဆိုတဲ့ အတွေးတွေနဲ့ သနိုင်းမြေနေရာဝယ်ပြီး မြေမြှုပ် သင်္ဂြိုဟ်ပြီး သရဏဂုံတင်ပေးမယ့် ပုဂ္ဂလိကအလှူရှင်တွေ ပေါ်လာပါတယ်။

နာရေးကူညီမှုအသင်းလို အဖွဲ့အစည်းတွေ၊ ကိုအောင်ကျော်ဆန်း၊ ဒေါက်တာနေဝင်း ဦးဆောင်တဲ့ပုဂ္ဂလိက အဖွဲ့တွေပေါ်လာပြီး အလောင်းကောက်၊ မြှုပ်၊ ဂြိုဟ်၊ သရဏဂုံတင်ကြတယ်။ ဒီအခါ ကြားရသူအပေါင်း ဝမ်းမြောက်ဝမ်းသာ ခေါ်ကြတာပေါ့။ ဒေါက်တာနေဝင်းက သူအလောင်းကောက်တာတွေကို ယ်ဆယ်ရေးသွားရင်းနဲ့ ရှင်းပြဖူးပါတယ်။ ပုပ်ပွနေတဲ့အလောင်းတွေ၊ လက်၊ ခြေ၊ ခန္ဓာကိုယ်၊ ဦးခေါင်း တစ်စစီဖြစ်နေတဲ့ အလောင်းတွေကို စက်ာပူရောက် မာတွေပေးတဲ့၊ တခြားအလှူရှင်တွေပေးတဲ့ အိတ်တွေထဲ ထည့်ကြပါတယ်။ အလောင်းသယ်တဲ့အခါဝတ်ဖို့ တစ်ခါသုံးအင်္ကျီ၊ နာခေါင်းစည်း၊ လက်အိတ်၊ ိနပ်တွေနဲ့ အလောင်းကောက်ရတာပါ။ တစ်အိတ်ကို တစ်လောင်းပဲထည့်ရတဲ့ အိတ်ထဲ ငါးလောင်းခြောက်လောင်း ထည့်ရတယ်။ တချို့ဆို ခေါင်းကြီးပဲ။ တချို့ဆို က်ကြီးပဲ၊ ကျန်တဲ့ခန္ဓာကိုယ်တွေ မရှိတော့ဘူး။ ကလေးအလောင်းတွေက ရိုးကျနေပြီ။ အလောင်းတချို့က ဆားငန်ရေတွေကြောင့် အကောင်းအတိုင်းကြီးပဲ ရှိသေးတယ်။ ညှီစို့စို့အနံ့တွေက ထမင်းတောင်မစားနိုင်ဘူး။ ဒါပေမဲ့ အသက်မသေဘဲ ကျန်ခဲ့တဲ့ဒုက္ခသည်တွေရဲ့ ရုပ်တည်ရေးကလည်း အရေးကြီးတယ်။ ဒါကြောင့် နာရေး ကူညီမှုအသင်းက ရေပုတ်စုပ်တဲ့စက်တွေ လှူတယ်။ ဒီဇယ်လှူတယ်။ သောက်သုံးရေ အတွက် ဆားငန်ရေဝင်နေတဲ့ ရေကန်တွေကို ရေစုပ်စက်နဲ့ စုပ်ထုတ်တယ်။

သောက်သုံးရေကန်ထဲက အလောင်းတွေကို အရင်ရှင်းပစ်ရတာပါ။ ဘိုကလေးမှာ မြေဝယ်ပြီး သင်္ဂြိုဟ်ပေးတယ်။ ကွမ်းခြံကုန်းမှာ မြေဝယ်ပြီး သင်္ဂြိုဟ်ပေးတယ်။ မြေနှစ်ဧကဝယ်ပြီး အလောင်းတွေကို မြေမြှုပ်ရတယ်။ ရွာကလူတွေလည်း ဝိုင်းလုပ်ပေးတယ်။ ရွာဆိုတာလည်း ယာယီတဲလေးတွေနဲ့ နေရသူတွေပါ။ ဘုန်းကြီးတွေပါ ကျနော်တို့ ခေါ်သွားတယ်။ အလောင်းတွေ လိုက်ဆယ်ပြီး မြန်မာ့ဓလေ့အတိုင်း သရဏဂုံတင် မြေမြှုပ်ပေးတယ်။ နာဂစ်ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်လကြာတဲ့အထိ အလောင်းတွေရှိသေးတယ်။ ခနီတော၊ ခရာတောတွေထဲ ညပ်နေတဲ့အလောင်းတွေကျတော့ ထုတ်မရ ပြုမရဖြစ်နေရင် ကားတာယာ ရေနံတွေနဲ့မီးရှို့ပစ်ရတယ်။ အလောင်းတွေက ရွာတွေရဲ့ အနိမ့်ပိုင်းတွေမှာများပါတယ် ဆားကွင်း၊ ငါးကန်၊ ပုစွန်ကန်တွေမှာ အလုပ်လုပ်နေတဲ့အချိန်လို့ ပြောကြပါတယ် အလောင်းတွေကို ဘယ်သူဘယ်ဝါတော့ မမှတ်မိကြတော့ပါဘူး။ ကျနော်တို့ အလောင်းကောက်ပြီး သရဏဂုံတင်ပေးရင်တော့ စုပေါင်းတရားနာ အမျှဝေကြတယ် တရားနာရင်း ကြိတ်ပြီးငိုရှိုက်ကြတယ်။ လောကဓံတရားကို တင်းခံကြတယ်။

မြစ်ဝကျွန်းပေါ်ရဲ့ အမှတ်အသား ဓနိပင်ကို မြစ်ထဲမှာ ခင်ဗျားမြင်ခဲ့မှာပေါ့ ဆရာဇော်ဂျီက အဲဒီဓနိပင်ကို လူ့ဘဝဒုက္ခကို တွန်းလှန်နိုင်၊ တိုက်ခိုက်နိုင်တဲ့ လူတွေနဲ့ တင်စားထားတာပါ။ နာဂစ်ဒဏ်ကိုခံစားပြီး အသက်မသေဘဲ ကျန်တဲ့သူတွေ အလျှိုရှင်တွေက ဓနိပန်းတွေလိုပါပဲ။

နာဂစ်အလှူရှင်တွေရဲ့ စေတနာလုပ်အားကြောင့် နာဂစ်ဒုက္ခသည်တွေနဲ့ ဘဝရှင်သန်ရမယ်လို့ ဒေါက်တာနေဝင်းတို့ စေတနာရှင်တွေ ပိုင်းဖြတ်ထား ပါတယ်။ ဒါပေမဲ့ ဒေါက်တာနေဝင်းတို့ မျှော်လင့်သလို ဖြစ်မလာပါဘူး။ နာဂစ် လေမုန်တိုင်းကြောင့် သေဆုံးသူတွေရဲ့ အလောင်းတွေ မြေမြှုပ်သင်္ဂြိုဟ်လို့ မပြီးသေးခင်မှာပဲ ဒေါက်တာနေဝင်းတို့ကို အာဏာပိုင်တွေက ဖမ်းလိုက်ပါတယ် ဒေါက်တာနေဝင်းနဲ့အတူ သူ့သမီးလေးပါ အဖမ်းခံလိုက်ရပါတယ်။ ၁၉၈၉ မှာ ပထမအကြိမ် ထောင်ကျတော့ လသားအရွယ်သမီးငယ်လေးကို ထားခဲ့ပြီး ၁၅ နှစ်ဆိုတဲ့ ပြစ်ဒဏ်နဲ့ ထောင်ထဲဝင်ခဲ့ရပါတယ်။ သူ ထောင်ကလွတ်လာတော့ သူ့သမီးလေး စက်မှုကျောင်းသူ ဖြစ်နေပါပြီ။ ဒီတစ်ကြိမ် ထောင်ပြန်ကျတဲ့အချိန်မှာ သမီးက သူနဲ့အတူ အမှုတွဲဖြစ်နေပြန်ပါတယ်။

ဒေါက်တာနေဝင်းက စကားကို လေသံတိုးတိုးနဲ့ ပြောတတ်တယ် မတူတဲ့ အယူအဆရှိရင်တောင် ပြုံးပြုံးလေးနဲ့ နားထောင်ပေးတတ်သူပါ။ သူ့ဘဝမှာ စကားမာမာ၊ လေသံမာမာနဲ့ ရန်သူကိုတောင် ပြောခဲ့မယ်မထင်ပါဘူး။ ယုံကြည်ချက်နဲ့ ပတ်သက်ရင် နောက်မဆုတ်တဲ့သူပါ။ သူ့ပင်ကိုစိတ်ရင်းက 'ပရ' ကိုအခြေခံတယ် သူတွေးသမျှ၊ စဉ်းစားသမျှ၊ သူပြောသမျှ စကားလုံးတွေဟာ သူ့အတွက်ဆိုတာ မပါတတ်တဲ့သူပါ။ သူ့ကိုဆုံဖူးတဲ့ ရဲဘော်တွေတင်မကဘူး သူ့ကိုမမြင်ဘူးတဲ့





သူတွေဆီမှာတောင် သူ့အကြောင်းက လေညင်းလို သင်းပျံ့နေပါတယ်။ ဒေါက်တာနေဝင်းက အင်းစိန်ထောင်၊ မန္တလေးထောင်၊ မြစ်ကြီးနားထောင်တွေမှာ နေခဲ့ရပါတယ်။ ထောင်တွင်းအတူနေ ရဲဘော်များက ဒေါက်တာနေဝင်းကို ထောင်ဝင်စာ အလာနည်းတဲ့အတွက် စားစရာရလာရင် ဝိုင်းပေးကြပါတယ်။ ဒါပေမဲ့ သူမစားဘူး၊ ထောင်ဝင်စာမလာတဲ့ ရိုးရိုးအကျဉ်းသားတွေကို ပြန်ပေးပါတယ်။ မြစ်ကြီးနားထောင်မှာ ဒေါက်တာနေဝင်း တီဘီဖြစ်တော့ ဘဝတူနိုင်ငံရေးရဲဘော်တွေ သူ့ကိုအားရှိအောင် ထောင်ဝင်စာလာတိုင်း စားစရာကောင်းကောင်းလေးပါရင် ပေးကြတယ်။ သူနည်းနည်းပဲစားပြီး အစာရေစာမဝလင်တဲ့ ရိုးရိုးအကျဉ်းသားတွေကို ကျွေးလိုက်ပါတယ်။

တစ်ခါတော့ ဦးဘမင်းဇနီး မြစ်ကြီးနားအကျဉ်းထောင်ကို ထောင်ဝင်စာ သွားတဲ့အခါ အဘွားဒေါ်ကြည်ကြည်က ဒေါက်တာနေဝင်းအတွက် ငွေနှစ်ထောင် ပေးလိုက်ပါတယ်။ ဦးဘမင်း ထောင်ကလွတ်တော့ ပြန်ပြောပြပါတယ်။ ဒေါက်တာနေဝင်းက အဘွားကြည် ပေးလိုက်တဲ့ငွေနဲ့ အမှတ်တရဖြစ်အောင် ဘော်ဇလုံအကြီးတစ်လုံး ဝယ်လိုက်တယ်တဲ့။ အဲဒီဇလုံးကြီးထဲမှာ ပုံစံထမင်းကို ထည့်ပြီး ရိုးရိုးအကျဉ်းသား ပုံစံထမင်းအပြည့်မရတဲ့သူတွေကို ဝေပါတယ်။ ရဲဘော်တစ်ယောက်က ဖိနပ်မရှိတဲ့သူ့ကို မြင်းကြယ်ဖိနပ်အသစ် ဝယ်ပေးတယ်။ နောက်တစ်ရက်ပဲ သူ့ခြေထောက်မှာတွေ့လိုက်တယ်။ ရဲဘက်ထုတ်မယ့် ရိုးရိုးအကျဉ်းသားကို သူပေးပစ်လိုက်တယ်။ ကျန်တဲ့ ရဲဘော်တွေက သူ့ကိုကရုဏာနဲ့ အပြစ်ပြောလည်း သူပြုံးပြုံးလေးနဲ့ ငြိမ်ခံတယ်တဲ့။

ဒေါက်တာနေဝင်းဇနီး မသန္တာက လသားအရွယ်သမီးငယ်နဲ့ ကျန်ခဲ့ရပြီး မိသားစုအိုးကို လုပ်ကျွေးရသူပါ။ ဈေးရောင်းရင်း ဘဝကိုရပ်တည်ရပါတယ်။ အရွယ်ရဲ့ ညှင်းသိက္ခာကို ထိပါးမခံဘဲ ဒေါက်တာနေဝင်းကို ပါရမီဖြည့်ပေးသူပါ။ သမီးငယ်လေး ကျောင်းပိတ်ရက်မှ သမီးကိုလက်တွဲပြီး ခင်ပွန်းကို ထောင်ဝင်စာတွေ့ရပါတယ်။ နိုင်ငံရေးသမားတွေရဲ့ မိခင်တွေ၊ ဇနီးသည်တွေက သူတို့ရဲ့သောကတွေ၊ ဒုက္ခတွေကို အားမာန်အဖြစ်နဲ့ပြောင်းပြီး ထောင်ဝင်စာတွေ့နိုင်အောင် ကြိုးစားကြတယ်။ သံတိုင် နောက်က နိုင်ငံရေးအကျဉ်းသားတွေကို အပြုံးအတုတွေ၊ စကားလုံးအတုတွေနဲ့ ဖြေသိမ့်ပေးကြတယ်။ ကိုယ်ဘယ်လောက် ဆင်းရဲပင်ပန်းပါစေ အပြင်ကအခြေတွေ



www.burmeseclassic.com

www.burmeseclassic.com

အတွက် မပူနဲ့ အထဲမှာကျန်းမာအောင်နေ၊ အပြင်မှာ အဆင်ပြေတယ်သိထား ဆိုပြီး အထဲကသူ စိတ်ချမ်းသာအောင် ပြောတတ်ကြပါတယ်။ ဒီလိုထဲမှာ ဒေါက်တာနေဝင်းဇနီး မသန္တာလည်းပါပါတယ်။ မသန္တာက သမီးလေးကို ဖခင်ရဲ့ စိမ်းမသွားအောင်၊ ဖခင်ကို တန်ဖိုးထားတတ်အောင်၊ ဖခင်ကို ချစ်ခင်လေးစားအောင် ဆွမ်းဆောင်ပေးပါတယ်။ ဒါကြောင့်လည်း ဒေါက်တာနေဝင်း ထောင်ကလွတ်တော့ ၁၅ နှစ်အတွင်းမှာ တစ်နှစ်တစ်ခါပဲ တွေ့ခွင့်ရတဲ့သားအဖ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ရှိတာကို အားလုံးက ဝမ်းသာဂုဏ်ယူကြရတယ်။ သမီးလေး သူတို့ဇနီးမောင်နှံရဲ့ တစ်ဦးတည်းသောသမီး၊ ဒီသမီးလေးကို အများကြီး မျှော်လင့်အားထားကြတာပေါ့။ ဒါပေမဲ့ သူတို့ဇနီးမောင်နှံက သူတို့သမီးလေးကို အတ္တနဲ့ ပရကို ခွဲခွဲခြားခြားသိမြင်နိုင်အောင် လမ်းပြပေးခဲ့ပါတယ်။ နာဂစ်မုန်တိုင်း ဒုက္ခသည်တွေရဲ့ အခက်အခဲကို ဝိုင်းဝန်းဖြေရှင်းပေးတဲ့ ဒေါက်တာနေဝင်းတို့ သားအဖနဲ့အတူ သူတို့အဖွဲ့အားလုံးကို ထောင် ၇ နှစ်စီ ချမှတ်လိုက်ပါတယ်။ ဒီတစ်ခါတော့ ခင်ပွန်းသည်ကိုတင်မဟုတ်ဘဲ သမီးကိုပါ တစ်လှည့်စီ ထောင်ဝင်စာ တွေ့နေရတဲ့ မသန္တာတစ်ယောက် ဘယ်လောက်များ ခက်ခဲပင်ပန်းလိုက်မလဲ။ ဇနီးသည်ဘဝ၊ မိခင်ဘဝနဲ့ ထောင်ဝင်စာတွေ့နေရတဲ့ မသန္တာဘဝမှာ ငြိမ်းသက်ခြင်း မရှိ၊ လှုပ်ရှားရုန်းကန် ပင်ပန်းမှုတွေနဲ့ ရင်ဆိုင်လို့ မပြီးနိုင်သေးပါဘူး။ သမီးနဲ့ ခင်ပွန်းကို တစ်လှည့်စီလွမ်းနေတဲ့၊ တစ်လှည့်စီ ပူပင်နေရတဲ့ မသန္တာရဲ့ လောကဓံ မုန်တိုင်းမျိုးကတော့ စစ်အာဏာရှင်ရှိနေသရွေ့ မြန်မာပြည်မှာ တိုက်နေဦးမှာပဲ။

နာဂစ်သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသွားသူများရဲ့ လူ့ဘဝ နောက်ဆုံးခရီးကို လူ့ဓလေ့ထုံးစံနဲ့အညီ တတ်နိုင်သမျှ ကူညီပေးခဲ့တဲ့ ဒေါက်တာ နေဝင်းတို့သားအဖနဲ့အတူ စေတနာရှင်၊ အလှူရှင်တွေကို နာဂစ်ဒုက္ခသည်ရဲ့ နှလုံးသားထဲမှာ အမြဲသတိရ ဂုဏ်ယူနေမယ့်စိတ်ကိုတော့ စစ်အာဏာရှင်တွေ အကျဉ်းချလို့ မရခဲ့ပါဘူး။

မျှဝေခံစားနိုင်ကြပါစေ။

❑



[illegible]
[illegible]
ဆင်းရဲသားအလုပ်သမားအတွက်
အခက်အခဲမှာရှိပါတယ်။
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
နောက်နေ့ [illegible]
[illegible]

# ဒေါ်မြင့်မာလာ

လောင်ကျွမ်းနေတဲ့သစ်တုံးကတောတစ်ခုလုံး ကို မီးရှို့နိုင်တယ်တဲ့။ ဟုတ်ကဲ့ပါ။ ကျမတို့ မြန်မာပြည်သူလူထုရဲ့ နေ့စဉ်စားဝတ်နေရေး အသက်ရှင် ရပ်တည်မှု၊ ဘဝလုံခြုံမှုတွေက ခေတ်စနစ်ကိုမှီပြီး ရပ်တည်နေပါတယ်။ ပြည်တွင်း စစ်မီး၊ ကုန်ဈေးနှုန်းမီး၊ အခွန်အခ မီးတွေက ကျမတို့ပြည်သူလူထုကို နေ့စဉ်နဲ့ အမျှလောင်ကျွမ်းနေပါတယ်။ သဘာဝ ပစ္စည်း အလျှံပယ်ပေါကြွယ်ဝတဲ့ မြန်မာပြည် မှာ စစ်အာဏာရှင်ကြောင့် ပြည်သူလူထု အများစု ဆင်းရဲတွင်းနက်ပြီး လူမဆန်အောင် ဆင်းရဲနေကြပါတယ်။ မကြာခင်က အစိုးရ ဝန်ထမ်းတွေကို လစာတိုးမြှင့်ပေးလိုက်တဲ့ အချိန်မှာ ပုဂ္ဂလိက အထည်ချုပ်စက်ရုံက အလုပ်သမားတွေ၊ သာမန် လက်လုပ်လက်စား ပြည်သူတွေကို ကုန်ဈေးနှုန်းမီးက လောင်ကျွမ်း ပါတော့တယ်။ တရိပ်ရိပ်မဟုတ်ဘဲတစ်ဟုန်ထိုး မြင့်တက်သွားတဲ့ ကုန်ဈေးနှုန်းကို ဘယ်လိုမှ အမှီမလိုက်နိုင်တဲ့ အထည်ချုပ်စက်ရုံက အလုပ်သမားတွေ အထည်ချုပ်စက်ရုံရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းချိုင့်၊ ဆွဲခြင်းလေးတွေ ရှေ့ချပြီး ငြိမ်းချမ်းစွာ ဆန္ဒပြနေကြပါတယ်။ တောင်းဆိုချက်တွေက လုပ်အားခတိုးမြှင့်ဖို့၊ အချိန်ပို အလုပ်ချိန်အတွက် ငွေကြေး တိုးမြှင့်ပေးဖို့ အစိုးရရုံးပိတ်ရက်မှာ အများနည်းတူ ပိတ်ရက်ထားဖို့ အလုပ်ရှင်ဆီမှာ အလုပ်သမားတွေ အခွင့်အရေးတောင်းဆိုကြပါတယ်။

ကျမတို့မြန်မာနိုင်ငံမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဆီသို့လို့ ဘယ်လောက်ပဲ ကြွေးကြော်နေနေ မြန်မာနိုင်ငံရဲ့စီးပွားရေးစနစ်က ပြည်သူလူထုအများစု မိမိလက်၊ မိမိခြေသာ အားပြုနေရတဲ့ သဘာဝစီးပွားရေးပဲ ဖြစ်နေပါသေးတယ်။ အလုပ်သမားတစ်ယောက်က သူအသက်ရှင်ရပ်တည်ဖို့အတွက် အချိန်နာရီအပြောင်းအလဲမရှိတဲ့ စက်ချုပ်လုပ်ငန်းကို မရပ်မနား လုပ်နေပါတယ်။ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မြောက်ဥက္ကလာ၊ ပဲခူး အစရှိတဲ့ ပုဂ္ဂလိက အထည်ချုပ်အလုပ်သမားတွေရဲ့ နေ့စဉ်ဖြတ်သန်းနေရတဲ့ဘဝကို နိုင်ငံရေးအကျဉ်းကျ မိသားစုဝင်ဖြစ်ခဲ့တဲ့ မလွင်လွင်မိုးက ခုလို ပြောပြပါတယ်။

မလွင်လွင်မိုးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မင်္ဂလာဒုံမြို့နယ် အမျိုးသမီးတာဝန်ခံ ဒေါ်မြင့်မာလာရဲ့ သမီးဖြစ်ပါတယ်။ ၁၉၉၉ ခုမှာ လူငယ် ဖွဲ့စည်းရေးအတွက် အင်အားဖြည့်တော့ မင်္ဂလာဒုံမြို့နယ်မှာ လူငယ်အဖွဲ့စည်းရေးကို တာဝန်ခံဖွဲ့ခဲ့တဲ့ ဒေါ်မြင့်မာလာနဲ့အတူ သမီးမမြင့်မြင့်သိန်း၊ မစုစုစံတို့ သားအမိ သုံးယောက်လုံး တစ်နေ့တည်း တစ်ချိန်တည်း အဖမ်းခံလိုက်ရပါတယ်။ တစ်နေ့စာ တစ်နေ့ အလျှင်မီအောင်ရှာစားနေရတဲ့ မိသားစုတွေ အတော့်ကိုဒုက္ခရောက်ခဲ့ရ ပါတယ်။ မိခင်နဲ့အတူ အစ်မနဲ့ညီမ အဖမ်းခံရတော့ မလွင်လွင်မိုး လှိုင်သာယာ စက်မှုဇုံမှာ စက်ချုပ်ပြီး အိမ်စရိတ်ရှာခဲ့ရပါတယ်။ အထည်ချုပ်လုပ်ငန်းက မနက် ၈ နာရီကနေ ညနေ ၄ နာရီကို အလုပ်ချိန်အဖြစ် သတ်မှတ်ထားပါတယ်။

ညနေ ၄ နာရီနောက်ပိုင်းဆို တစ်နာရီ ၁၀ ရတဲ့သူက ၂၀ ရပါတယ်။ စက်ချုပ်တဲ့ သူက တစ်နေကုန် စက်ချုပ်ရပါတယ်။ ဟတ်ပါဆိုတဲ့ စက်ချုပ် အကူက အထည်ချုပ်တဲ့သူကို အကုန်လုပ်ပေးရပါတယ်။ အင်္ကျီရှေ့ခြမ်းနောက်ခြမ်း နံပါတ်တိုက်ပေး၊ ခဲဆွဲ၊ မီးပူးတိုက်၊ အမွေးညှပ်ရတာ ဟတ်ပါတစ်ဦးချင်းရဲ့အလုပ်ပါ။ အထည်ချုပ်တဲ့သူနဲ့ ဟတ်ပါကြောင့် အထည်ဖြစ်ရတာပါ။ ထမင်းစားနားချိန် မိနစ် ၃၀ ပေးပါတယ်။ အထည်အော်ဒါ အရေးကြီးရင် ၁၅ မိနစ်ပဲ ထမင်းစားချိန်





ရပါတယ်။ စက်ရုံကို ၇ နာရီရောက်ရပါတယ်။ ဖယ်ရီမမီလို့ လိုင်းကားစီးရင် နောက်ကျတတ်ပါတယ်။ ဒီလိုဆိုရင်တော့ လုံခြုံရေးက စက်ရုံထဲ အလုပ်သမားတွေကို ဆေးမဝင်တော့ပါဘူး။ အလုပ်ချိန် မနက် ၈ နာရီ သတ်မှတ်ပေမယ့် ၇ နာရီခွဲမှာ အလုပ်ဝင်ရပါတယ်။ ကိုယ့်ရဲ့ တစ်နေ့တာလုပ်အားခထဲက တစ်လလုံး ရက်မပြတ်ကြေး ဘောနက်ကို အဆုံးရှုံးမခံနိုင်ကြတာ အလုပ်သမားတိုင်းပါ။

နေမကောင်းလို့ လကုန်ကာနီးကျမှ တစ်ရက်လေး အလုပ်ပျက်ရင်တောင် အလုပ်သမားအပေါ်မှာ အလုပ်ရှင်က ငဲ့ညှာမှုမရှိပါဘူး။ ၂၉ ရက် ကြိုးစားခဲ့တဲ့ အလုပ်ချိန်တွေကို မထောက်ထားဘဲ ဘောနက် မပေးတော့ပါဘူး။ တစ်နာရီ ၁၅ ထည်ပဲပြီးမယ့်အထည်ကို ၄၅ ထည်ပြီးအောင် အလုပ်ရှင်က တောင်းတတ် ပါတယ်။ ဟတ်ပါဆိုတဲ့ အကူအလုပ်သမားက တစ်နေကုန် မတ်တပ်နေရပါတယ်။ ထိုင်ချင်ရင် ပိုင်ရှင်မသိအောင် ထိုင်ရပါတယ်။ ကုန်ဈေးနှုန်းတက်လာတယ်။ လုပ်အားခတိုးမလာပါဘူး။ လစာကို သတ်မှတ်ရက်ထက် နောက်ကျမှပေးပါတယ်။ ၄ ၅ ရက်နောက်ကျမှ လစာပေးတော့ ဆင်းရဲသားအလုပ်သမားအတွက် အခက်အခဲဖြစ်ရပါတယ်။ အိမ်မှာ နေထိုင်မကောင်းသူရှိတဲ့အခါ၊ အိမ်ရဲ့ လိုအပ်ချက်တွေရှိတဲ့အခါ မတ်တပ်စာတောင် မလောက်တော့ ငွေတိုးနဲ့ ချေးသုံး ရပါတယ်။ လခထုတ်တဲ့အခါ အတိုးအရင်းငွေရှင်ကိုပြန်ဆပ်၊ နောက်နေ့ ငွေဘယ်လောက်ထပ်ယူမယ်ဆိုပြီး မှာရပြန်ပါရော။

အလုပ်သမားအများစုရဲ့ ထမင်းချိုင့်ထဲမှာ ဘဲဥပြုတ်၊ ဘဲဥကြော်ပဲ များပါတယ်။ ထမင်းတောင် အပူမပါပါဘူး။ ထမင်းကြမ်းပဲ ပါလာပါတယ်။ တချို့ဆို ငရုတ်သီးကို ဆီနဲ့ဆမ်းလာကြတယ်။ နယ်ကလာသူကိုရော မြို့မှာနေသူ ကိုပါ အလုပ်ပင်ပန်းပြီး အစာအဟာရချို့တဲ့လို့ ကျန်းမာရေးထိခိုက်ကုန်တယ်။ မွေ့ရာသီဆို မူးပြီးလဲကျတာရှိပါတယ်။ စက်ရုံထဲမှာမူးလဲလို့ သတိပြန်ရရင် ချက်ချင်း အလုပ်လုပ်ခိုင်းတယ်။ သတိလစ်ရင်တော့ ဆေးခန်းပို့ပေးတယ်။ နောက်နေ့ သတိလစ်တဲ့လူ အလုပ်မဆင်းနိုင်ရင် တစ်လလုံးမှာ ရက်ပျက်မရှိတဲ့ ဘောနက် ပြတ်တယ်။ အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ ဒီလိုအခက်အခဲတွေ ခွင့်လွှတ် ပေးနိုင်ရမှာပေါ့။ ဒါပေမဲ့ ခွင့်လွှတ်မပေးပါဘူး။ စက်ရုံတိုင်းမှာ ဆရာဝန်မရှိပါဘူး။ စာရေးမပဲရှိပါတယ်။ အဲဒီစာရေးမက အလုပ်သမားတွေ



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်ရှနာဖြစ်ရင် ပလာစတာ ပေးတယ်။ အဖျားအနာထူတဲ့အချိန်ဆို ကွမ်းရွက်ဗမာဆေးပေးတယ်။ အလုပ်သမားတွေ အရမ်းနစ်နာပါတယ်။ နယ်က အလုပ်လာလုပ်တဲ့သူက ဖျားနာရင်လည်း အိမ်ဟာတိုင် ဆင်းချင်ကြပါတယ်။ အစိုးရအလုပ်ရုံက အလုပ်သမားတွေ ကျတော့ လူမှုဖူလုံရေးဆေးခန်းတွေရှိပေမယ့် ဆေးကုသခွင့်ရချင်ရင်၊ အလုပ်သမား ဆေးရုံကြီးကိုတက်ပြီး ဆေးကုသခံယူချင်ရင် အလုပ်သမားတွေက လူမှုဖူလုံရေး ဆေးခန်းဆရာဝန်တွေကို လာဘ်ထိုးရပါတယ်။ ပုဂ္ဂလိကစက်ရုံ အလုပ်သမားပဲ ဖြစ်ဖြစ်၊ အစိုးရစက်ရုံ အလုပ်သမားပဲဖြစ်ဖြစ် ခံစားချက်တူတာက စက်ရုံအဝ ရောက်တာနဲ့ ခြေတွေလက်တွေ လေးလံလာပါတယ်။ စက်ရုံထဲ မဝင်ချင်ကြဘူး။ ဘယ်တော့မှ ဒီဘဝက လွတ်မြောက်ပါ့မလဲလို့ ခံစားကြရတယ်။ စက်ချုပ် အလုပ်သမားတွေ၊ အပ်ချုပ်စက်မော်တာပေါ်မှာထိုင်နေတာနဲ့မတူဘဲ အလုပ်သမားတွေ ခန္ဓာကိုယ်ထဲက အသွေးအသားတွေကို ဝါးမြိုစားသောက်နေတဲ့ စက်ကြီးတစ်လုံးကို နင်းနေရတာနဲ့ တူပါတယ်တဲ့။ ဒီလိုအဖြစ်အပျက်မျိုးတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ မလွင်လွင်မိုးကလည်း မနက် ၅ နာရီထအလုပ်သွား၊ ည ၁၀ နာရီပြန်ရောက်၊ စက်ရုပ်တစ်ရုပ်လိုပဲလို့ သူခံစားရတယ်။ ကိုယ်ကာယပင်ပန်းမှုကို သူကြံ့ကြံ့ခံ နိုင်ပေမယ့် စစ်ထောက်လှမ်းရေးကဖမ်းဆီးသွားတဲ့ သူ့အစ်မ မမြင့်မြင့်သိန်းရဲ့ ကလေးလေး နို့ဆာလို့ ငိုတဲ့အသံကိုတော့သူ စိတ်အထိခိုက်ရဆုံးပါပဲတဲ့။

လူအသီးသီးမှာ အတွင်းသားဘဝလို့ခေါ်တဲ့ ဘဝလိုအပ်ချက်ရှိပါတယ်။ အဲဒီဘဝကို ဘယ်သူမဆို ကြည့်ရှုနိုင်ခွင့်ရှိပါတယ်။ ကိုယ့်ရဲ့ခံစားချက်၊ တွေးမြင်ယူဆချက်တွေဟာ ကိုယ်တစ်ယောက်တည်းပိုင်ပစ္စည်း မဟုတ်ပါဘူး။ လူတစ်ဦးချင်းရဲ့ အတွေးအခေါ် အတွေ့အကြုံတွေဟာ လူထုကြီးတစ်ရပ်လုံးရဲ့ အတွေ့အကြုံတွေနဲ့ ချက်ချင်း ပေါင်းစပ်ရောနှောသွားလို့ လူထုတိုက်ပွဲတွေ၊ ဆန္ဒပြမှုတွေ ဖြစ်ပေါ်လာရတာပါ။ အကျိုးတူသူချင်း အကျိုးတူပူးပေါင်းသွားကြစမြဲပါ။ အလုပ်ရှင်နဲ့ အလုပ်သမားဘဝကတော့ မတူညီတဲ့ အကျိုးစီးပွားပေါ်မှာရှိနေပါတယ်။ ဒီအခက်အခဲကို ကောင်းမွန်တဲ့ အစိုးရအုပ်ချုပ်မှုအောက်မှာသာဆိုရင် တရားနည်းလမ်းကျစွာ မှန်ကန်တဲ့ဖြေရှင်းနည်းနဲ့ ဖြေရှင်းပေးမှာပါ။ အခုတော့ ကျမတို့ မြန်မာနိုင်ငံက အလုပ်သမားတွေ၊ ပြည်သူလူထုတွေ စစ်ဖိနပ်အောက်မှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ လူးလွန့်နေရတာမြင်တော့ မချိတင်ကဲ ဖြစ်ရပါတယ်။





ခံခဲ့ပြည်သူလူထုရဲ့ အနာဂတ်ဟာ စစ်အာဏာရှင်ရှိနေသရွေ့ ဝမ်းနည်းစရာတွေချည်းကြုံတွေ့နေရမှာပါ။

စိတ်မချမ်းမသာ အဖြစ်ရဆုံးအသံက ၈ လအရွယ်ကလေးရဲ့ နို့ဆာလို့ငိုတဲ့အသံလို့ မလွင်လွင်မိုးက ပြောပါတယ်။ ၈ လအရွယ် လူမမယ်ကလေးငယ်ရဲ့ ဆာလောင်မွတ်သိပ်မှု၊ မိခင်ရင်ငွေ့ကို တမ်းတမှုတွေရဲ့ ငိုကြွေးသံကို လူသားစိတ်ရှိသူတိုင်း ဘယ်နားထောင်ရက်ပါ့မလဲ။ မိခင်ကကော သဘာဝအတိုင်း ရင်သွေးငယ်နို့ဆာရင် မိခင်ရဲ့သားမြတ်တွေ တင်းလာမယ်။ နို့တွေသက်လာမယ်။ ဒီဝေဒနာကို အကျဉ်းထောင်ထဲက သံတိုင်တွေကြားမှာ မျက်မှောက်ပြုနေရတဲ့ နိုင်ငံရေးအကျဉ်းသူဘဝနဲ့ သားငယ်ကိုရင်ထဲပွေ့ပြီး နို့တိုက်ချင်တဲ့ မိခင်တစ်ယောက်ရဲ့ စိတ်ဆန္ဒတိုက်ပွဲကို မမြင့်မြင့်သိန်း ပင်ပင်ပန်းပန်း ဆင်နွှဲခဲ့ရပါတယ်။

အကျဉ်းထောင်ပြင်ပက အကျဉ်းကျမိသားစုတွေရဲ့ ပင်ပန်းမှုကလည်း ဆင်းရဲခြင်းတရားကို အာရုံ ၆ ပါးစလုံးနဲ့ ထိထိမိမိ ခံစားရပါတယ်။ အိမ်တစ်အိမ်မှာ ကိုယ်ထူကိုယ်ထ လုပ်ကိုင်စားသောက်နေရတဲ့ မိသားစုဘဝမှာ အလုပ်လုပ်နေတဲ့ သူ့မိခင်၊ အစ်မ၊ ညီမတွေ အဖမ်းခံရတော့ သူတို့မိသားစုစားဝတ်နေရေး သိပ်ကိုချုပ်တည်းသွားရပါတယ်။ မနက်စောစောထ၊ ထမင်းချက်၊ ငှဲ့ထားတဲ့ထမင်းရည်ကို ဆက်ဆာအစာပြေ လူကြီးတွေကသောက်။ ၈ လအရွယ် ကလေးငယ်ကိုလည်း ထမင်းရည်နို့ဘူးထဲ ထည့်တိုက်ပါတယ်။ နို့မှုန့်ဝယ်ပြီး မတိုက်နိုင်ခဲ့ပါဘူး။ မလွင်လွင်မိုးတို့ မိသားစုတွေ ဒုက္ခဆင်းရဲကို အဆုံးစွန်း ခံစားရပြီးတဲ့နောက် ဘာကိုမှ မမှုနိုင်တော့ပါဘူးတဲ့။ မင်္ဂလာဒုံမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးတာဝန်ခံ ဒေါ်မြင့်မာလာ၊ လူငယ်အဖွဲ့ဝင် မမြင့်မြင့်သိန်း၊ မစုစုစံတို့ အိမ်ကို အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဘဘဦးတင်ဦးတို့ သွားရောက် သတင်းမေးခဲ့ပါတယ်။ တစ်အိမ်တည်းမှာ မိသားစု ၃ ယောက် ဖမ်းဆီးထိန်းသိမ်းခံရတဲ့အတွက် ဘယ်လောက် ဆင်းရဲဒုက္ခရောက်မယ်ဆိုတာ ကျမတို့ နားလည်ပါတယ်လို့ပြောခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည် စကားနဲ့တင် ဆင်းရဲဒုက္ခတွေမရှိတော့ဘူးလို့ မလွင်လွင်မိုးတို့ အကျဉ်းကျမိသားစုတွေ ခံစားခဲ့ကြပါတယ်။

ထို့အတူပါပဲ။ လူငယ်ဖွဲ့စည်းရေးကို အင်အားဖြည့်ဖွဲ့စည်းခဲ့တဲ့ ဒေါ်မြင့်မာလာ၊ မမြင့်မြင့်သိန်း၊ မစုစုစံတို့ကို စစ်ကြောရေးစခန်းထဲမှာ စစ်ထောက်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းရေးက ခင်းဗျားတို့ အဖွဲ့ချုပ်မြို့နယ်လူငယ် ဘာလို့ပြင်ဆင်ဖွဲ့စည်းတာလဲ ဘာလို့ တာဝန်ခံပြီးဖွဲ့ရတာလဲလို့ ခြိမ်းခြောက်ပြောဆိုပါတယ်။ ဒီတော့ ဒေါ်မြင့်မာလာတို့သားအမိက ကျမတို့က တစ်နေ့လုပ်၊ တစ်နေ့စားတွေ။ ဆင်းရဲတယ်။ ဒီဆင်းရဲတွင်းကနေ ဒေါ်အောင်ဆန်းစုကြည်ကပဲ ဆွဲတင်နိုင်မယ်လို့ ကျမ ယုံကြည်တယ်။ ကျမတို့ ခေါင်းဆောင်ကပြောဖူးတယ်။ အဖွဲ့ချုပ်ရုံးရှေ့မှာ ဆန်ဝေတော့လေ။ လာယူတဲ့လူတွေများလွန်းလို့ ကားလမ်းတွေပါပိတ်သွားတယ်။ ကိုယ့်အိမ်ဆန်အိုးထဲကဆန်ကို ရဲရဲတင်းတင်း ဖူဖူလုံလုံ ချက်ပြုတ်စားနိုင်အောင် ကျမ လုပ်ပေးချင်ပါတယ်လို့ ပြောခဲ့တယ်။ အဲဒီစကားကို ကျမယုံကြည်တယ်။ ဒေါ်အောင်ဆန်းစုကြည်က ကျမတို့နိုင်ငံကို သူပဲခေါင်းဆောင်နိုင်မှာ။ ဒါကြောင့် တာဝန်ခံပြီး လူငယ် ၂၁ ဦးဖြစ်အောင် အင်အားဖြည့်ခဲ့တာ။ ပြန်လည်ဖွဲ့စည်းတာ မဟုတ်ပါဘူးလို့ ရဲရဲဝံ့ဝံ့ ဖြေဆိုခဲ့ပါတယ်။

ဒေါ်မြင့်မာလာတို့ အင်းစိန်အကျဉ်းထောင်ထဲမှာ ၁ နှစ်ကျော် ထိန်းသိမ်းခံ ခဲ့ရပေမယ့် မိသားစုနဲ့ ထောင်ဝင်စာ တွေ့ခွင့်မရခဲ့ပါဘူး။ တစ်လတစ်ကြိမ် စစ်ထောက်လှမ်းရေးက အိမ်ကိုလာပြီး ပါဆယ်ယူပေးပါတယ်။ ဒီလို အိမ်က ပါဆယ်ရနိုင်ဖို့ ဒေါ်မြင့်မာလာတို့တွေ အင်းစိန်အကျဉ်းထောင်ထဲမှာ တာဝန်ရှိ သူတွေကို တောင်းဆိုခဲ့ရပါတယ်။ ရုပ်ခန္ဓာ အခြေအနေတွေကလည်း ယိုယွင်း လာခဲ့တာမို့ အိမ်က ပါဆယ်ပို့ခွင့်ပြုခဲ့ပါတယ်။ အဝတ်တစ်ထည် ကိုယ်တစ်ခု လိုက်ပါသွားရတဲ့ ဒေါ်မြင့်မာလာတို့ အင်းစိန်အကျဉ်းထောင်ထဲမှာ ရေချိုးခွက် တစ်ပတ် မရခဲ့ပါဘူး။ နေ့ညမအိပ်ရဘဲ စစ်ကြောရေးဝင်ရတဲ့ဒဏ်နဲ့ အာဟာရ မရှိမှုကြောင့် မူးမေ့လဲကျကုန်ပါတယ်။ မူးပြီးလဲကျသွားတဲ့ မမြင့်မြင့်သိန်း ခြေထောက်ကျိုးသွားခဲ့ရပါတယ်။ နှစ်လပြည့်မှ အိမ်ကို ဘာမှာချင်လဲလို့ အာဏာပိုင်က မေးပါတယ်။ ပထမအခေါက်ပဲ ပစ္စည်းကောင်းကောင်းမွန်မွန် ရပါတယ်။ နောက်ထပ်မှာတဲ့ပစ္စည်းတွေဆို ဟင်းတွေ၊ မုန့်တွေမှီတက်မှ ဒေါ်မြင့်မာလာတို့ ဆီရောက်ပါတယ်။ မြို့နယ်လူငယ်ဖွဲ့စည်းရေး အင်အားဖြည့်ပြီး တာဝန်ခံဖွဲ့ခဲ့တဲ့ ဒေါ်မြင့်မာလာတို့သားအမိ ၃ ယောက် အင်းစိန်အကျဉ်းထောင်မှာ နှစ်နှစ်ကျော် ထိန်းသိမ်းခံခဲ့ရပါတယ်။

နိုင်ငံရေးအကျဉ်းသူ ဒေါ်မြင့်မာလာ၊ မမြင့်မြင့်သိန်း၊ မစုစုစံတို့သားအမိ ၃ ယောက် သူတို့ယုံကြည်ချက်အတွက် စွန့်လွှတ်မှုပေါင်းများစွာ ပေးဆပ်ခဲ့ ပါတယ်။ ထို့အတူပါပဲ။ အကျဉ်းကျမိသားစုဝင် မလွင်လွင်မိုးလည်း ပင်ပန်းမှုပေါင်း ခြင်းခြမှုပေါင်းများစွာ ရင်နှီးခဲ့ပြီးမှ မိသားစုဝင်တွေကို ထောင်ဝင်စာ ပါဆယ်ပေးပို့ ခဲ့ရပါတယ်။ အထည်ချုပ်စက်ရုံက လခထုတ်ရတိုင်း သူတို့ဘဝတူအလုပ်သမား တွေရဲ့ အသွေးအသားတွေကို အလုပ်ရှင်ဆီ ဖဲ့ဖဲ့ပေးလိုက်ရသလို ခံစားရတယ်လို့လည်း ဆိုပါတယ်။ အထည်ချုပ်စက်ရုံက အလုပ်သမားတွေ၊ အလုပ်ရှင်ရဲ့လောဘမီး လောင်ကျွမ်းခံစားနေရပါတယ်။ ဒီမီးကို တရားနည်းလမ်းကျကျ အမြန်ဆုံး ငြိမ်းသတ်နိုင်ကြပါစေ။

မျှဝေခံစားနိုင်ကြပါစေ။

❑





အရှေ့ ကြယ် စာပေ

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၄ စက်တင်ဘာလ ၂၀ရက်နေ့မှာ ပြေးရဲပြေးကြည့် ငါးမန်းတွေ ပိုင်းထားတယ်ဆိုတဲ့ ကျွန်းကနေ အတီး ဖဒိုမန်းငြိမ်းမောင်နဲ့ အတူ ဖယီးမန်းအောင်ကြည်၊ ဦးအောင်ငွေတို့ ၃ ဦး လှေတစ်စီးနဲ့ ထွက်ပြေးခဲ့ကြပါတယ်။



# ဖဒိုမန်းငြိမ်းမောင်

နိုင်ငံရေးသမားတွေရဲ့ဘဝထဲက အဖိုးမဖြတ် နိုင်တဲ့တရားတွေက အားအဖြစ်နဲ့ ကျမရင်ထဲ စီးဝင်လျက်ရှိပါတယ်။ ဒီအားတွေဟာ ယခု ကျမအတွက် တရားတစ်ခုဖြစ်လာပါတယ်။ ခက်ခဲပင်ပန်းတဲ့ကာလတွေမှာ ကျမလိုက်နာ ကြိုးပြင်းခဲ့ရတဲ့ ပတ်ဝန်းကျင်တန်ဖိုးတွေ၊ ဘဝသင်ခန်းစာတွေနဲ့ အားဖြည့်ခဲ့ရတာပါ။ ကျမ ကြိုးပြင်းရတဲ့ အသိုင်းအဝန်းက အများပြည်သူအပေါ်၊ ရဲဘော်ရဲဘက်အပေါ် ဘယ်လောက် အနစ်နာခံလဲဆိုတဲ့ စံနှုန်းတွေနဲ့ တန်းဖိုးဖြတ်ကြပါတယ်။ ဘယ်လောက် ချမ်းသာသလဲဆိုတဲ့ ဂုဏ်ပကာသနတွေနဲ့ တန်ဖိုးမဖြတ်ကြပါဘူး။ ကျမ ၇ နှစ် သမီးမှာ ဖေဖေ ကိုကိုးကျွန်းက လွတ်မြောက် လာပါတယ်။ ဖေဖေ့ရဲ့ကိုယ်ပိုင် ပုံပြင်တွေ ကြောင့် သားအဖ မြန်မြန်ရင်းနှီးခဲ့တာပါ။ ဖေဖေပြောပြတဲ့ ကိုကိုးကျွန်း ပုံပြင်တွေမှာ ဇာတ်လိုက်တွေ အများကြီးပါပဲ။

လက်ရှိဘဝထဲက သူရဲကောင်းပုံပြင်တွေကို ကျမပိုလို့စိတ်ဝင်စားခဲ့ ရပါတယ်။ ဒီထဲကမှကိုကိုးကျွန်းကနေ လှေနဲ့ပင်လယ်ဖြတ်ပြီး တော်လှန်ရေး အတွက် ခရီးဆက်ခဲ့တဲ့ ကရင်အမျိုးသား ဖဒိုမန်းငြိမ်းမောင်အကြောင်း နားထောင် ခဲ့ရပါတယ်။ လူငယ်တစ်ယောက်ရဲ့ စွန့်လွှတ်စွန့်စားစိတ်၊ တိုင်းပြည်ချစ်စိတ်၊ ရဲဘော်ချစ်စိတ်တွေကို နားထောင်ပြီး ပုံပြင်ထဲက သူရဲကောင်းကို မြင်ဖူးချင်ခဲ့တယ်။ ကရင်အမျိုးသား မန်းငြိမ်းမောင်ဆိုတဲ့ လူငယ်ဟာ ပင်လယ်ကနေလွတ်မြောက်ပြီး ဘာတွေ ဆက်ဖြစ်ခဲ့တယ်ဆိုတာကို ကျမတို့ သိချင်ကြပါတယ်။ ဒါပေမဲ့ ဘဝအခြေအနေက ခွင့်မပြုခဲ့ပါဘူး။

ခေတ်စနစ်ရဲ့ လှိုင်းတံပိုးက ဖဒိုမန်းငြိမ်းမောင်ရဲ့ တော[illegible]တဲ့ အတိတ်ကြိုးနဲ့ ပစ္စုပ္ပန်တော်လှန်ရေးကို ကြိုးဆက်သူအဖြစ် ကျမကို ရိုက်ပုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ တော်လှန်ရေး ရေစီးကြောင်းက ခက်ထန်ပါတယ်။ ဒီတော်လှန်ရေးထဲမှာ ခုချိန်ထိ ဘဝတစ်ခုလုံးပေးဆပ်သူအဖြစ် ရပ်တည်နိုင်ဖို့ ဘယ်လိုအရာတွေက တွန်းအားဖြစ်စေပါသလဲ။

၁၉၄၇ မှာ KNU အစည်းအရုံးအဖွဲ့ကို မတရားသင်း ကြေညာခဲ့ပါတယ်။ ကရင်လက်နက်ကိုင်တော်လှန်ရေးဟာ ကရင်အမျိုးသားတွေ ရွေးချယ်ခဲ့တာမဟုတ်ပါဘူး။ အုပ်စိုးသူအစိုးရက နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းခဲ့ပါဘူး။ ဒါကြောင့် ကရင်အမျိုးသားတွေကို ကာကွယ်ဖို့အတွက်၊ စောင့်ရှောက်ဖို့အတွက် ကရင်တော်လှန်ရေးကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ နှစ်ပေါင်း ၆၀ ကျော်မှာ ကရင်အမျိုးသားဘက်က အုပ်စိုးသူတွေနဲ့ နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းနိုင်ဖို့ ၄ ကြိမ်တိတိ ကြိုးပမ်းခဲ့ပါတယ်။ ၁၉၄၉ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၅၈ မှာ အိမ်စောင့်အစိုးရလက်ထက်မှာ တစ်ကြိမ်၊ ၁၉၆၃ တော်လှန်ရေးကောင်စီခေတ်မှာ တစ်ကြိမ်၊ ၁၉၉၆ န.ဝ.တ လက်ထက်မှာ တစ်ကြိမ်၊ ၄ ကြိမ်စလုံး အုပ်စိုးသူက ကရင်အမျိုးသားတွေကို လက်နက်စွန့်ဖို့၊ လက်နက်ချဖို့ပဲ ပြောခဲ့ပါတယ်။ ကရင်တွေကိုကြည့်ချင်ရင် ပြတိုက်မှာကြည့်ရမယ်ဆိုပြီး စစ်ပြုတိုက်ခိုက်ခဲ့ပါတယ်။

စစ်မှန်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အသိအမှတ်ပြုမှာ လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို အပြန်အလှန် လေးစားမှုရှိမှသာ စစ်မှန်တဲ့ဒီမိုကရေစီ ရရှိမှာဖြစ်ပါလိမ့်မယ်။ ဖဆပလ က လူမျိုးရေး အဓိကရုဏ်းဖန်တီးခဲ့ပါတယ်။ အဲဒီတုန်းက အတီးဖဒိုမန်းငြိမ်းမောင် သိတတ်စအရွယ်ပါ။ အတီးတို့က မြစ်ဝကျွန်းပေါ် ပန်းတနော် ရွာဘက်ကဖြစ်ပါတယ်။ မြစ်ချောင်းအင်းအိုင်တွေက တစ်မျှော်တစ်ခေါ်၊ နှစ်ပေါင်းများစွာထဲက ကရင်-ဗမာ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့တဲ့ ချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းရုံးမှုကို လူမျိုးရေးအဓိကရုဏ်းဖန်တီးပြီး အုပ်စိုးသူက ဖျက်ဆီးခဲ့ပါတယ်။

ဖဒိုမန်းငြိမ်းမောင် အမြဲပြောခဲ့တဲ့ စကားရှိပါတယ်။ အတီးဘဝမှာ ဂုဏ်ယူရတဲ့အကြောင်း ၂ ချက်ရှိတယ်။ မိဘမရှိတဲ့ ငယ်စဉ်ဘဝမှာ ကိုယ့်ဘဝကိုယ် ကျောင်းခဲ့ရပါတယ်။ ကိုယ့်ဘဝကိုယ် ရုန်းကန်ခဲ့ရတယ်။ ဝမ်းနည်းဝမ်းသာဖြစ်ရင် စာဖတ်တယ်။ စာဖတ်တဲ့အမွေကို အဖေ့ဆီက ရခဲ့ပါတယ်။ စာပေအသိနဲ့ ကိုယ့်ဘဝကို မပျက်ဆီးအောင်နေခဲ့တယ်။ နောက်တစ်ခုကတော့ ဗမာပြည်မှာ အတိုးတက်ဆုံးအင်အားစုတွေနဲ့ မိတ်ဆွေဖြစ်ခဲ့ရတယ်။ အတိုးတက်ဆုံးအဖွဲ့အစည်းထဲက ဗ.က.သ၊ ရ.က.သ ကျောင်းသားခေါင်းဆောင်တွေနဲ့ တွဲလုပ်ကိုင်ခဲ့ရပါတယ်။ တိုးတက်တဲ့ ခေါင်းဆောင်တွေဖြစ်တဲ့ လေထီးဦးလွင်အုန်းမောင်၊ ဦးခင်မောင်မြင့်၊ ဆရာဇန်းမောင်တင်အောင်၊ ဆရာမြသန်းတင့်၊ ဆရာဂျန်တို့နဲ့ ကိုကိုးကျွန်းမှာ အတူနေခဲ့ရတဲ့အတွက် မှန်ကန်တဲ့အတွေးအခေါ်၊ မှန်ကန်တဲ့အသိတွေ ရခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့အထိ တော်လှန်ရေးထဲမှာ ပါဝင်နိုင်ခဲ့တာပါ။ ကိုယ်ကျိုးစွန့်သွားတဲ့ ခေါင်းဆောင်တွေဟာ စေတနာသန့်သန့်နဲ့ လုပ်ဆောင်သွားခဲ့တယ်။ အတီးဘဝမှာ ကြောက်စရာကုန်သွားလို့ ဘာမှ မကြောက်တော့ဘူးဆိုတဲ့ ဖဒိုမန်းငြိမ်းမောင် က အသက် ၆၀ ကျော်အရွယ်နဲ့မှ သိပ်ကိုတက်ကြွတဲ့သူပါ။ နှစ်လိုဖွယ်အပြုအမူတွေ ရှိပါတယ်။

၇၁ ကြိမ်မြောက် ကရင်နှစ်သစ်ကူးပွဲတော် မိန့်ခွန်းထဲက ကရင်လူမျိုးတွေရဲ့ အတိတ်ပစ္စုပ္ပန်ကို မျက်ဝါးထင်ထင် မြင်ခဲ့ရပါတယ်။ ကျနော်တို့တွေ ခုလို ကရင်နှစ်သစ်ကူးပွဲကို ကျင်းပနေချိန်မှာ ကျနော်တို့ရဲ့ပြည်သူ၊ ကရင်အမျိုးသားတွေဟာ ရှေ့တန်းစစ်မျက်နှာပြင်မှာ စစ်အစိုးရရဲ့ဖိနှိပ်မှုကြောင့် အသက်ရှင်ရပ်တည်ဖို့အတွက် ဒုက္ခသည်တွေလို ပြေးလွှားပုန်းရှောင်နေရပါတယ်။ ကိုယ့်လူမျိုးရဲ့ရိုးရာပွဲကို သူများနိုင်ငံထဲမှာကျင်းပရတာ သိပ်ကိုကြေကွဲစရာကောင်းပါတယ်။ စောဘဦးကြီး ပြောတဲ့စကားကို နှစ်သစ်ကူးလက်ဆောင် ပေးပါရစေ။ ကရင်လူမျိုးတွေဟာ တော်လှန်ရေး တစ်ခါမှ မလုပ်ခဲ့ဖူးဘူး။ အခု တော်လှန်ရေးက ပထမဦးဆုံးနဲ့ နောက်ဆုံးဖြစ်တယ်။ ကရင်တွေဟာ အုပ်ချုပ်တဲ့လူတန်းစားတွေ တစ်ခါမှ မဖြစ်ခဲ့ဘူး။ အဖိနှိပ်ခံလူမျိုးတစ်မျိုးအဖြစ်နဲ့ပဲ နေခဲ့ရတယ်။ ရန်ကုန်သွားပြီး လည်စင်းမပေးသရွေ့ ကရင်တော်လှန်ရေးဟာ ဘယ်တော့မှ မကျဆုံးဘူးတဲ့။

မုန်တိုင်း၊ လှိုင်း၊ ပင်လယ်ကြားမှာ လှေငယ်တစ်စီးနဲ့ ၁၄ ရက်ကြာ ရုန်းကန်ကျော်ဖြတ်ခဲ့သူတစ်ဦး။ သဘာဝအန္တရာယ်ကနေ လွတ်မြောက်ပြီးမှ မိမိရဲ့ဘော်လွတ်မြောက်ရေးအတွက် ပြန်လည်အဖမ်းခံခဲ့ရတဲ့ လူသားတစ်ဦး။ သာမန်ကာလရဲ့ သူရဲကောင်းတစ်ဦး မဟုတ်တဲ့သူ။ မြေရိုင်းပြင်ပြီး လေရိုင်းဆန်တဲ့ ဖဒိုမန်းငြိမ်းမောင်က သူတို့ဖြတ်သန်းခဲ့တဲ့ သမိုင်းခေတ်အတွေ့အကြုံထဲက




အရှေ့ကြယ် စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်တွေရဲ့ ကြီးမြတ်တဲ့ပြိုင်ဆိုင်မှုတွေနဲ့ ခြေ ၂ ခြေမှာ သင်ပုန်းချေခြင်းကို ရွေးချယ်ခဲ့သူတစ်ယောက်လည်းဖြစ်ပါတယ်။

၁၉၆၅ ခုမှာ မြေအောက်တော်လှန်ရေးသမားအဖြစ်နဲ့ အတီး အဖမ်းခံခဲ့ရပါတယ်။ ဘောင်ဒရီ စစ်ကြောရေးစခန်းမှာ အရှင်လတ်လတ် အရေခွံ အခွာခံခဲ့ရပါတယ်။ ၁၉၆၈ မှာ အင်းစိန်ထောင်ကို အပို့ခံလိုက်ရပါတယ်။ ထောက်လှမ်းရေး စာမေးပွဲကျခဲ့သူတွေပေါ့။ အုပ်စိုးသူအကြိုက် မဖြေဘဲ ကိုယ့်ယုံကြည်ရာကို ရဲရဲဖြေခဲ့သူတွေပါ။ ပြည်တော်ညွှန့်သဘော်နဲ့ လူပေါင်း ၂၃၃ ယောက်ကိုတင်ပြီး တစ်ညနဲ့ တစ်နေ့လုံးမောင်းခဲ့ပါတယ်။ နောက်နေ့မနက် ၁၀ နာရီမှာ ကမ်းတက် ရေယာဉ်ပေါ် ကုန်းပေါင် ၂ ချပ်ထိုးပြီး နိုင်ငံရေးအကျဉ်းသားတွေကို ဆင်းခိုင်းပါတယ်။ ကိုကိုးကျွန်း သောင်ပေါ်မှာ နိုင်ငံရေး အကျဉ်းသားထဲက ဆရာဇန်းမော်တင်အောင် ရပ်ပြပါလို့ ထောင်ပိုင်ကြီး ဗိုလ်ထွန်းရင်လောက ပြောပါတယ်။ ဆရာဇန်းမော်တင်အောင် ရပ်ပြတော့ ကျနော်က ဆရာ့စာဖတ်ပရိသတ်တစ်ဦးပါတဲ့။ ပြီးတော့ ဆက်ပြောတယ်။ ကိုကိုးကျွန်းက ဗမာပြည်ပိုင်တာဆိုတော့ ခင်ဗျားတို့လည်း ပိုင်တာပေါ့။ ကျွန်းပေါ်မှာတော့ ကိုယ်ထူကိုယ်ထပဲတဲ့။ ပြေးရဲရင်ပြေးကြည့် ကျွန်းပတ်လည်မှာ ငါးမန်းတွေရှိတယ်တဲ့။

ကျွန်းပို့တယ်ဆိုတာ အမြင့်ဆုံးဖိနှိပ်မှုပါပဲ။ ကျွန်းပေါ်မှာ တစ်စုတစ်ဝေးကြီး နေခွင့်ရတာပဲရှိတယ်။ ထောင်ဝင်စာတွေဖို့ဝေး၊ မိသားစုနဲ့ စာအဆက်အသွယ်တောင် မရှိခဲ့ပါဘူး။ စာအဆက်အသွယ်ရဖို့ အသက်နဲ့ရင်းပြီး ထောင်တွင်းတိုက်ပွဲတွေ ဆင်နွှဲခဲ့ရပါတယ်။ အတီးတို့ခေတ်က အနစ်နာခံတဲ့စိတ်၊ ကိုယ်ကျိုးစွန့်တဲ့စိတ်နဲ့ ပြိုင်ရတာပါ။ ဆိုတဲ့သီချင်းတောင် တော်လှန်ရေးသီချင်းပဲ ဆိုကြတာပါ။ ငါးတစ်ကောင်ရလာရင်တောင် ကိုယ်မျှားတဲ့ငါး ကိုယ်မစားပါဘူး။ ဘယ်သူ့ အရင်ကျွေးရမလဲ စဉ်းစားတယ်။ ဖျားနာတဲ့သူ၊ နာလန်ထတဲ့သူ၊ အသက်ကြီးတဲ့သူ အတွက် စဉ်းစားတယ်။ အနိမ့်ဆုံးကိစ္စကစပြီး စွန့်လွှတ်ကြတယ်။ အတီးက အင်မတန်ကောင်းတဲ့ နိုင်ငံရေးပတ်ဝန်းကျင်မှာ ရှင်သန်ခဲ့ရပါတယ်။ ရဲဘော်တွေရဲ့ ရဲဘော်စိတ်က လေးစားတန်ဖိုးထားမှုပဲ။ ညီညွတ်ရေးဆိုတာ တိုက်ပွဲမှာ တည်ဆောက်တဲ့ ညီညွတ်ရေးဟာ အခိုင်မာဆုံးပဲ။ တိုက်ပွဲပြင်းလေ ညီညွတ်ရေး ခိုင်မာလေပါပဲ။





၁၉၇၄ စက်တင်ဘာလ ၂၀ ရက်နေ့မှာ ပြေးရဲပြေးကြည့် ငါးမန်းတွေ ပိုင်းထားတယ်ဆိုတဲ့ ကျွန်းကနေ အတီးဖဒိုမန်းငြိမ်းမောင်နဲ့အတူ ဖထီးမန်းအောင်ကြည် ဦးအောင်ငွေတို့ ၃ ဦး လှေတစ်စီးနဲ့ ထွက်ပြေးခဲ့ကြပါတယ်။ ဆတ်သဖုးခြုံထဲမှာ ဖွက်ထားတဲ့လှေကို ဝိုင်းပြီးရေထဲကိုတွန်းချပေးသူ ရဲဘော် ၆ ယောက်ကို အတီး အလေးပြုပြီး ပြည်သူလူထုအတွက် ဆက်လက်တိုက်ပွဲဝင်သွားပါ့မယ်လို့ ကတိပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ အသက်စွန့်ပြီး ပင်လယ်ကို စွန့်စားရမယ့်စိတ်၊ သဖော်သေဖက် ရဲဘော်တွေနဲ့ ခွဲရမယ်ဆိုတဲ့စိတ်က အတီးရင်ထဲမှာ လှိုင်းတံပိုး ဆန်နေခဲ့ပါတယ်။

အတီးတို့ ပင်လယ်ထဲမှာ ၁၄ ရက်ကြာခဲ့ပါတယ်။ ပင်လယ်ရဲ့ ရှိုက်ချက်ကို သိခဲ့ရသလို လှိုင်းကြီးလှေအောက်ဆိုတဲ့စကားကို လက်တွေ့ ကျင့်သုံးနိုင်ခဲ့ပါတယ်။ ၁၄ ရက်မြောက်နေ့မှာ လှေရဲ့ရှက်တိုင်ခြေရင်းမှာ ညည်းမည်းလေးတစ်ခုတွေ့တယ်။ ကမ်းခြေတစ်ခုပါပဲ။ ရွာက မွန်ရွာဖြစ်ပါတယ်။ ထမဆုံးတွေ့တဲ့သူက ကိုသိန်းတန် လို့ဆိုပါတယ်။ ကိုသိန်းတန်ကပဲ မွန်ရွာသူကြီးဆီ သွားဖို့ပြောပါတယ်။ မွန်ရွာသူကြီးက တော်လှန်ရေးကတင်ထားတဲ့ သူကြီးဆိုတော့ အတီးတို့ အားကိုးမိတယ်။ ဒါပေမဲ့ သူကြီးက အတီးတို့ကို စစ်တပ်ကိုအပ်လိုက်ပါတယ်။ ဒါတင် အားမရသေးဘူး။ အချုပ်ခန်းလာပြီး အတီးကို လှောင်ပြုံးနဲ့ ပြုံးကြည့်လိုက်ပါသေးတယ်။ သူကြီးအပြုံးက အတီးရင်ကို ဓားနဲ့ထိုးလိုက်သလို ခံစားလိုက်ရပါတယ်။

အတီးနဲ့ ဦးအောင်ငွေကို ရထားနဲ့ ရေးကိုပို့လိုက်ပါတယ်။ အချုပ်ခန်း ရောက်ခင် ရထားနဲ့ ရေးကိုမသွားခင် အတီးတို့ခံစားရတဲ့ ခံစားမှုတွေက ရှုပ်ရှင်တွေ၊ ဝတ္ထုတွေထက် သည်းထိတ်ရင်ဖိုများလှပါတယ်။ သံဖြူဇရပ် ရောက်ကာနီး အနားကစစ်သားကို အတီးက ဝင်လုံးပြီး သေနတ်လုလိုက်ပါတယ်။ ရထားနဲ့ အရေးပေါ်သံကြိုးကိုဆွဲကြတဲ့အချိန်မှာ ဦးအောင်ငွေက ရထားပေါ်က ခုန်ချပြီး တောင်ကြားထဲကို သေနတ်ထမ်းဝင်သွားတာကို နောက်ဆုံးမြင်လိုက်ရတာပဲ။ အတီးကိုတော့ အင်းစိန်ထောင် ပြန်ပို့လိုက်တယ်။

၁၉၇၄ မှာ အင်းစိန်ထောင်ကနေ ပြန်လွတ်လာပြီး အတီး ရွာကို ပြန်ရောက်ခဲ့ပါတယ်။ မြစ်ဝကျွန်းပေါ်က အရင်လို မဟုတ်တော့ပါဘူး။ KNU



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ၉ ကြိမ်မြောက် ကွန်ဂရက်ကို ဖထီးမန်းဒါဝိတ်က မင်းသွားလေ့လာတဲ့ တော်လှန်ရေးနယ်မြေရောက်တော့ ကရင်တော်လှန်ရေးရဲဘော်တွေ သေနတ်လွယ် ဘောလုံးကန်နေတာကိုမြင်ရတာ ကျက်သရေရှိလိုက်တာ။ လူမျိုးတိုင်းက ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိရမယ် မဟုတ်လား။

ပြာသိုလဆန်း ၁ ရက်ဟာ ကရင်နှစ်သစ်ကူး ကောက်သစ်စားပွဲတော်ပါ။ ကောက်သစ်စပါးဖြစ်ဖို့ စိုက်ပျိုးခဲ့တဲ့ စပါးစေ့တွေဟာ ချက်ချင်းထသီး၊ ချက်ချင်း ကောင်းသစ်ပေါ်ရတာ မဟုတ်ပါဘူး။ အဆင့်ဆင့် ဖြတ်သန်းအချိန်ယူခဲ့ရပါတယ်။ ဖဒိုမန်းငြိမ်းမောင်တို့ ဒီမိုကရေစီမျိုးစေ့တွေဘ၀၊ ချွေးသွေးအသက်တွေ အများကြီးရဲ့ အတူ သမိုင်းများစွာ၊ မျိုးဆက်များစွာ ကြဲပက်ထားပါတယ်။ ဒီကောက်သစ် ပေါ်ချိန်မှာ ကျမတို့အားလုံး ရိတ်သိမ်းပျော်ရွှင်ရမယ်လို့ နက်နက်ရှိုင်းရှိုင်း ယုံကြည် နေမိပါတယ်။

မျှဝေခံစားနိုင်ကြပါစေ

❑



မိသားစုကိုအသိမပေးဘဲ
ဦးမောင်ကို [illegible]
[illegible]
[illegible]
ကိုယ်ချင်းစာနာသူ၊ [illegible]
စစ်အာဏာရှင်ကို မကျေနပ်သူတွေက
[illegible]
[illegible] ခဲ့ကြပါတယ်။

# ဦးမောင်ကို

ကျမတို့မြန်မာနိုင်ငံမှာ စစ်အာဏာရှင်စနစ် မရှိရေးနဲ့ စစ်မှန်တဲ့ဒီမိုကရေစီရရှိရေး အတွက် မျိုးဆက်ဟောင်းတွေရဲ့ ယုံကြည်ချက် သတ္တိကို မျိုးဆက်သစ်တွေက သယ်ဆောင်ပြီး လက်ဆင့်ကမ်းပြေးပွဲလိုမျိုး ပန်းတိုင်ရောက်အောင် သယ်ပိုးနေကြ ပါတယ်။ ဒါကြောင့်လည်း အရေးတော်ပုံ အရေးအခင်းပေါင်းများစွာမှာ၊ စစ်ကြောရေးစခန်းနဲ့ အကျဉ်းထောင်အသီးသီး မှာ သတ္တိပြောင်မြောက်စွာ စစ်အာဏာရှင် စနစ်ကို အန်တုနိုင်ခဲ့ကြတာပါ။

စွမ်းစွမ်းတမံ တိုင်းပြည်နဲ့ ပြည်သူ လူထုအတွက် အသက်စွန့်သွားသူတွေရယ်လို့ မှတ်တမ်းတင်ခံခဲ့ရသူတွေလည်း ရှိသလို လူမသိသူမသိ အစတေးခံ အသက်စွန့်သွား သူတွေလည်း အများကြီးရှိပါတယ်။ စစ်အာဏာ ရှင်ရဲ့ မတရားမှုကို အသက်နဲ့ရင်းပြီး ဆန့်ကျင် ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုလူငယ် အထောက်အကူပြုအဖွဲ့ဝင် တနင်္သာရီတိုင်း စည်းရုံးရေးကော်မတီဝင် ဦးမောင်ကို အကြောင်း ကျမ ပြောပါရစေ။



www.burmeseclassic.com

www.burmeseclassic.com

နိဝင်ဘာ ၉ ရက် ဒီနေ့က စစ်အာဏာရှင်ရဲ့ စစ်ကြောရေး ရေကြည်အိုင်ရဲစခန်းမှာ ကျဆုံးခဲ့ရတဲ့ ဦးမောင်ကိုရဲ့ နှစ်ပတ်လည်နေ့ဖြစ်ပါတယ်။ ဦးမောင်ကိုက ၁၉၆၈ မှာ လုပ်သားများကောလိပ်ကနေ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပါတယ်။ ဆိပ်ကမ်းဦးစီးဌာနမှာ မန်နေဂျာအဖြစ် အမှုထမ်းခဲ့ပါတယ်။ အင်္ဂလန်၊ ဂျာမနီ၊ နော်ဝေ၊ ဆွီဒင်နိုင်ငံများမှာ ပညာတော်သင် သွားရောက်ခဲ့ရပါတယ်။ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကာလအတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဆိပ်ကမ်းလုပ်သားများသမဂ္ဂမှာအထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူလှုပ်ရှားခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ထူထောင်ချိန်မှာ ပါတီဝင်ဖြစ်လာခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ အဖွဲ့ချုပ် ဗဟိုလူမှုအထောက်အကူပြု အဖွဲ့ဝင်အဖြစ်ကော၊ တနင်္သာရီတိုင်းစည်းရုံးရေးကော်မတီဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရပါတယ်။

အန်ကယ်ဦးမောင်ကို ကို ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်တွေက ချစ်ခင်လေးစားကြပါတယ်။ သဃ်န်းကျွန်းမြို့နယ် အဖွဲ့ချုပ်ရုံးကို ရွေးကောက်ပွဲ မတိုင်ခင်မှာကတည်းက နိုင်ငံရေးအသိပညာ နိုးကြားစေမယ့် ဟောပြောပွဲတွေလုပ်တိုင်း အန်ကယ်ဦးမောင်ကို မကြာခဏ ဟောပြောလေ့ရှိပါတယ်။ ကျမ မှတ်မိနေပါသေးတယ်။

တနင်္သာရီတိုင်းစည်းရုံးရေးခရီးစဉ်ကို လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ အန်ကန်ဦးမောင်ကို လိုက်ပါခဲ့ရပါတယ်။ ဒီခရီးစဉ် အကြောင်းကို အန်ကယ်ဦးမောင်ကို ပြန်ပြောပြတဲ့အချိန်မှာ အားလုံးစိတ်ဝင်စားစွာ နားထောင်ပြီး လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ပိုပြီးလေးစား တန်ဖိုးထားခဲ့ကြပါတယ်။

မင်းတို့ချစ်ခင်တဲ့အန်တီစုက အသေးအဖွဲလေးကစပြီး ဂရုတစိုက်ပြုနေထိုင်တတ်တယ်။ စည်းရုံးရေးခရီးမှာ မြို့ခံတွေက အကောင်းဆုံး အစားအစာတွေနဲ့ ကျွေးမွေးဧည့်ခံကြတာပေါ့ကွာ။ ဒီတော့ ဒေါ်စုက ဒီလိုဧည့်ခံမယ့်စရိတ်ကို တိုင်းပြည်အတွက် ပါတီရန်ပုံငွေအတွက်ပဲ အကျိုးရှိအောင်သုံးပါ။ အစားကောင်းတွေနဲ့ ဧည့်ခံပြီး ဒေသခံပြည်သူလူထုရဲ့ အဖြစ်မှန်ကိုမတင်ပြရင် မ·ဆ·လ ပါတီလို ဖြစ်သွားမယ်ဆိုတာ သတိထားပါလို့ ရှင်းရှင်းပဲပြောချလိုက်တယ်။ ဒေါ်စုက ပြောစရာရှိရင် အားမနာတတ်ဘူးကွ။





မ·ဆ·လ ခေတ်တစ်လျှောက်လုံး မြို့နယ်လူကြီးအဆင့်ရှိတဲ့လူလာတာနဲ့ အကောင်ဆုံးဆိုတာတွေနဲ့ ဧည့်ခံရတယ်။ ပြောစမှတ်တောင် ရှိတယ် မဟုတ်လား။ မြို့နယ်လူကြီးတွေကိုင်တဲ့ အိတ်ကိုမြင်ရင် ရွာထဲကကြက်တွေ ကြောက်ပြေးလို့ ကြက်ကြော်အိတ်လို့ ခေါ်ကြရတယ်ဆိုတာလေ။ ဒေါ်စုက အရမ်းအလုပ်လုပ်ပေမယ့် ထမင်းစားတော့ နည်းနည်းပဲစားနိုင်တယ်။ ဧည့်ခံသူတွေက နှစ်ခင်စိတ်နဲ့ ဒေါ်စုပန်းကန်ထဲ ထမင်းတွေ အများကြီးထည့်ပေးထားတယ်။ မကုန်ရင် သွန်ပစ်မယ်လို့ လောကွတ်ပြုကြတာပေါ့။ ဒီတော့ ဒေါ်စုက ကျမအပေါ်ဆတနာထားတာကို ကျေးဇူးတင်ပါတယ်။ ကျမမေမေ ပြောဖူးတယ်။ ထမင်းကို ကုန်နိုင်ရုံပဲစားရမယ်။ မကုန်နိုင်လို့ ထမင်းကိုသွန်ပစ်ရင် စပါးစိုက်ပျိုးရတဲ့ တောင်သူလယ်သမားကြီးတွေကို စော်ကားရာကြမယ်တဲ့။ ဒါ့ကြောင့် ကျမ ထမင်းစားတိုင်း ကုန်နိုင်ရုံပဲထည့်တာ အကျင့်ဖြစ်နေလို့ပါ။ ဒါကို ကြုံတုန်း ပြောခဲ့ပါရစေတဲ့။

ကျမတို့ ဒေါ်အောင်ဆန်းစုကြည်ကို ရင်းနှီးချစ်ခင်လေးစားအောင် ပေါင်းကူးပေးခဲ့သူက အန်ကယ်ဦးမောင်ကိုပဲ ဖြစ်ပါတယ်။ ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှာ ဆိပ်ကမ်းမြို့နယ်အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဒေါ်စန်းစန်းကို အန်ကယ်ဦးမောင်ကိုက ဝင်ရောက်အရွေးချယ်ခံစေခဲ့ပါတယ်။ အန်ကယ်ဦးမောင်ကို ကို ချစ်ခင်လေးစားတဲ့ ဆိပ်ကမ်းအလုပ်သမားကြီးတွေရှိတဲ့ ဗိုလ်တထောင်ဆိပ်ကမ်းမှာ မဲဆွယ်စည်းရုံးရေး ဟောပြောပွဲလုပ်ခဲ့ပါတယ်။ ဗိုလ်တထောင်ဘုရားအနီးက ကွက်လပ်ကြီးမှာပါ။ သဃ်န်းကျွန်းမြို့နယ် အဖွဲ့ချုပ်ပါတီဝင်ကျမတို့လူငယ်တွေ ပင်နီအင်္ကျီ ယောထမိနဲ့ ခမောက်ဆောင်းပြီး ဗိုလ်တထောင်အထိ လမ်းလျှောက်ခဲ့ကြပါတယ်။

ဟောပြောပွဲမှာ မဲဆန္ဒရှင်ပြည်သူတွေကို ဒေါက်တာအောင်ခင်ဆင့်က ခမောက်ဘေးမှာ ကြက်ခြေခတ်တဲ့အခါ အပျိုမလေးဒေါက်ဖိနပ်စီးသလို သတိထားဖို့၊ ချော်လဲလို့ ဘေးထိသွားရင် ပယ်မဲဖြစ်မယ်ဆိုတဲ့အကြောင်း သတိတရ ပြောသွားပါသေးတယ်။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၈၀ ရာခိုင်နှုန်းကျော်နဲ့ အနိုင်ရခဲ့ပါတယ်။

· ၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို မြို့နယ်ပေါင်း သုံးရာအတွက် သုံးသ



www.burmeseclassic.com

www.burmeseclassic.com



အချိန်ဆွဲပြီး စစ်အာဏာရှင်က ကြေညာခဲ့ပါတယ်။ ရွေးကောက်ပွဲရလဒ်အဖြေ ကြေညာတာတောင် သုံးလကြာရင် လွှတ်တော်ခေါ်ဖို့က အဝေးကြီးပေါ့။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲပြီးရင် စစ်တပ်က စစ်တန်းလျားပြန်မယ်ဆိုတဲ့ ကတိကို ချိုးဖောက်ခဲ့ပါတယ်။ ဒီအခါ အနိုင်ရပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်တွေ ၁၉၉၀ စက်တင်ဘာ ၂၉ ရက်နေ့မှာ ယာယီအစိုးရဖွဲ့စည်းရေး အစည်းအဝေးလုပ်ပြီး ပြည်သူ့အကျိုးအတွက် ခေတ်ဝန်ကို ထမ်းဖို့ ကြိုးစားခဲ့ကြပါတယ်။

ဒီအစည်းအဝေးကို တက်ရောက်ခဲ့တဲ့ အန်ကယ်ဦးမောင်ကို ကို ၁၉၉၀ အောက်တိုဘာ ၂၃ ရက်နေ့မှာ စစ်ထောက်လှမ်းရေးက ဖမ်းဆီးလိုက်ပါတော့တယ်။

ပြတ်သားတဲ့ နိုင်ငံရေးအတွေးအခေါ်ရှိသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တနင်္သာရီတိုင်းစည်းရုံးရေးမှူး ဗဟိုလူမှုအထောက်အကူအဖွဲ့ဝင် အန်ကယ်ဦးမောင်ကို ပြောဖူးတဲ့စကားရှိပါတယ်။

ဒီမိုကရေစီဆိုတာကို မျက်ကွယ်ပြုထားတဲ့ စစ်အာဏာရှင်ဆီက ဒီမိုကရေစီရဖို့အတွက် ကြိုးစားရတဲ့လမ်းခရီးက ကြာချင်လည်းကြာမယ်။ မြန်ချင်လည်း မြန်မယ်။ ခက်ထန်ချင်လည်း ခက်ထန်မယ်။ ကြမ်းတမ်းမယ် ဆိုတာကိုတော့ သိထားပါ။ လမ်းခုလတ်မှာ အချိုးအကွေ့တွေရှိတာမို့ လမ်းမှာ နေခဲ့သူတွေလည်း ရှိချင်ရှိမယ်တဲ့။

လူ့ဂုဏ်သိက္ခာ၊ တရားမျှတမှုနဲ့ ချစ်ခြင်းမေတ္တာကိုသာ ယုံကြည်တဲ့ ဦးမောင်ကို ကို စစ်အာဏာရှင်က ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် စစ်ကြောရေး စခန်းမှာ ရက်စက်စွာ စစ်ကြောနေစဉ်အတွင်းမှာပဲ ကျဆုံးခဲ့ရပါတယ်။

မိသားစုက ဘယ်နေ့အမိန့်ချပြီး ဘယ်နေ့ထောင်ဝင်စာ တွေ့ခွင့်ရမယ် ဆိုတာကိုပဲ မျှော်လင့်ထားခဲ့ကြတာပါ။ ဒါပေမဲ့ နိုဝင်ဘာ ၁၀ ရက်နေ့မှာ ဆေးဝန်ထမ်းတချို့က ဦးမောင်ကိုအိမ်ကို ဖုန်းဆက်လာခဲ့ပါတယ်။ ဦးမောင်ကို ရုပ်အလောင်း ရန်ကုန်ဆေးရုံကြီးမှာ ရောက်နေတယ်တဲ့။ နိုဝင်ဘာ ၁၀ ရက်နေ့မှာ တရားကိုနတ်စောင့်တယ်။ အရိုးတွန်တယ် ဆိုတဲ့စကား သာဓကပြလိုက်ပါတယ်။

မိသားစုကိုအသိမပေးဘဲ ဦးမောင်ကိုရဲ့ရုပ်အလောင်းကို လျှို့ဝှက်စွာ





ဆေးရုံကြီးအအေးတိုက်ကို ပို့ထားတယ်ဆိုတာကို ကိုယ်ချင်းစာနာသူ၊ မှတ်မိသူတွေ၊ စစ်အာဏာရှင်ကို မကျေနပ်သူတွေက သူတို့တတ်နိုင်သလောက် ကူညီအကြောင်းကြားခဲ့ကြပါတယ်။

စစ်အာဏာရှင်ကို မိသားစုကဆက်သွယ်ပြီး စိတ်ထိခိုက်စရာ သတင်းဆိုးကို အတည်ပြုခိုင်းရတဲ့အဖြစ်က နာကြည်းကြေကွဲဖို့ကောင်းလှပါတယ်။ ညနေ ငါးနာရီရောက်မှ မိသားစုတစ်ဦးပဲကြည့်ခွင့်ရမယ်လို့ အကြောင်းကြားလာပါတယ်။ ဦးမောင်ကိုရဲ့ သမီးကြီးတစ်ယောက်ထဲ ရန်ကုန်ဆေးရုံကြီး အအေးခန်းကို စစ်ထောက်လှမ်းရေးတွေနဲ့အတူ လိုက်ပါသွားခဲ့ရပါတယ်။ စစ်ကြောရေးမှာ နှိပ်စက်တဲ့ဒဏ်ရာတွေနဲ့ အသက်မဲ့နေတဲ့ ဖခင်ကိုတွေ့လိုက်ရချိန်မှာ မျက်ရည်မကျနိုင်ဘဲ ရင်ထဲဆို့နစ်ခဲ့ရပါတယ်တဲ့။ လွန်ခဲ့တဲ့ဆယ်ရက်ကျော်တုန်းက ကျန်းမာရွှင်လန်းတက်ကြွနေတဲ့ ဖခင်နဲ့အတူ တစ်မိုးအောက်မှာအတူနေခဲ့ရတဲ့ သမီးတစ်ယောက်အနေနဲ့ ဖခင်မေတ္တာရိပ်ကို ဘယ်တော့မှ ခိုလှုံခွင့်မရတော့ဘူးဆိုတဲ့ အသိက မျက်ရည်တွေကို ခမ်းခြောက်စေပါလိမ့်မယ်။ စနစ်ဆိုး ခေတ်ဆိုးက မိသားစုလူသားတွေရဲ့ အသည်းနှလုံးကို ကြေပြုန်းစေခဲ့ပါတယ်။

အဲဒီအချိန်မှာ စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်စောမောင်က ဦးမောင်ကို သေဆုံးရခြင်းနဲ့ ပတ်သက်ပြီး မန္တလေးမြို့မှာပြောခဲ့တဲ့ မိန့်ခွန်းတစ်ခုက အခုလိုပါ။

ကျနော်တို့မှာ ညှဉ်းပန်းနှိပ်စက်ပြီး စစ်ဆေးတယ်ဆိုတာ မရှိပါဘူး။ အဲဒီလူက သူတို့ဘာလုပ်ခဲ့တယ်၊ ဘာအစီအစဉ်တွေရှိတယ်ဆိုတာကို ဝန်ခံပြီး သူ့ကိုပေးထားတဲ့ စောင်နဲ့ သူ့ကိုယ်သူဆွဲကြိုးချသေသွားတယ်။ ကျနော်တို့ကြောင့် သေတာမဟုတ်ပါဘူးလို့ လိမ်ညာသွားပါသေးတယ်။

ဦးမောင်ကို ကို ဖမ်းဆီးခေါ်ဆောင်သွားစဉ်က သူဝတ်သွားတဲ့ အင်္ကျီ ဆိုးကို မိသားစုက ပြန်ရခဲ့ပါတယ်။ ပုဆိုးနဲ့အင်္ကျီမှာ သွေးတွေနဲ့ မြင်မကောင်းပါဘူး။ စစ်ကြောရေးမှာ စောင်ပေးဖို့မပြောနဲ့၊ အိပ်ခွင့်တောင် မရှိကြပါဘူး။ စစ်ကြောရေးစခန်းမှာ စစ်တဲ့သူသာ ပြောင်းသွားမယ်။ အစစ်ခံရတဲ့ သူက မပြောင်းဘူးဆိုတာ နိုင်ငံရေးအကျဉ်းသားတိုင်း ပြောဆိုတတ်ကြပါတယ်။ နှိပ်စက်ညှဉ်းပန်းခံရတဲ့နေရာမှာ အပျော့အပြင်းသာကွာမယ်။ နှိပ်စက်တဲ့ အခြေခံ သဘောတရားကတော့ အတူတူပါပဲ။ စစ်ကြောရေးစခန်းမှာ လူတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝဟာ မသေချာပါဘူး။ အသက်ရှင်မှု၊ အနာဂတ်၊ လူ့ဂုဏ်သိက္ခာ ဘာမှ မသေချာတဲ့နေရာက စစ်အာဏာရှင်ရဲ့ စစ်ကြောရေးစခန်းပါ။

၁၉၉၀ စက်တင်ဘာ ၂၉ ရက်နေ့မှာ ယာယီအစိုးရဖွဲ့စည်းရေး အစည်းအဝေးကို တက်ရောက်ခဲ့တဲ့ ဦးမောင်ကို ကို စစ်အစိုးရက ဖမ်းဆီးခဲ့တာပါ။ ဒါကြောင့် ဦးမောင်ကို ကို စစ်အာဏာရှင်က လွှတ်တော်ကို ဘယ်သူမှ ခေါ်ယူ ကျင်းပနိုင်ခွင့်မရှိဘူး။ လွှတ်တော်ကို န·အ·ဖ ကခေါ်ပေးမှ လွှတ်တော် တက်ရမယ်ဆိုတဲ့ အမိန့်ကြော်ငြာ၊ ၁/၉၀ ကို သဘောတူပါတယ်ဆိုတာကို လက်မှတ်ထိုးခိုင်းပါတယ်။ မတရားတဲ့ စစ်အာဏာရှင်ရဲ့ အမိန့်အာဏာကို ဦးမောင်ကို အသက်နဲ့ရင်းပြီး ဆန့်ကျင်ပြခဲ့ပါတယ်။

ဦးမောင်ကိုရဲ့ရျာပနကို သတ်မှတ်ထားတဲ့ အချိန်ထက်စောပြီးလုပ်ဖို့ အာဏာပိုင်က မိသားစုကို ဖိအားပေးခဲ့ပါတယ်။ ဒါ့ကြောင့် သယ်န်ကျွန်းမြို့နယ်က ကျမတို့တွေ အန်ကယ်ဦးမောင်ကို အိမ်ရောက်တဲ့အခါ အိမ်စောင့်နေသူတွေပဲ ရှိပါတော့တယ်။ ကြံတောသုသာန်ကို ကမ္ဘာအေးစေတီလမ်းကနေ လေးဘီးငှားပြီး ကျမတို့လူငယ်တွေ သွားခဲ့ကြပါတယ်။ ကားပေါ်မှာ ကျမတို့ပြောတဲ့စကားကို နားထောင်နေတဲ့ ကားသမားက ကားခပေးတော့ မယူတော့ပါဘူး။ ကျနော်လည်း ဦးမောင်ကိုရဲ့ နောက်ဆုံးခရီးကို ဂုဏ်ပြုတဲ့အနေနဲ့ ကားခ မယူပါရစေနဲ့တဲ့။

ကြံတောသုသာန်မှာ 'ကမ္ဘာမကြေဘူး' သီချင်းသံတွေ လွှမ်းသွားပါ တော့တယ်။

သုသာန်နဲ့သီချင်းသံ ဘာမှမဆိုင်ပေမယ့် အန်ကယ်ဦးမောင်ကိုရဲ့ ရျာပန အတွက်တော့ 'ကမ္ဘာမကြေဘူး' သီချင်းက သိပ်ကိုလေးနက် အဓိပ္ပာယ်ရှိခဲ့ ရပါတယ်။

ကြံတောသုသာန်ကြီး ပွင့်ထွက်သွားမတတ် အော်ဟစ်ငိုကြွေးကြတဲ့ အဖွဲ့ချုပ်လူငယ်တွေတောင် ဒီလောက်ခံစားခဲ့ရရင် အန်ကယ်ဦးမောင်ကိုရဲ့ဇနီး အန်တီဒေါ်ခင်မြင့်နဲ့ သားသမီးလေးယောက် ဘယ်လောက် နာကျင်ကြေကွဲ လိုက်မလဲဆိုတာ ကျမတို့ နားလည်ခံစားနိုင်ခဲ့ပါတယ်။ အသက် ၅၃ နှစ်အရွယ်သာ ရှိသေးတဲ့ အန်ကယ်ဦးမောင်ကိုတစ်ယောက် သူနဲ့ သူ့မိသားစုရဲ့ ချမ်းသာပျော်ရွှင် ကြည်နူးမှုကိုပဲ ရှာခဲ့ရင် အခုလို စစ်ကြောရေးစခန်းမှာ ကျဆုံးရမှာမဟုတ်ပါဘူး။





အန်ကယ်ဦးမောင်ကိုက သူ့ဘဝအတွက် သူ့ယုံကြည်ချက်ကို အစတေးမခံခဲ့ပါဘူး။ အများပြည်သူအကျိုးအတွက်၊ တိုင်းပြည်အကျိုးအတွက် သူ့ဘဝကိုပဲ စတေးခဲ့ပါတယ်။

အန်ကယ်ဦးမောင်ကို မိသားစုလိုပဲ မိသားစုပေါင်းများစွာဟာ သေကွဲကွဲကြေ ရှင်ကွဲကွဲကြနဲ့ ခေတ်ဆိုးစနစ်ဆိုးကြောင့် မြန်မာပြည်မှာ ဘဝအာမခံချက် ကင်းမဲ့လို့ နေပါတယ်။ ဒါကြောင့် မျိုးဆက်ဟောင်းတွေရဲ့ သတ္တိ၊ ယုံကြည်ချက်အားမာန်ကို မျိုးဆက်သစ်တွေ လက်ဆင့်ကမ်း သယ်ဆောင်ကြပါစို့။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com



ဒီပဲယင်း လုပ်ကြံသတ်ဖြတ်မှုကြီးမှာ ဒီအဖြစ်အပျက်ကို ကိုယ်တိုင်မြင်ခဲ့ရတဲ့ ဒီပဲယင်းမြို့လူထုနဲ့ မြို့ပတ်ဝန်းကျင်က လူတွေက စည်းရုံးရေး ခရီးစဉ်မှာပါလို့ အရိုက်ခံရတဲ့ ဒဏ်ရာရသူတွေကို လုံခြုံအောင်လုပ်ပေးခဲ့ပါတယ်။ ဆေးရုံမှာ ဒဏ်ရာရလို့ဆေးကုနေသူတွေကို အာဏာပိုင်တွေ ဝင်ဖမ်းပါတယ်။ ဒီတော့ ဆေးရုံတာဝန်ရှိသူတွေက ပတ်တီးဖွေးဖွေးမှာ သွေးစွန်းနေတဲ့ဒဏ်ရာရသူတွေကို အိမ်သာရေချိုးခန်းထဲမှာ ဖွက်ပေးတယ်။



# ဒေါ်ဝင်းမြမြ

မိတ်ဆွေဆိုတာ တိုတောင်းတဲ့လူ့ဘဝမှာ အရေးကြီးလွန်းလို့ ဘာသာရေးကျမ်းတွေမှာတောင် ကလျာဏမိတ္တလို့ အဆိုရှိပါတယ်။ အဆွေခင်ပွန်းကောင်းတစ်ယောက်၊ မိတ်ဆွေကောင်းတစ်ယောက် ရရှိခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်ပါတယ်။ လောကမှာ မိတ်ဆွေစစ် မိတ်ဆွေမှန်၊ မိတ်ဆွေကောင်းတစ်ယောက် ရရှိဖို့ဟာ အင်မတန်ကိုအရေးကြီးပါတယ်။

နိုင်ငံရေးအကျဉ်းကျမိသားစုဝင် ကျမအတွက် မိတ်ဆွေကောင်းတွေ အများကြီးကို ထောင်ဝင်စာ ၁၀ နှစ် ခရီးမှာ အများကြီးရခဲ့ပါတယ်။ ဒီအထဲကမှ ခေါ်ကိုင်းတိုင်း ကလေးမြို့အကျဉ်းထောင်ကို ထောင်ဝင်စာသွားတွေ့ခဲ့ရတဲ့ ဆယ်စုနှစ်ချီတဲ့ ထောင်ဝင်စာခရီးကတော့ ကျမဘဝမှာ ဘယ်လိုမှ မေ့ပျောက်လို့ မရနိုင်တဲ့ ခရီးဖြစ်သလို၊ ကလေးမြို့ မြို့လူထုမိတ်ဆွေတွေရဲ့ ခင်မင်ရင်းနှီးမှု၊ ကူညီစောင့်ရှောက်မှုတွေက မျက်မှောက်ကာလမှာ ကျမအတွက် ပြန်လည်လွမ်းဆွတ်ကြည်နူးတမ်းတနေရတဲ့ မိတ်ကောင်းဆွေမွန်တွေပဲ ဖြစ်ပါတယ်။

၁၉၉၈ မှာ ထောင်ဒဏ်အများဆုံး ၁၄ နှစ်ချမှတ်ပြီး ဝေးလံခေါင်သီတဲ့ အကျဉ်းစခန်းတွေဆီကို စစ်အာဏာရှင်က နိုင်ငံရေးသမားတွေကို မိသားစုနဲ့ မတွေ့နိုင်အောင်လို့ ပို့လိုက်ပါတယ်။ နိုင်ငံရေးသမားနဲ့ နိုင်ငံရေးအကျဉ်းကျ မိသားစုတွေ ဒုက္ခဆင်းရဲကို အာရုံ ၆ ပါးစလုံးနဲ့ ခံစားရအောင် စစ်အာဏာရှင်က ဖြုမှုလိုက်တာပါပဲ။ အကျဉ်းကျမိသားစုတွေ နယ်ဝေးထောင်တွေကိုသွားနိုင်ဖို့ ဘယ်ပုံဘယ်နည်း သွားရမယ်ဆိုတာ ရောက်ဖူးတဲ့၊ ကြားဖူးနားဝရှိတဲ့သူတွေဆီမှာ စုံစမ်းရပါတယ်။ တစ်ခါမှမရောက်ဘူးတဲ့ ကလေးမြို့ မော်လိုက်နယ်အကျဉ်းထောင်ကို သွားနိုင်ဖို့ ကျမတို့နေတဲ့အိမ်ကို ၁၅ ကျပ်တိုးနဲ့ ပေါင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။ ရွှေတစ်ကျပ်သား ၄ သောင်းကျော်ချိန်မှာ လမ်းစရိတ် ၂ သော
ရှိပါတယ်။ အဲဒီအချိန်က ICRC မရှိသေးပါဘူး။ အိမ်ပေါင်ပြီး ထောင်ဝင်
တွေ့ရတဲ့ကျမ ကလေးမြို့ရောက်သွားချိန်မှာ ကလေးအကျဉ်းထောင်က အုတ်
ပြီးပါသေးတယ်။ မော်လိုက်လေးရွာရဲ့ သန်ချိုင်းမြေနေရာကို အကျဉ်းထော
ဆောက်ထားတာပါ။ တောတောင်ကြားမှာမို့ ငှက်ဖျားလည်း ထူထပ်ပါတယ
ခြင်ကြောင့် ငှက်ဖျားဖြစ်တာမို့ ငှက်ဖျားကာကွယ်ဖို့ ခြင်ထောင်နဲ့အိပ်ရမယ်
ကျန်းမာရေးပညာပေးလုပ်ကြပါတယ်။ အကျဉ်းထောင်ထဲက နိုင်ငံရေးသမား
ခြင်ထောင် ထောင်ခွင့်မရှိပါဘူး။ မိသားစုက ခြင်ထောင်ဝယ်ပေးပါမယ်ဆို
ထောင်အာဏာပိုင်က ခွင့်မပြုခဲ့ပါဘူး။ ထောင်ထဲကသူ မပြောနဲ့၊ အကျဉ်းဦး
ဝန်ထမ်းနဲ့ မိသားစုတွေပါ ငှက်ဖျားဖြစ်ပြီး အသက်ဆုံးရှုံးရတဲ့နေရာပါ။ ကျန်းမာ
ဗဟုသုတနည်းတဲ့ ဝန်ထမ်းမိသားစုတချို့ကတော့ အကျဉ်းသားနဲ့ ထောင်အုတ်
အပြင်က သူတို့ဘဝတူဝန်ထမ်းတွေ၊ သားသမီးတွေသေရတာ အကျဉ်းထောင်
သန်ချိုင်းမြေနေရာမို့ မြေကြမ်းတယ်လို့ ဆိုကြပါတယ်။

ဒီလို ငှက်ဖျားဒေသမှာ လစဉ်ထောင်ဝင်စာ မတွေ့နိုင်ကြတဲ့အတွ
ထောင်ထဲကလူနဲ့၊ အပြင်ကမိသားစုတွေ ဘယ်လိုနေကြမလဲ၊ အသက်ရှင်ရက်
ရှိပါ့မလားလို့ အပြန်အလှန် တထိတ်ထိတ် စိုးရိမ်ပူပန်နေရတဲ့အချိန်ပါ။ ဒီ
အပြင်ကမိသားစုတွေနဲ့ ကလေးအကျဉ်းထောင်ထဲက နိုင်ငံရေးအကျဉ်းသားတွေ
စိတ်အာဟာရ၊ ရုပ်အာဟာရပေးနိုင်ဖို့ ကျမ ကြိုးစားမယ်။ ဈေးရောင်းရင်း
ထောင်ဝင်စာတွေ့မယ်ဆိုတဲ့ စိတ်ကူးကို ကံကြမ္မာဆီက လောကလက်ဆော
ရလိုက်ပါတယ်။ ကျမရဲ့စိတ်ကူးကို ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြတော့ အန်
သိပ်ကိုဝမ်းသာသွားပါတယ်။ ရန်ကုန်ကနေ ကလေးမြို့ကိုသွားတဲ့ ထောင်ဝင်
ခရီးတစ်ထောက်နားရာ မန္တလေးမှာ မန္တလေးတိုင်းစည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြ
လူမှုအထောက်အကူလုပ်နေတဲ့ အမျိုးသမီးပဲ။ သမီး သူ့ဆီ အမြဲဝင်သွားပါ
ကျမကိုပြောပါတယ်။ ဒေါက်တာတင်မျိုးဝင်းဆီက ငှက်ဖျားဆေးတွေပါ ယူသွား
ကလေးထောင်မှာ ထောင်ဝင်စာတွေ့ပြီး ပြန်လာတိုင်း အန်တီ့ကိုလာတွေ့ပါ
မှာလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှာစကားနဲ့ မန္တလေးရောက်တော့ မန္တလေး





ချိုထဲက စန်းရောင်ရှင် အထည်ဆိုင်ပိုင်ရှင် ဒေါ်ဝင်းမြမြကို ကျမဝင်ပြီး
ဆက်စကားပြောရပါတယ်။ စန်းရောင်ရှင် အထည်ဆိုင်ကြီးက အကြီးကြီးပါ။
မှာ ဒေါ်အောင်ဆန်းစုကြည်ပုံကို ကပ်ထားပါတယ်။ မန္တလေး ဈေးချိုဆိုင်ခန်းတွေ
ထဲမှာ စန်းရောင်ရှင်အထည်ဆိုင်ကို ဘယ်မှာရှိလဲလို့ မေးလိုက်ရုံနဲ့ ဈေးချိုသူ
က ဆိုင်အထိ လိုက်ပို့ပေးကြပါတယ်။ ချစ်စရာကောင်းတဲ့ ဈေးချိုသူတွေပါ။
ဝင်းမြမြက အရပ်ထောင်ထောင်မောင်းမောင်း ရင်ဖုံးအင်္ကျီလက်ရှည်ကို
ခြုံဝတ်တဲ့ မြန်မာမှုဆလင်အမျိုးသမီး ဖြစ်ပါတယ်။ ယဉ်ကျေးတဲ့ မန္တလေးသူ
စ်ယောက်ပါ။ ဒေါ်ဝင်းမြမြအစ်ကိုကြီး ဦးဘစိုးကလည်း စကားပြော
ပ်ကိုယဉ်ကျေးပါတယ်။ ကျမတို့ကို သူတို့ဆိုင်မှာ ဧည့်ခံသလို အိမ်မှာလည်း
နားနေနေနေဖို့ ဖိတ်ခေါ်ပါတယ်။ ကျမတို့ကို ကလေးအကျဉ်းကျမိသားစုတွေရဲ့
လေးထောင်အသွားခရီးမှာ စန်းရောင်ရှင် ဆိုင်ရှိရာ ဈေးချိုကိုအရင်သွား၊
ချိုကနေဒေါ်ဝင်းမြမြတို့တိုက်မှာ ရေချိုး ကိုယ်လက်သန့်စင်နားပြီးရင် ညနေ
နာရီ ထွက်မယ့် မန္တလေး-ကလေး ကားကိုစီးရပါတယ်။

တစ်ရွာတစ်ကျီဆောက်ဆိုတဲ့ စကားပုံက အကျဉ်းကျမိသားစုတွေ
အတွက် သိပ်ကိုအရေးကြီးခဲ့ပါတယ်။ ဒေါ်ဝင်းမြမြတို့မိသားစုရဲ့ ထူးခြားချက်က
စ်ကိုကြီးဦးဘစိုးနဲ့အတူ နှမသုံးယောက်စလုံး ဒီမိုကရေစီရေးအတွက် တက်ကြွ
သူများဖြစ်ပါတယ်။ ဘဝရပ်တည်ရေးအတွက် စန်းရောင်ရှင် အထည်ဆိုင်ကြီးမှာ
အထည်ရောင်းပြီး အနယ်နယ် အရပ်ရပ်ကလာတဲ့ အကျဉ်းကျမိသားစုတွေကို
တတ်နိုင်သလောက် ပံ့ပိုးကူညီသူတွေဖြစ်ပါတယ်။ မန္တလေးတိုင်းက အချက်အချာ
ကျတဲ့မြို့ပါ။ မန္တလေးမြို့ကနေပဲ မြစ်ကြီးနားအကျဉ်းထောင်၊ ကသာအကျဉ်းထောင်၊
ကလေးအကျဉ်းထောင်၊ ခန္တီးအကျဉ်းထောင်အထိ ထောင်ဝင်စာသွားတွေ့ရတဲ့သူတိုင်း
ဝင်ရောက်နားခိုရတဲ့ အကျဉ်းကျမိသားစုဝင်တွေအတွက် နားနေစခန်းက
စန်းရောင်ရှင်ပဲဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးတိုင်းစည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြက
သူကိုယ်တိုင် နိုင်ငံရေးအကျဉ်းသူဖြစ်နေသလို အစ်ကိုကြီး ဦးဘစိုးအတွက်၊
ညီမတွေအတွက် ထောင်ဝင်စာလိုက်တွေ့ရတဲ့ အကျဉ်းကျမိသားစုဝင်လည်း
ဖြစ်ပါတယ်။ ပြည်သူလူထုနဲ့အတူ ခေတ်ခရီးကို ထက်ကြပ်မကွာ လျှောက်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုအောက်မှာ ပါတီဝင်ကောင်းအဖြစ် ပါတီတာဝန်ထမ်းဆောင်ခဲ့တဲ့ ဒေါ်ဝင်းမြမြက စစ်အာဏာရှင်ရဲ့ ဒီပဲယင်းလူသတ်မှုအရေးအခင်းမှာ လက်ကျိုးတဲ့ အထိ အရိုက်အနှက်ခံခဲ့ရတဲ့သူလည်း ဖြစ်ပါတယ်။

ဒီပဲယင်းအရေးအခင်းမှာ ဘယ်သူတော့ အသတ်ခံရပြီ၊ ဘယ်သူတော့ ပျောက်နေတယ်၊ သေချင်ယောင်ဆောင်နေလို့ ဘယ်သူတော့ အသက်ရှင်တယ်ဆိုတဲ့ သတင်းတွေနဲ့ ကျမတို့မြန်မာတစ်ပြည်လုံး အမှောင်ကျပြီး ဝမ်းနည်းကြေကွဲခဲ့ရတဲ့ နေ့တစ်နေ့ ဖြစ်ပါတော့တယ်။

နိုင်ငံရေးအကျဉ်းသားမိသားစုဝင်ကျမအတွက် ဘဝတွေက ငြိမ်သက်ခြင်း မရှိခဲ့ပါဘူး။ အသစ်အသစ်သော ပတ်ဝန်းကျင်တွေထဲက၊ သိစရာအသစ်တွေထဲက သိစရာအသစ်တွေရဖို့ စိတ်အားထက်သန်နေဆဲဆိုတာတော့ ကျမ မငြင်းပါဘူး။ အခက်အခဲအကျပ်အတည်းတွေနဲ့ ရင်ဆိုင်ရတိုင်း ကျမရဲ့မိတ်ဆွေတွေကို အမြဲ သတိရပါတယ်။ ကျမတို့မြန်မာပြည်မှာ မိရိုပ်ဖရိုပ်၊ ဆွေရိုပ်မျိုးရိုပ်၊ သစ်ရိုပ်ဝါးရိုပ် ချွေးသိပ်နားခိုစရာ ဇရပ်တန်ဆောင်းနဲ့ ကျမတို့ခံစားရတဲ့ သောကအပူတွေ မျှဝေခံစားနိုင်တဲ့ မိတ်ဆွေရဲဘော်တွေ ရှိပါတယ်။ ဆယ်စုနှစ်ချီတဲ့ ထောင်ဝင်စာ ခရီးမှာ တွေ့ဆုံကူညီကြတဲ့ မိတ်ဆွေတွေ၊ အပြင်လောကမှာ ဘဝရပ်တည်မှုအတွက် ရုန်းကန်တိုက်ပွဲဝင်နေကြသလို အကျဉ်းထောင်ထဲမှာနေခြင်းသည် တိုက်ခြင်းအဖြစ် သဘာဝတရားနဲ့ရော အာဏာပိုင်နဲ့ပါ တိုက်ပွဲဝင်နေရပါတယ်။

အခုလည်း ဒေါ်ဝင်းမြမြ နှစ်ရှည်ထောင်ဒဏ်နဲ့ ဝေးလံခေါင်သီတဲ့ ပူတာအို အကျဉ်းထောင်မှာ အကျဉ်းကျခံနေရပါတယ်။ ပူတာအိုထောင်က ခန္တီး ဘူးသီးတောင်၊ မိုင်းဆက်၊ ကလေးအကျဉ်းထောင်တွေထက် လမ်းပန်းဆက်သွယ်ရေး ပိုခက်ခဲပါတယ်။ လေယာဉ်တစ်ခုပဲ အားပြုသွားရတဲ့နေရာပါ။ ကလေး အကျဉ်း ထောင်ကနေ ပြောင်းရွှေ့အပို့ခံရတဲ့ နိုင်ငံရေးအကျဉ်းသား ကိုခင်မောင်လွင် သေဆုံးခဲ့ရတဲ့ ပူတာအိုအကျဉ်းထောင်ပါ။ ဆေးဝါးကုသခွင့်မရှိသလို ဆေးဝါးလည်း မရှိပါဘူး။ ဦးခွန်ထွန်းဦးနဲ့ ကိုမျိုးမင်းဇော်၊ ၈၈ မျိုးဆက်ကျောင်းသားတွေလည်း ပူတာအိုထောင်ထဲမှာ ရှိပါတယ်။ အအေးလှိုင်းတွေ ဖြတ်နေတဲ့အချိန်မှာ ပူတာအို အကျဉ်းထောင်ထဲကသူတွေကို ကျမတို့စိုးရိမ်သလို မိသားစုဝင်တွေက ပိုစိုးရိမ်ကြမှာပါ။ ရေခဲတောင်တွေကို လှမ်းမြင်နေရတဲ့ ပူတာအို အကျဉ်းထောင်မှာ အကျဉ်းကျနေသူတွေ ဘယ်လိုများနေပါ့မလဲ။ မိသားစုက စိုးရိမ်ပူပန်လို့ လာတွေ့ သွားနိုင်ဖို့ ငွေကြေးရှိရင်တောင် သွားလို့မလွယ်တဲ့နေရာပါ။





ICRC နံပါတ်ရှိသူ အကျဉ်းသားရဲ့ အကျဉ်းကျမိသားစု ထောင်ဝင်စာ ခရီးအတွက် လေယာဉ်စရိတ် ၂ လတစ်ကြိမ်သွားဖို့ ပေးပါတယ်။ ပူတာအို လေယာဉ်ထွက်တဲ့ရက်က တစ်လ ၅ ကြိမ်လောက်ပဲရှိပါတယ်။ တစ်ခါတစ်ရံ ရာသီဥတုဆိုးရင် လေယာဉ်မဆင်းနိုင်တာ ၃ လလောက် ဖြစ်နေတတ်ပါတယ်။ ICRC က အကျဉ်းကျမိသားစုအတွက် အဲပုဂံလေကြောင်းလိုင်းမှာ အသွားအပြန် လက်မှတ်ဝယ်ပေးပါတယ်။ အပြန်လက်မှတ်ရှိပေမယ့် လေယာဉ်ရှိမှသာ ပြန်လို့ ရတာပါ။ ပူတာအိုကိုသွားပြီး ထောင်ဝင်စာတွေ့ခဲ့တဲ့ အကျဉ်းကျမိသားစုတွေထဲက အမျိုးသမီးနှစ်ယောက် ပူတာအိုမှာ လေယာဉ်မဆင်းနိုင်လို့ ၃ လကြာခဲ့တယ်။ စားစရိတ်ပြတ်လို့ ဝတ်ထားတဲ့နားကပ်ရောင်း၊ ပါသွားတဲ့ ဝန်ထမ်းကတ်ကို မြို့နယ်ဦးစီးမှူးဆီမှာ အပေါင်ထားပြီး ငွေချေးသုံးခဲ့ရပါတယ်။ သိပ်ကိုဆိုးဝါးတဲ့ ထောင်ဝင်စာခရီးပါ။ ဒီလိုအခက်အခဲတွေကို အကျဉ်းကျမိသားစုတွေ ခံစားနေရ ပါတယ်။

ဦးဘစိုးကို ထောင်ဝင်စာတွေ့ရတဲ့ အကျဉ်းကျမိသားစုဝင်အဖြစ် ဒေါ်ဝင်းမြမြကို ကလေးအကျဉ်းထောင်မှာ ကျမနဲ့ မကြာခဏ တွေ့ဆုံတတ်ပါတယ်။ အစ်ကိုဖြစ်သူ ဦးဘစိုးအကြိုက် စားစရာတွေ တစ်ဆွဲတစ်ပိုးနဲ့ လစဉ်ပုံမှန် ထောင်ဝင်စာလာတွေ့တတ်ပါတယ်။ တစ်ခါတော့ ကျမတို့နဲ့အတူ ဒေါ်ဝင်းမြမြပါ ထောင်ဝင်စာတွေ့ဖို့ စားစရာတွေ ချက်ပြုတ်ကြော်လှော်၊ လေဘီးကား ၈၀၀၀ ပေးငှားပြီး ထောင်ကိုသွားကြ ပါတယ်။ အထက်လူကြီးလာမှာမို့ ထောင်ဝင်စာ တွေ့ခွင့်မရဘူးလို့ ထောင်က ပြောပါတယ်။ ကျမတို့မှာလည်း ရန်ကုန်၊ မန္တလေးကနေ ဘာကူးတာက ငွေကုန် လူပန်းခံပြီးလာရတဲ့ ထောင်ဝင်စာခရီးမို့ မတွေ့ရရင်မဖြစ်ဘူးလို့ ထောင်ကိုပြောရပါတယ်။ ဒါပေမဲ့ မရပါဘူး။ ဒီတော့ ဒေါ်ဝင်းမြမြက ကျမတို့ကို ထောင်မှာပဲနေ မပြန်နဲ့၊ သူ ကလေးမြို့ထောက်လှမ်းရေးတပ်မှူးကို သွားပြောမယ်ဆိုပြီး ငှားစီးလာတဲ့ လေဘီးနဲ့ပဲ ကလေးမြို့ထဲကို ပြန်သွားပါတယ်။ အဲဒီအချိန်မှာ ထောက်လှမ်းရေးက ဟော့ဆို ကွေ့နေတဲ့မြစ်တောင် ဖြောင့်သွားရတဲ့နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝင်းမြမြရဲ့ ကျမတို့အခက်အခဲကို တပ်မှူးတို့ နားလည်ပေးပါ။ လူသားချင်း စာနာနားလည်ပေးပါဆိုတဲ့ စကားနဲ့ ကျမတို့ထောင်ဝင်စာ တွေ့ခွင့်ရခဲ့ပါတယ်။

ဒေါ်ဝင်းမြမြက ပြောစရာရှိရင် ကိုယ့်ဘက်ကမှန်ကန်ရင် အချက်ကျကျ သိမ်သိမ်မွေ့မွေ့ ပြောနိုင်သူပါ။ သူ့စိတ်ခံစားမှုကို မျိုသိပ်ပြီး တည်တည်ငြိမ်ငြိမ်နဲ့ ပြောနိုင်သူလည်း ဖြစ်ပါတယ်။ အကျဉ်းထောင်ထဲမှာ မကြာခဏ ထိန်းသိမ်းခံရတဲ့ ဒေါ်ဝင်းမြမြတို့ မောင်နှမတွေ ဘဝရပ်တည်ရေးအတွက် အားထားရာ၊ ကျမတို့ အကျဉ်းကျမိသားစုတွေ ပံ့ပိုးကူညီနိုင်တဲ့ စန်းရောင်ရှင် အထည်ဆိုင်ကို အာဏာပိုင်တွေ မတရားချိတ်ပိတ်သိမ်းလိုက်ပါတယ်။ ဒီသတင်းကို ကြားရသူအပေါင်းက စိတ်ထိခိုက်စွာ ဒေါ်ဝင်းမြမြတို့ မောင်နှမဆီကို လူကိုယ်တိုင်တစ်မျိုး၊ ဖုန်းနဲ့တစ်မျိုး သတင်းမေးပြီး အားပေးကြပါတယ်။ ဒီတော့ ဒေါ်ဝင်းမြမြက သိန်းထောင်ချီတဲ့ ဈေးချိုဆိုင်ခန်း အသိမ်းခံရတာ မနမြောနိုင်တော့ဘူး၊ ကျမတို့ကို ကရုဏာထားတဲ့ ထောက်ခံအားပေးတဲ့ အနယ်နယ်အရပ်ရပ်က မိတ်ဆွေတွေ အများကြီးရှိပါလား ဆိုတာ ခုမှ ပိုသိရတော့တယ်တဲ့။

မေတ္တာဆိုတာ လုပ်ယူလို့မရပါဘူး။ လူဆိုတာ မတရားမှုကိုမြင်ရာမှ တရားမှုကို ချစ်တတ်လာခြင်း ဖြစ်ပါတယ်။ ရက်စက်မှုကိုတွေ့ကြုံရာမှ မေတ္တာနဲ့ ကရုဏာတရားကို ပိုလို့ သဘောပေါက်လာခဲ့ရတယ်ဆိုတာ ဒီပဲယင်းအရေးအခင်းက သက်သေခံခဲ့ပါတယ်။ ဒီပဲယင်း လုပ်ကြံသတ်ဖြတ်မှုကြီးမှာ ဒီအဖြစ်အပျက်ကို ကိုယ်တိုင်မြင်ခဲ့ရတဲ့ ဒီပဲယင်းမြို့လူထုနဲ့ မြို့ပတ်ဝန်းကျင်ကလူတွေက စည်းရုံးရေး ခရီးစဉ်မှာပါလို့ အရိုက်ခံရတဲ့ ဒဏ်ရာရသူတွေကို လုံခြုံအောင်လုပ်ပေးခဲ့ပါတယ်။ ဆေးရုံမှာ ဒဏ်ရာရလို့ဆေးကုနေသူတွေကို အာဏာပိုင်တွေ ဝင်ဖမ်းပါတယ်။ ဒီတော့ ဆေးရုံတာဝန်ရှိသူတွေက ပတ်တီးဖွေးဖွေးမှာ သွေးစွန်းနေတဲ့ဒဏ်ရာရသူတွေကို အိမ်သာရေချိုးခန်းထဲမှာ ဖွက်ပေးတယ်။ ဆေးရုံလုံခြုံရေးဂိတ်ထဲမှာ ဝန်ထမ်း အယောင်ဆောင် ပေးထားပါတယ်။ ဒီလိုနည်းနဲ့ ဒီမိုကရေစီရေး ဆောင်ရွက်သူတွေကို သူတို့တတ်နိုင်သလောက် ကာကွယ်ပေးပါတယ်။ ဒေါ်ဝင်းမြမြကိုလည်း ဆေးရုံမှာ တွေ့ခဲ့တဲ့သူတွေက မိသားစုကို သတင်းပေးခဲ့ပါတယ်။ စစ်အာဏာရှင်ရဲ့ လက်ပါးစေ လက်ကိုင်တုတ် ကြံ့ဖွံ့စွမ်းအားရှင်တွေက ညဘက်မှာ ဒိုင်နာကားတွေနဲ့ မီးထိုးပြီး ဒေါ်အောင်ဆန်းစုကြည် စည်းရုံးရေးခရီးစဉ်မှာပါဝင်တဲ့ အဖွဲ့ချုပ်ပါတီဝင်နဲ့





အားပေးထောက်ခံသူ ပြည်သူလူထုကို ရိုက်နှက်ခဲ့ပါတယ်။ ဦးခေါင်းကို ရိုက်လိုက်တဲ့ ဝါးရင်းတုတ်ကို လက်နဲ့ကာကွယ်ခဲ့တဲ့ ဒေါ်ဝင်းမြမြ လက်သွင်သွင် ကျိုးခဲ့ရပါတယ်။

ဒေါ်ဝင်းမြမြရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို စစ်အာဏာရှင်က အင်အားသုံး ချိုးခြေလို့ရနိုင်ပေမယ့် ဒေါ်ဝင်းမြမြရဲ့ ယုံကြည်မှု၊ အမှန်တရား သစ္စာကိုတော့ ချေမှုန်းလို့မရခဲ့ပါဘူး။

ဒီမိုကရေစီရေး ဆောင်ရွက်သူများကို ကူညီစောင့်ရှောက်တဲ့ မြို့လူထုတွေက အနာဂတ်ဒီမိုကရေစီရေးအတွက် ကြီးမားတဲ့ အင်အားတစ်ရပ်ဖြစ်တယ်ဆိုတာ ယုံကြည်လျက်ပါ။

မျှဝေခံစားနိုင်ကြပါစေ

❑



www.burmeseclassic.com

www.burmeseclassic.com



[illegible]



# ကိုသန်းဇော်

မြန်မာလူမျိုးတွေရဲ့ ငြိမ်ချမ်းရေးပွဲတော်လို့တင်စားရမယ့် သင်္ကြန်ပွဲတော်မှာ သူမတို့ ပြည်သူလူထုတွေ မျှော်လင့်နေတာက စိတ်ခန္ဓာကိုယ် အညစ်အကြေးတွေကို အတာရေနဲ့ဆေးကြောပြီး နှစ်သစ်မှာ အမိမြန်မာပြည်အတွက် ပြည်သူလူထုတစ်ရပ်လုံး အရောင်အသွေးစုံတဲ့ နှစ်သစ်ပန်းချီကားကို အတူရေးဆွဲနိုင်မယ်ဆိုတာပါ။ ဒါပေမဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်မှာ ပေါက်ကွဲခဲ့တဲ့ဗုံးကြောင့် အပြစ်မဲ့ပြည်သူတွေ ထိခိုက်နစ်နာသေဆုံးခဲ့ရတာ အင်မတန်မှ ကြေကွဲဖို့ကောင်းလှပါတယ်။ သေကွဲရှင်ကွဲ ဆောကခံက န·အ·ဖ စစ်အာဏာရှင်ခေတ်မှာ ပိုများခဲ့ရပါတယ်။ ဗုံးကွဲမှုကြောင့် အပြစ်မဲ့ပြည်သူတွေ သေဆုံးဒဏ်ရာရသလို၊ အပြစ်မဲ့ပြည်သူတွေထဲက နိုင်ငံရေးအသိုင်းအဝန်းနဲ့ နီးစပ်သူတချို့နဲ့ နိုင်ငံရေးသမားတချို့ကို ခိုင်လုံတဲ့ အထောက်အထားမရှိဘဲ သံသယနဲ့ ဖမ်းဆီးခံရတာလည်း ထိပ်လန့်တုန်လှုပ်ဖို့ ကောင်းလှပါတယ်။

ညလူခြေတိတ်ချိန်မှာ ကိုယ့်အိမ်ရှေ့ကားရပ်သံ၊ ခြေသံပြင်းတဲ့ စစ်ဖိနပ်သံ၊ အိမ်ရှင်တို့ အိမ်ရှင်တို့ ဧည့်စာရင်းစစ်မယ်ဆိုတဲ့အသံက မိသားစုနဲ့ ကာယကံရှင်တို့ကို ကြားရစေတော့မယ့် ရှေ့ပြေးနိမိတ်တွေပါပဲ။ စစ်ဖိနပ်မချွတ်ဘဲ တစ်အိမ်လုံးအနှံ့ ခြေသံပြင်းပြင်းနဲ့ လှည့်ပတ်ဟိန်းဟောက်ရှာဖွေ၊ တန်ဖိုးကြီးကြီး ပေးဝယ်ထားရတဲ့ စာအုပ်မှန်သမျှ ဆိုင်ဆိုင် မဆိုင်ဆိုင် အကုန်သိမ်း၊ ဒီမြင်ကွင်းကိုမြင်ပြီး အိမ်သားထဲက မိသားစုတွေ ဆီးသွားချင်သလိုလို နောက်ဖေးနောက်ဖီ သွားချင်သလိုလိုဖြစ်လို့ ကိုယ့်အိမ်သာကိုယ် သွားဖို့လုပ်တာတောင် သေနတ်ပြပြီး လုပ်ရဲလုပ်ကြည့်ဖို့ အသံတိတ် ခြိမ်းခြောက်သေးတာ။



www.burmeseclassic.com

www.burmeseclassic.com



မေးစရာရှိလို့ ခဏလိုက်ခဲ့ပါဆိုတဲ့ စစ်အာဏာရှင်စကားကြောင့် သား သမီးတွေ က အမေအဖေကိုမျှော်၊ မိဘတွေက သားသမီးကိုမျှော်၊ ဇနီးသည် တွေက ခင်ပွန်းသည်တွေကို မျှော်၊ ညီအစ်ကိုမောင်နှမတွေပါ မျှော်ရတဲ့အဖြစ်တွေ အခုအချိန်မှာ ပိုဆိုးတော့မယ်။

အမိန့်ရှိုင်းတွေအောက်မှာ ဒီလိုအဖြစ်အပျက်မျိုး၊ ဒီလိုခံစားမှုမျိုးကို အနှစ် ၂၀ ဆယ်ကျော် အကျဉ်းထောင်ထဲမှာ ခံစားနေရသူကတော့ သရက်အကျဉ်း ထောင်မှာ အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား ကိုသန်းဇော် ဖြစ်ပါတယ်။ ကိုသန်းဇော်က သန်လျင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်တာဝန်ခံ တစ်ယောက်ပါ။ သန်လျင် ရေနံချက်စက်ရုံ ဗုံးခွဲဖို့ဆိုပြီး ဗုံးထောင်တဲ့ကိစ္စအတွက် စစ်အာဏာရှင် တရားခံရှာပုံကတော့ သန်လျင်မြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် လူငယ်အဖွဲ့ဝင်တွေကို ဖမ်းဆီးခဲ့တာပါပဲ။ သန်လျင်ဗုံးကွဲတဲ့အချိန်မှာ ကိုသန်းဇော်က အဖွဲ့ချုပ်ရုံးရွှေဂုံတိုင်ကို သွားနေတဲ့အချိန်ဖြစ်ပါတယ်။ ဗုံးကို မြင်ဖူးဖို့ဝေးစွ၊ ဗုံးပေါက်သံကိုတောင် ကိုသန်းဇော် မကြားလိုက်ရပါဘူး။ သန်လျင်မှာဗုံးပေါက်လို့ဆိုတဲ့ အသံကြားလို့ ပြန်လာတဲ့ ကိုသန်းဇော်နဲ့ လူငယ်အဖွဲ့ဝင်တွေကို စစ်အာဏာရှင်က ဖမ်းဆီးလိုက်ပါတယ်။ ဒေါက်တာ ထွန်းသူလို လူကြီးတွေကစပြီး ၁၄၊ ၅ နှစ်အရွယ် မိုးကျော်သူတို့လို NLD လူငယ်တွေကိုပါ ဖမ်းဆီးပြီး နှိပ်စက်ဝန်ခံခိုင်းခဲ့ပါတယ်။

နောက်ဆုံး စစ်အာဏာရှင်ရဲ့ပစ်မှတ်က NLD ပါတီမှာ တက်ကြွစွာ ပါဝင်လှုပ်ရှားနေတဲ့ ကိုသန်းဇော်ဆီ ဦးတည်ခဲ့ပါတယ်။ တရားဥပဒေမှာ အပြစ်ရှိသူ ၁၀ ယောက် လွတ်ရင်လွတ်ပါစေ၊ အပြစ်မရှိသူတစ်ယောက်ကို မှားပြီး အပြစ်မပေးမိစေရဆိုတဲ့ ဆောင်ပုဒ်ရှိပါတယ်။ လူတွေကိုတန်ဖိုးထား လေးစားစိတ်ကြောင့် အဲဒီဆောင်ပုဒ်ဖြစ်လာတာပါ။ န·အ·ဖ စစ်အာဏာရှင်ရဲ့ ဆောင်ပုဒ်ကတော့ အပြစ်မရှိသူ အယောက် ၁၀၀ ဖမ်းပြီး အပြစ်ပေးမိရင် ပေးမိပါစေ၊ အပြစ်ရှိသူတစ်ယောက် လွတ်မသွားစေနဲ့ဆိုတဲ့ ဆောင်ပုဒ်ပါ။ ဒါကြောင့်လည်း ဘာအပြစ်မှမရှိဘဲနဲ့ စစ်ကြောရေးစခန်းထဲ၊ အကျဉ်းထောင် တွေထဲမှာ အနှိပ်စက်၊ အညှဉ်းပန်းခံရသူတွေ မနည်းပါဘူး။

သန်လျင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်တာဝန်ခံ





ကိုသန်းဇော်ကို သန်လျင်ဗုံးခွဲတာ ဒေါ်အောင်ဆန်းစုကြည် ခွဲခိုင်းလို့ လုပ်ရတာပါဆိုပြီး စစ်ကြောရေးမှာ ဝန်ခံခိုင်းခဲ့ပါတယ်။ န·အ·ဖ စစ်အာဏာရှင်က လူတစ်ယောက်ကို ဖမ်းသွားပြီဆိုရင် နည်းမျိုးစုံနဲ့ ရိုက်နှက်တာ၊ မခံမရပ်နိုင်အောင် ညှဉ်းပန်း နှိပ်စက်တာတွေအပြင် ရေမတိုက် ထမင်းမကျွေးဘဲ ရက်ပေါင်းများစွာ ထားပါတယ်။ ဒါ့အပြင် ၃ ရက်လောက်ကနေ ၁၀ ရက်လောက်အထိ အိပ်ခွင့်မပေးပါဘူး။ နေ့တွေ ညတွေကလည်းမကွဲ။ အိပ်လည်းမအိပ်ရ။ ဒီကြားထဲ တရစပ် ရိုက်နှက် ညှဉ်းပန်း။ မေးတဲ့မေးခွန်းတွေကလည်း ရပ်တယ်မရှိဘူး။ မေးတဲ့သူသာပြောင်းတာ၊ ဖြေရတဲ့သူက မနားရဘူး။ ၃၊ ၄ ရက်ကြာလာရင်ပဲ သတိကောင်းသူ၊ သတိထား သူတွေကလွဲရင် အဖမ်းခံထားရသူတွေ အများစု စိတ်ကယောင်ခြောက်ခြား ဖြစ်လာတယ်လို့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေက တညီတညွတ်တည်း ဆိုကြပါတယ်။

ခုလည်း ကိုသန်းဇော်ကို စစ်အာဏာရှင်က စစ်ကြောရေးမှာ လူမဆန်စွာ ကိုယ်လုံးတီးချွတ် နှိပ်စက်ပါတယ်။ မျက်နှာပေါ်က သွေးတွေဆိုတာ မျက်လုံးတောင် ဖွင့်မရခဲ့ဘူး။ ခေါင်းပေါ်ကနေ ဆားရည်နဲ့လောင်းချတာမခံနိုင်လို့ သတိလစ်သွား ရပါတယ်။ အရှင်လတ်လတ် ငရဲရောက်သွားတာလို့ ကိုသန်းဇော်က သူနဲ့အတူ နေခဲ့ရသူတွေကို ပြောပြခဲ့ပါတယ်။ အဖွဲ့ချုပ်ပါတီက အကြမ်းဖက်ပါတီမို့ ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဖောက်ခွဲခိုင်းလို့ လုပ်ရတာပါ ပြောလို့ စစ်အာဏာရှင်က ကိုသန်းဇော်ကို ဝန်ခံခိုင်းတော့ ကိုသန်းဇော်က သတ်ချင်သတ် မပြောနိုင်ဘူးဆိုပြီး ရက်စက်စွာနှိပ်စက်တာကို လည်စင်းခံပါတယ်။ ဒေါ်အောင်ဆန်းစုကြည် မဟုတ်ရင် ဦးတင်ဦး လုပ်ခိုင်းတယ်လို့ ဝန်ခံတဲ့ ဒါကိုလည်း ကိုသန်းဇော် ငြင်းဆန်တယ်။ ဦးတင်ဦး မဟုတ်ရင် ဦးရွှေ၊ ဦးထွန်းတင်တို့ လုပ်ခိုင်းတာ ဝန်ခံလို့ပြောပြန်တယ်။ ပါတီခေါင်းဆောင်တွေအပေါ်၊ ပါတီအပေါ်ထားတဲ့သစ္စာကို ကိုသန်းဇော်တစ်ယောက် သူ့ခန္ဓာကိုယ် အသွေး အသားတွေနဲ့ လဲခဲ့ရပါတယ်။

ဒါပေမဲ့ တရားခံကို လိမ်လည်ဖော်ထုတ်ရမယ့် စစ်အာဏာရှင်က တခြားသူတွေကို ဖမ်းပြီး ပြင်းပြင်းထန်ထန် နှိပ်စက်ပြန်ပါတယ်။ အပြစ်မဲ့သူတွေ အနှိပ်စက်ခံရလို့ နာကျင်အော်ဟစ်ညည်းညူသံကြောင့် ကိုသန်းဇော် မျက်ရည်ကျခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။ ဒီမှာတင် ကိုသန်းဇော်က တခြားလူတွေကို နှိပ်စက်မနေနဲ့တော့ ကျုပ်လုပ်တာဆိုပြီး မြို့နယ် NLD အဆင့်နဲ့ ဈေးတည့်သွားခဲ့ပါတယ်။ ဗုံးတောင်မမြင်ဘူးတဲ့ ကိုသန်းဇော် စစ်အာဏာရှင်က အသင့်ရေးထားတဲ့ ဖြောင့်ချက်အတုကြီးကို လက်မှတ်ထိုးပေးလိုက်ရပါတယ်။ အဲဒီနောက် စစ်ခုံရုံးက ကိုသန်းဇော်ကို သေဒဏ်၊ တစ်သက်တစ်ကျွန်း ချမှတ်လိုက်ပါတယ်။ နောက်ရေး အဲဒီဖြောင့်ချက်အတုကြီးကို သတင်းစာရှင်းလင်းပွဲလုပ်ပြီး တရားခံအစစ်ကို ဖမ်းမိတဲ့အကြောင်း၊ သတင်းစာ၊ ရေဒီယို၊ တီဗွီကနေ ဗိုလ်ချုပ်ခင်ညွန့်က ပြည်သူလူထုအားလုံးကို တခမ်းတနား လိမ်လည်ပါတော့တယ်။

စိန်ပန်းပြာ၊ ကံ့ကော်ရိပ်၊ အင်းလျားရေပြင်၊ သစ်ပုတ်ပင်မှာ လွယ်အိတ်လွယ် ကျောင်းတတ်ခဲ့ရတဲ့ ကိုသန်းဇော်ရဲ့လူငယ်ဘဝ စစ်အာဏာရှင် စနစ်ကြောင့် သေဒဏ်၊ တစ်သက်တစ်ကျွန်း၊ သံခြေကျဉ်း၊ အကျဉ်းထောင် ရက်စက်မှုတွေကြား သူ့ရဲ့လူငယ်ဘဝ၊ လူလတ်ဘဝကို ပေးဆပ်နေရပါတော့တယ်။

စာရေးဆရာ ဆရာမောင်ကိုယုရဲ့ ကမ္ဘာကျော်လှောက်လဲချက်များ စာအုပ်ထဲမှာ နာဇီဂျာမနီ အာဏာရှင်ဟစ်တလာက အတိုက်အခံ နိုင်ငံရေးသမား ဂျော်ဂျီဒီမီထရော့ကို လွှတ်တော်ကိုမီးရှို့တဲ့အမှုနဲ့ လုပ်ကြံတရားစွဲခဲ့ပါတယ်။ ဂျော်ဂျီဒီမီထရော့ရဲ့ လှောက်လဲချက် ကမ္ဘာကျော်ခဲ့သလို ကမ္ဘာကျော် နိုင်ငံရေး လုပ်ကြံမှုကြီးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

ကျမတို့မြန်မာပြည်က နိုင်ငံရေးသမားတွေ တရားခွင်မှာ အမှန်တကယ် တရားနည်းလမ်းကျကျ စစ်ဆေးခွင့်ရရင် ကမ္ဘာကျော်မယ့် လှောက်လဲချက်တွေ အများကြီးရှိမယ်ဆိုတာ ကျမတို့ယုံကြည်ပါတယ်။ မြန်မာပြည်စစ်အာဏာရှင်ရဲ့ စစ်ခုံရုံးမှာတော့ တရားသူကြီးက တရားဥပဒေအတိုင်း စီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိဘဲ စစ်အာဏာရှင်ရေးပေးထားတဲ့ ဥပဒေကို မည့်သို့ပင်ဆိုစေကာမူဆိုပြီး သေဒဏ် တစ်သက်တစ်ကျွန်း၊ နှစ်ရှည်ထောင်ဒဏ်ကိုသာ ဖတ်ပြရတဲ့သူဖြစ်ပါတယ်။ စစ်ခုံရုံးမှာ နိုင်ငံရေးသမားအကျဉ်းသားများက သူတို့နဲ့ထိုက်တန်တဲ့ ကုလားထိုင်မှာ သိက္ခာရှိရှိထိုင်ပြီး ထုချေပိုင်ခွင့်၊ လှောက်လဲပိုင်ခွင့် မရခဲ့ပါဘူး။

တရားဥပဒေမှာ အပြစ်ထင်ရှားကြောင်း တရားရုံးက မဆုံးဖြတ်ရသေး သရွေ့ အပြစ်မရှိသူအဖြစ် ယူဆထားရမယ်လို့ အမိပ္ပာယ်ဖွင့်ဆိုထားပါတယ်။





ဒါပေမဲ့ စစ်အာဏာရှင်က စစ်ကြောရေးစခန်းထဲမှာ နိုင်ငံရေးသမားတွေကို အရင်ဆုံး နှိပ်စက်ညှဉ်းပန်းပြီး လိုချင်တဲ့အဖြေရမှ စစ်ခုံရုံးတင်တာပါ။ စစ်ကြောရေး မှာတင် အသက်ခံရပြီး စစ်ခုံရုံးတောင် မရောက်နိုင်တဲ့ နိုင်ငံရေးသမားတွေ ရှိခဲ့ပါတယ်။

သန်လျင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်တာဝန်ခံ ကိုသန်းဇော်ကို သန်လျင်ရေနံချက်စက်ရုံကို ဗုံးခွဲသူအဖြစ် ဖိအားအမျိုးမျိုးပေး၊ ဖြောင့်ချက်အတုမှာ လက်မှတ်ထိုးခိုင်းပြီးမှ စစ်ခုံရုံးကိုပို့ခဲ့တာပါ။ အင်းစိန် အထူးစစ်ခုံရုံးကနေ ကိုသန်းဇော်နဲ့ အဖွဲ့ကို သေဒဏ်ချမှတ်ခဲ့ပါတယ်။ ကိုသန်းဇော် ပြစ်ဒဏ်က သေဒဏ်၊ တစ်သက်တစ်ကျွန်း ဆိုတဲ့ ပြစ်ဒဏ်နှစ်ခုပါ။ ၁၉၉၀ နှလိုင်လထဲမှာ ကြိုးသမားတွေက ထောင်ဝါဒါတွေကို သံချွန်တွေနဲ့ လိုက်ထိုးတဲ့ ကိစ္စမှာ ကိုသန်းဇော် ပါတယ်ဆိုပြီး မတရားစွပ်စွဲလို့ တိုက်ပိတ်ခံရပါသေးတယ်။ ကိုသန်းဇော်ကို သေဒဏ်၊ တစ်သက်တစ်ကျွန်းပြစ်ဒဏ်နဲ့ ထောင်ချပြီးမှ ကိုကိုနိုင်နဲ့ အဖွဲ့ကို ဖမ်းမိတော့ သန်လျင်ဗုံးခွဲတာသူပါဆိုပြီး အထောက်အထား အချက်အလက် တွေနဲ့ ကိုကိုနိုင်က ဝန်ခံပါတယ်။ သက်သေအထောက်အထား ပြည့်စုံခိုင်လုံတဲ့အတွက် ကိုကိုနိုင်ကို သေဒဏ်နဲ့ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ပေးလိုက်ပါတယ်။ မှားယွင်း ဖမ်းဆီးထားတဲ့ သန်လျင်မြို့နယ်အဖွဲ့ချုပ် လူငယ်တာဝန်ခံ ကိုသန်းဇော်ကိုတော့ စစ်အာဏာရှင်က ဒီနေ့အချိန်အထိ ပြန်လွှတ်မပေးခဲ့ပါဘူး။

၁၉၉၀ စက်တင်ဘာ ၂၅ ရက် အင်းစိန်အကျဉ်းထောင် ထောင်တွင်း တိုက်ပွဲတွေက ရွေးကောက်ပွဲအနိုင်ရပါတီ NLD ကို အာဏာလွှဲပြောင်းပေးဖို့ ဆန္ဒပြတောင်းဆိုရာမှာ ကိုသန်းဇော်တို့ အရိုက်ခံရပါတယ်။ သူ့ဘေးနားက သေဒဏ်ကျအကျဉ်းသား သေဆုံးသွားပါတယ်။ သူလည်း သေလုမျောပါး အရိုက်ခံရပြီး စစ်ခွေးတိုက်ပို့ ဒေါက်ခြေကျဉ်းခတ်၊ လက်ထိတ်ခတ်ပြီး မနက် ၃ နာရီမှာ အာဏာပိုင်က သရက်ထောင်ကို ပို့လိုက်ပါတယ်။ သရက်ထောင်ကို အပို့ခံရတဲ့ နိုင်ငံအကျဉ်းသားတွေထဲမှာ ငွေကိုးဆယ်တန်တစ်ရွက် ပါလာပါတယ်။ ငွေကိုးဆယ်တန်ပါလာတာကို အာဏာပိုင်တွေသိခဲ့ရင်၊ မိခဲ့ရင် နှိပ်စက်မယ့်ဒဏ်ကို ခံနိုင်ဖို့ နိုင်ငံရေးသမားတွေမှာ ခွန်အားမရှိတော့ပါဘူး။ အပြင်လောကကို သံဇကာ နှစ်ထပ်ကြားက ကြည့်ခွင့်ရတဲ့အချိန်လည်း ဖြစ်ပါတယ်။ လမ်းတစ်လျှောက် အလှူခံတွေမှာ ငွေကိုးဆယ်တန်ကို ပစ်ချပေးဖို့ကြိုးစားပေမယ့် အပေါက်ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



မချခဲ့ရပါဘူး။ သံဇကာနှစ်ထပ်အပြင်က လူတွေ၊ ရှခင်းရောင်စုံတွေ၊ လူရောင်စုံတွေကို အားရပါးရ အတိုးချကြည့်ခဲ့ရပါတယ်။ ပြင်ပလေကို အချုပ်ကားထဲကနေ ခဲရာခဲဆစ် ရအောင်ရှူခဲ့တယ်။ လွတ်လပ်တဲ့အရသာ၊ လွတ်လပ်မှုတွေကို ကိုသန်းဇော်တို့လို နိုင်ငံရေးအကျဉ်းသားတွေ ပျောက်ကွယ် ပျောက်ဆုံးနေရတာပါ။ ကိုသန်းဇော်ကတော့ အဲဒီအချိန်မှာ ပြင်ပကမ္ဘာကလူတွေကိုကြည့်ရတာ ကြည်နူးစိတ်နဲ့လှနေတယ်တဲ့။

ပြည်ထောင်ကိုရောက်တော့ ကိုသန်းဇော်တို့တွေ ခရီးတစ်ထောက်နားပါတယ်။ ဒီနေရာမှာ လူသားပီပီ စိတ်ထဲခံစားရတဲ့ အာသီသခံစားမှုကိုလည်း ကျမတို့ နှာကျင်စွာ နားထောင်ခဲ့ရပါတယ်။ အကျဉ်းထောင်ထဲမှာ နှစ်ရှည်ထောင်ဒဏ်နဲ့ အကျဉ်းကျခံနေရတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းဇေယျာက ငါတို့က သေလူတွေ၊ မသေခင်လေး ကွမ်းယာစားချင်တယ်တဲ့။ ကိုသန်းဇော်က လက်ဖက်ရည်သောက်ချင်တယ်တဲ့။ ထောင်ထဲမှာ မတရားရိုက်သတ်ခံရတဲ့ ကိုမြင့်ဆွေက စီးကရက်သောက်ချင်တယ်လို့ ပြောရှာတယ်။ စိတ်ကူးနဲ့ သူတို့အာသီသကို ပြောခဲ့ပေမယ့် တကယ့်ရုပ်အခြေအနေက ကျောကုန်းတင်ပါးတွေမှာ အရိုက်ခံရလို့ အရည်ကြည်ဖုတွေ ပူပေါင်းလိုဖြစ်နေလို့ ထိုင်လို့မရ လှဲလို့မရ၊ အိပ်လို့မရနဲ့ အခံရခက်နေကြပါတယ်။ ဒီလိုခံစားမှုတွေကြားက လွတ်လပ်နေတဲ့သူတွေနဲ့ အမိုးအကာနံရံမရှိတဲ့ ပတ်ဝန်းကျင်ကို မြင်ခွင့်ရတာ အဆိုးထဲကအကောင်းပဲလို့ သူတို့ခံစားနိုင်ကြပါတယ်။

ကိုသန်းဇော်မှာ ဗိုက်အောင့်ဝေဒနာ ရှိပါတယ်။ ပါးစပ်ထဲက အက်စစ်ခဲတ်အမြဲထွက်နေပါတယ်။ အပြစ်မရှိဘဲ ထောင်ကျနေရတဲ့သူက ဘဝတူများ စိတ်ညစ်နေရင်၊ စိတ်ဆင်းရဲနေရင် ဟာသပြော သီချင်းဆိုနဲ့ ဖြေသိမ့်ပေးတတ်ပါတယ်။ ကိုသန်းဇော်က အကျဉ်းထောင်တိုက်နံရံကို ညစ်ထေးထေးမှာ စွန်းထင်နေတဲ့ အရိပ်တွေ၊ အကွက်တွေကိုကြည့်ပြီး စိတ်ကူးပုံဖော်တတ်ပါတယ်။ အဲဒီစိတ်ကူးနံရံပေါ်မှာ ပေါ်လာတဲ့ အတွေးစိတ်ကူးရုပ်ပုံတွေက သူ့ကို စိတ်ခွန်အားတွေပေးခဲ့ပါတယ်တဲ့။

ကိုသန်းဇော်ကို စစ်အာဏာရှင်က ဥပဒေဆိုတာ နောက်ကြောင်းမပြန်ဘူး။ အကျဉ်းထောင်ထဲက လွတ်ချင်ရင် နောက်နောင် နိုင်ငံရေးမလုပ်တော့ပါဘူးလို့ ဝန်ခံကတိလက်မှတ်ထိုးလို့ ပြောခဲ့ပါတယ်။ အနာဂတ်မှာ စစ်အာဏာရှင်





စနစ်ဆိုတာ အတိတ်သုံးသာဖြစ်စေချင်တဲ့ ကိုသန်းဇော်က အနာဂတ်ခေတ်သစ်ကို မျှော်လင့်မှတော့ ကာလတိုတစ်ခုရဲ့ဒဏ် သူရင်စည်းခံမယ်တဲ့။

မြန်မာ့နှစ်သစ်ကူး သင်္ကြန်ကာလမှာ ပေါက်ကွဲခဲ့တဲ့ဗုံးခွဲမှုမှာ အပြစ်မရှိသူတွေကို မှားပြီး အပြစ်မပေးမိပါစေနဲ့လို့ သရက်အကျဉ်းထောင်ထဲက NLD လူငယ် ကိုသန်းဇော်နဲ့အတူ ကျမတို့အားလုံးက ဆန္ဒပြုလိုက်ပါတယ်။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းကိုကြောက်လို့ ထောင်ဝင်စာတွေ့ခွင့်တောင်းနေရတာ ပြန့်ခဲ့ရ ပေမယ့် အကျဉ်းထောင်အုတ်ရိုးအပြင်မှာတော့ သားတော်နဲ့ အသွားသတ္တိရှိသွားတဲ့ ရပါတယ်။ သားအကြိုက် စားစရာတွေကို ခံတောင်းနဲ့ရွက်ပြီး လေးတာက်လေးတန် ထောင်အုတ်ရိုးကိုပတ်ပြီး လမ်းလျှောက်ပါတယ်။ ပါးစပ်ကလည်း သူငယ်ရေ၊ သူငယ်ရေလို့ မြွက်ပေါ် ပါတယ်။ ထောင်အုတ်ရိုးအတွင်းက သူ့သားကြီးကြားမယ်ကို အသွားထင်ပုံရပါတယ်။



# နိုင်ငံရေးအကျဉ်းသား ၂ ဦးရဲ့မိခင်ကြီး ဒေါ်သန်းရွှေ

သမိုင်းလမ်းကြောင်းကြောင့် လူပုဂ္ဂိုလ်တွေဖြစ်လာရသလား။ ဒါမှမဟုတ် လူပုဂ္ဂိုလ်တွေကြောင့် သမိုင်းလမ်းကြောင်း ပြောင်းရသလားဆိုတဲ့ မေးခွန်းတွေ ကျွန်မ ခေါင်းထဲဝင်လာရပါတယ်။

၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ ရွေးကောက်ပွဲဝင်မယ့်သူများက စစ်အစိုးရအပေါ် အမြင်အမျိုးမျိုးနဲ့ ပြောဆိုဆွေးနွေးကြတဲ့အသံကို သတင်းဌာနတွေက တစ်ဆင့် ကျွန်မ ကြားနေရပါတယ်။ တချို့က စစ်အစိုးရက နောက်ဆုတ်နေတယ်ဆိုတဲ့ အမြင်။ တချို့က အခုစစ်အစိုးရနဲ့ အရင်စစ်အစိုးရ တွေ ညီတော့ဘူးဆိုတဲ့ အမြင်တွေကို ကျယ်ကျယ်လောင်လောင် ပြောဆိုဆွေးနွေးသွားကြပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံမှာ ပြည်သူလူထုအတွက် ကောင်းမွန်တဲ့ အပြောင်းအလဲတွေ တကယ်ပဲ မြင်သာထင်သာရှိအောင် စစ်အာဏာရှင်ရဲ့ ဖိနှိပ်မှုပုံစံအမျိုးမျိုးကို ဘဝနဲ့ရင်းခံစားနေရတဲ့ ကျွန်မတို့ ပြည်သူလူထုနဲ့ နိုင်ငံရေးအကျဉ်းကျမိသားစုတွေက ကောင်းမွန်တဲ့အပြောင်းအလဲကို ပိုပြီး လိုချင်ကြတာပါ။ သင်ပုန်းချေခြင်းနဲ့ လက်စားချေခြင်းဆိုတဲ့ ချေနှစ်ချေမှာ သင်ပုန်းချေခြင်းကို ကျွန်မတို့ အသင့်ပြင်ထား နိုင်ပါတယ်။ ဘာ့ကြောင့်ပါလဲ၊ ကျွန်မတို့လူမျိုးအများစုရဲ့ ဗီဇစိတ်က သနား ကြင်နာတတ်တဲ့လူတွေ ဖြစ်ပါတယ်။ ဘဝနဲ့ရင်းပြီး ဒုက္ခပင်လယ်ဝေခဲ့ရတဲ့ နိုင်ငံရေး အကျဉ်းကျမိသားစုဝင် ကျွန်မတို့တွေ ထောင်ဝင်စာ ၁၅ မိနစ်တွေ့ခွင့်ရနိုင်ဖို့ အသွားအပြန်ခရီး ၁၀ ရက်ကျော်အောင် ခနားမနေ သွားရပါတယ်။ စစ်ကိုင်းတိုင်း၊ ကလေးအကျဉ်းထောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဝင်စာ သွားတွေ့ရတော့ မဟာမြိုင်တောကို ဖြတ်ရပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်က မဟာမြိုင်တောက ထူထပ်သေးတာမို့ တောရိပ်တောင်ရိပ်နဲ့ သိပ်ကိုအေးပါတယ်။ လမ်းကောင်းရင်၊ ကားကောင်းရင် မဟာမြိုင်တောင်ခြေရင်း ချောင်းတွင်းမြစ်ကမ်းနဖူးကို မနက် ၃ နာရီ၊ ၄ နာရီဆို ရောက်တတ်ပါတယ်။ ခိုက်ခိုက်တုန်အောင် ချမ်းနေတဲ့ကျမတို့ အအေးဒဏ်ကို ကာကွယ်နိုင်ဖို့ ခရီးသည်တွေ ထင်းကောက်ပြီး မီးလှုံ့ရပါတယ်။ ဒီလိုမီးလှုံ့ရင်းနဲ့ ကျမတို့ နာနာကျင်ကျင် ပြောဖူးပါတယ်။ တကယ်တမ်း မိုလ်ခင်ညွန့် အာဏာသိမ်း ခံရပြီး နေအိမ်အကျယ်ချုပ်ကျခံနေရတော့ ကျမတို့ ဝမ်းမသာနိုင်ခဲ့ပါဘူး။

ကျမတို့ နိုင်ငံရေးအကျဉ်းကျမိသားစုတွေနဲ့ ပြည်သူလူထုတွေ ခံစားနေရတဲ့ ဒုက္ခဟာ လူပုဂ္ဂိုလ်ကြောင့်မဟုတ်ဘဲ စနစ်ကြောင့်ဆိုတာ သိမြင်ကြလို့ပါပဲ။ စစ်ထောက်လှမ်းရေးက ရာထူးကြီးသူတွေနဲ့ အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေး သမားတွေ အတူတကွ နေထိုင်ကြတော့လည်း နိုင်ငံရေးသမားတွေက အာဃာတ မထားဘဲ ပြန်ပြီးကူညီကြတဲ့ သာဓကတွေရှိပါတယ်။ ကျမကိုယ်တိုင်လည်း သူတို့မိသားစုတွေကို လမ်းခရီးမှာ၊ ထောင်ဝင်စာမှာ အမြဲကူညီပေးခဲ့ပါတယ်။ ဒီဒုက္ခကိုရင်စည်းခံပြီး ရင်ဆိုင်ခဲ့ရတဲ့ ကျမ အဘွားဒေါ်သန်းရွှေ ခေတ်ကနေ ယနေ့မြေးဖြစ်သူကျမ ဖြတ်သန်းနေရတဲ့ န·အ·ဖ စစ်အာဏာရှင်ခေတ်အထိ ကျမတို့ဘဝ ငြိမ်သက်ခြင်းမရှိခဲ့ပါဘူး။

ကျမဖေဖေရဲ့မိခင် ကျမအဘွားက သာမန်ကျေးတောသူတစ်ယောက်ပါ။ ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ထူးကြီးဆိုတဲ့ နယ်မြို့လေးက ဖြစ်ပါတယ်။ တိုင်းပြည်မငြိမ်သက်မှုအောက်မှာ အသက်ရှင်နေထိုင်ရတဲ့ ကျမတို့ အဘွားက နိုင်ငံရေးအကျဉ်းကျမိသားစုဝင်အဖြစ် သားကြီးကို ဟင်္သာတထောင်မှာ ထောင်ဝင်စာတွေ့၊ သားအငယ်ဆုံး ကျမဖေဖေကို မြန်မာပြည် အကျဉ်းထောင်အနှံ့ သားပျောက်ရှာခဲ့ရပါတယ်။ ဒေသအခေါ် သားအကြီးဆုံး ကျမဦးကြီးကို သူငယ်လို့ ခေါ်ပြီး သားအငယ်ဆုံး ကျမဖေဖေကို ကလေးလို့ ချစ်စနိုးခေါ်တတ်ပါတယ်။

ဒီသားနှစ်ယောက်ကို မြန်မာပြည်နိုင်ငံရေးမုန်တိုင်းက တိုက်ခတ်သွားလို့ အဘွားရဲ့ရင်ခွင်နဲ့ အဝေးဆုံးနေရာတွေကို ရောက်ရှိသွားရပါတယ်။ ကျမအဘွားက သားနှစ်ယောက်ကို တခြားမိခင်များနည်းတူ လောကအတိုင်းစီးမျောပြီး





ချစ်ခွင့်မရဘဲ လောကကို ရိုးရိုးစင်းစင်းနေထိုင်ပြီး သားတွေနဲ့နေခွင့်မရခဲ့ပါဘူး။ ကျမတို့ငယ်စဉ်ကတည်းကနေ နားထောင်ခဲ့ရပြီး ဘယ်တော့မှ မေ့မရနိုင်တဲ့ ဖြစ်ရပ်တွေလည်း အများကြီးရှိခဲ့ပါတယ်။ တည်မြဲ၊ သန့်ရှင်း ရွေးကောက်ပွဲ လုပ်တဲ့အချိန်မှာ အသက်ရှစ်ဆယ်အရွယ် ကျမအဘွားရဲ့မိခင်ကြီး ဒေါ်ဖွားငြိမ်းကို ဆဖေက ဦးကြီးထက်အရင် အိပ်ရာထဲက ပွေ့ပြီး မဲရုံထဲခေါ်သွားတော့ ဦးကြီးရယ် ဆောက်တစ်ခေါက်ခေါက်နဲ့ စိတ်ဆိုးကျန်ခဲ့တဲ့ အဖြစ်ကိုလည်း ကျမတို့ နားထောင် ခဲ့ရပါတယ်။

ကျမဦးကြီး အဖမ်းခံခဲ့ရတဲ့နေ့ကအဖြစ်က ဒီလိုပါ။ တိုက်ပွဲမှာ ကျဆုံးသွားတဲ့ သူ့ရဲဘော်ရဲ့ ဇနီးနဲ့သားကို ပြည်-ပန်းတောင်းဘက်ကို ခေါ်ထုတ် သွားရမှာဖြစ်ပါတယ်။ ဝေန်မြစ်စီးဆင်းရာ တွင်းကောက်ဘက်ကနေ လှည်းနဲ့ ထူးကြီးက သူ့မိခင်အိမ်ကို ခေါ်လာခဲ့ရပါတယ်။ ထူးကြီးမှာ တစ်ညအိပ်နားပြီး ဟသိမ်၊ ကြံခင်း မီးရထားနဲ့တစ်ဆင့် ပြည်-ပန်းတောင်းဘက်ကို ပို့ပေးမှာဖြစ်ပါတယ်။ အဲဒီအချိန်က ရထားလမ်းတစ်ခုပဲ လမ်းပန်းဆက်သွယ်ရေးရှိတဲ့ ဒေသမို့ ရထား အချိန်က သိပ်ကိုမှန်ပါတယ်။ ဘယ်အချိန်တည်းက စောင့်ကြည့်နေမှန်းမသိတဲ့ အာဏာပိုင်တွေက ကျမဦးကြီး အိမ်ဝိုင်းထဲ လှည်းမောင်းဝင်လာပြီး မကြာခင်မှာ လှည်းတံပိုးချွတ်၊ နွားရေတိုက်နေတုန်း လာခေါ်သွားပါတယ်။ ဒီမှာတင် ကောက်ရိုးပုံကြားထဲက လိုက်လာတဲ့သားသည်အမေက ဦးကြီးရဲ့အိမ်ပေါ်က စာရွက်စာတမ်းတွေကို ရှင်းလင်းထားဖို့ ဒေါ်ကြီးတွေကို သတိပေးလိုက်ပါတယ်။ ကျမအဘွားက သားသမီး ၇ ယောက်မိခင်ပါ။ တောလေ့မို့ အိမ်ဝိုင်းထဲမှာ လူတွေက အများကြီးပါပဲ။

ကောက်ရိုးပုံထဲမှာ ပုန်းပြီးလိုက်လာတဲ့ အမျိုးသမီးရဲ့ သားလေးကလည်း အရွယ်နဲ့မလိုက် သွက်လက်ချက်ချာတယ်လို့ နောင်မှာ ကျမဒေါ်ကြီးများနဲ့ အစ်မဝမ်းကွဲများက ပြောပြပါတယ်။ မကြာခင်မှာ ကျမဦးကြီးကို လာဖမ်းတဲ့ သူတွေက ဦးကြီးမပါဘဲ အိမ်ပြန်လာခဲ့ပါတယ်။ ဒီမှာတင် အမျိုးသမီးက ပုဆိုးအဟောင်းကို ဖျတ်ဆို ခေါင်းပေါင်းပြီး လုံချည်တိုတိုဝတ်၊ ဒူးကို ရေစွတ်လိုက် ပါတယ်။ မုန့်ကြိတ်ဆုံမှာ မုန့်ကြိတ်နေတဲ့ ကျမ ဒေါ်ကြီးကိုဖယ်ခိုင်းပြီး သူကိုယ်တိုင် ခုန့်ဝင်ကြိတ်နေပါတယ်။ အစ်ကို၊ အစ်မ၊ ဝမ်းကွဲတွေနဲ့အတူ ဦးကြီးပါလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကလေးအပါအဝင် အားလုံးကို အဖေနာမည်မေးပြီး စစ်ပါတော့တယ်။ သွက်လက်ချက်ချာတဲ့ကလေးက ကျမ အစ်မဝမ်းကွဲပြောတဲ့ သူ့အဖေ နာမည်အတိုင်း လိုက်ပြောပါတယ်။ တိုက်ကြက်များလို အတောင်ပံဖွပြီး အသင့်အနေအထားနဲ့ အမြဲရှိနေတဲ့ကလေးကို ဘဝရှိတယ်လို့ ဂျပန်ခေတ်မှာ ဈေးရောင်းရင်း ဆက်သား လုပ်ခဲ့ဖူးတဲ့ ကျမဒေါ်ကြီး ဒေါ်အေးမြင့်က မှတ်ချက်ပေးပါတယ်။

ပြည်တွင်းစစ်မီးကြီးမှာ သားပျောက်ရှာတဲ့ မိခင်တွေရဲ့အသံက ကမ္ဘာပျက် မတတ်ပါ။ အဲဒါကို ကမ္ဘာကြီးကြားအောင် မိခင်တွေ မအော်နိုင်ခဲ့ပါဘူး။ သူတို့တွေ မတရားခံနေရတာကို ကမ္ဘာကြီးသိအောင် မလုပ်နိုင်ခဲ့ကြပါဘူး။ ဘာမှပြန်မလုပ်နိုင်ဘဲ ငုံ့ခံနေရပါတယ်။ ကျမအဘွားလည်း သူခံစားနေရတဲ့ သောကအပူမီးဒုက္ခဆင်းရဲတွေကို ကမ္ဘာကြီးသိဖို့ဝေးစွ၊ သားနှစ်ယောက် သိအောင်တောင် မပြောနိုင်ခဲ့ပါဘူး။

ကျမဦးကြီး တာဝန်ခံခေါ်လာတဲ့ အမျိုးသမီးလည်း ပြည်တွင်းစစ်မီးမှာ ခင်ပွန်းသည် ကျဆုံးခဲ့ရပါတယ်။ သူတို့သားအမိရဲ့ ဘဝလုံခြုံမှုကို ကျမဦးကြီးဆီမှာ ပုံအပ်ထားရတဲ့အဖြစ်ပါ။ ကျဆုံးသွားတဲ့ ခင်ပွန်းသည်အတွက် အမှုဝေနိုင်ဖို့ဝေး ဖွင့်ဟငိုကြွေးခွင့်တောင် မရှိရှာပါဘူး။ သူတို့သားအမိကို ညတွင်းချင်း နေရာပြောင်း ပေးဖို့ ဒေါ်ကြီးများက စီစဉ်ပေးပေမယ့် အမျိုးသမီးက လက်မခံပါဘူး။ သူဘယ်အချိန် အိမ်ကထွက်မယ်ဆိုတာ ကိုညွန့်တင် သိပါတယ်။ အဲဒီအချိန်အထိ ကိုညွန့်တင် တောင့်ခံထားမယ်ဆိုတာ သူယုံကြည်တယ်တဲ့။ တစ်ညလုံး တထိတ်ထိတ်နဲ့ စိုးရိမ်နေတဲ့ ကျမအဘွားနဲ့ ဒေါ်ကြီးတွေကို နှုတ်ဆက်ပြီး အမျိုးသမီးက မနက်စောစောမှာ ဈေးရောင်းဈေးဝယ်တွေနဲ့ရောပြီး သားငယ် လက်ဆွဲလို့ အထုပ်ရွက်ပြီး ထွက်သွားပါတယ်။ မနက်အစောဆုံး ရထားထွက်ပြီး ၂ နာရီအကြာမှာ အမျိုးသမီးနဲ့ ၁၀ နှစ်အရွယ် သားယောက်ျားလေး ဘယ်မှာလဲလို့ အာဏာပိုင်လာမေးတော့ ကျမတို့ အဘွား ငယ်ထိပ်ကဆံပင်တွေ ထောင်တဲ့အထိ လန့်သွားတယ်တဲ့။ ဒီနောက်တော့ အာဏာပိုင်က ကျမဦးကြီးကို ထောင်ဒဏ် ၃ နှစ်ချမှတ်လိုက်ပြီး ဟင်္သာတ အကျဉ်းထောင်ကို ပို့လိုက်ပါတယ်။ ကျမတို့ ဦးကြီးလည်း သူ့ယုံကြည်ချက်၊ သူတာဝန်ခံလာခဲ့တဲ့ မုဆိုးမသားအမိရဲ့ ဘဝလုံခြုံမှု အတွက် သူ့ကိုယ်အင်္ဂါ အစိတ်အပိုင်းချို့ယွင်းတဲ့အထိ အနှိပ်စက်ခံပြီး ရပ်ခံခဲ့ ပါတယ်။





လယ်ယာကိုင်းကျွန်းနဲ့ အသက်ရှင်ရပ်တည်ရတဲ့ မုဆိုးမ ကျမအဘွား သားကြီးကို ထောင်ဝင်စာတွေ့နိုင်ဖို့ ကြိုးစားရတဲ့ အခက်အခဲတွေက နားထောင် ရက်စရာ မရှိပါဘူး။ အိမ်ရဲ့စားဝတ်နေရေးကို ဦးဆောင်ဖြေရှင်းနေတဲ့ သားကြီး နိုင်ငံရေးမှုနဲ့အဖမ်းခံရတော့ မိသားစုများတဲ့ အဘွားတို့တွေ သိပ်ကို ကသီလင်တ ဖြစ်ခဲ့ရပါတယ်။ ဟင်္သာတကို ထောင်ဝင်စာတွေ့ရင် ထူးကြီးကနေ မနက်စောစော ရထားစီး၊ နေ့လယ် ၁၁ နာရီဆို ဟင်္သာတကို ရောက်ပါတယ်။ ဦးကြီးကို ထောင်ဝင်စာတွေ့မယ့်ရက်ဆို အဘွားက ကြိုတင်ပြီးစုဆောင်းထားတဲ့ ဆန်းလျက်ခဲ၊ ပဲကြီးလှော်၊ လက်ဖက်ခြောက်၊ ငါးပိကြော်စပ်စပ်လေး လုပ်သွား လေ့ရှိပါတယ်။ အစပ်ဆိုတာ အစာအဟာရချို့တဲ့လူတွေအတွက် ဆာလောင် မွတ်သိပ်ခြင်းကို ပြေပျောက်စေတယ်။ ငရုတ်သီးအစပ်လေးနဲ့ မျှောချလိုက်ရင် ခံတွင်းမြိန်တယ်လို့ ဆိုပါတယ်။ ခြံထွက် ငှက်ပျော်သီးရင့်ရင့်လေးကို စပါးကျီထဲ အုပ်ထားရင် ဝင်းဝါနေတတ်ပါတယ်။ စုဆောင်းထားတဲ့ ထောင်ဝင်စာပစ္စည်းတွေကို ခံတောင်းထဲထည့်၊ ပုဆိုးဟောင်းကို ခေါင်းခုလုပ်ရွက်သွားတဲ့ အဘွား ဘယ်တော့မှ ငြင်ပန်းတယ်လို့မညည်းပါဘူး။ ရထားပေါ်ရောက်ရင် တံခါးဘောင်မှီပြီး ဦးကြီးအတွက် အန္တရာယ်ကင်း မေတ္တာသုတ်ရွတ်ပြီး တစ်လမ်းလုံး ဆုတောင်းတတ်ပါတယ်။ တစ်ခါတော့ ဦးကြီးကြိုက်တဲ့ ကြက်သားကြော်သွားတဲ့ အခေါက်မှာ အဘွားက ဟင်္သာတထောင်ဘူးဝမှာ သူ့နာမည်ခေါ်တဲ့အထိ စောင့်နေတာ နေသာစောင်းသွားရော ကြားလိုက်ရဘူးတဲ့။ အိမ်ရဲ့စီးပွားရေးအခက်အခဲ၊ သားကြီးရဲ့ ထောင်တွင်း ကျန်းမာရေးကို စဉ်းစားနေတာလို့ အဘွားက ပြောပါတယ်။ နောက်ဆုံး ထောင်ကဝန်ထမ်းတွေက ထောင်ဝင်စာပိတ်သွားပြီ၊ အမေကြီး ပြန်တော့ဆိုလို့ ဝန်ထမ်းတွေကို ဘာမှမပြောရဲတဲ့ အဘွားက နှုတ်ဆိတ်ပြီး ပြန်ခဲ့ပါတယ်။

ဝန်ထမ်းကိုကြောက်လို့ ထောင်ဝင်စာတွေ့ဖို့စောင့်နေရာက ပြန်ခဲ့ရ ပေမယ့် အကျဉ်းထောင်အုတ်ရိုးအပြင်မှာတော့ သားဇောနဲ့ အဘွားသတ္တိရှိသွားပုံ ရပါတယ်။ သားအကြိုက် စားစရာတွေကို ခံတောင်းနဲ့ရွက်ပြီး လေးဘက်လေးတန် ထောင်အုတ်ရိုးကိုပတ်ပြီး လမ်းလျှောက်ပါတယ်။ ပါးစပ်ကလည်း သူငယ်ရေ သူငယ်ရေလို့ မပြတ်ခေါ်ပါတယ်။ ထောင်အုတ်ရိုးအတွင်းက သူ့သားကြီးကြားမယ်လို့ အဘွားထင်ပုံရပါတယ်။ ထောင်ဝင်စာတွေ့ခွင့်မရလို့ သူ့သားကို မမြင်ခဲ့ပေမယ့် သူ့သားကြီးက မိခင်ရဲ့အသံကြားရမယ်လို့တွေးပြီး ခေါ်ခဲ့ရတယ်လို့ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းကို ဖေဖေ ကိုကိုးကျွန်းကပြန်လာပြီး နှစ်အတော်အကြာမှာ သူ့မိတ်ဆွေစာရေးဆရာကို ပြောပြလို့ မိခင်မာရသွန်ဆိုပြီး အဘွားအကြောင်းကို ဝတ္ထုတိုရေးခဲ့ပါတယ်။

ရိုးသားတဲ့ ကျေးတောသူကျမအဘွားရဲ့ နှလုံးသားကို မတန်မဆထိုးနှက် လိုက်တာကတော့ ၁၉၆၆ မှာ ကျမဖေဖေ အဖမ်းခံရတာပါပဲ။ ၆ လသမီးကျမကို မေမေက ရင်ခွင်ပိုက်ပြီး ကျမအဘွားနဲ့အတူ ခင်ပွန်းသည်ကို ရှာခဲ့ရပါတယ်။ အဘွားက သားဖေနဲ့ ထူးကြီးလိုနယ်မြို့လေးကနေ မြန်မာပြည်အကျဉ်းထောင်အနှံ့ သားပျောက်ရှာခဲ့ရတာ ၃ နှစ်ကြာခဲ့ပါတယ်။ ဘယ်လိုမှ ရှာလို့မရခဲ့ပါဘူး။ ရှိသမျှလယ်ယာတွေကုန်ပြီး သားကြီးကို အဘွားကမုန့်ရောင်းပြီး ထောင်ဝင်စာ တွေ့ခဲ့ရပါတယ်။ ကိုကိုးကျွန်းကနေ ၆ လတစ်ကြိမ် ဗလာစာရွက်တစ်မျက်နှာ စာရေးခွင့်ရတဲ့ ကျမဖေဖေရဲ့ လက်ရေးသေးသေးနဲ့ ရေးထားတဲ့စာကိုဖတ်ပြီး အဘွား အလွမ်းဖြေခဲ့ရပါတယ်။ သားငယ်ကို သူ ထောင်ဝင်စာတွေ့ချင်ပေမယ့် တွေ့ခွင့်မရခဲ့ပါဘူး။ ဖေဖေက သူ့မိခင်ကို အစ်မလို့ခေါ်ပါတယ်။ အစ်မ၊ ကျနော် ရှိသေစွာ စာရေးကန်တော့လိုက်ပါတယ်ခင်ဗျာဆိုတဲ့ ဖေဖေ့စာလေးကို ခဏခဏ ထုတ်ဖတ်တဲ့အဘွား၊ ဖေဖေနဲ့ဦးကြီး ထောင်ကမလွတ်ခင်မှာ လည်ချောင်းကင်ဆာနဲ့ သေဆုံးခဲ့ရပါတယ်။ သူ့သိပ်ချစ်တဲ့သားနှစ်ယောက်ကို အပြင်လောကမှာ တွေ့ခွင့်ရမသွားရှာဘူး။ ဘုရားရှိခိုးသံနဲ့ နှလုံးခုန်သံရောအောင် အဘွား အာရုံပြု တတ်ပါတယ်။ နတ်ဒေဝါတွေက အဘွားရဲ့ဆုတောင်းသံကို မကြားကြဘူးထင်ပါရဲ့။ ပြည်တွင်းစစ်မီး အခုထိ မငြိမ်းသေးသလို အဘွားလည်း သားနှစ်ယောက်နဲ့ တွေ့ခွင့်မရခဲ့ပါဘူး။ အဘွားက သူ့သားအကြီးသူငယ်နဲ့ သားအငယ်ဆုံးကလေး နိုင်ငံရေးမှုနဲ့ ထောင်ကျရတာ ဘဝကံမကောင်းလို့ဆိုပြီး ကံကို ရိုးမယ်ဖွဲ့ခဲ့ပါတယ်။ သူ့မြေးကျမ အလှည့်မှာတော့ ၄ နှစ်အရွယ် သားငယ်နဲ့ ဝေးလံခေါင်သီတဲ့ စစ်ကိုင်းတိုင်း ကလေးအကျဉ်းထောင်အထိ ထောင်ဝင်စာတွေ့ခဲ့ရတဲ့ ဆယ်စုချီတဲ့ ထောင်ဝင်စာခရီးက ကံတရားကြောင့် မဟုတ်တော့ပါဘူး။ ကံတရားထက် စစ်မှန်တဲ့ တရားခံကို ခိုင်လုံတဲ့သာဓကနဲ့ ကျမ လက်ညှိုးထိုးပြနိုင်ခဲ့ပါတယ်။ ဒါကတော့ စနစ်ပါ။

အနာဂတ်ကိုရင်ဆိုင်ဖို့ ခွန်အားဟာ အတိတ်က ဒဏ်ရာတွေဆီမှာ ရှိတယ်တဲ့။

မျှဝေခံစားနိုင်ကြပါစေ။

❑



ကျနော်တို့ခေါင်းဆောင်တွေနဲ့
မိတ်ဆွေ ဂုဏ်ဆောင် တွေကို
ပြောလိုက်ပါ။
ကျနော် သူများလို ရှေ့က
မပြေးနိုင်ပေမဲ့
ရှိတဲ့နေရာမှာတော့
မြဲအောင်ရပ် ပါ့မယ်...တဲ့။

## ဒေါက်တာသိန်းဝင်း

ဒီလိုအချိန်ဆိုရင် မန္တလေး-မုံရွာ လမ်းတစ်လျှောက် တမာပန်းရနံ့တွေ သင်းပျံ့နေရော့မယ်။ လူတစ်ဖက်စာရှိတဲ့ တမာပင်က တမာပန်းတွေမွှေးပုံက စူးစူးရဲရဲလည်းမဟုတ်ဘူး။ အညာတရပန်းပေမဲ့ သင်းသင်းပျံ့ပျံ့နဲ့ လူကိုအမောပြေအောင်လုပ်ပေးတဲ့ မွှေးရနံ့မျိုး။ အဲဒီ တမာပန်းတွေလို မထင်မရှားနဲ့ လောကကောင်းကျိုး သယ်ပိုးတဲ့ နိုင်ငံရေးသမားတွေနဲ့တူတယ်လို့ ကျမ ခံစားမိပါတယ်။ ဒါကြောင့် တမာပန်းနဲ့ ဘဝလမ်းဆိုပြီး ဝတ္ထုတစ်ပုဒ် ကျမ ရေးခဲ့တာပါ။ ကျမတို့ ကလေးအကျဉ်းကျမိသားစုတွေ ကို တမာပန်းတွေလို ဘဝအမောတွေပြေအောင် ကူညီစောင့်ရှောက်ပေး တဲ့ ကလေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းဝင်း ကွယ်လွန်တာ မတ်လ ၁၅ ရက်နေ့ဆိုသုံးနှစ်ပြည့်ပါပြီ။ ကျမတို့အားလုံးက ဒေါက်တာသိန်းဝင်းကို ဆရာလို့ ခေါ်ပါတယ်။ ၁၉၉၈ မှာ ကျမ ကလေးမြို့ကို ရောက်တဲ့အချိန် ဆရာ သူ့အိမ်မှာ မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးမှာ ခေါ်ယူထိန်းသိမ်းထား တဲ့အချိန်ပါ။ အဖွဲ့ချုပ်မြို့နယ်စည်း အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ရန်ကုန်မြို့မှာဆို ရဲမွန်ကို ခေါ်ယူ ထိန်းသိမ်းထားချိန်ပါ။

ဆရာ မရှိပေမဲ့ ဆရာ့ဇနီး ဒေါ်ကြည်ကြည်မြင့်က ကျမတို့ကို သူတို့အိမ်ကနေ တည်းခိုနေတိုင် စားသောက်ပြီးမှ ထောင်ဝင်စာတွေ့ဖို့ ပြောပါတယ်။ ကျမတို့ကို ဒီလို လိုလိုလားလား ဝမ်းမြောက်ဝမ်းသာ ခေါ်ယူစောင့်ရှောက်တဲ့ ဆရာနဲ့ ဒေါ်ကြည်ကြည်မြင့်ကို အထူးကျေးဇူးတင်ရပါတယ်။ အဲဒီအချိန် ICRC မရှိသေးပါဘူး။ တည်းခိုခန်း၊ နေ့စဉ်စားစရိတ် မပူရတော့ဘဲ ရန်ကုန်-ကလေး လမ်းစရိတ်ပဲ ပူရတယ်။ ကျမတို့ဘဝလုံခြုံမှုကလည်း သိပ်ကို အရေးကြီးပါတယ်။ ပြည်သူလူထုကမှ ကိုယ့်ကို အကာအကွယ်ပေးတာဆိုတဲ့ အဘွားဒေါ်ကြည်ကြည်ရဲ့ စကား သိပ်ကိုမှန်ပါတယ်။ ကျမတို့ ကလေးအကျဉ်းကျမိသားစုကို ကလေးမြို့ ပြည်သူလူထုက စောင့်ရှောက်ခဲ့ပါတယ်။

ဆရာ အဖမ်းခံရတဲ့အချိန်မှာ ဆရာတို့ မှီခိုနေရတဲ့ဆေးခန်းကို ပိတ်ထား ရပါတယ်။ ဒေါ်ကြည်ကြည်မြင့်က ထီရောင်းပြီး အိမ်စရိတ်ရှာခဲ့ပါတယ်။ ဒေါ်ကြည်ကြည်မြင့် ဖခင်က ဆရာ လွှတ်တော်ကိုယ်စားလှယ် ဖြစ်တဲ့အချိန်မှာ ကြည်ကြည် နင့်ယောကျ်ား နိုင်ငံရေးလောကထဲကို ရောက်သွားပြီ၊ ကိုယ့်ဘာသာ ရှာဖွေစားသောက်နိုင်အောင်လုပ်ဆိုပြီး ထီဆိုင်ထောင်ဖို့ အကြံပြုခဲ့ပါတယ်။ ဒါကြောင့်လည်း ဆရာ ခဏခဏအဖမ်းခံရတိုင်း ဒေါ်ကြည်ကြည်မြင့် တစ်ယောက် အိုးမကွဲအိမ်မကွဲ စီးပွားရှာနိုင်ခဲ့ပါတယ်။ ကျမတို့ အကျဉ်းကျမိသားစု ဘယ်နှစ်း တည်းတည်း မငြိုမငြင် ချစ်ချစ်ခင်ခင် ကြိုဆိုပါတယ်။ ဆရာ လွှတ်လာတော့ ကျမကို ဆရာက သတင်းစကားပါးပါတယ်။ သတင်းစာထဲမှာ လွှတ်တော် ကိုယ်စားလှယ်တွေ၊ အဖွဲ့ချုပ်မြို့နယ်စည်းတွေ၊ အဖွဲ့ဝင်တွေ နုတ်ထွက်တဲ့စာရင်းတွေ ပါနေချိန်လည်းဖြစ်ပါတယ်။ ကျနော်တို့ ခေါင်းဆောင်တွေနဲ့ မိတ်ဆွေရဲဘော်တွေကို ပြောလိုက်ပါ။ ကျနော် သူများလို ရှေ့ကမပြေးနိုင်ပေမဲ့ ရှိတဲ့နေရာမှာတော့ မြဲအောင်ရပ်ပါ့မယ်တဲ့။

ဆရာ့ကို ထောက်လှမ်းရေတပ်ထဲမှာ နှစ်ချိုပြီး ဖမ်းထားပါတယ်။ နည်းအမျိုးမျိုးနဲ့ စည်းရုံးပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်က နုတ်ထွက်ဖို့





ဖိအားပေးခံရပါတယ်။ ဆရာကတော့ သူ့ယုံကြည်ချက်ကို မစွန့်လွှတ်ဘဲ အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်အဖြစ်နဲ့ နောက်ဆုံးအချိန်အထိ ရပ်တည်သွားခဲ့ပါတယ်။ ဆရာက ပျော်ပျော်ရွှင်ရွှင် နေတတ်တယ်။ ကလေးတွေကို ချစ်ခင်တယ်။ အနုပ်တရားကိုမြတ်နိုးပြီး လူတွေကို လေးစားတန်ဖိုးထားသူပါ။ သူ့ကို ဘယ်အချိန် ဆေးကုဖို့ လာခေါ်ခေါ် တောရွာတွေအထိ လိုက်သွားပါတယ်။ ဆေးဖိုးမရှိလို့ နောက်မှပေးပါရစေဆိုလည်း ဆရာက လက်ကာပြတယ်။ လူနာကိုသက်သာအောင် အရင်ဆေးကုပေးတယ်။ စကားအပိုမပြောဘဲ လူနာကို စေတနာထားပါတယ်။ ထောက်လှမ်းရေးမိသားစုက ကလေးတွေ နေထိုင်မကောင်းဖြစ်လို့ ဆေးခန်း ခသွားနိုင်ရင် ဆရာက ဆေးကုသပေးပါတယ်။ ဒါကြောင့် ငွေကြေးချို့တဲ့တဲ့ ထောက်လှမ်းရေးမိသားစုက ဆရာ့ကို ကျေးဇူးတင်ကြတယ်။ အထက်လူကြီးက ဆရာ့ကိုဖမ်းခိုင်းလို့ လာဖမ်းရရင် ဆရာရယ် ကျနော်တို့မျက်နှာပူပါတယ်၊ နှင့်လွှတ်ပါလို့ပြောရင် ဆရာက သူ့ဟန်အတိုင်း ပြုံးပြုံးလေးပြန်ပြောတယ်။ ဘာဝန်အရလုပ်ပါ၊ ကျနော့်ကို အားမနာနဲ့တဲ့။ ဒီအတွက် ဆရာက ခံစားရပုံ မပေါ်ပါဘူး။

ကျမကိုလည်း ဆရာက အမြဲအမှတ်ရစေမယ့်စကားမျိုး ပြောဖူးပါတယ်။ မသန္တာ ကိုယ်က ကူညီတဲ့အခါမှာ ဘာမှမမျှော်လင့်နဲ့။ ဒီတော့ ကိုယ့်ကိုဘယ်လိုပဲ တုံ့ပြန်တုံ့ပြန် ကိုယ်မခံစားရဘူးလို့ ပြောပါတယ်။ ဆရာ့မှာ အမှတ်ရစရာတွေ အများကြီးပါ။ ကလေးမြို့ အကျဉ်းထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသား ကိုခင်မောင်မြင့် ဆုံးတော့ ဆရာ အရင်ဆုံးသိရပါတယ်။ ဆရာ့မိတ်ဆွေက လူမမာမေး ဆေးရုံသွားရင်းနဲ့ ဆေးရုံဂိတ်ဝဒ်မှာ နိုင်ငံရေးသမား ကိုခင်မောင်မြင့် အခုလေးတင် ဆုံးသွားတယ်ကြားလို့ ဆရာ့ကို ချက်ချင်း လာပြောတာပါတဲ့။ ထောင်ကို ဖုန်းဆက်တော့ ထောင်က ဘာမှမတုံ့ပြန်ပါဘူး။ ဆေးရုံကို ကျမတို့ သွားတော့ ကိုခင်မောင်မြင့် သေဆုံးပြီးကာစအတိုင်းပဲ တွေ့ရပါသေးတယ်။ ကျမကို ဆရာက သူ့မိသားစုကို ဘယ်လိုအကြောင်းကြားမလဲလို့ မေးပါတယ်။ ကျမ ကိုခင်မောင်မြင့်အတွက် ထောင်ဝင်စာကို သူ့အိမ်မှာ သွားယူပေးနေကျပါ။ နောက်ပြီး ကျမမောင်အငယ်ဆုံးကိုလည်း ယူခိုင်းတတ်တာမို့ အိမ်သိနေပြီ။ ဒါကြောင့် ကလေးမြို့ကနေ ကျမမောင်လေးကို ဖုန်းဆက်ပြီး ခုချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုခင်မောင်မြင့်အိမ်သွား၊ ကိုခင်မောင်မြင့်ဆုံးတဲ့အကြောင်းပြော၊ မနက်ဖြ လေယာဉ်လက်မှတ်ဝယ်နိုင်အောင်လုပ်၊ နောက်ရက် လေယာဉ်မရှိဘူး၊ လေယာဉ် လက်မှတ်ရအောင်ကြိုးစားပြီး ချက်ချင်းလိုက်ခဲ့လို့ပြောလို့ လသာမှာရှိ ကိုခင်မောင်မြင့်အိမ်ကို သွားပြောခိုင်းရပါတယ်။

ကလေးမြို့ ထောက်လှမ်းရေးက ရန်ကုန်ကို အကြောင်းမကြားသေးခင် ကိုခင်မောင်မြင့် မိသားစုက အဖွဲ့ချုပ်ရုံးကို အကြောင်းကြား။ ထောက်လှမ်းရေး အကြောင်းကြား။ လေယာဉ်လက်မှတ်ရဖို့ ကြိုးစားပြီး သူတို့ကိုယ်တိုင် သင်္ဂြိုဟ်ချင် အကြောင်း အတိုက်အခံပြောကြပါတယ်။ မိသားစုမျက်ကွယ်၊ လူမသိ သူ့ သင်္ဂြိုဟ်လိုက်ဖို့ မဖြစ်နိုင်တော့ ထောက်လှမ်းရေးတွေ မျက်မာန်ရှ ငြိုငြင်ကြ တော့တယ်။ ဒီတော့ ကလေးမြို့ထောက်လှမ်းရေးက ဒီသတင်းကို ကျမတို့တ တစ်ထစ်ချ ယုံကြည်ထားတာမို့ ဆရာ့အိမ်ကိုလာပြီး မသန္တာကို မေးစရာရှိလို့ ပြောပါတယ်။ ကလေးမြို့ထောက်လှမ်းရေး ဗိုလ်ကြီးဌေးဦးကိုယ်တိုင် လာခဲ့တာ မသန္တာ ခင်ဗျား ကိုခင်မောင်မြင့် သတင်းကို ရန်ကုန်ပို့လိုက်တာမဟုတ်လား မှန်မှန်ဖြေလို့ စစ်ကြောရေးဝင်လိုက်တယ်။ ဒီမှာတင် ဆရာက ကိုခင်မောင်မြင့် မိသားစုကို အကြောင်းကြားတာ ကျနော်ပဲ။ ကျနော်က ကလေးမြို့ လွှတ်တော် ကိုယ်စားလှယ်။ ဒါကြောင့် ကျနော့်မှာ တာဝန်ရှိတယ်လို့ ဝင်ရောက်ဖြေရှင်းလိုက် ပါတယ်။

ကျမတို့ လူ့အဖွဲ့အစည်းမှာ အယူသည်းမှုများ ရှိပါတယ်။ ဒီထဲက နာရေးဆိုရင် ဝေးဝေးက ရှောင်ချင်ကြပါတယ်။ ဆရာကတော့ လူတစ်ယောက် ဒုက္ခကိုမြင်ရင် ကြင်နာသနားတတ်တဲ့ လူတစ်ယောက်မို့ ညှိသည်နာရေး အိမ်ရှင်အဖြစ် သူ့အိမ်မှာ လုပ်လိုက်ပါတော့တယ်။ ဆရာက တကယ့် တရားသဘောနဲ့ နိုင်ငံရေးအသိနဲ့ ကိုခင်မောင်မြင့် ရုပ်ကလာပ်ကို တင့်တင့်တယ်တယ် ဖြစ်အောင် ဆောင်ရွက်ပေးပါတယ်။

ထို့အတူပါပဲ။ ကိုခင်မောင်မြင့်ရုပ်ကလာပ်ကို ကြေးစည်မတီးရ။ စပီကာ မဖွင့်ရ။ လိုက်မပို့ရလို့ ထောက်လှမ်းရေးက အမိန့်ထုတ်ထားတဲ့ကြားထဲက ကလေးမြို့ လူထုက သနားကရုဏာစိတ်နဲ့ လိုက်ပို့ပါတယ်။ အသုဘကိုတောင် ဖိနှိပ်ချုပ်ချယ် ရလားဆိုတဲ့ မခံချင်စိတ်ကြောင့်လည်း လူပိုများပါတယ်။ ကြေးစည်သံ





ဆော်စပီကာက တရားသံ မကြားရဆိုတဲ့ ကိုခင်မောင်မြင့်ရုပ်ကလာပ်က ကလေးမြို့ရဲ့ လေ့ထုံးစံကို ပထမဆုံး ချိုးဖောက်ခံခဲ့ရတာပါပဲ။ ထောက်လှမ်းရေးတွေ တားဆီး နေတဲ့ကြားထဲကပဲ မြေချ၊ သပိတ်သွတ် အစအဆုံး သူ့အိမ်မှာပဲ လုပ်သွားပါတယ်။ ကျမတို့ အကျဉ်းကျမိသားစုတွေကို အာဏာပိုင်ရဲ့ ရန်ပြုခြိမ်းခြောက်မှုတွေရှိရင် သူတတ်နိုင်သလောက် ကာကွယ်တယ်။ စောင့်ရှောက်ပါတယ်။ သူတတ်နိုင်သမျှ ဉ ပိုးတယ်။ ကျမတို့ ကလေးအကျဉ်းကျ မိသားစုတွေအတွက် ဆရာတို့မိသားစုက ကလေးမြို့ရဲ့ ICRC ပါပဲ။

၂၀၀၅ ခု ဇူလိုင် ၆ ရက်နေ့မှာ နိုင်ငံရေးအကျဉ်းသား တော်တော်များများ ထောင်က လွှတ်မြောက်ခဲ့ပါတယ်။ ကလေးအကျဉ်းထောင်က နိုင်ငံရေးအကျဉ်းသား ၇ ဦးလွှတ်မြောက်လာတော့ ဆရာနဲ့အတူ အဖွဲ့ချုပ်စည်းအဖွဲ့ဝင်တွေ ကြိုဆိုဖို့ သွားရောက်ပေမယ့် အာဏာပိုင်က ခွင့်မပြုခဲ့ပါဘူး။ လမ်းစရိတ်မပေးဘဲ ဝရမ်းသာ ပေးလိုက်တဲ့ အာဏာပိုင်များကို ဆရာက ကျနော်တို့ လမ်းစရိတ်ပေးချင်တယ်။ ဒါကိုတော့ ခွင့်ပြုရမယ်လို့ အတိုက်အခံပြောခဲ့ပါတယ်။ ကလေး၊ ကလေးဝ-တမူး လမ်းခွဲဖြစ်တဲ့ ကျီကုန်းရွာကစောင့်ပြီး နိုင်ငံရေးအကျဉ်းသားတွေကို လမ်းစရိတ် စားစရိတ် ထောက်ပံ့ပေးခဲ့ပါတယ်။

၂၀၀၆ မတ်လမှာ ဆရာ သည်းခြေအိတ်ကင်ဆာဖြစ်တော့ ကလေးမြို့ကနေ ရန်ကုန်ဆေးရုံကြီးကို ဆေးကုသဖို့ ဆရာ ရောက်လာခဲ့ပါတယ်။ ကျမတို့ ရဲဘော်အားလုံး ဆရာ့ကို ပြုစုစောင့်ရှောက်ဖို့ အလှည့်ကျ တာဝန်ယူကြပါတယ်။ ခွဲခန်းဝင်မယ့်နေ့က မှတ်မှတ်ရရတွေ့ဆုံရတဲ့ အတိုက်အခံအကြောင်းလည်း ပြောပြချင်ပါတယ်။ ဆရာ့အတွက်သွေးကို တောင်ဥက္ကလာ ဘုန်းကြီးကျောင်းက သံဃာတော်တွေလှူပြီး သွေးလှူဘဏ်မှာ အပ်ထားရပါတယ်။ ခွဲမယ့်နေ့မနက်မှ သွေးလာယူဖို့ ပြောပါတယ်။ ဒီတော့ ခွဲမယ့်နေ့မနက်မှာ ကျမတို့ သွေးလှူဘဏ်ကို သွေးသွားယူပါတယ်။ ဆေးရုံကြီးတစ်ခုလုံး အစောင့်အကြပ်တွေနဲ့ ဘယ်သူမှ ဖြတ်သန်းသွားလာလို့မရဘူးလို့ စစ်ဗိုလ်တွေက ပြောပါတယ်။ ကျမတို့ကလည်း ခွဲစိတ်ခန်းဝင်မယ့်လူနာအတွက် သွေးယူဖို့အရေးကြီးလို့ပါလို့ပြောပေမယ့် ခွင့်မပေးပါဘူး။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဒေါ်ကြိုင်ကြိုင်တို့လာမှာမို့ လုံခြုံရေးယူထားတယ်လို့ ပြောပါတယ်။ သူတို့သား ကားတိုက်မှုဖြစ်လို့ ရန်ကုန်ဆေးရုံကြီးမှာ ဆေးကုသ



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းဖြစ်ပါတယ်။ စစ်အာဏာရှင်က သူတို့အသက်လောက်ပဲ အသက်ထင်ပြီး ကျန်တဲ့ ထောင်ပေါင်းများစွာသော လူနာတွေရဲ့အသက်ကို မငဲ့ကွက်မှုက ခံခြင်းနာကြည်းစရာ။

ဆရာ့ကိုခွဲစိတ်တာ မအောင်မြင်ခဲ့ပါဘူး။ ဆရာက ဆေးရုံပေါ်မှာ သူ့ရဲ့နောက်ဆုံးအချိန်ကို တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်သွားပါတယ်။ ကျမတို့ သူပြောတဲ့စကားတွေထဲမှာ သူ့ရဲ့ဆရာဝန်သက်တမ်းတစ်လျှောက် အကြမ်းဖျင်း တွက်ကြည့်ရင် လူနာ သုံးသိန်းလောက် သူ ကုနိုင်ခဲ့တယ်။ ဒီအတွက် သူကျေနပ်တယ်။ လောကကြီးမှာ နာမှာ၊ သေမှာ၊ ဆင်းရဲမှာ လူတိုင်းကြောက်ကြတယ်။ ကြောက်ပေမယ့် မရှောင်မလွှဲသာ လူတိုင်းရင်ဆိုင်ရမှာပဲ။ ဘယ်လိုရင်ဆိုင်မလဲ။ တချို့က ဘာသာရေးနဲ့ ရင်ဆိုင်တယ်။ တချို့က သူတို့ယုံကြည်တဲ့ အတွေးအခေါ်နဲ့ ရင်ဆိုင်ကြတယ်လို့ ပြောပါတယ်။ ဆရာကတော့ သူ့နောက်ဆုံးထွက်တဲ့အထိ တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်သွားခဲ့တာကို ကျမတို့ကြေကွဲစွာနဲ့ တသသ ပြောမဆုံး ဖြစ်ခဲ့ရပါတယ်။ အမှန်တရားအတွက် ကောင်းတာကိုလုပ်ခဲ့တဲ့ လူတွေဟာ သေရမှာကိုမကြောက်ဘူးဆိုတာ ဆရာက ထပ်မံ မော်ကွန်းထိုးလိုက်တာပါပဲ။

ဆရာ ဆုံးတဲ့နေ့က မတ်လ ၁၅ ရက်နေ့၊ တိုက်တိုက်ဆိုင်ဆိုင် သခင်ဇင် နှစ်ပတ်လည်နဲ့ တိုက်နေပါတယ်။ သခင်ဇင့်နှစ်ပတ်လည်ကနေ ကိုမင်းကိုနိုင်၊ ကိုကိုကြီးတို့အားလုံး ဂျပန်ဆေးရုံကိုရောက်တဲ့အချိန်မှာ ဆရာ့ရဲ့နောက်ဆုံး ထွက်သက်ကို မီရုံလေးပါ။ ဆရာဆုံးတော့ နေ့လယ် ၂ နာရီ။ ဆရာ့ရုပ်ကလာပ်ကို ဂျပန်ဆေးရုံ အအေးခန်းမှာထားဖို့ အအေးခန်းက ကျမတို့လက်မှတ်ထိုး ငွေပေးပြီးတဲ့ အချိန်။ ညနေလေးနာရီမှာ အာဏာပိုင်က ထားခွင့်မပြုနိုင်ဘူး၊ ရေဝေးကိုပို့ဖို့ လာပြောပါတယ်။ နာရေးကူညီမှုအသင်းလည်း ရုံးပိတ်သွားပြီမို့ ဒီတစ်ည ထားခွင့်ပြုပါ။ ကျမတို့နောက်နေ့ ရေဝေးကိုပို့ပါ့မယ်လို့ ဘယ်လိုပဲပြောပြော မရဘူးဖြစ်နေတယ်။ ဒီတော့ ကိုမင်းကိုနိုင်က ကိစ္စမရှိဘူး။ ဂျပန်ဆေးရုံကနေ လမ်းလျှောက်ပြီး ကျနော်တို့ တစ်ယောက်တစ်လှည့် ပခုံးနဲ့ထမ်းပြီး ရေဝေးပို့မယ်လို့ ပြောမှ အာဏာပိုင်က ကျမနဲ့အတူ ကိုမင်းကိုနိုင်၊ ကိုကိုကြီးတို့ကို ဆေးရုံအုပ်ကြီး ရုံးခန်းကို ခေါ်တွေ့ပါတယ်။ ဒီတစ်ရက် ထားခွင့်ပြုမယ်။ မနက်ဖြန် ရေဝေးကို ပို့ရမယ်လို့ ပြောပါတယ်။ ဆရာ့ဈာပနအခမ်းအနားလုပ်ဖို့၊ အသုဘအိမ်လုပ်ဖို့





ရဲရဲဝံ့ဝံ့ လက်ခံခဲ့တဲ့ အိမ်ရှင်ကတော့ ဆရာကြီးဦးတင့်လွင်နဲ့ အန်တီစန်းပါ။ ၂၀၀၆ ခုနှစ်မှာ NLD နဲ့ ၈၈ မျိုးဆက်တို့ ပူးပေါင်းလုပ်ဆောင်သွားခဲ့တာ ဆရာ့ဈာပနမှာ ပထမဆုံးပါပဲ။ ဒီလို စုပေါင်းစည်းလုံးတာကို စစ်အာဏာရှင်က လိုလားပါဘူး။ ဆရာ့ဈာပနအပြီး ပြန်ဖို့ ကားပေါ်တက်ဖို့ပြင်တဲ့ ကိုမင်းကိုနိုင်ကို အာဏာပိုင်ဘက်က လူတစ်ယောက်က ဝင်ထိုးလိုက်ပါတယ်။ ဒါကိုမြင်လို့ ပြေးလာကြတဲ့သူတွေကို ကိုမင်းကိုနိုင်က သက်သက် ပွဲပျက်အောင်လုပ်တာ၊ ဆူဆူအောင်ရန်စတာ ဘာမှပြန်မလုပ်ကြပါနဲ့လို့ တောင်းပန်လိုက်တယ်။

ဆရာ့ဈာပနအတွက် လက်ကမ်းစာစောင်လုပ်တော့ ကိုမင်းကိုနိုင်က ဆရာ့ပုံဆွဲပြီး ကဗျာတစ်ပုဒ်ရေးပါတယ်။ အဲဒီကဗျာထဲမှာ မြို့ကလေးတော့ အဖမဲ့သွားပြီတဲ့။ ဟုတ်ကဲ့ပါ။ အမှန်တရားကိုမြတ်နိုးတဲ့ ပြည်သူလူထုနဲ့ မိမိဒေသခံ ပြည်သူတွေကို ချစ်ခင်လေးစားစောင့်ရှောက်တဲ့ ဆရာတစ်ယောက် ကလေးမြို့မှာ ရှိတော့ပါဘူး။ ကျမတို့ နက်နက်ရှိုင်းရှိုင်း ကြေကွဲဝမ်းနည်းခဲ့ရပါတယ်။

လူတစ်ယောက်ဟာ သူဘာတွေလုပ်ခဲ့တယ်။ သူဘယ်လိုလူလဲဆိုတာ ဘဝနိဂုံး အဆုံးသတ်တဲ့အချိန်မှာ တကယ့်ရုပ်ပုံကို အမှန်အတိုင်း ကျန်တဲ့သူတွေက မြင်ရတာပါ။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းသုဝဏ်က အော်တိုစာအုပ်ထဲမှာ အဘွား လူထုဒေါ်အမာအတွက် အမှတ်တရ ရေးပေးခဲ့ပါတယ်။ အမာသည် အပျော့မဟုတ်။ အဖြူသည် အမည်းမဟုတ်။ အဖြောင့်သည် အကောက်မဟုတ်။ အမာကို မပျော့စေနှင့်။ အဖြူကို မမည်းစေနှင့်။ အဖြောင့်ကို မကောက်စေနှင့်ဆိုတဲ့ စာထဲကအတိုင်း အဘွားက သူယုံကြည်ချက်ကို ကွယ်လွန်ချိန်အထိ ဆုပ်ကိုင် သွားခဲ့ပါတယ်။



# လူထုဒေါ်အမာ

ကျမရဲ့ ဒေသန္တရသမိုင်းထဲမှာ လုံးဝမေ့ပျောက်လို့မရတဲ့ မေ့ပျောက်နိုင်စွမ်း အလျဉ်းမရှိတဲ့ ပတ်ဝန်းကျင်အလှဒေသကတော့ မန္တလေး၊ ကလေး ခရီးစဉ် တစ်လျှောက်ပဲဖြစ်ပါတယ်။ ပတ်ဝန်းကျင်အလှကို ပြန်တွေးတိုင်း လွမ်းဆွတ် ကြည်နူးတမ်းတနေရသလို လူပုဂ္ဂိုလ်အဖြစ် သတိရလွမ်းဆွတ် ကြည်ညိုနေရတာ ကတော့ အဘွားလူထုဒေါ်အမာကိုပါ။

နိုဝင်ဘာ ၂၉ ရက်နေ့က အဘွားလူထုဒေါ်အမာရဲ့ မွေးနေ့မို့ မွေးနေ့နီးရင် အနယ်နယ်အရပ်ရပ်က အဘွားကိုချစ်ခင်ကြည်ညိုတဲ့ စာပေအနုပညာရှင်များအပြင် ပြည်သူလူထုကပါ တောင်သမန်အင်းက ဆရာတော်ဦးပညာကျော်င်းကို လာခဲ့ကြ ပါပြီ။ ဂုဏ်ပကာသနဖက်ပြီး မကျင်းပပါဘူး။ ဒါပေမဲ့ ပြည်သူလူထုဘက်က အစဉ်ရပ်တည်ခဲ့တဲ့ နိုင်ငံရေးသမား၊ သတင်းစာဆရာ၊ စာရေးဆရာမကြီးမွေးနေ့ကို ပြည်သူလူထုက ကျင်းပပေးတဲ့ မွေးနေ့ပွဲဖြစ်တာမို့ ဘယ်လောက်ပင်ပန်းနေပါစေ မွေးနေ့ရှင်အဖြစ် တက်ရောက်ညွှန့်ခံပေးပါတယ်။

မွေးနေ့မှာတော့ တော်ဘုရားလေး၊ လူထုဦးစိန်ဝင်း၊ ဒေါက်တာသန်းထွန်း၊ ဆရာကြီးဒဂုန်တာရာ၊ ဘဘသခင်အုန်းမြင့်တို့နဲ့အတူ သနပ်ခါးဖွေးဖွေး ပန်းပန်ထားတဲ့ အဘွားက ပြုံးရွှင်ပြီး ၄က်လွတ်မယ်၊ လမင်းတာရာ ပန်တျာဒွေးဒွေးမြင့်က လေဘာတီ ခမြရင်ရဲ့ တုံးကျော်မသီချင်းနဲ့ ဂုဏ်ပြုရင် အဘွားကပါ စည်းလိုက်ရင်း လိုက်ဆိုမယ်။ ခုတော့ မွေးနေ့ရှင် အဘွားလူထုဒေါ်အမာ မရှိတော့ပါဘူး။ အဘွား ပြောနေကျစကားရှိပါတယ်။ *လူမှန်ရင် လူတိုင်းမှာ လူသားရဲ့ အားမာန်အပြည့် ရှိရတယ်။ ငါဟာ လူ့အဖွဲ့အစည်းကို ငါ့စွမ်းဆောင်ရာဘက်က အကျိုးပြုနိုင်တဲ့ လူသားတစ်ယောက်ဖြစ်ရမယ် ဆိုတဲ့စကားပါ။*



www.burmeseclassic.com

www.burmeseclassic.com



အဘွားလူထုဒေါ်အမာက ကြီးကျယ်မြင့်မြတ်တဲ့အလုပ်တွေကို ခွန်အားစလနဲ့ မတည်ဆောက်ဘဲ ကြီးမြတ်တဲ့စိတ်ဓာတ်နဲ့ တည်ဆောက်ခဲ့သူ ဖြစ်ပါတယ်။ ကမ္ဘာကြီးအတွက် လိုအပ်တာက ငြိမ်းချမ်းရေးပါ။ ကိုယ်ချင်းစာစိတ်နဲ့ ကရုဏာတရားပါ။ လူသားအချင်းချင်း နားလည်သည်းခံမှုနဲ့ ချစ်ခင်လေးစားမှုပါ။ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး အများအကျိုးသယ်ပိုးတဲ့ ပရစိတ်ဓာတ်ပါ။ ဒီလိုစိတ်ထားကို အခြေခံတဲ့ ပြယုဂ်ကို ကိုယ်စားပြုသူကတော့ အဘွားလူထုဒေါ်အမာပါပဲ။

အဘွားလူထုဒေါ်အမာက ၁၉၃၆ ခုနှစ် ကျောင်းသပိတ်မှာပါခဲ့တဲ့ သပိတ်မှောက်ကျောင်းသူတစ်ဦးပါ။ သပိတ်မှောက်ကျောင်းသူဘဝနဲ့ ရွှေတိဂုံ သပိတ်စခန်းမှာရှိနေတုန်း ဆရာမင်းသုဝဏ်က အော်တိုစာအုပ်ထဲမှာ အဘွားလူထုဒေါ်အမာအတွက် အမှတ်တရ ရေးပေးခဲ့ပါတယ်။ အမာသည် အပျော့မဟုတ်။ အဖြူသည် အမည်းမဟုတ်။ အဖြောင့်သည် အကောက်မဟုတ်။ အမာကို မပျော့စေနှင့်။ အဖြူကို မမည်းစေနှင့်။ အဖြောင့်ကို မကောက်စေနှင့်ဆိုတဲ့ စာထဲကအတိုင်း အဘွားက သူ့ယုံကြည်ချက်ကို ကွယ်လွန်ချိန်အထိ ဆုပ်ကိုင်သွားခဲ့ပါတယ်။

အဘွားလူထုဒေါ်အမာက အဖိနှိပ်ခံပြည်သူဘက်က ရပ်တည်ခဲ့တဲ့ နိုင်ငံရေးသမားတစ်ယောက်ဖြစ်တယ်။ သတင်းစာစာရေးဆရာမကြီး တစ်ယောက်ဖြစ်တယ်။ ပြည်သူ့ဘက်သား သားသမီးရတနာတွေကို မွေးထုတ်ပေးတဲ့ မိခင်တစ်ယောက်လည်း ဖြစ်ပါတယ်။ မြန်မာပြည်မှာ တော်လှန်ရေးထဲမှာ ကျဆုံးခဲ့သူ မြန်မာပြည်တော်လှန်ရေးမှာ အခုချိန်ထိ လှုပ်ရှားနေသူတို့ရဲ့ မိခင်လည်းဖြစ်ပါတယ်။

ဒါကြောင့် ကြေကြေကွဲကွဲ အဘွားပြောခဲ့တဲ့ စကားရှိပါတယ်။ အမေ့ လောကဓံကို ခံရတာများလွန်းလို့ လူက တော်တော်ထုံနေပြီ။ ငယ်ငယ်ရွယ်ရွယ်နဲ့ သေကွဲရှင်ကွဲ ကွဲနေရတုန်းပါပဲတဲ့။

အဘွားနဲ့ကျမ စတင်ဆုံဖူးတဲ့နေ့ကို မှတ်မိနေတယ်။ ၁၉၉၈ ဖေဖော်ဝါရီ ၁၈ ရက်မှာ အဖမ်းခံရတဲ့ ခင်ပွန်းသည်ကို ဧပြီလမှာ အင်းစိန်ထောင်ကနေ မန္တလေးမုံရွာကတစ်ဆင့် ကလေးအကျဉ်းထောင်ကို အာဏာပိုင်က ထောင်ဒဏ် ၁၄ နှစ်နဲ့ ပို့လိုက်ပါတယ်။ နိုင်ငံရေးသမားတွေကို နယ်ဝေးအကျဉ်းထောင်တွေဆီ ပြစ်ဒဏ်အများဆုံး ၁၄ နှစ်နဲ့ ပို့နေတဲ့အချိန်ပါ။





ကလေးမြို့ဆိုတာ ဘယ်နားမှန်းမသိ။ ဘယ်လို သွားရမှန်းမသိတဲ့ အချိန်မှာ ဘဗျာဆရာကြီးဦးတင်မိုးက ကလေးထောင်သွားဖို့ လမ်းညွှန်ပေးပါတယ်။ ဆရာကြီးနဲ့ အင်းစိန်ထောင်ထဲမှာ ၃ နှစ်နေဖူးတဲ့ ဒုရဲအုပ်လေးက ကလေး-တမူး လမ်းမှာ စက်ဘီးကယ်ရီနဲ့ ချည်ထုတ်တွေသယ်ဖူးသူမို့ ကလေးမြို့နဲ့ တမူးကို သူ ၃ နှစ်သားနဲ့ ရောက်ခဲ့ဖူးတယ်။ ဒါကြောင့် လမ်းခရီးကို ဘယ်လိုသွားရမယ်ဆိုတာ ဆရာကြီးဦးတင်မိုးက ပြောပါတယ်။ ဒါအပြင် ခရီးတစ်ထောက်နားရာ မန္တလေး လူထုတိုက်ကို စာရေးပေးလိုက်ပါတယ်။

ဒေါ်ဒေါ်ခင်ဗျားလို့ အစချီထားတဲ့စာလေးကိုင်ပြီး လူထုတိုက်ကို ရောက်သွားတော့ ပုံနှိပ်စက်သံ တဖြောင်းဖြောင်းက ကျမကို ဆီးကြိုနေတယ်။ အောက်ဘက်ဧည့်ခန်းက နာမည်ကျော်ပန်ချီဆရာကြီးတွေရဲ့ ဆီဆေးပန်းချီကားတွေက အရင်ဆုံး ကျမကို ဧည့်ခံနှုတ်ဆက်တယ်။ ပြီးတော့မှ ရင်ဖုံးအင်္ကျီအဖြူမှာ လက်ကိုင်ပဝါ ထိုးထားတဲ့ သနပ်ခါးအဖွေးသားနဲ့ အဘွားလူထုဒေါ်အမာကို တွေ့ရတယ်။ အဲဒီအချိန်က အဘွားလူထုဒေါ်အမာ အသက် ၈၀ ကျော်ပေမဲ့ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် ရှိတုန်းပါ။

ဆရာကြီးဦးတင်မိုး ပေးလိုက်တဲ့စာထဲမှာ ကျမ ဖေဖေက လူထုတိုက်က သတင်းထောက်တစ်ယောက်ဖြစ်ခဲ့တဲ့အကြောင်း၊ ကိုကိုးကျွန်းမှာ ရဲဘော်ဖိုးသံချောင်းနဲ့အတူ နေခဲ့သူဖြစ်ကြောင်း မိတ်ဆက်ပေးလိုက်တာပါ။

အဘွားက ကျမတို့မိသားစုအကြောင်းကို မေးပါတယ်။ သတင်းစာဆရာပီပီ မေးတတ်သလို စာရေးဆရာပီပီ စိတ်ဝင်တစား နားထောင်ပါတယ်။

ကျမ ၆ လသမီးအရွယ်မှာ ဖေဖေ အဖမ်းခံရပြီး ကျမ ၇ နှစ်သမီးမှာ ထောင်က လွတ်လာပါတယ်။ အခု ခင်ပွန်းသည် အရေးပေါ် ၅ ညနဲ့ ထောင်ဒဏ် ၁၄ နှစ် အချခံရပါတယ်။ ဖမ်းသွားကတည်းက ထောင်ဝင်စာတွေ့ခွင့်မရဘဲ နယ်ဝေး ကလေးအကျဉ်းထောင်ကို ပြောင်းလိုက်တယ်။ ကျမမှာ ၅ နှစ်အရွယ် သားကလေးတစ်ယောက်ရှိပါတယ်ဆိုတဲ့အကြောင်း အဘွားကို ကျမ ပြောပြပါတယ်။

အဘွားက ရင်ဖုံးအင်္ကျီမှာထိုးထားတဲ့ လက်ကိုင်ပဝါထုတ်ပြီး မျက်ရည်သုတ်တယ်။ ကျမကို ကြင်ကြင်နာနာနဲ့ ပခုံးဖက်ပြီး ငါ့သမီး စာရေးပါသား။



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့ဘဝတွေက စာရေးဖို့ သိပ်ကောင်းတယ်တဲ့။

ဒီလိုနဲ့ ကျမလည်း စာရေးသူဖြစ်သွားပါတယ်။ ကျမရဲ့စာရေးသူဘဝ စာပေမျိုးစေ့ချပေးသူက အဘွားလူထုဒေါ်အမာဖြစ်ပြီး စာပေစင်မြင့်ကို တင်ပေးသူကတော့ ဒေးဒရဲဦးမြတ်ခွေနဲ့ ဆရာနတ်နွယ်ပါပဲ။

တရားစောင့်သောသူကို တရားကပြန်စောင့်သည်။ ပြည်သူကိုချစ်သူအား ပြည်သူကပြန်ချစ်သည်။ လူကိုလေးစားသူအား လူကပြန်လေးစားသည်လို့ ဆရာပါရဂူက မိုးဝေမဂ္ဂဇင်းမှာ ဆရာဇန်းမော်တင်အောင်အကြောင်း အမှတ်တရ ရေးခဲ့ဖူးပါတယ်။ အဘွားက ပြည်သူကိုချစ်လို့ အဘွားကိုပြည်သူက ချစ်တယ်ဆိုတာ အဘွားမွေးနေ့နဲ့ အဘွားဈာပနက သက်သေပြခဲ့ပါတယ်။

အဘွားလူထုဒေါ်အမာက ပြည်သူလူထုကို သတင်းနဲ့ မျက်စိပွင့်အောင် စာပေနဲ့ နိုးကြားဖို့ ကွယ်လွန်ချိန်အထိ ကြိုးစားခဲ့သူ၊ စွမ်းဆောင်ခဲ့သူ တစ်ယောက်ပါ။ ခေတ်ခရီးကို ပြည်သူလူထုနဲ့အတူ ကလောင်စွဲပြီး ထက်ကြပ်မကွာ လျှောက်ခဲ့သူပါ။ ကျမ ကလေးအကျဉ်းထောင်ကိုသွားတိုင်း လူထုတိုက်ကိုဝင်ခဲ့တာ တစ်လတစ်ကြိမ်နဲ့ ၁၀ နှစ် ကြာသွားခဲ့ရပါတယ်။ အဘွားက ကျမကို ဘယ်အချိန်သွားသွား နွေးနွေးထွေးထွေးကြိုတယ်။ နိုင်ငံရေးအကျဉ်းကျမိသားစုတွေကို တတ်နိုင်သလောက် ပံ့ပိုးတယ်။ အဘွားဆီကို ကျမရောက်ရင် အဘွားက ရေဒီယိုသတင်း၊ ဂျိုဟ်တုသတင်း တစ်ခုမဟုတ်တစ်ခု နားထောင်တတ်တာ အဘွားမဆုံးခင် မတ်လ ၂၃ ရက်နေ့ ကျမရောက်တဲ့အထိပါ။ အဘွားဆီ ကျမရောက်ရင် ရန်ကုန်က မိတ်ဆွေတွေအကြောင်း ကုန်ဈေးနှုန်းအကြောင်းနဲ့ လက်ရှိအခြေအနေကို မေးပါတယ်။ ကျမကိုလည်း မှတ်ထား ငါ့သမီး၊ တစ်ချိန်ကျ ဒီသတင်းတွေက သိပ်ကိုတန်ဖိုးရှိမှာလို့ ပြောပါတယ်။ အဘွားက မန္တလေးသူပီပီ စကားတတ်တယ်။ တစ်ဖက်သားကိုပြောရင် ဝေဖန်ရင် စကားပြောဆိုပေမယ့် ထိထိမိမိနဲ့ သိပ်ကိုယဉ်ကျေးပါတယ်။ အဘွားက ကျမကို အမြဲမှတ်သားနေရမယ့်စကား ပြောပါတယ်။ ငါ့သမီး စာရေးဆရာဆိုတာ ဘယ်နေ ရတယ်တဲ့။

အဘွား ဂျိုဟ်တုသတင်းကြည့်တဲ့ တီဗီပေါ်မှာ ပါးအိုနီနီလေးတွေနဲ့ အနွေးထည် ထူထူဝတ်ထားတဲ့ ကလေးငယ်တွေရဲ့ဓာတ်ပုံ တင်ထားပါတယ်။ အဲဒီပုံလေးတွေကို အဘွား အလွမ်းပြေ ကြည့်နေတတ်တယ်။ ဘယ်သူ့ပုံလဲဆိုတာ





အဘွားကို ကျမ မမေးရက်ပေမဲ့ စိတ်ထဲက အလိုလိုသိနေတယ်။ တစ်နေ့ ဆရာညီပုလေး ထောင်ကလွတ်လာတယ်။ အဘွားကို ကျမက အဘွား ကိုညီလွတ်တော့ အဘွားပျော်မှာပေါ့လို့ တို့လိုက်တယ်။ အဘွားက ပြုံးပြုံးလေးနဲ့ ပြန်ပြောတယ်။ ကိုညီ လွတ်ပေမဲ့ အမေ အပြည့်အဝ မပျော်ပါဘူး။ ထောင်ထဲမှာ အမေ့သားသမီးတွေ အများကြီးကျန်သေးတယ်တဲ့။ ကျမ အဘွားကို သိပ်ချစ်သွားတယ် ဟုတ်တာပေါ့။ အဘွားက ကျောင်းသားသမဂ္ဂကျောင်းသူ၊ သပိတ်မှောက်ကျောင်းသူ၊ ခေတ်အဆက်ဆက် စစ်အာဏာရှင်စနစ်ကို တော်လှန်ခဲ့သူ၊ သူကိုယ်တိုင်လည်း အကျဉ်းသူဖြစ်ခဲ့ဖူးသူ။ ထောင်ထဲမှာ နေ့စဉ်ထောင်တွင်းတိုက်ပွဲတွေနဲ့ တခြား ဖြစ်မှုကျူးလွန်သူ မိန်းမအကျဉ်းသူတွေရဲ့ဘဝအကြောင်း ကျမကို ပြောပြတတ်တယ်။ အဘွားက အမျိုးသမီးတွေရဲ့ဘဝကို သိပ်ကို တန်ဖိုးထားသူပါ။

တို့မိန်းမသားတွေကို အမေဂုဏ်ယူတာ တစ်ခုရှိတယ်။ အဲဒါကတော့ အိမ်ထောင်ဦးစီးများ မရှိတဲ့အချိန်မှာ သားသမီးတွေကို စောင့်ရှောက်တယ်၊ စီးပွားရှာရတယ် အစရှိတဲ့။ ဒါကို စာပေစိစစ်ရေးလွတ်အောင် ပါးပါးလေး ရေးသွားတယ်။ တစ်ခါက အဘွားက မေးဖူးတယ်။ ငါ့သမီး အမေ့ဆောင်းပါးတွေ ဖတ်ပြီး နားလည်ရဲ့လား။ စာပုဒ်ရဲ့အသက်က အောက်ဆုံးစာကြောင်းလေး၊ ဒါကို စာပေစိစစ်ရေးက ဖြတ်လိုက်တော့ ဘာမှန်းကို မသိတော့ဘူးတဲ့။ အဘွားက ကျမသားလေးကို သူ့ဖခင်နဲ့အမြဲတွေ့နိုင်အောင် ထောင်ဝင်စာတွေ့ရင် ခေါ်သွားဖို့ အကြံပေးပါတယ်။

ငါ့သမီး ကလေးကို ထောင်ဝင်စာတွေ့ရင် ခေါ်သွား။ ဦးလှ ထောင်က လွတ်တော့ အမေတို့ မန္တလေး လေယာဉ်ကွင်းကို သွားကြိုကြတယ်။ ကိုညီက ဦးလှကို မမှတ်မိဘူး။ ဒါကြောင့် ကိုညီ့သားသမီးတွေကို သရက်ထောင်သွားရင် အမြဲခေါ်သွားခိုင်းတယ်။ ကလေးတွေက ကားမူးတတ်ပေမဲ့ ပင်ပမ်းရင်ပင်ပန်းပါစေ၊ သားအဖ မမှတ်မိတာက ပိုပြီးစိတ်ပင်ပမ်းတယ်။ အဘွားက သူကိုယ်တိုင်လည်း သားအငယ်ဆုံးအတွက် ထောင်ဝင်စာကို အသက် ၈၀ အရွယ်နဲ့ လိုက်တွေ့သူပါ။ မှတ်မှတ်ရရ သန်းခေါင်စာရင်းကျန်ခဲ့လို့ ထောင်ဝင်စာ တွေ့ခွင့်မရခဲ့ပါဘူး။ နိုင်ငံကျော်သတင်းစာဆရာမကြီး၊ စာရေးဆရာမကြီးကို အာဏာပိုင်တွေက အခုလို လုပ်လိုက်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဘွားကို ကျွမ နောက်ဆုံးတွေ့ခဲ့တဲ့အချိန်က ၂၀၀၈ မတ်လ ၂၂ ရက်နေ့ပါ။ အဘွားကို အိပ်ရာပေါ်ကနေ လက်နှစ်ဖက်နဲ့သိုင်းပွေ့ပြီး ပွေ့ထူခဲ့ရပါတယ်။ အဘွားရဲ့ ခေါင်းအုံးဘေးမှာ ရေဒီယိုလေး၊ သတင်းနားထောင်နေချိန် အဘွားက အိပ်ရာပေါ်မှာပဲ။ အဘွားကို ကျွမက အဘွားသမီးတို့ စစ်အာဏာရှင် လက်က ဘယ်တော့မှလွတ်မယ် မသိဘူးဆိုတော့ အဘွားကပြုံးတယ်။ သိပ်ကို လေးနက်တဲ့ အပြုံးပါ။ အသက် ၉၃ နှစ်အရွယ် သတင်းစာဆရာမကြီး လူထုဒေါ်အမာ ပြောတဲ့စကား နားထောင်ကြည့်ပါဦး။

မှတ်ထား ငါ့သမီး၊ သွေးမြေမကျဘဲ ဘယ်တော့မှ မပြောင်းလဲဘူးတဲ့။ ကျွမ ရန်ကုန်ရောက်ပြီး ၂ ပတ်အကြာမှာ အဘွား ဆုံးပါးသွားတဲ့သတင်းကို VOA ကနေ ကြားခဲ့ရပါတယ်။ ကျွမတို့တိုင်းပြည်မှာ အဘွားလို ပြည်သူ့ဘက်က မားမားမတ်မတ် ရပ်တည်ပေးခဲ့သူ၊ ခေတ်အဆက်ဆက်ကို ကျော်ဖြတ်ပြီး တိုင်းပြည်ကို တကယ့်နိုင်ငံရေးအသိ၊ စာပေအသိ ပေးနိုင်တဲ့သူမို့ နှမြောတကြီး ဖြစ်ရပါတယ်။

အမျိုးသားရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးဆိုတဲ့ အလံသုံးလက်ကို အဘွား ကွယ်လွန်ချိန်အထိ လွှင့်ထူသွားခဲ့ပါတယ်။ အဘွားလူထုဒေါ်အမာက သူ့နောက်ဆုံးထွက်သက်အထိ သူ့ယုံကြည်ချက်ကို တစိုက်မတ်မတ် ဆုပ်ကိုင်သွားခဲ့သူ ဖြစ်ပါတယ်။ အဘွားရဲ့အရိုးပြာကို ဧရာဝတီမြစ်ထဲ မျှောလိုက်တယ်ဆိုတဲ့အကြောင်း ကျွမသိတော့ လှိုက်လှိုက်လှဲလှဲ လက်ခံခဲ့ပါတယ်။ အမျိုးသားယဉ်ကျေးမှုရဲ့ နှလုံးသည်းပွတ်ဖြစ်တဲ့ အဘွားလူထုဒေါ်အမာကို ပြည်သူလူထုကတင်ပိုင်တာ မဟုတ်ဘဲ အမိမြန်မာပြည်ကြီးကပါ ပိုင်ပါတယ်။

သခင်ဇင့်ဇနီး ဒေါ်ကြည်ကြည်ဆုံးတော့ အဘွားလူထုဒေါ်အမာက ဝမ်းနည်းမှတ်တမ်း ရေးပို့လိုက်ပါတယ်။ ဒေါ်ကြည်ကြည်ရေ သတ္တိကောင်းပြီး အသည်းမာလှတဲ့ မိန်းမမို့ နှမြောလိုက်ပါရဲ့တဲ့။ အဘွားလူထုဒေါ်အမာစကားနဲ့ပဲ အဘွားရဲ့ ၉၆ နှစ်မြောက်မွေးနေ့မှာ ကျွမ နက်နက်ရှိုင်းရှိုင်း ဂုဏ်ပြုပါတယ်။

သတ္တိကောင်းပြီး အသည်းမာလှတဲ့အဘွားကို နှမြောလိုက်ပါရဲ့တဲ့။

မျှဝေခံစားနိုင်ကြပါစေ။

❑



နိုင်ငံရေးလုပ်ငန်းတွေမှာ
နောက်ကနေ အမြဲတမ်း
စိတ်အားထက်သန်
လုပ်ကိုင်နေတဲ့သူပါ။
နိုင်ငံရေးသမားအမည်မခံဘူး။
ဒါပေမဲ့ နိုင်ငံရေးအခြေခံတဲ့
လူမှုရေးလုပ်ငန်းတွေတော့
သေတဲ့အထိ လုပ်သွားတယ်။
အဲဒါကို ခံနမ္မာ ပြုကမယ်တဲ့။

## ဦးအုန်းမြင့်

လူတစ်ယောက်မိတ်ဆွေဖြစ်ဖို့ သေချာတာတစ်ခုကတော့ ကြင်နာထောက်ထား စာနာမှုရှိရမယ်၊ ကြင်နာထောက်ထား စာနာမှု မရှိတဲ့သူက မိတ်ဆွေ မပီသနိုင်ပါဘူး။ မိမိကိုယ်တိုင် မိတ်ကောင်းဆွေမွန် မဖြစ်ပါဘဲနဲ့ မိတ်ကောင်း ဆွေမွန်တစ်ဦးရဖို့ဆိုတာ လမင်းကြီးကိုကြည့်ပြီး လမင်းထဲက တစ်စုံတစ်ခု ပစ်ချမှာကို မျှော်လင့်နေသူနဲ့ တူပါလိမ့်မယ် ဆိုတဲ့ စကားကို ကိုယ်စားပြုနိုင်သူကတော့ နိုင်ငံရေး အကျဉ်းသားဟောင်း ဘဘသခင်အုန်းမြင့်ပဲ ဖြစ်ပါတယ်။ သူများဝေဒနာကို ကိုယ့်ဝေဒနာလို သဘောထားခဲ့တဲ့ ဘဘမှာ မိတ်ဆွေကောင်းတွေ အများကြီး ရှိခဲ့ပါတယ်။

စက်တင်ဘာ ၁၇ ရက်နေ့ မနက် ၄ နာရီမှာ အသက် ၉၃ နှစ်ရှိပြီဖြစ်တဲ့ ဘဘသခင်အုန်းမြင့် နေအိမ်မှာ ကွယ်လွန်ခဲ့ပါပြီ။ ဘဘရဲ့ဈာပနကို လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လိုက်ပို့နိုင်ဖို့ ကြိုးစားနေတယ်ဆိုတဲ့ သတင်းကိုလည်း ကျွမတို့ ကြေကြေကွဲကွဲ ကြားလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ရှာပနကို ပို့ဆောင်ခွင့်မရခဲ့ပါဘူး။

အင်းလျားကန်နဲ့ ကမ္ဘာအေးစေတီလမ်းတစ်ခုသာခြားတဲ့ ဘဘသခင်အုန်းမြင့် ရှာပနကို လူကိုယ်တိုင်မပို့ဆောင်နိုင်ခဲ့တဲ့ နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လွမ်းသူ့ပန်းခြင်း ပို့ဆောင်ပေးခဲ့ပါတယ်။

အန်ကယ်ကျေးဇူးတွေကို အမြဲသတိရနေပါတယ် ဆိုတဲ့ စာတမ်းပါတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပေးပို့လိုက်တဲ့ လွမ်းသူ့ပန်းခြင်းထဲ လေးနက်မှု၊ ကြေကွဲမှုတွေနဲ့ အဓိပ္ပာယ်အများကြီးကို ဖော်ဆောင်နိုင်ခဲ့ပါတယ်။

လွတ်လပ်ရေး ဗိသုကာကြီး၊ ဗမာ့တပ်မတော်ကို စတင်တည်ထောင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း လက်ထက်ကနေ ဗိုလ်ချုပ်အောင်ဆန်းဇနီး ဒေါ်ခင်ကြည်၊ ဖခင်ဗိုလ်ချုပ်အောင်ဆန်းနဲ့ မိခင်ကြီးဒေါ်ခင်ကြည်က မွေးဖွားခဲ့တဲ့ မြန်မာနိုင်ငံ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လက်ထက်အထိ ရဲဘော်ရဲဘက် ဆက်ဆံရေးနဲ့ မိတ်ဆွေကောင်းပီပီ စောင့်ရှောက်ခဲ့တဲ့၊ မြန်မာနိုင်ငံရဲ့ သမိုင်း အမှန်ကိုပါ စောင့်ရှောက်ခဲ့တဲ့ ဘဘသခင်အုန်းမြင့် ဖြစ်ပါတယ်။

ဘဘသခင်အုန်းမြင့်က ကျောင်းသားဘဝထဲက တို့ဗမာအစည်းအရုံးဝင် အဖြစ် နိုင်ငံရေးနယ်ပယ်မှာ ခြေချခဲ့သူဖြစ်ပါတယ်။ ကျော်လင်းစာအုပ်တိုက် ပိုင်ရှင်အဖြစ်နဲ့ ကျော်လင်းစာပေကထုတ်တဲ့ စာအုပ်တွေနဲ့ ခေတ်ပြောင်းတော်လှန်ရေး အတွက် တိုးတက်တဲ့အယူအဆတွေ ပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ကြီးပွားရေးမဂ္ဂဇင်း၊ တိုးတက်ရေးသတင်းစာတွေမှာ ပါဝင်ဆောင်ရွက် ခဲ့ရုံမက ကျော်လင်းစာပေနဲ့ ဘဘကို တွဲမြင်ခဲ့ကြတဲ့အထိပါ။ ဘဘက လူငယ်တွေကို မြန်မာ့နိုင်ငံရေး သမိုင်းအမှန်သိအောင် နိုင်ငံရေးသမိုင်းဆက် မပြတ်လိုတဲ့ စေတနာနဲ့ အမြဲပြောဆို ရေးသားခဲ့ပါတယ်။

၁၉၅၈ ကနေ ၁၉၆၀၊ ၁၉၈၉ ကနေ ၁၉၉၈ စစ်အစိုးရခေတ် အဆက်ဆက်မှာ ထောင်အကြိမ်ကြိမ်ကျပြီး စစ်အာဏာရှင်ရဲ့ ညှဉ်းပန်းခြင်းကို အကြိမ်များစွာ ခံစားခဲ့ရသူဖြစ်ပါတယ်။ ၁၉၅၈၊ ၁၉၆၀ ဗိုလ်နေဝင်း အာဏာသိမ်း စစ်အစိုးရခေတ်မှာ တခြားနိုင်ငံရေးသမားများနည်းတူ ဘဘသခင်အုန်းမြင့်လည်း





ပုဒ်မ ၅ ညနဲ့ ကိုကိုးကျွန်းကို အပို့ခံခဲ့ရပါတယ်။ ထောင်အကြိမ်ကြိမ် ကျခံခဲ့ရတဲ့ ဘဘ ဘဝမှာ ထူးခြားတဲ့အဖြစ်တစ်ခုကတော့ ၁၉၉၈ မှာ ထောင်ဒဏ် ၇ နှစ် အမိန့်ချမှတ်ခံရတဲ့နေ့က ဘဘသခင်အုန်းမြင့် အသက် ၈၀ ပြည့်တဲ့နေ့ ဖြစ်နေပါတယ်။ မြန်မာနိုင်ငံ ကျောင်းသားသမိုင်းပြုစုသူ ကိုအောင်ထွန်းကို သမိုင်းအမှန်ပြောဆိုမှုနဲ့ ဘဘကို စစ်အာဏာရှင်က ထောင်ဒဏ် ၇ နှစ်ချမှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

လူငယ်တစ်ယောက်လို အမြဲသွက်လက်ပေါ့ပါးတဲ့ ဘဘသခင်အုန်းမြင့်က ဝေဖန်ပြစ်တင် ရှုတ်ချသင့်တဲ့ကိစ္စမှန်ရင် လူစိမ်းလူကျက်မရွေးပါဘူး။ ဘယ်သူ့ကိုမဆို မှန်မှန်ကန်ကန် တည့်တည့်မတ်မတ် ဝေဖန်တတ်ပါတယ်။ နိုင်ငံရေးခံယူချက် မှားတဲ့သူ၊ အထက်ဖားအောက်ဖိ လုပ်သူတွေကိုတွေ့တဲ့အခါ မချိတင်ကဲခံစားရတဲ့ သူ့ခံစားချက်ကို ဘဘက နှုတ်နဲ့ချေဖျက်ပါတယ်။

ဘဘရဲ့ စိတ်ရင်းစေတနာကို သိသူတိုင်းက ဘဘရဲ့ခံစားချက်ကို နားလည်နိုင်ကြပါတယ်။ တချို့က ဘဘလို သူတို့ကိုယ်တိုင် သိမြင်ခံစားနေရပေမဲ့ ဘဘလို ပွင့်ပွင့်လင်းလင်း ထုတ်မပြောရဲကြပါဘူး။ ဘဘက သာယာမစီးဘဲ သူမှန်တယ်ထင်တာကို ပီပီပြင်ပြင် ထုတ်ဖော်ပြောဆိုသူဖြစ်ပါတယ်။ ဘဘက ရဲဘော်စိတ်၊ မိတ်ဆွေစိတ်ကြီးမားသူလည်း ဖြစ်ပါတယ်။ ဘဘရဲ့စိတ်ထားတွေက မြန်မာတွေရဲ့ လောကနီတိနဲ့ကိုက်ညီပြီး သိပ်ကိုကျက်သရေရှိပါတယ်။ ဘဘတို့ရဲ့ ရဲဘော်စိတ်၊ မိတ်ဆွေစိတ်က သားစဉ်မြေးဆက်အထိ အခွန့်ရှည်တဲ့ဆက်ဆံရေးပါ။ အဘိုးအဘွား၊ အမိအဖ မရှိတော့ပေမဲ့ သားသမီးမြေးမြစ်တွေအထိ ဘဘ မိတ်ဆွေစိတ်က စီးဆင်းဆဲ စီးဆင်းမြဲပါ။

၁၉၉၀ ပြည့် နိုဝင်ဘာ ၉ ရက်မှာ စစ်အာဏာရှင်စစ်ကြောရေးစခန်းမှာ ကျဆုံးခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုလူမှုအထောက်အကူအဖွဲ့ဝင် ဦးမောင်ကိုမိသားစုကို ဘဘတစ်လျှောက်လုံး စောင့်ရှောက်ခဲ့တာကို မြင်တွေ့ရတိုင်း ကျမတို့ ဝမ်းသာကြည်နူးရပါတယ်။ မိတ်ဆွေစစ်ဆိုတဲ့ စိတ်ထားကိုထားနိုင်တဲ့ ဘဘကို သားသမီးလိုပြန်ပြီး စောင့်ရှောက်တဲ့အထဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုလူမှုအထောက်အကူက ဘဏ္ဍာရေးမှူး အန်တီခင်သန်းလှတို့ ဇနီးမောင်နှံလည်း ပါဝင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အသက် ၈၀ ကျော်တဲ့အထိ ဘဘသခင်အုန်းမြင့်က ဘယ်သွားသွား ဘတ်စ်ကားစီးရင် စီး၊ မစီးနိုင်ရင် လမ်းလျှောက်တတ်သူပါ။ ဘယ်သူ့ကိုမှ မပြောဘဲ သွားတတ်တယ်။ အင်္ကျီဟောင်း၊ ဂျင်းဘောင်းဘီနွမ်းနွမ်းဝတ်၊ လွယ်အိတ် အမြဲလွယ်ထားတဲ့ ဘဘကိုမြင်လို့ တွဲမယ်ဆိုရင် ဘဘက ခါးခါးသီးသီး ငြင်းဆန် တတ်ပါတယ်။

ဘဘ နေကောင်းရဲ့လားလို့မေးရင် ကောင်းပါတယ်၊ ဂေါ်လီလုံး လိမ့်နေသလိုပေါ့ဗျာ၊ အရှိန်နဲ့သွားနေတာ၊ ရပ်တဲ့နေ့ သွားတဲ့နေပေါ့တဲ့။

မြန်မာနိုင်ငံသမိုင်းတစ်လျှောက် ပြည်သူလူထုအကျိုးအတွက်၊ အမှန်တရားအတွက် ယုံကြည်ချက်ကို တစ်စက်မှ အလျှော့မပေးဘဲ တစ်သက်လုံး လုပ်ဆောင်သွားခဲ့သူများကို ကျမတို့ အလေးပြုမယ်ဆိုရင် ဒီလို နိုင်ငံရေးသမားတွေ ထဲမှာ ဘဘသခင်အုန်းမြင့် ပါပါတယ်။

ဘဘသခင်အုန်းမြင့် ရှားပနမှာ ဝါရင့်နိုင်ငံရေးသမားကြီးများအ ဝမ်းနည်းကြောင်း သဝဏ်လွှာမှာ ခုလိုဂုဏ်ပြုခဲ့ပါတယ်။ နယ်ချဲ့ဖက်ဆစ်တို့ ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ တော်လှန်သူ၊ သတင်းစာစာပေပညာနဲ့ လူထုကို နားမျက်စိဖွင့်ပေးသူ၊ မျိုးဆက်သစ်များကို နိုင်ငံရေးနဲ့ စာပေအမွေ လက်ဆင့်ကမ်းခဲ့သူ၊ ခံယူချက်ပြင်းကာ စစ်အာဏာရှင်စနစ်ကို အစဉ်တစိုက် ဆန့်ကျင်ခဲ့သူ၊ မြန်မာနိုင်ငံမှာ မရှိမဖြစ်လိုအပ်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး ဒီမိုကရေစီရေးအတွက် ကျန်းမာရေးမကောင်းတဲ့ကြားက လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့ သူက သခင်အုန်းမြင့်ပဲ ဖြစ်ပါတယ်တဲ့။

နာမကျန်းဖြစ်နေတဲ့ကြားက တိုင်းပြည်အတွက် ပြည်သူလူထုရဲ့ အတိဒုက္ခကို စဉ်းစားနိုင်တယ်ဆိုတာ တော်ရုံ စိတ်ကြီးမြတ်မှု မဟုတ်ပါဘူး။ နိုင်ငံရေးအကျဉ်းသားနဲ့ အကျဉ်းကျမိသားစုတွေအပေါ်မှာလည်း ဘဘရဲ့နှလုံးသားထ သိပ်ကိုကျယ်ပြန့်ပါတယ်။ အကျဉ်းထောင်ထဲမှာ နှစ်ပေါင်းများစွာ အကြိမ်ကြိမ် နေခဲ့ရတဲ့ ဘဘက ထောင်ဝင်စာသွားတွေ့မယ့်သူများကို ထောင်ဝင်စာပစ္စည်းဝယ်ဖို့ အကောင်းဆုံး အကြံပေးနိုင်သလို သူတတ်နိုင်တဲ့ ပစ္စည်းလေးတွေ အမြဲထုတ်ပေး တတ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုလူမှုအထောက်အကူ ဒုဥက္ကဋ္ဌအဖြစ်





တစ်လျှောက်လုံး တက်တက်ကြွကြွနဲ့ ဘဘ လုပ်ဆောင်ခဲ့ပါတယ်။

ဒါကြောင့်လည်း သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်က အခုလို မှတ်ချက်ပေးပါတယ်။

နိုင်ငံရေးလုပ်ငန်းတွေမှာ နောက်ကနေ အမြဲတမ်း စိတ်အားထက်သန် လှုပ်ရှားနေတဲ့သူပဲ။ နိုင်ငံရေးသမားအမည်မခံဘူး။ ဒါပေမဲ့ နိုင်ငံရေးအခြေခံတဲ့ လူမှုရေးလုပ်ငန်းတွေတော့ သေတဲ့အထိ လုပ်သွားတယ်။ အဲဒါကို စံနမူနာ ယူရမယ်တဲ့။

အကျဉ်းကျမိသားစုတွေရဲ့ ဒုက္ခအခက်အခဲကို အမြဲနားစွင့် မေးမြန်းနေ တတ်ပါတယ်။ ဘယ်သူဘယ်ဝါ၊ ဘယ်နေ့ဘယ်ရက် အကျဉ်းထောင်ကလွတ်တယ်၊ အကျဉ်းထောင်ပြောင်းတယ်ဆိုတဲ့ သတင်း။ နိုင်ငံရေးသမားတွေရဲ့ နေရပ်လိပ်စာ အပြည့်အစုံကို စုံစမ်းပြီး ဘဘက မှတ်တမ်းစာအုပ်ထဲမှာ သိမ်းဆည်းထားပါတယ်။ မြန်မာပြည်အနှံ့က နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းကျမိသားစုတွေကို လက်လှမ်းမီ သလောက်၊ သူတတ်နိုင်သလောက် ကူညီစောင့်ရှောက်ပါတယ်။ ဘဘကို နိုင်ငံရပ်ခြား ဆွေမျိုးသားချင်း မိတ်ဆွေတွေက အကောင်းဆုံးအစားအစာများ ပို့ပေးရင် ဘဘက သူမစားဘဲ အကျဉ်းထောင်ထဲက သူ့မိတ်ဆွေတွေကို ခေါ်ပေးတတ်ပါတယ်။

အကျဉ်းကျမိသားစုဝင်အဖြစ် ထောင်ဝင်စာခရီး ခင်ပွန်းသည်အတွက် ၈ နှစ်၊ ဘဝတူမိသားစုတွေကို လိုက်ပို့ပေးတဲ့ ထောင်ဝင်စာခရီး ၂ နှစ်၊ ပေါင်း ၁၀ နှစ်ခရီးကို ကျမ ဖြတ်သန်းနိုင်ခဲ့တာ ဘဘကြောင့်ပါ။ အကျဉ်းကျမိသားစုဝင် အဖြစ် တထိတ်ထိတ်ရှန်းကန်ခဲ့ရတဲ့ ထောင်ဝင်စာခရီးကို ကျမ လစဉ်သွားနိုင်ဖို့ စိတ်ခွန်းအားနဲ့ မေတ္တာတွေပေးခဲ့သူက ဘဘပဲဖြစ်ပါတယ်။

ထောင်ဝင်စာခရီးသွားတိုင်း ခရီးတစ်ထောက်နားရာ မန္တလေးမှာ အသွား လူထုဒေါ်အမာဆီ ကျမ အမြဲဝင်တတ်တယ်။ ဒီအခါ ဘဘအကြောင်းကို အသွားက အမြဲမေးတတ်ပါတယ်။ ဘဘအကြောင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောတဲ့ အထဲမှာ ကိုအုန်းမြင့်နဲ့ အမေတို့ ဆက်ဆံရေးက ကိုလှနဲ့အမေ အိမ်ထောင်မကျခင် ကတည်းက။ ရန်ကုန်မှာနေတဲ့ ကိုလှက မန္တလေးကအမေ့ဆီကို ပို့ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာစာကို ရန်ကုန်ဘူတာကြီးအထိလာပြီး နေ့စဉ်ပို့ပေးရတာ ကိုအုန်းမြင့်ပဲလို့ ပြောဖူးပါတယ်။ အဘွားလူထုဒေါ်အမာကို ဘဘက မမမာလို့ ခေါ်ပါတယ်။ အဘွားကိုလေးစားချစ်ခင်တဲ့ ဘဘက အဘွားလူထုဒေါ်အမာ ဈာပနမှာ မျက်ရည် မဆည်နိုင်ခဲ့ပါဘူး။

ဘဘအိမ်ခြံထဲမှာ သံပုရာပင်တွေက သိပ်ကိုသီးပါတယ်။ သံပုရာသီးတွေကို ဘဘက အမှည့်ခံထားပြီး အဘွားဒေါ်ကြည်ကြည်အိမ်ကို သံပုရာသီးကုလားတည် လုပ်ဖို့ မပျက်မကွက် ပို့တတ်ပါတယ်။ အဘွားကြည့်ရဲ့သမီး ဒေါ်လေးခင် ဒေါ်လေးမဟားတို့က ဘဘကို ဦးလေးဦးလေးနဲ့ ဂရုတစိုက်ရှိပါတယ်။ ဘဘ ကြိုက်တတ်တဲ့ စားစရာတွေကို တခုတ်တရ ချက်ပို့တတ်ပါတယ်။

ကျမ မှတ်မိနေပါသေးတယ်။ အဘွားဒေါ်ကြည်ကြည် ကွယ်လွန်မယ့်နေ့ ဆေးရုံးကြီးမှာ ဘဘ တစ်နေကုန်ရှိနေပါတယ်။ အဘွားရဲ့ နောက်ဆုံးအချိန်ကို မျက်ရည်စနဲ့ နားထောင်ရင်း ဦးလေး မကြည့်ရက်ဘူးလို့ ဒေါ်လေးမဒုံကို ပြောခဲ့ပါတယ်။

မိတ်ဆွေသံယောဇဉ်ကြီးတဲ့ ဘဘကို မိသားစုအရေးပါ မိတ်ဆွေ အားလုံးက တိုင်ပင်တတ်ပြီး ဘဘ အဆုံးအဖြတ်ကို လေးလေးစားစား နာခံကြ ပါတယ်။ နိုင်ငံရေးအကျဉ်းသားဟောင်း အတော်များများက ဘဘကို ဦးလေးလို့ ရင်ထဲက လေးလေးစားစား လှိုက်လှိုက်လှဲလှဲ ခေါ်ပြီး ဘဘရှေ့မှာ လူငယ်တွေလို ပြုမူနေထိုင်ကြပါတယ်။

ကျမ ခွဲစိတ်မှုခံယူရမယ်ထင်တယ်လို့ ဘဘကို ပထမဆုံး ဖွင့်ပြောတော့ ဘဘရယ် ချက်ချင်း လွယ်အိတ်လွယ်ပြီး ဘားလမ်းဆေးရုံက ဒေါက်တာ တင်မျိုးဝင်းဆီကို ကိုယ်တိုင်လိုက်ပို့ပေးပါတယ်။ ခွဲမယ့်နေ့ မနက်စောစော ဘဘရောက်လာပြီး ကျမကို အားပေးခဲ့ပါတယ်။ ဒီနောက် ထောင်စာစာခရီး အပြန် ကျမ လေးဖျန်းသွားလို့ ဆေးကုသမှု အချိန်အကြာကြီး လုပ်ရပါသေးတယ်။ ဒီလိုအချိန်မှာ ဘဘက ကျမလိုအပ်တဲ့ဆေးကုသမှုကို ခံယူနိုင်အောင် ဆော်ဩ ဆောင်ရွက်ပေးခဲ့ပါတယ်။

လူတွေရဲ့ ဒုက္ခကိုမြင်ရင် ကြင်နာသနားတတ်တဲ့သူမို့ ဘဘရဲ့ ကျောင်းသားဘဝကနေ အသက် ၉၃ နှစ် ကွယ်လွန်ချိန်အထိ ပြည်သူလူထုအကျိုး





တစ်သက်လုံး လုပ်ဆောင်သွားခဲ့ပါတယ်။

ဘဘသခင်အုန်းမြင့်က သူ့ဘဝဆည်းဆာအချိန်အထိ သူကိုယ်တိုင် ပါဝင်ဖြတ်သန်းခဲ့တဲ့ မြန်မာနိုင်ငံရဲ့ သမိုင်းအမှန်ကိုဖော်ထုတ်ရင်း နေဝင် ခြင်းလုံးကလေးများကို အလုပဆုံး ခတ်သွားနိုင်သူမို့ ကျမတို့အားလုံး ဘဘကို နက်နက်ရှိုင်းရှိုင်း ဂုဏ်ပြုဦးညွှတ်လိုက်ရပါတယ်ရှင်။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com



တရားမျှတမှု မရှိသောနေရာဒေသတွင် စိတ်ချရသောငြိမ်းချမ်းမှုလည်းမရှိနိုင်ပါ။ ငြိမ်းချမ်းရေးဟူသည်မှာ အတိုက်အခံအားလုံး နှုတ်ဆိတ်နေခြင်းဖြစ်သည် ဟူ၍လည်းကောင်း၊ လုံခြုံရေးဟူသည်မှာ မိမိတို့အာဏာတည်မြဲရေးကို သေချာအောင် ပြုလုပ်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း အဓိပ္ပာယ်ကောက်ယူကြသော သဘောထားကျဉ်းမြောင်းသူတို့သာလျှင် လူ့အခွင့်အရေးသည် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးတို့၏ အခြေခံဖြစ်သည်ဟူသောအချက်ကို ငြင်းဆိုကြမည်ဖြစ်ပါသည်။



# ဒေါ်အောင်ဆန်းစုကြည်

လူ့ဘဝဆိုတာ ပြေးလမ်းတစ်ခုပါပဲ။ လူတွေဟာ ပန်းတိုင်မရောက်မချင်း ပြေးနေရတယ်။ ရပ်ပစ်လို့မဖြစ်ဘူး။ ပြေးလာခဲ့တဲ့ ပြေးလမ်းကြောင်းတွေအတွက် နှမြောတယ်ဆိုတဲ့စကားက စာရေးဆရာမ မိုးမိုး(အင်းလျား) ပြောခဲ့တာပါ။ ကျုမတို့ လူ့ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကလူတွေ ပညာအတွက်၊ စီးပွားဥစ္စာအတွက်၊ အောင်မြင်မှုအတွက် ဘဝပြေးလမ်းပေါ်မှာ ပြေးနေကြရပါတယ်။ ကျုမတို့မြန်မာနိုင်ငံမှာ စစ်အာဏာရှင်စနစ်ကို အတိတ်သုံးသာဖြစ်စေချင်တဲ့ နိုင်ငံရေးသမားတွေလည်း သူတို့ရဲ့ဘဝအသက်တွေကိုရင်းပြီး နိုင်ငံရေးပြေးလမ်းပေါ်မှာ ပန်းတိုင်မရောက်မချင်း ပြေးနေရပါတယ်။

ဇွန်လ ၁၉ ရက်နေ့က ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးအတွက် ဘဝတစ်ခုလုံးကို ပေးထားတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၆၅ နှစ်မြောက်မွေးနေ့ပါ။ စစ်အာဏာရှင်က အသက်သေတဲ့အထိ ရိုက်နှက်သုဉ်းပန်းခဲ့တဲ့ ဒီပဲယင်းလူသတ်ပွဲကြားကနေ အသက်မသေဘဲ လွတ်မြောက်လာခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်က ပြည်သူလူထုအတွက်၊ သူ့ယုံကြည်ချက်အတွက် နေအိမ်အကျယ်ချုပ်ကျခံရင်း မွေးနေ့တွေကို ကျော်ဖြတ်ခဲ့ရတာ ယနေ့ ၆၅ နှစ်မြောက်မွေးနေ့လည်းပါဝင်ခဲ့ရပါပြီ။ စိန်ခေါ်မှုတွေများရင် တုံ့ပြန်မှုတွေ ပေါ်ရမယ်ဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်က ပြည်သူလူထုအပေါ်ထားတဲ့စေတနာ၊ နှလုံးသား၊ ဦးနှောက် အားကောင်းလို့ တစ်ညီတစ်ညွတ်ထဲ လူထုခေါင်းဆောင်လို့ ခေါ်ဝေါ်သုံးနှုန်းကြပါတယ်။

၁၉၈၈ ဩဂုတ်လ ၂၆ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့မိန့်ခွန်းကို ကျုမတို့ ပထမဆုံး နားထောင်ရပါတယ်။ ရန်ကုန်မြို့အနောက် ရွှေတိဂုံဘုရားကြီးအ



www.burmeseclassic.com

www.burmeseclassic.com



လမ်းအသွယ်သွယ်ကနေ ရွှေတိဂုံစေတီတော်ကြီးဆီ ဦးတည်ချီတက်ခဲ့ကြပါတယ်။ ကျောင်းသား၊ အလုပ်သမား၊ ရဟန်းသံဃာတော်၊ ဌာနပေါင်းစုံကဝန်ထမ်း သာမန်အရပ်သား ပြည်သူလူထုတွေ ဘယ်လောက်များလဲဆိုရင် လူပင်လယ်ကြီး လှိုင်းလုံးကြီး ဖြစ်နေပါတော့တယ်။ စိတ်လှုပ်ရှားတက်ကြွရအောင် ကြီးမားလှတဲ့ လူထုကြီးပါပဲ။

လူသတ်ဝါဒကျဆုံးပါစေ၊ ဒီမိုကရေစီရေး ဒို့အရေး၊ လူ့အခွင့်အရေး အမြန်ဆုံးပေး စတဲ့ကြွေးကြော်သံတွေ လေထုထဲမှာ ပဲ့တင်ထပ်လို့ တုန်ဟီးနေပါတော့တယ်။ ဒေါ်အောင်ဆန်းစုကြည် စင်မြင့်ပေါ်မှာ စကားစပြောတော့ လူထုကြီး ငြိမ်သက်သွားပါတယ်။ အသက်လေးဆယ်ကျော်အရွယ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နုပျိုဖျတ်လတ်မှု၊ စူးရှတဲ့မျက်ဝန်း၊ တည်ကြည်တဲ့ဟန်ပန်၊ ယုံကြည်မှုအပြည့်နဲ့ လူထုရှေ့ပထမဆုံး ရောက်လာတဲ့ ဒီမြင်ကွင်းကို ကျမတို့ မေ့နိုင်မယ်မထင်ဘူး။

ဒီမိုကရေစီလိုချင်ရင် ဒီမိုကရေစီနဲ့ထိုက်တန်တဲ့ ပြည်သူတွေဖြစ်ပါစေ။ တပ်မတော်ဟာ ပြည်သူကိုသတ်တဲ့ တပ်မတော်အဖြစ် ရာဇဝင် မတွင်ရစ်ပါစေနဲ့၊ လူထုကိုကာကွယ်တဲ့ တပ်မတော်ပဲဖြစ်စေချင်ပါတယ်တဲ့။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စကားပြောဟန်က ဗိုလ်ချုပ်အောင်ဆန်းအတိုင်း လေယူလေသိမ်း အတော်တူတယ်လို့ ဆိုကြပါတယ်။ သတင်းကားတွေမှာမြင်ရတဲ့ ဗိုလ်ချုပ်အောင်ဆန်း လမ်းလျှောက် ဟန်နဲ့လည်း ဒေါ်အောင်ဆန်းစုကြည်က တူပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က လိုရင်းကို ပွင့်ပွင့်လင်းလင်းနဲ့ တဲ့တိုး ပြောတတ်သူလည်း ဖြစ်ပါတယ်။

ရှစ်လေးလုံးအရေးတော်ပုံအပြီး စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်းမှာ နိုင်ငံရေးလိုအပ်ချက်ရယ်၊ ပါတီမထောင်ရင် ဘယ်အသင်းကိုမှ ရပ်တည်ခွင့် မပေးတာရယ်ကြောင့် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီကို တည်ထောင်ခဲ့ပါတယ်။ ပါတီစည်းရုံးရေးအတွက် နယ်တွေကို ခရီးထွက် တော့ ပြည်သူလူထုတွေကို ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောခဲ့ပါတယ်။ လူငယ်တွေကို ကြိုးစားကြဖို့၊ ပြည်သူ့ဘွေအတွက် အနစ်နာခံ ဆောင်ရွက်ကြဖို့၊ စိတ်ထားမြင့်မြတ်ကြဖို့၊ စည်းကမ်းရှိကြဖို့ မှာကြားပါတယ်။ စစ်အာဏာရှင်ရဲ့ ၁၉၉၀ ပြည့်ရွေးကောက်ပွဲအတွက် ပေးတဲ့ကတိကို လူထုကြီးက မယုံမကြည် ဖြစ်နေပါတယ်။ ဒီတော့ ဒေါ်အောင်ဆန်းစုကြည်က လူတစ်ယောက် စကားတည်





မတည်ဆိုတာကို သေချာပေါက်မပြောနိုင်သေးခင်မှာ သူ့စကားတည်နိုင်တယ် ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကျမတို့ လုပ်စရာရှိတာလုပ်ရမယ်လို့ ပြောခဲ့ပါတယ်။

၁၉၉၀ ပြည့်ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲအနိုင်ရအောင် ပြည်သူလူထုရင်ထဲက ဆန္ဒအစစ်အမှန်နဲ့ မဲတွေပုံအောခဲ့ပါတယ်။ မင်္ဂလာဒုံ၊ မှော်ဘီလို တပ်စခန်းကြီးတွေမှာ အဖွဲ့ချုပ်ပါတီအနိုင်ရတာ မပြောပါနဲ့၊ ကိုကိုးကျွန်းလို ရေတပ်စခန်း အရပ်သား မရှိတဲ့ နေရာမှာတောင် အနိုင်ရရှိခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ် ပါတီအပေါ် စစ်အာဏာရှင်က ဖိအားအမျိုးမျိုးပေး နှောင့်ယှက်ဖျက်ဆီး စော်ကားခဲ့ တာတွေကို မြင်နေကြားနေရတဲ့ စစ်တပ်မိသားစုတွေပိုပြီး ကရုဏာသက်အားပေး ခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာ တင်းကျပ်တဲ့စည်းမျဉ်းစည်းကမ်း အမျိုးမျိုးနဲ့ အဖွဲ့ချုပ်က ရွေးကောက်ပွဲဝင်ရတာပါ။

ကိုကိုးကျွန်းရေတပ်စခန်းမှာ အဖွဲ့ချုပ်ပါတီအမတ်လောင်းနဲ့ တ·စ·ည ပါတီ အမတ်လောင်းနှစ်ဦး ယှဉ်ပြိုင်ဖို့သွားခဲ့ရပါတယ်။ တ·စ·ည အမတ်ကို ရေတပ်စခန်းဧည့်ရိပ်သာမှာ တည်းခိုခွင့်ပြုပြီး အဖွဲ့ချုပ်အမတ်လောင်းကို မဲရုံနဲ့ ကိုက်နှစ်ရာအကွာ သဲသောင်ပြင်မှာ ရွက်ဖျင်တဲထိုးပြီး နေခိုင်းပါတယ်။ ဒီအဖြစ်အပျက်က အဖွဲ့ချုပ်ပါတီ အမတ်လောင်းကို ရေတပ်မိသားစုက ကရုဏာ ဖြစ်ရတဲ့ အကြောင်းတရားပါပဲ။ ကျမတို့ မြန်မာလူမျိုးများရဲ့ ကရုဏာတရားနဲ့ မတရားမှုကို တော်လှန်ချင်တဲ့ အငုံစိတ်ကိုနှိုးဆွခဲ့တာ စစ်အာဏာရှင်ပါ။ တ·စ·ည အမတ်လောင်းရဲ့ စားမှုနေမှုကို ရေတပ်စခန်းက တရားဝင် တာဝန်ယူပေးရပါတယ်။ အဖွဲ့ချုပ်အမတ်လောင်းကတော့ ရွက်ဖျင်တဲအပြင်ဘက်မှာ ကိုယ့်ထမင်းကိုယ် ချက်စားနေရတာကိုမြင်တဲ့ ရေတပ်မိသားစုတွေက တိတ်တိတ်လေး ဟင်းခွက် ကမ်းပေးကြပါတယ်။ မေ ၂၇ ရွေးကောက်ပွဲအပြီးအပြန် ရန်ကုန်ဆိပ်ကမ်းမှာ တ·စ·ည အမတ်လောင်းကို ဒိုးပတ်ဝိုင်းနဲ့ကြိုဖို့ အသင့်ရောက်နေသူတွေက ဒိုးတစ်ချက်၊ လင်းကွင်းတစ်ချက်မှ မတီးလိုက်ရပါဘူး။ ကိုကိုးကျွန်း ရေတပ်စခန်းရဲ့ မိသားစုများက တပ်မတော်ကိုစတင်တည်ထောင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အဖွဲ့ချုပ်ပါတီကို အသည်းကြားက မဲတစ်ပြားနဲ့ ထောက်ခံလိုက်လို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ပြိုကွဲစေမယ့်အန္တရာယ်ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်နဲ့ ဖမ်းဆီးထားရတာပါလို့ စစ်အာဏာရှင်က ဆိုပါတယ်။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့ နော်ဝေးနိုင်ငံ အော်စလိုမြို့မှာ ကျင်းပခဲ့တဲ့ နိုဘယ်လ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ရေးအခမ်းအနားမှာ နိုဘယ်လ်ကော်မတီဥက္ကဋ္ဌ မိန့်ခွန်းပြောတဲ့အချိန်မှာ နိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ စာတမ်းကို ကိုးကားပြီး အခုလို ပြောခဲ့ပါတယ်။

ယနေ့ ဒီနေရာမှာ ကျွန်တော်တို့စုဝေးနေကြသည်မှာ ဒေါ်အောင်ဆန်းစုကြည်၏ ထင်ရှားသော လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေး ဆောင်ရွက်ချက်များကို ဂုဏ်ပြုရန်နှင့် သူမအား ၁၉၉၁ ခုနှစ်အတွက်ဖြစ်သော နိုဘယ်လ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ရန်ဖြစ်ပါတယ်။ သူမသည် သူမ၏ ယုံကြည်ချက်အတိုင်း ဖြစ်မြောက်ရန် တိုက်ပွဲဝင်နေဆဲဖြစ်ပါတယ်။ သူမ၏စွမ်းရည်သတ္တိနှင့် တာဝန်ယူဆောင်ရွက်ချက်များကြောင့် သူမသည် မြန်မာပြည်တွင် ယုံကြည်ချက်၏ အကျဉ်းသားဘဝသို့ ရောက်ရှိခဲ့ပါတယ်။ သူမ၏မိသားစု ခံစားနေရသော စိုးရိမ်ပူပန်မှုများနှင့်စာလျှင် ပြောပလောက်မည် မဟုတ်ပါ။ သူမ၏မိသားစုဖြစ်သော ခင်ပွန်းသည် မိုက်ကယ်အဲရစ်နှင့် သားများဖြစ်ကြသော အလက်ဇန္ဒားနှင့် ကင်မ်တို့အား အလွန်ပင် ကိုယ်ချင်းစာနာမိကြောင်း ပြောလိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်၏ အကောင်းဆုံးလက္ခဏာရပ်များဟု သူထောက်ယူဆထားသူများကို ဂရုပြုလာစေရန်ကြိုးစားပြီး သူမကိုယ်တိုင်လည်း ယင်းလက္ခဏာရပ်များနှင့် ထပ်တူထပ်မျှဖြစ်စေရန် ကြိုးပမ်းအားထုတ်နေပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်များတွင် လူ့အခွင့်အရေးဆိုင်ရာ လုပ်ဆောင်ချက်များကို အသိအမှတ်ပြုသည့်အနေဖြင့် နော်ဝေး နိုဘယ်လ်ကော်မတီသည် ငြိမ်းချမ်းရေးဆုအချို့ကို ချီးမြှင့်ခဲ့ပါသည်။ ငြိမ်းချမ်းရေး၏ အခြေခံလိုအပ်ချက်သည် လူသားအားလုံး၏ ဘဝရှင်သန်မှုနှင့် ရှိသေလေးစားခံရမှုဆိုင်ရာ အခွင့်အရေးတို့ကို အသိအမှတ်ပြုရခြင်းဟူသော ယုံကြည်ချက်ဖြင့် ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ ချီးမြှင့်ရခြင်း၏ တခြားရည်ရွယ်ချက်တစ်ရပ်မှာ အခြေခံအားဖြင့် လူ့အခွင့်အရေး အယူအဆသာမဟုတ်ဘဲ ယဉ်ကျေးမှုအားလုံးတွင်လည်းရှိသည်ကို ပြသလိုသော ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။ ဤအကြောင်းနှင့် စပ်လျဉ်းပြီး ဒေါ်အောင်ဆန်းစုကြည်၏





"ဒီမိုကရေစီရှာပုံတော်" စာတမ်းမှ စာပိုဒ်တစ်ပိုဒ်အား ကိုးကားတင်ပြပါမည်။

တရားမျှတမှု မရှိသောနေရာဒေသတွင် စိတ်ချရသော ငြိမ်းချမ်းမှုလည်း မရှိနိုင်ပါ။ ငြိမ်းချမ်းရေးဟူသည်မှာ အတိုက်အခံအားလုံး နှုတ်ဆိတ်နေခြင်းဖြစ်သည် ဟူ၍လည်းကောင်း၊ လုံခြုံရေးဟူသည်မှာ မိမိတို့အာဏာတည်မြဲရေးကို သေချာအောင် ပြုလုပ်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း အဓိပ္ပာယ်ကောက်ယူကြသော သဘောထား ကျဉ်းမြောင်းသူတို့သာလျှင် လူ့အခွင့်အရေးသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့၏ အခြေခံဖြစ်သည်ဟူသောအချက်ကို ငြင်းဆိုကြမည်ဖြစ်ပါသည်။ မြန်မာတို့သည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသဘောကို အေးမြသောအရိပ်နှင့် တွဲဖက်ထားကြပါသည်။ သစ်ပင်၏အရိပ်သည် အေးမြပေသည်။ ထို့ထက် မိဘ၏အရိပ်သည် အေးမြ၏။ ထို့ထက် ဆရာသမား၏အရိပ်သည် ပိုပြီးအေးမြ၏။ ထို့ထက် မင်း၏အရိပ်မှာ ပိုပြီးသာ အေးမြပေသည်။ သို့သော် အအေးမြဆုံးမှာ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမဩဝါဒများကို လိုက်နာရမည် ဖြစ်ပါသည်။ ယင်းဩဝါဒများထဲတွင် သစ္စာတရားရှိခြင်း၊ တရားမျှစောင့်စည်းခြင်းနှင့် ကရုဏာထားခြင်းတို့သည် အဓိကဖြစ်ပါသည်။ ထိုကဲ့သို့သော အရည်အချင်းများပေါ်တွင် အခြေပြုသော အစိုးရကို ရရှိရန်ရည်ရွယ်၍ မြန်မာပြည်သားတို့က ဒီမိုကရေစီတိုက်ပွဲဝင် နေကြခြင်းပင် ဖြစ်ပါသည်တဲ့။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီမိုကရေစီရှာပုံတော်စာတမ်းမှာ နည်းယူဖွယ်၊ အားကျဖွယ် လေးစားမြတ်နိုးဖွယ်ရာတွေ ပါရှိခဲ့ပါတယ်။ ဒီစာတမ်းကနေ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆက်စပ်နေတဲ့ ခေတ်စနစ်နောက်ခံတွေကို ဆန့်ထုတ်ကြည့်မြင်လို့ ရနိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရေးတဲ့စာ၊ ပြောတဲ့စကားတွေကနေ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စိတ်နေစိတ်ထားသဘောထား၊ ကိုယ်ကျင့်တရား၊ ယုံကြည်ချက်တွေကို မြင်တွေ့နေရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကိုမြင်ရင်၊ စကားသံကြားရင် လူထုကြီးဟာ ကိုယ့်ဘက်မှာ ကာကွယ်ပေးမယ့်သူ၊ ကိုယ့်ခံစားချက်ကို စစ်အာဏာရှင်ဆီကို ကိုယ်စားထုတ်ဖော်ပြောဆိုပေးမယ့်သူ ရှိနေပါလားဆိုပြီး မျှော်လင့်အားတက်ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေဆိုတဲ့ ကြွေးကြော်သံတွေဟာ လူထုကြီးနှုတ်ကနေ လှိုက်လှိုက်လှဲလှဲ စိတ်အားထက်သန်စွာ ပွင့်အံထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ပြည်သူတွေကို ကိုယ်စားပြုတဲ့ ပြည်သူ့နှလုံးသားရဲ့အသံဟာ ဒေါ်အောင်ဆန်းစုကြည်ပါ။


၆၅ နှစ်မြောက်မွေးနေ့ရှင် ဒေါ်အောင်ဆန်းစုကြည်က ဘဝမှာ ကြုံတွေ့ရတဲ့လောကဓံကို နှလုံးရည်နဲ့ ကြွန္နေမပျက်ရင်ဆိုင်နိုင်တဲ့ သတ္တိထူးတွေကို မိခင်ကြီး ဒေါ်ခင်ကြည်ဆီက အမွေရခဲ့ပါလိမ့်မယ်။ မိခင်ကြီး ဒေါ်ခင်ကြည်က အများနဲ့ဆက်ဆံရာမှာ အလွန်သိုသိပ်သလို မှန်ကန်စွာ ဆုံးဖြတ်တတ်တယ်လို့ ကျမ ကြားခဲ့ဖတ်ခဲ့ဖူးပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိမ်ထောင်ရှင် မိန်းမသားဘဝ၊ သားနှစ်ယောက်ရဲ့မိခင်ဘဝနဲ့ ခံစားမှုကို ကျမတို့ တဒင်္ဂမြင်တွေ့လိုက်ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဝမ်းနည်းပူဆွေးမှုကို မြင်တွေ့တာ ဒါ ပထမဆုံးနဲ့ နောက်ဆုံးပါပဲ။ ဒေါ်အောင်ဆန်းစုကြည်က သူ့ကိုယ်ပိုင်ဘဝကို မေ့ပျောက်ပြီး ဒီမိုကရေစီရေးအတွက်၊ ပြည်သူလူထုအတွက် ပေးဆပ်နေဆဲပါ။

မြစ်ကိုမြင်ရင် တံတားဆင်မယ်ဆိုတဲ့ စစ်အာဏာရှင်ကို ဒေါ်အောင်ဆန်းစုကြည်က အခုလို ပြောခဲ့ပါတယ်။ ပြည်သူလူထုလိုချင်တဲ့ တံတားဟာ တစ်ခုပဲ ရှိပါတယ်။ ဒီမိုကရေစီ မြန်မြန်ရနိုင်မယ့် အခြေခံလူ့အခွင့်အရေးဆိုတဲ့ တံတားကြီးကိုပဲ တည်ဆောက်ပေးပါတဲ့။ ဒီတံတားကိုသာ စစ်အာဏာရှင် တည်ဆောက်ခဲ့ရင် လွတ်လပ်တဲ့မွေးနေ့ရှင်အဖြစ် မိသားစုနဲ့အတူ၊ မြန်မာပြည် ပြည်သူလူထုနဲ့အတူ ဒေါ်အောင်ဆန်းစုကြည် ပျော်ရွှင်စွာ ကျင်းပနိုင်မယ်လို့ ကျမတို့ ပြည်သူလူထုအားလုံးက မျှော်လင့်လျက်ပါ။

မွေးနေ့ဝခံစားနိုင်ကြပါစေ။

❑





# ဦးအောင်မေသု

ကျမတို့မြန်မာနိုင်ငံက ပြည်သူလူထုကြီးဟာ စစ်အာဏာရှင်စနစ်ဆိုတဲ့ တံပိုးကြီးကို နှစ်ပေါင်းများစွာ ထမ်းပိုးထားနေရတယ်။ ကျမတို့ မမီလိုက်တဲ့ ခေတ်ကြီးရဲ့စနစ်ကြောင့်ရော ကျမတို့ကိုယ်တိုင် သိမီဖြတ်သန်းနေရတဲ့ ခေတ်ကြီးရဲ့ စနစ်ကြောင့်ပါ မျက်စိပိတ်နားပိတ် အစစအရာရာ အထိတ်တလန့်နဲ့ ပြည်သူလူထုတွေ အသက်ရှင်ရပ်တည်နေရသလိုဘဝတည်မြဲဖို့ ဝမ်းစာအတွက်ကိုလည်း ကြက်ယက်သလို ရှာဖွေစားသောက်နေရပါတယ်။

၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တိုင်းပြည်ကို အုပ်ချုပ်ခဲ့တဲ့ မ·ဆ·လ ပါတီအာဏာရှင်က နိုင်ငံကိုအပိုင်စားလုပ်ပြီး ထင်ရာစိုင်းခဲ့ပါတယ်။ ကျမတို့ ပြည်သူလူထုက ဘဝတည်မြဲဖို့ ဆင်းဆင်းရဲရဲ ရှာဖွေစားသောက်ရပြီး အုပ်ချုပ်သူ အကျိုးစီးပွားကိုသာ ကာကွယ်ထားတဲ့ ဥပဒေအမိန့်အမျိုးမျိုးကိုလည်း ပြည်သူလူထုက နာခံခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဥပဒေနဲ့ ဒီလိုမတရားတဲ့ အုပ်ချုပ်မှုမျိုးကို ၂၆ နှစ်လုံးလုံး ခံစားခဲ့ရတဲ့ ပြည်သူလူထုတွေက သူတို့ဆန္ဒအမှန်ကို လမ်းတွေပေါ်မှာ အသက်နဲ့ရင်းပြီး ဖော်ထုတ်ခဲ့ကြလို့ ရှစ်လေးလုံးအရေးတော်ပုံကြီး သမိုင်းတွင်ခဲ့ရပါတယ်။ သမိုင်းကို သူရဲကောင်းတွေက ဖန်တီးတာမဟုတ်ဘဲ သမိုင်းကသာ သူရဲကောင်းတွေကို ဖန်တီးတယ်ဆိုတဲ့ စကားက ကျမတို့မြန်မာနိုင်ငံအတွက် တကယ့်ကိုအဓိပ္ပာယ်ရှိ လေးနက်ပြည့်စုံလှပါတယ်။

သမိုင်းကဖန်တီးခဲ့တဲ့ သူရဲကောင်းတွေထဲက ကိုကိုးကျွန်းပြန် တစ်ဦးဖြစ်တဲ့ မင်းလှမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မေသု အကြောင်း ကျမ ပြောပါရစေ။

ဦးအောင်မေသုက မူလတန်းကျောင်းသားဘဝကစပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂကို ဝင်ရောက်ခဲ့ပါတယ်။ ၁၉၆၀-၆၂ မှာ သာယာဝတီ ခရိုင် စည်းရုံးရေးမှူး ရ.က.သ ညီလာခံကိုယ်စားလှယ်၊ အုတ်ဖိုမြို့နယ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ ရန်ကုန်၊ အင်းစိန်၊ သာယာဝတီ၊ ပဲခူး၊ ဟံသာဝတီ၊ မအူပင် ခြောက်ခရိုင် ငြိမ်းချမ်းစွာဆန္ဒပြပွဲကို ခေါင်းဆောင်ပြီး မင်းလှကနေ ရန်ကုန်မြို့ ကန်တော်မင် ယန်းခြံအထိ ချီတက်ခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ပြီး ၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၃၀ မှာ ကျောင်းသားသမဂ္ဂအဆောက်အဦအတွင်း အဖမ်းခံလိုက် ရပါတယ်။ အင်းစိန်အကျဉ်းထောင်မှာ အကျဉ်းကျခံခဲ့ရပြီး ၁၉၆၈ ခုမှာ ကိုကိုးကျွန်းကို အပို့ခံခဲ့ရပါတယ်။ ကျွန်းဖျက်သိမ်းရေး အစာငတ်ခံတိုက်ပွဲမှာ ဦးအောင်မေသု အစာငတ်ခံ တိုက်ပွဲဝင်ခဲ့ပါတယ်။

ကျွန်းပေါ်မှာ အစာငတ်ခံဆန္ဒပြပွဲ လေးကြိမ် ဖြစ်ခဲ့ပါတယ်။ ၁၉၇၁ ခုနှစ် ကျွန်းဖျက်သိမ်းရေး ၅၃ ရက် အစာငတ်ခံတိုက်ပွဲကြောင့် ၁၉၇၁ နိုဝင်ဘာလမှာ အင်းစိန်အကျဉ်းထောင်ကို ပြန်ရောက်ခဲ့ပြီး ၁၉၇၂ ခု ဧပြီလ ၁၂ ရက်မှာ အကျဉ်းထောင်က ဦးအောင်မေသု ပြန်ပြီးလွတ်မြောက်ခဲ့ပါတယ်။

ရဲဘော်ရဲဘက်စိတ် ဆိုတဲ့စကားကို လေးလေးနက်နက်ထားဖို့ ကျမတို့ ငယ်ငယ်တည်းက ရင်ထဲစွဲအောင် ကြားခဲ့ရတာပါ။ ကျွန်းဖျက်သိမ်းရေးကို





အာဏာပိုင်က သဘောတူလက်မှတ်ရေးထိုးတဲ့အထိ အချိန်ကြာ အစာငတ်ခံရမှာ့ အတွက် အသက်စွန့်ရမယ့် အစာငတ်ခံတိုက်ပွဲဖြစ်ပါတယ်။ ဒီလို သေလမ်းကို "ရဲဘော် ခင်ဗျားမှာ မိသားစုတွေရှိတယ်။ ခင်ဗျား တိုက်ပွဲမဝင်ပါနဲ့။ အနှောင်အဖွဲ့ မရှိတဲ့ ကျနော် အစာငတ်ခံတိုက်ပွဲဝင်မယ်လို့" သေလမ်းကိုလုပြီး တိုက်ပွဲဝင်ကြ ပါတယ်။ ကျွန်းပြန်အချင်းချင်း ဘယ်နေရာတွေ့တွေ့ ရဲဘော်လို့ ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ခေါ်တတ်ကြပါတယ်။ ဒီလို ရဲဘော်ရဲဘက်စိတ် ပြည့်ဝတဲ့ ဦးအောင်မေသုက ရှစ်လေးလုံးအရေးတော်ပုံကာလမှာ မင်းလှမြို့နယ် အထွေထွေ သပိတ်ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပါတယ်။ ၁၉၈၈ အောက်တိုဘာလမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဝင်ရောက်ခဲ့ပြီး မင်းလှမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။ ကိုကိုးကျွန်းပြန် မင်းလှမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မေသု ပြောတဲ့စကားကို သယံန်းကျွန်းမြို့နယ် အဖွဲ့ချုပ်လူငယ် ကျမ ယနေ့အချိန်ထိ မေ့မရနိုင်ခဲ့ပါဘူး။ အဲဒီစကားက ကျမတို့ ရင်ဆိုင်နေရတဲ့ မြန်မာ့နိုင်ငံရေးနဲ့ ဆက်စပ်နေသလို အဖွဲ့ချုပ်ပါတီကြီးနဲ့ ဆက်စပ် ခဲ့ရပါတယ်။

ပါတီစုံဆိုတာနဲ့ ဝေးနေတဲ့ မြန်မာပြည် ပြည်သူလူထုက ပါတီတွေ တည်ထောင်လို့ရတဲ့အချိန်မှာ ပါတီတွေတည်ထောင်ကြတယ်။ ပါတီတွေဝင်ကြတယ်။ ကျနော်တို့ အမျိုးသားအဖွဲ့ချုပ်မှာလည်း ပါတီဝင်ပေါင်း သန်းချီရှိတယ်။ ဒါ အင်အားအစစ်အမှန်လားဆိုတာ စောင့်ကြည့်ရမှာပဲ။ ပါတီဝင်တွေထဲမှာ လူထုအတွက်၊ တိုင်းပြည်အတွက် တကယ်အကျိုးဖြစ်စေချင်တဲ့ ယုံကြည်ချက်နဲ့ပါတဲ့သူလည်း ရှိမယ်။ အခွင့်အခါစောင့်ပြီး အခွင့်အရေးလိုချင်တဲ့ အခွင့်အရေးသမားလည်းပါမယ်။ ခါတော်မီ နိုင်ငံရေးသမားလည်း ပါမယ်။

ရေကြီးတဲ့အရပ်ဒေသတွေမှာ ရေကြီးရင် အိမ်ခေါင်မိုးပေါ် စုပြုံတက် ကြတယ်။ ဘုန်းကြီးရော၊ လူရော၊ မြွေရော၊ ကြက်ရော၊ ခွေးရော အိမ်ခေါင်မိုး အပေါ်မှာ အစုံပဲနေကြရတာ။ ရေကျတော့လည်း သူ့နေရာသူ ပြန်သွားကြတာပဲ ခု ရေကြီးနေတဲ့ အချိန်တဲ့။

တက်ကြွပြီး လူထုကို ခေါင်းဆောင်မှုပေးနိုင်တဲ့ ဦးအောင်မေသုကို



www.burmeseclassic.com

www.burmeseclassic.com



စစ်အာဏာရှင်က ၁၉၈၉ ဩဂုတ်လ ၂၄ ရက်နေ့မှာ ဖမ်းဆီးလိုက်ပါတယ်။ ၁၉၈၉ နိုဝင်ဘာ ၆ ရက်နေ့ အင်းစိန်အကျဉ်းထောင် စစ်ခုံရုံး အမှတ်(၅)(က)မှာ ဦးအောင်မေသုကို ၁၉၅၀ ခုနှစ် အရေးပေါ်စီမံမှုအက်ဥပဒေ ၅ ညနဲ့ အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ဆယ်နှစ်ဆိုပြီး ချမှတ်လိုက်ပါတယ်။

လူထုနဲ့တိုင်းပြည်ကို အကျိုးပြုမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီကြီးရဲ့ ပင်စည်အကိုင်းအခက်အလက်တွေကို စစ်အာဏာရှင်က စတင် ဖျက်ဆီးလိုက်ခြင်းပဲ ဖြစ်ပါတော့တယ်။

၁၉၉၀ ပြည့် ရွေးကောက်ပွဲပြီးရင် စစ်တပ်က စစ်တန်းလျားပြန်မယ်လို့ ကမ္ဘာသိ ကြေညာခဲ့ပါတယ်။ ပြည်သူလူထုကြီးက ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှာ သူတို့ရဲ့ရင်ထဲက တကယ့်ခံစားချက်အစစ်အမှန်နဲ့ ဥပဒေပြုရေး၊ တရားစီရင်ရေး အုပ်ချုပ်ရေးဆိုတဲ့ ပြည်သူရဲ့ အချုပ်အခြာအာဏာနှစ်ရပ်လုံးကို အသည်းကြား မဲတစ်ပြားနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကြီးကို မဲပုံအောပြီး ယုံယုံကြည်ကြည် လွှဲအပ်လိုက်တဲ့အခါ စစ်တပ်က စစ်တန်းလျား မပြန်တော့ပါဘူး။

စစ်အာဏာရှင်က သူတို့အာဏာတည်မြဲဖို့၊ စစ်အာဏာရှင်စနစ် သက်ဆိုး ရှည်ဖို့အတွက် အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်တွေ အဖွဲ့ချုပ်ပါတီဝင်တွေကို အခွင့်အရေးရပိုင်ခွင့်တွေနဲ့ မြူဆွယ်ပြီး ဝယ်ယူခဲ့ပါတယ်။ အဝယ်ခံခဲ့ရသူ အနည်းစု ရှိခဲ့ပေမဲ့ အများစုကို ဝယ်လို့မရတဲ့အခါ စစ်အာဏာရှင်က အဖွဲ့ချုပ်ပါတီဝင်တွေ၊ အမတ်တွေကို ဖိအားအမျိုးမျိုးပေး နှောင့်ယှက်ခြိမ်းခြောက် ဖမ်းဆီးခြင်းကိုလည်း ဥပဒေမဲ့စွာ ပြုလုပ်ခဲ့ပါတယ်။

ကိုကိုးကျွန်းပြန် မင်းလှမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မေသုကို စစ်အာဏာရှင်က ဝယ်လို့မရခဲ့ပါဘူး။ လူနဲ့ ယုံကြည်ချက် ဆိုတာကို ခွဲလို့မရဘူးလို့ စစ်အာဏာရှင်ကို ဦးအောင်မေသု အသက်နဲ့ရင်းပြ ခဲ့ပါတယ်။ အင်းစိန်အကျဉ်းထောင်မှာ ထောင်ပိုင်ဘိုကြည်က ဦးအောင်မေသုကို ကျွန်းသိမ်းတိုက်ပွဲဖြစ်လို့ ခင်ဗျားတို့ကိုရိုက်ခဲ့တာ မှတ်မိသေးလား။ ငါလည်း ကျွန်းပြန်ထောင်ပိုင်ဘိုကြည်၊ ကျွန်းပြန်နိုင်ငံရေးသမားတွေလည်း မလွယ်ဘူးသာမှတ် ဆိုပြီး အငြိုးနဲ့ ထောင်တွင်းနှိပ်စက်မှုတွေကို ထောင်ပိုင်ဘိုကြည်က ပြုလုပ်ခဲ့တယ်လို့





ဦးအောင်မေသုနဲ့ အတူနေခဲ့ရတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းတချို့က ပြောပြ ခဲ့ပါတယ်။

တိုက်ပွဲပေါင်းများစွာကို ကျော်ဖြတ်ခဲ့တဲ့ ဦးအောင်မေသုက များများ ခေါင်လေ မြန်မြန်လင်းလေ ဆိုပါတယ်။ ၁၉၉၁ နိုဝင်ဘာ ၂၈ ရက်နေ့မှာ အင်းစိန်အကျဉ်းထောင်ကနေ သာယာဝတီ အကျဉ်းထောင်ကို ဦးအောင်မေသုကို ပြောင်းရွှေ့လိုက်ပါတယ်။

၁၉၉၉ ခုနှစ် နိုဝင်ဘာ ၅ ရက်နေ့မှာ ဦးအောင်မေသု အကျဉ်းကျတာ ဆယ်နှစ်ပြည့်ခဲ့ပါတယ်။ လွတ်ရက်စေ့ကာနီးမှာ ဦးအောင်မေသုကို နောက်နောင် နိုင်ငံရေးမလုပ်တော့ပါဘူး။ အဖွဲ့ချုပ်ပါတီက နုတ်ထွက်ပါမယ်ဆိုတဲ့ ခံဝန်လက်မှတ် ထိုးခိုင်းခဲ့ပါတယ်။ ဦးအောင်မေသုက ခါးခါးသီးသီး ငြင်းဆန်ခဲ့ပါတယ်။ ဒါကြောင့် ဦးအောင်မေသုကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေဆိုတဲ့ ပုဒ်မ ၁၀(က)နဲ့ ဆက်လက် ထိန်းသိမ်းခဲ့ ပါတယ်။

စစ်အာဏာရှင်က နိုင်ငံရေးအကျဉ်းသားတွေကို စစ်ကြောရေးစခန်းနဲ့ အကျဉ်းထောင်တွေမှာ စနစ်တကျပြင်းထန်တဲ့ ဆိုးရွားမှုမျိုးစုံနဲ့ ညှဉ်းပန်းနှိပ်စက်ခဲ့၊ နှိပ်စက်နေဆဲလည်း ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ အကျဉ်းထောင်ဆိုတာ ရှိပါတယ်။ ဒါပေမဲ့ သူတို့နိုင်ငံတွေရဲ့ စနစ်ပေါ်မှာမူတည်ပြီး အကျဉ်းထောင်အခြေအနေတွေ ကွာခြားတတ်ပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိတဲ့ ချမှတ်ပြီး လွတ်ရက်စေ့တာတောင် နိုင်ငံရေးအကျဉ်းသားတွေကို ၁၀(က)နဲ့ ဆက်လက်ပြီး ဖမ်းဆီးထားတာက စစ်အာဏာရှင်ရဲ့ ရက်စက်မှုပြယုဂ်ပါပဲ။

နိုင်ငံရေးအကျဉ်းသားရဲ့ ခန္ဓာကိုယ်ကို ညှဉ်းဆဲလို့အားမရသေးဘဲ ယုံကြည်ချက်စိတ်ဓာတ်ကိုပါ ထပ်မံ ဦးချိုးချင်ကြတာပါ။ ဦးအောင်မေသုက ဘက်ကြွသူ၊ ခုခံသူ၊ အရှုံးမပေးသူ၊ စစ်အာဏာရှင်ကို ဦးမညွှတ်တဲ့သူဖြစ်ပါတယ်။

၂၀၀၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့မှာ ဦးအောင်မေသု ရောဂါဝေဒနာ အပြင်းအထန် ခံစားရပါတယ်။ အခန်းနီးချင်း ဘဝတူနိုင်ငံရေးအကျဉ်းသားတွေ အသံပေါင်းအော်ဟစ်တောင်းဆိုလို့ သာယာဝတီဆေးရုံကို ပို့ဆောင်ပေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာကို အရှုးအလိမ့်ခံစားနေရတဲ့ ဦးအောင်မေသုက သူခံစားနေရတဲ့ဝေဒ ဘယ်လောက် ပြင်းထန်လဲဆိုရင် ရန်သူက သူ့ကိုဘယ်လောက်နှိပ်စက်ခဲ့ နှိပ်စက် ဒီဝေဒနာမျိုး ရန်သူကိုတောင် မခံစားစေချင်ဘူးလို့ ပြောခဲ့ပါတယ်။ သာယာဝ ဆေးရုံကို ထောင်အာဏာပိုင်က ပို့ဆောင်ပေးခဲ့ပေမယ့် ဆေးဝါးကုသခွင့် အထက်ကိုစာတင်တာ ၂ ရက်ကြာခဲ့ပါတယ်။ ၂ ရက်ကြာမှ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ခွဲစိတ်ကုသပေးဖို့ စာရောက်လာခဲ့ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရောက်တဲ့အချိန်မှာ ဦးအောင်မေသု ဗိုက်ထဲကအူ ပုပ်နေပါပြီ။ ခွဲစိတ်ကုသ နောက်ကျခဲ့လို့ ဦးအောင်မေသု ကွယ်လွန်ခဲ့ရပါတယ်။ ဦးအောင်မေသု လွတ် ရမှာ ၁၉၉၉ ခုမှာ လွတ်မြောက်ခဲ့ရင် အခုလိုအဖြစ်ဆိုးမျိုး ခံစားရပြီး ကွယ်လွန် မှာမဟုတ်ဘူး။ လွတ်လပ်သူအဖြစ်နဲ့ မိသားစုက ဦးအောင်မေသုကို ပြည့်စုံ လောက်တဲ့ ဆေးဝါးကုသစောင့်ရှောက်မှုအပြည့်နဲ့ ကယ်တင်နိုင်ခဲ့မှာပါ။

အကျဉ်းထောင်တိုင်းမှာ အာဏာပိုင်တွေ ပြောတတ်တဲ့စကား ရှိပါတယ်။ အကျဉ်းထောင်ထဲမှာ ကျွဲနွားဝက် တိရစ္ဆာန်သေရင် အထက်ကိုထုချေလွှာတင် မဆုံးဘူး။ အကျဉ်းသားတစ်ယောက်သေရင် စာရွက်တစ်ရွက်ပဲကုန်တယ်ဆို စကားက စစ်အာဏာရှင်က လူ့အခွင့်အရေးကို တန်ဖိုးမထားဘူး။ ဂရုမစိုက်ဘူးဆို သရုပ်အမှန်ပါပဲ။

သာယာဝတီအကျဉ်းထောင်ထဲမှာ နှစ်ရှည်အကျဉ်းခံရင်း ဦးအောင်မေ ကျဆုံးခဲ့ရပါတယ်။ ဦးအောင်မေသုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအ တိုင်းပြည်နဲ့ ပြည်သူလူထုအပေါ် သစ္စာစောင့်သိပြီး လူသားကမ္ဘာရဲ့ သစ္စာတရား အလှပဆုံး ဖော်ကျူးသွားခဲ့ပါတယ်။

ဦးအောင်မေသု ကျဆုံးခြင်း တစ်လပြည့်ကို သာယာဝတီအကျဉ်းထောင် ထဲမှာ နိုင်ငံရေးအကျဉ်းသား ကဗျာဆရာကိုဇွန်မှိုင်းက ခုလို ကဗျာနဲ့ဂုဏ်ပြု ပါတယ်။

*ကျွန်းတိုက်ကတဲ့ . . .*
*အခြေအနေမကောင်းဘူးတဲ့ . . .*
*ငါ့ရဲဘော်တွေပြောပြတဲ့*





*ငါ့ရဲဘော်ရဲ့နောက်ဆုံးရက်၊*
*ဒရစ်စက်တန်းလန်းထမ်းထုတ်လာတဲ့*
*မိန်းဂျေးလမ်းမပေါ်က*
*လူနာပိန်ပိန်တစ်ယောက်*
*ဆေးရုံထိရောက်မရောက်ဆိုတာမသေချာ၊*
*သေချာတာကတော့*
*နောက်နေ့မနက်ကစ*
*သူ့ရဲ့ သီးသန့်မှာ ရေနွေးသောက်ခွင့်ရကြသတဲ့လေ။*
*ဟောတစ်ယောက်*
*ပြီးတော့ နောက်တစ်ယောက်*
*တစ်ယောက်ပြီးတစ်ယောက်*
*ဖောက်ခဲ့ကြတဲ့လမ်း*
*လမ်းဆုံးတဲ့တစ်နေ့*
*ရွာတွေ့မယ်ဆိုတာ၊*
*ငါယုံတယ်။ ။*

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

သံခြေကျင်းတွေနဲ့ ရန်ကုန်ဘူတာကြီးကနေ ရထားစီးရမယ့်
အချိန်မှာ ကျနော်တို့ ကျောင်းသားတွေပါ၊ ကျနော်တို့ကို
ကလေးအကျဉ်းထောင်ပို့မှာ အိမ်ကမသိဘူး။ ဒီဖုန်းနံပါတ်နဲ့
အိမ်ကို အကြောင်းကြားပေးပါလို့ အော်ဟစ်ပြောဆိုခဲ့တော့
ရပ်ကြည့်နေတဲ့ ပြည်သူလူထုက ကျောင်းသားတွေရဲ့အိမ်ကို
ဖုန်းဆက်အကြောင်းကြားပေးကြပါတယ် ...



# ကိုအေးအောင်

တကယ်ဆိုရင် တက္ကသိုလ်ကျောင်းသား လူငယ်လူရွယ်တွေဟာ
ကုံကော်ရနံ့၊ စွယ်တော်ရနံ့နဲ့ အင်းလျားကန်ဘောင်ပေါ်လျှောက်ပြီး အင်းလျ
ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေညင်းလေးတွေကြားမှာ ရင်ခုန်ကြည်နူး
နေရမယ့်အရွယ်ပါ။ ဒါပေမဲ့ စစ်အာဏာရှင်စနစ်ကြောင့် ကျောင်းသားလူငယ်တွေ
စာသင်ခန်းနဲ့ ပျော်ရွှင်မှုအားလုံးကို ကျောခိုင်းရပြီး အကျဉ်းထောင် အုတ်နံရံတွေကြား
ရောက်နေရပါတယ်။ စာသင်ခန်းထဲကနေ ဆွဲထုတ်ပြီး နှစ်ရှည်ထောင်ဒဏ်တွေနဲ့
ဝေးလံခေါင်သီတဲ့ အကျဉ်းစခန်းတွေဆီ အပို့ခံခဲ့ရပါတယ်။ တက္ကသိုလ်ကျောင်း
စာသင်ခန်းထဲကနေ တိုင်းပြည်ရဲ့ လိုအပ်ချက်၊ ကျောင်းသားတွေရဲ့အခွင့်အရေးတို့
စစ်အာဏာရှင်ဆီ တောင်းဆိုတိုက်ပွဲဝင်ခဲ့တဲ့ ဒဂုံတက္ကသိုလ်ကျောင်းသား ကိုအေးအောင်
ကလေးမြို့အကျဉ်းထောင်ထဲမှာ နှစ်ရှည်ထောင်ဒဏ်နဲ့ အကျဉ်းကျနေတာ ဆယ်နှစ်
ကျော်သွားပါပြီ။

၁၉၉၉ မှာ နိုင်ငံရေးအကျဉ်းသားများကို နှစ်ရှည်ထောင်ဒဏ်တွေ
ချမှတ်ခဲ့တာ ထောင်သက်နဲ့လူသက် မှားရတဲ့အထိပါ။ အဲဒီအချိန်တုန်းက ကိုအေးအောင်
အသက် ၂၀ ကျော်ပဲရှိပါသေးတယ်။ ကိုအေးအောင်တို့ ကျောင်းသားလူငယ်တွေက
၁၉၉၈ လှည်းတန်းမီးပွိုင့်ဆန္ဒပြပွဲမှာ ပြည်သူ့လွှတ်တော်ခေါ်ယူရေး ပြည်သူ့သို
ဝန်ကြားချက်၊ တက္ကသိုလ်အဝေးသင်စာမေးပွဲတွေကို တက္ကသိုလ်ကျောင်းတွေမှာ
ဖြေခွင့်မရှိဘဲ အ.ထ.က ကျောင်းတွေမှာ ဖြေခိုင်းတဲ့အတွက် ကျောင်းသားအခွင့်အရေး
တောင်းဆိုချက်များနဲ့ ဆန္ဒပြခဲ့ပါတယ်။ ကိုအေးအောင်တို့ ကျောင်းသား
လူငယ်တွေကို ကားတွေ၊ လမ်းတွေ ပိတ်ဆို့ပြီး လူဆိုးလူရမ်းကား အမည်တပ်ပြီး
လိုက်ဖမ်းပါတယ်။ ကိုအေးအောင်၊ ကိုမျိုးမင်းဇော်တို့က ကျနော်တို့ ကျောင်းသားတွေ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ပါလို့ပြောတော့ ရပ်ကြည့်နေတဲ့ ပြည်သူလူထုက ဖမ်းမပေးပါဘူး။

အာဏာပိုင်တွေက ရိုင်းရိုင်းစိုင်းစိုင်းဖမ်းပြီး စစ်ကြောရေးမှာ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်တာကို ခံခဲ့ရပါတယ်။ ဘယ်လောက်ထိ ညှဉ်းပန်းခံရသလဲဆိုရင် စစ်ကြောရေးမှာ ထောက်လှမ်းရေးတွေ ရိုက်တာ၊ ညှဉ်းပန်းတာ အားမရလို့ ထောင်တွင်းမှာရှိတဲ့ လူဆိုးလူရမ်းကားတွေကို ခေါ်ပြီးရိုက်ခိုင်းတဲ့အထိပါ။ သွေးတွေ ချွေးတွေဆိုတာ ရောထွေးနေတာလို့ သူနဲ့အတူနေခဲ့ရသူတွေက ပြောပြခဲ့ပါသည်။ ဒဏ်ရာတွေဆိုတာ တော်တော်နဲ့ မပျောက်ပါဘူး။ ထောင်ထဲရောက်လာတဲ့ အခါမှာတော့ ကိုအေးအောင်တစ်ယောက် သံမဏိရိုင်းတစ်တုံး ဖြစ်လာခဲ့တယ်တဲ့။ ၁၉ နှစ်ထောင်ဒဏ်နဲ့ အင်းစိန်ထောင်ကနေ ကလေးအကျဉ်းထောင်ကို မိသားစုကို အသိမပေးဘဲ တိတ်တဆိတ် ပြောင်းခဲ့ပါတယ်။ သံခြေကျင်းတွေနဲ့ ရန်ကုန် ဘူတာကြီးကနေ ရထားစီးရမယ့်အချိန်မှာ ကျနော်တို့ ကျောင်းသားတွေပါ။ ကျနော်တို့ကို ကလေးအကျဉ်းထောင်ပို့မှာ အိမ်ကမသိဘူး။ ဒီဖုန်းနံပါတ်နဲ့ အိမ်ကို အကြောင်းကြားပေးပါလို့ အော်ဟစ်ပြောဆိုခဲ့တော့ ရပ်ကြည့်နေတဲ့ ပြည်သူလူထုက ကျောင်းသားတွေရဲ့အိမ်ကို ဖုန်းဆက်အကြောင်းကြားပေးကြပါတယ်။ ဒါကြောင့် ဘယ်သူ ဘယ်ထောင်ရောက်တယ်ဆိုတဲ့အကြောင်း သိရတာပါ။ ကျောင်းတွေကို ရက်အကန့်အသတ်မရှိ ပိတ်ထားပြီး အကျဉ်းထောင်တွေကို စက္ကန့်မလပ်ဖွင့်ထားတဲ့ စစ်အာဏာရှင်ကို ပြည်သူလူထုက ဆန့်ကျင်လိုက်တာပါ။ ကျောင်းစာသင်ခန်းထဲမှာ ပညာသင်ကြားနေရမယ့် ကျောင်းသားလူငယ်တွေကို သံခြေကျင်းနဲ့ ထောင်ဝတ်စုံ ဝတ်ထားတာမြင်ရတော့ ပြည်သူလူထု ရင်ထုမနာ ဖြစ်ကုန်ကြပါတယ်။ အပြေးအလွှား ရေသန့်ဘူးတွေ မုန့်တွေဝယ်၊ ကျောင်းသားတွေလက်ထဲထည့်ပြီး ထောက်ခံအားပေး ကြောင်း ပြကြတော့တယ်။

အင်းစိန်ထောင်၊ မန္တလေးထောင်၊ မုံရွာထောင်ကနေ ကလေးအကျဉ်းထောင်ကို မဟာမြိုင်တောဖြတ်ပြီး ကားနဲ့ ကလေးဝဆိပ်ကမ်းကို သွားရပါတယ်။ ကလေးဝဆိပ်ကမ်းကို ဇက်နဲ့ကူးလာရပါတယ်။ ကလေးအကျဉ်းထောင် ဝန်ထမ်းများက အချုပ်ကားနဲ့ ကလေးဝ ဆိပ်ကမ်းကစောင့်ပြီး နိုင်ငံရေးအကျဉ်းသားများကို လက်ဆင့်ကမ်း လွှဲပြောင်းယူရပါတယ်။ ဒီတော့ ထောင်ဒဏ် ၁၉ နှစ်၊ ၁၇ နှစ်၊ ၁၂ နှစ်၊ ၄၂ နှစ်ကို အသက်ထင်ပြီး ရိုးရိုးရာဇဝတ်အကျဉ်းသား လူကြီးတွေနဲ့





မှားကုန်တယ်လို့ ဝန်ထမ်းတွေက ပြောပါတယ်။ ကိုအေးအောင်တို့ ကလေး အကျဉ်းထောင်မှာ နိုင်ငံရေးအကျဉ်းသား အားလုံး ၂၆ ယောက်ရှိပါတယ်။ ၂၀၀၅ ခုနှစ် မတိုင်ခင်မှာ ထောင်ပြောင်းခံရတဲ့သူ၊ လွတ်တဲ့သူတွေကြောင့် ကိုအေးအောင် အပါအဝင် ၈ ယောက်ကျန်ခဲ့ပါတယ်။

၂၀၀၅ ခုနှစ် ဇူလိုင် ၆ ရက်နေ့မှ မထင်မှတ်ဘဲ ကျန်တဲ့သူတွေ လွတ်မြောက်ပြီး ကိုအေးအောင်နဲ့ ကိုစောဝင်းနှစ်ယောက်သာ ကျန်ပါတော့တယ်။ အရင်က ညဘက်တွေမှာ ဟိုအခန်း ဒီအခန်းက အသံတွေနဲ့ အဖော်ပြုခဲ့သူ နှစ်ယောက် တိတ်ဆိတ်တဲ့ညအမှောင်မှာ ဘယ်သူ့ဘယ်သူမှ စကားမပြောနိုင်တော့ ဘူးလို့ သူနဲ့အတူကျန်ခဲ့တဲ့ ကိုစောဝင်း လွတ်လာချိန်မှာ ပြန်ပြောပြပါတယ်။

ကိုအေးအောင်နဲ့ အတူနေခဲ့ရတဲ့ ကိုနေဦးကတော့ သူတို့လွတ်မြောက်လာ ဆဲမယ့် လွတ်လွတ်ကျွတ်ကျွတ် မပျော်နိုင်ပါဘူး။ အများလွတ်ပြီး အနည်းကျန်ခဲ့တဲ့ ခဲဘော်နှစ်ဦးကို နှုတ်ဆက်စကားတောင် မဆိုနိုင်ခဲ့ပါဘူးတဲ့။ ကိုအေးအောင်ကို စစ်ထောက်လှမ်းရေးတွေက အကြိမ်ကြိမ်ဆွေးနွေးပြီး လွတ်ရင်ဘာလုပ်မလဲလို့ မေးပါတယ်။ ဒီလို မေးတဲ့အခါမှာ ကိုအေးအောင်က သူ့ယုံကြည်ချက်ကို ပြတ်ပြတ်သားသား ပြောခဲ့ပါတယ်။ ခမ္မနဲ့ အခမ္မကို ခွဲခြားသိမြင်သူမို့ ခမ္မကို နှစ်မိတဲ့ဒဏ် သူ ရဲရဲဝံ့ဝံ့ ခံမယ်တဲ့။

နောက်တစ်နှစ်ကြာတဲ့အခါမှာ ကိုစောဝင်းလွတ်တော့ ကိုအေးအောင် တစ်ယောက်တည်း ကျန်ခဲ့ပါတော့တယ်။ တိုင်းပြည်အတွက် လူငယ်ဘဝကို ပေးဆပ်ခဲ့တဲ့ ကိုအေးအောင်အတွက် အရှုယ်နဲ့မမျှတဲ့ဒဏ်ရာတွေနဲ့ ထောင်တွင်း ဖိနှိပ်မှုတွေကို ခံနေရပါတယ်။ ကိုအေးအောင်ဖခင် ဦးသောင်းစိန်က ကျနော့် သားက သူနဲ့ရွယ်တူ ကျောင်းသားလူငယ်တွေလို ကျောင်းတက်ချင်မှာပဲ။ လူငယ်သဘာဝအတိုင်း ပြုမူနေထိုင်ချင်မှာပဲလို့ပြောပါတယ်။ သားကို ရုပ်အာဟာရ စိတ်အာဟာရပေးဖို့ မိဘရဲ့မေတ္တာတွေ အပြည့်ထည့်ထားတဲ့ ထောင်ဝင်စာခြင်းကို ဆွဲပြီး တစ်လတစ်ကြိမ် သားကို ထောင်ဝင်စာတွေ့နေရပါတယ်။ ဝက်သား တစ်ပိသာ ခုနစ်ရာဈေးကတည်းက ဒီနေ့ ဝက်သားတစ်ပိသာ ခုနစ်ထောင်ဈေးအထိ တွေ့နေရတုန်းပါပဲ။ အိမ်ပြန်ရောက်တဲ့နေ့ လွတ်တဲ့နေ့လို့ပဲ ဦးသောင်းစိန် စိတ်ဒုန်းဒုန်းချထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျမခင်ပွန်းသည် မလွတ်ခင် ထောင်ဝင်စာတွေ့ချိန်မှာ ကိုအေးအောင်ဖခင်နဲ့ဆုံရင် အတူတွေ့ခွင့်ရပါတယ်။ ထောင်ဝင်စာမှာ တက်ကြွလန်းဆန်းနေတဲ့ ကိုအေးအောင်ကိုမြင်ရတော့ ကျမမှာ ဝမ်းနည်းဝမ်းသာ ဖြစ်ရပါတယ်။ ဝမ်းနည်းရတာက သူ့လူငယ်ဘဝကို။ ဝမ်းသာရတာက တက်ကြွလန်းဆန်းတဲ့ သူ့ဟန်ပန်ကိုပါ။ တစ်ခါတော့ ဖေဖေ သားကို အတွေးအခေါ်ပါတဲ့၊ မှတ်သားစရာပါတဲ့ စာအုပ်သာ ယူခဲ့ပါ ဖေဖေ၊ ပညာရေးဗဟုသုတတွေလေ့လာဖို့ သားသိပ်နောက်ကျနေပြီတဲ့။ အဲဒီနေ့ ထောင်ဝင်စာအပြန်မှာ သူ့ဖခင် မျက်ရည်ကျပါတော့တယ်။

ထောင်ကနေ ထောင်ဝင်စာတွေ့ပြီးပြန်လာရင် ထောင်ဝင်စာမှာ ပြောခဲ့တဲ့စကားကို ကားပေါ်မှာပြန်စဉ်းစားရင်း ကြေကွဲဆို့နင့်ကြရပါတယ်။ ထောင်ဝင်စာဆိုတာ လူ့စိတ်နှလုံးညှိုးနွမ်းရတဲ့၊ လူ့ဂုဏ်သိက္ခာညှိုးနွမ်းရတဲ့၊ လူ့အခွင့်အရေးတွေ ထပ်မံဆုံးရှုံးရတဲ့ နေရာတစ်ခုပါ။ ထောင်ဝင်စာမှာ ပစ္စည်းတွေပေးနိုင်ဖို့ ကျမတို့ နောက်ထပ် ကြိုးစားရမယ်ဆိုတဲ့ ခွန်အားတွေလည်း ပါခဲ့ပါတယ်။ ထောင်ထဲမှာ ကျန်ခဲ့တဲ့ မိသားစုကို စိုးရိမ်ပူပန်စိတ်၊ ချစ်ခင်ကြင်နာစိတ်ကလည်း ခွန်အားပါပဲ။

ကလေးအကျဉ်းထောင်ကို ရန်ကုန်ကနေ ထောင်ဝင်စာလာတွေ့ဖို့ ငွေကြေးတစ်ခု ပြည့်စုံရုံနဲ့မရဘဲ ခွန်အားလည်း ပြည့်စုံဖို့လိုပါတယ်။ ကျမတို့ ထောင်ဝင်စာ ဆယ်နှစ်ကျော်ဖြတ်ခဲ့ရတဲ့ ခရီးကြမ်းက မဟာမြိုင်၊ ယာကြီးလမ်း၊ ချင်းတွင်းမြစ်၊ ပုံတောင်ပုံညာ၊ ဂန့်ဂေါလမ်း၊ လမ်းအစုံသွားခဲ့ရပါတယ်။ မြစ်သာမြစ်ကူး ကလေးဝတ်တားအထိ ဆောက်ပြီးယာကြီးလမ်းက တခြားလမ်းတွေထက် မိုင် ၉၀ သက်သာပေမယ့် မိုးတစ်ပေါက် နှစ်ပေါက်ကျရုံနဲ့ လမ်းပျက်တတ်ပါတယ်။ ယာကြီးလမ်းကို နွေခဏပဲ အားထားရတာပါ။ ဒါတောင်မှ ၂၀၀၇ မေလဆန်းမှာ ထောင်ဝင်စာတွေ့ပြီးအပြန် ယာကြီးလမ်း မိုးရွာလို့ပျက်ခဲ့ရပါတယ်။ ဒီလိုအဖြစ်အပျက်မျိုး၊ ပင်ပန်းမှုမျိုး ဘယ်တုန်းကမှ မကြုံခဲ့ရဖူးပါဘူး။ ဘယ်လောက်ထိလဲဆိုတော့ တောထဲတောင်ထဲမှာ ဆယ်ရက်ကြာခဲ့ပါတယ်။

ရှေ့ခရီးလည်းဆက်မရ။ နောက်လည်းပြန်မရနဲ့ ကျမတို့ကားတစ်စီးတည်း မဟုတ်ပါဘူး။ အတက်အဆင်း ကားအစီးပေါင်း ခြောက်ဆယ်လောက် ပိတ်မိကုန်ကြတာပါ။ ကျမတို့ ကားပိတ်မိနေတဲ့နေရာက ရွာနဲ့မနီးတဲ့နေရာ။ လမ်းပြင်တဲ့ စခန်းတဲလေးမှာ ကလေးကနေ မန္တလေးကိုဆင်းတဲ့ အဆင်းကားငါးစီး ရှေ့ဆက်





မသွားနိုင်တော့ ကားပေါ်ပါလာတဲ့ခရီးသည်တွေ စားစရာ သောက်စရာရှိ၊ အညစ်အကြေးစွန့်စရာ နေရာမရှိနဲ့ အခက်တွေ့ကြပါတော့တယ်။ ကားတစ်စီးမှာ လူငါးဆယ်ပါတယ်။ ရေသောက်ဖို့အတွက် ကားဘော်ဒီက ကျလာတဲ့မိုးရေကို ရေသန့်ဘူးနဲ့ခံပြီး သောက်ရပါတယ်။ မိုးကလည်း ရွာလိုက်တာ မပြောပါနဲ့တော့။ မိုးခြိမ်းသံတွေ၊ လျှပ်စီးတွေက တောတောင်အလယ်မှာ ကျမတို့ကို ကြောက်လန့်အားငယ်အောင် ပို့ပိုးနေပါတယ်။ ဟိုးအဝေးရွာက ထမင်းလာရောင်းကြတယ်။ ထမင်းလက်နှစ်ဆုပ်စာနဲ့ သရက်ချဉ်နည်းနည်း။ မြေပဲဆံစေ့ လေးငါးစေ့ကို ငွေတစ်ထောင်ပေးပြီး စားရပါတယ်။ ဒါလည်း အလုအယက် ဝယ်ရတာပါ။ လမ်းကောင်းနိုးနိုး မိုးပြတ်ရင်ဆိုတဲ့ အတွေးတွေနဲ့ ခရီးသည်တွေစောင့်နေရာက ဒီအတိုင်းလည်စင်းခံမနေတော့ဘူး။ ရွာရှိမယ့်နေရာ၊ မုံရွာ-မန္တလေး-ရန်ကုန်ကို ဆက်သွယ်အကြောင်းကြားလို့ရနိုင်မယ့် နေရာဖြစ်တဲ့ လပို့ဆိုတဲ့ ကနီမြို့နယ်ထဲက ရွာလေးကို သွားနိုင်ဖို့ ခရီးသည်တချို့ စဉ်းစားကြတယ်။ လပို့ရွာကိုရောက်ဖို့ ရှစ်နာရီ လျှောက်ရပါမယ်။ ဒီတော့ လူငယ်လူရွယ်အများဆုံး လျှောက်ကြတယ်။ ပစ္စည်းတွေတော့ မသယ်နိုင်ကြဘူး။ မန္တလေးကိုရောက်မှ ပစ္စည်းလာရွေးမယ်လို့ ကားသမားကို မှာကြတယ်။ ဦးသောင်းစိန်လို အသက်ကြီးသူတွေနဲ့ ကျမတို့ မိန်းမရွယ်တွေသာ ကျန်ခဲ့တော့တယ်။ ကျောပိုးတွေ လူလွတ်ကြီးပဲ လျှောက်လာတဲ့ အတက်ခရီးသည်တွေ ကျမတို့ တဲစခန်းလေးရောက်ရင် အားလုံး မိုးရွာထဲမှာ ဘုံးလုံးပက်လက် ဖြစ်ကုန်ကြတယ်။ တဲစခန်းလေးမှာ တစ်ထောက်နား၊ နောက်နေ့ မိုးလင်း လမ်းလျှောက်သွားတဲ့ သူတို့ကိုကြည့်ရတာ စစ်ပြေးဒုက္ခသည်တွေလိုပါပဲ။ ဦးသောင်းစိန်က ဒူးအရွတ်တွေပြတ်လို့ တုတ်ကောက်နဲ့ သွားနေရသူပါ။ ရွှံ့ပေါင်လယ် ခြေသလုံးလောက်ရှိတာကို ရှန်းပြီး တောင်တက်တောင်ဆင်း သွားရမယ်ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စ။ ဒါကြောင့် ရန်ကုန်ကမိသားစုတွေ စိတ်ပူနေမယ်၊ အဘကိုထားပြီး သမီးလမ်းလျှောက်နိုင်ရင် သွားပါ။ အဘကတော့ လမ်းပွင့်မှပဲ သွားနိုင်တော့မယ်လို့ ဆိုပါတယ်။ တစ်စတစ်စ နည်းသွားတဲ့ ခရီးသည်တွေကြားမှာ ကျမတို့ အားငယ်လိုက်တာ မပြောပါနဲ့တော့။ ကျမ ရှေ့ခရီးကို အပင်ပမ်းခံ လမ်းလျှောက်ပြီး ရန်ကုန်ကမိသားစုတွေ စိတ်မပူဖို့ ဆက်သွယ်နိုင်တဲ့ နေရာအထိရောက်ဖို့ အားတင်းရပါတယ်။ အဘဦးသောင်းစိန်ကိုလည်း စိတ်မချ။ မိုးအအေးကြောင့် လေဖြတ်သွားရင်


www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်မလဲ။ စားစရာ၊ ရေသောက်စရာလည်း အခက်အခဲမဟုတ်လား နောက်ဆုံးတော့ ခရီးသည်အချို့နဲ့ လိုက်သွားရပါတယ်။ ကျမတစ်သက် အပင်ပန်းဆုံး ခရီးလမ်းလို့ ဆိုချင်ပါတယ်။ ခြေဗလာနဲ့ ရွှံ့ဗွက်ရုန်းပြီး မိုးရွာထဲ တောင်တက် တောင်ဆင်း လမ်းလျှောက်ရတာ။ တောထဲတောင်ထဲမှာ မိန်းမတစ်ယောက်နဲ့ လုံခြုံမှုကို ကြောက်ရတဲ့ခရီးအတွက် မနားနိုင်ဘူး။ ရှေ့ကလူကိုမီအောင်ဆိုတဲ့ စိတ်နဲ့ ရှစ်နာရီကြာအောင် လမ်းလျှောက်ခဲ့ရပါတယ်။ လပိုင်းရွာမှာ ခရီးသည်တွေဆိုတာ အပြည့်ပါပဲ။ ရှေ့ခရီး ဘယ်လိုဆက်မလဲဆိုတာ စောင့်နေကြတယ်။ ကျမကတော့ ထမင်းဆိုင်မှာ ဝိုင်းကူလုပ်ရင်း ရန်ကုန်ကလူတွေကို စိတ်မပူဖို့ အကြောင်းကြား ရပါတယ်။ ဆယ်ရက်မြောက်နေ့မှာ ဟိုင်မွန်ဂျစ်လို့ခေါ်တဲ့ ချင်းတောင်ပေါ်မြေ ဂျစ်ကားတစ်စီးကို ချင်းလူမျိုးမိသားစုက ဖုန်းနဲ့လှမ်းခေါ်လို့ ရောက်လာတယ်။ ကျမလည်း ဝမ်းသာအားရနဲ့ ကလေးအထိလိုက်ပါရစေလို့ တောင်းပန်ရတယ်။ ထောင်ဝင်စာ လာတွေ့တဲ့သူလို့ပြောမှ ကရုဏာသက်ပြီး ခေါ်ပါတယ်။ ကျမ လမ်းလျှောက်ခဲ့တဲ့နေရာကို ဂျစ်ကားနဲ့ နောက်ကြောင်းပြန်ရတာပါ။ ကျမ မြင်တော့ ဦးသောင်းစိန် အရမ်းဝမ်းသာသွားပြီး ငိုတူမရယ်၊ အဘလေ အမေ ကလေးကိုထားသွားလို့ ပြန်တွေ့တဲ့အတိုင်း ဝမ်းသာလိုက်တာလို့ ပြောရှာတယ်။

ဟိုင်မွန်ဂျစ်ကားပေါ်ကို ကျမတို့ ဝမ်းလျားမှောက်တက်ရတယ်။ လမ်းဆိုး လမ်းဆင်းလျှောက်ဖို့လိုရင် ကားပေါ်က ခုန်ဆင်းကြရတယ်။ ငရဲကြီးတယ်ဆိုတာ ဒုက္ခဆင်းရဲရောက်တာကို တင်စားတာဆိုရင်တော့ ကျမတို့ ငရဲကျခဲ့တာပါပဲ။ နောက်ကြောင်းပြန်ခရီးက တောင်ကျရေ ဒလဟောနဲ့ ကားလမ်းပေါ် ရေကျ နေတာကိုဖြတ်။ ရွှံ့စေးတွေနဲ့ ကားက ချောက်ဘက်ဆွဲသွားတဲ့အခါ ငါတို့သေပြီ အောက်မေ့မိတယ်။ ကျမတို့ ကလေးဝတံတားရောက်တော့ ညကိုးနာရီထိုးပါပြီ။ မနက်စာ၊ ညစာ ထမင်းမစားရသလို မိုးရေတွေ တစ်ကိုယ်လုံးရွှဲစိုပြီး ခိုက်ခိုက် တုန်အောင် ချမ်းရတာပါ။ ဦးသောင်းစိန်ကတော့ တစ်ကိုယ်လုံးတုန်ပြီး အဖျားတက်တော့တာပါပဲ။ ကလေးဝ တဲခိုခန်းမှာ နှစ်ရက်ကြာနေရပြီးမှ ချင်းတွင်း မြစ်ကြောင်းကနေ ရော်တယ်စီးပြီး ပြန်ခဲ့ရပါတယ်။ နောင်မှာ ယာကြီးလမ်း အကြောင်းသိရတာက တစ်လကြာပိတ်မိနေတယ်လို့ ပြောကြတယ်။ ဦးသောင်းစိန် ကတော့ အိမ်ရောက်တာနဲ့ မနားနိုင်ရှာပါဘူး။ နောက်တစ်ခါ ထောင်ဝင်စာအတွက်





ရုန်းကန်ရတော့တာပါပဲ။

အကျဉ်းကျမိသားစုတွေရဲ့ ဒုက္ခကို ဖောင်ဖွဲ့လို့ရရင် နောက်ထပ် အဖိထပ်ထုတ်ရမယ့်အထိပါပဲလို့ ပြောရင် ပိုတယ်မထင်ကြပါနဲ့။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com



[illegible]



## မဟာမြိုင်ခရီးသည်

မြစ်ဆိုတာ မကွေ့ရင်မလှသလို ဘဝမှာလည်း အချိုးအကွေ့ရှိမှ ပြည့်စုံတယ်လို့ ဆိုကြပါတယ်။ ဒီစကားက ကျမတို့ဗမာပြည် ပြည်သူလူထုတွေ ခံစားနေရတဲ့ ဒုက္ခအခက်အခဲတွေကို ကျော်လွှားရုန်းကန်နိုင်ဖို့ အားပေးလိုက်တဲ့ စကားလို့ ကျမ ခံစားရပါတယ်။ ကျမတို့လူထုကလည်း လောကဓံအထုအထောင်း ဘယ်လောက်ခံရခံရ ထောင်းတိုင်း အကြေမခံပါဘူး။ ဒါကြောင့်လည်း ဗမာပြည် လူထုက တိုင်းပြည်ရဲ့ဆင်းရဲဒုက္ခ၊ စစ်အာဏာရှင်ရဲ့ ဖိနှိပ်မှုတွေကို ရင်စည်းခံပြီး တိုက်ပွဲဝင်နေကြတာပါ။ ဒီကြားထဲက နိုင်ငံရေးအကျဉ်းကျမိသားစုတွေကလည်း ဆင်သွားရင် လမ်းဖြစ်တယ်ဆိုတဲ့အတိုင်း နှစ်ရှည်ထောင်ဒဏ်တွေနဲ့ ဒေးလံခေါင်သီတဲ့ နိုင်ငံရေးအကျဉ်းသားတွေရှိရာ အကျဉ်းစခန်းတွေဆီကို မရောက်ရောက်အောင် သွားနေကြပါတယ်။

ဒီထဲကမှ ကလေးထောင်မှာ နှစ်ရှည်ထောင်ဒဏ်နဲ့ ၁၉၉၉ ထဲက အကျဉ်းကျခံနေရတဲ့ ကျောင်းသားကိုအေးအောင်၊ အရှင်ဂမ္ဘီရ၊ မစုစုနွေး၊ ဓန မျိုးဆက်ကျောင်းသား ကိုမျိုးအောင်နိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ဝင် ရခိုင်ပြည်နယ် တောင်ကုတ်က ကိုမင်းအောင်၊ ရှမ်းအမျိုးသားခေါင်းဆောင် ဦးစိုင်းညွန့်လွင်၊ မြန်မာနေးရှင်းသတင်းဂျာနယ်အယ်ဒီတာ ကိုသက်ဇင်၊ တစ်ကိုယ်တော်ဆန္ဒပြတဲ့ ဦးအုန်းသန်း အစရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို သူတို့မိသားစုတွေ ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲနဲ့ ထောင်ဝင်စာသွားတွေ့နေရပါတယ်။

ဒီခရီး ဒီလမ်းတွေက ဘယ်လောက် ပင်ပန်းဆင်းရဲလဲ။ ဘယ်လောက် သက်စွန့်ဆံဖျားသွားရလဲဆိုတာ အကျဉ်းကျမိသားစုတွေကိုယ်စား ကျမ ပြောပြချင် ပါတယ်။ ခင်ပွန်းသည်အတွက် ထောင်ဝင်စာ ၈ နှစ်၊ ဘဝတူအကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



မိသားစုတွေအတွက် အဖော်အဖြစ် လိုက်ပို့ပေးခဲ့ရတဲ့ ၂ နှစ်၊ စုစုပေါင်း ကလေးထောင် ထောင်ဝင်စာခရီးရဲ့ အတွေ့အကြုံတွေက ပြောကုန်နိုင်ဖွယ် မရှိပါဘူး။ ဆယ်စုနှစ်အတွင်း ကလေးထောင် ထောင်ဝင်စာခရီးမှာ လမ်းခရီးတွေ အသစ်သစ်ပြောင်းခဲ့ပါတယ်။ မြစ်ကူးတံတား အသစ်တွေဖြတ်ခဲ့ရတယ်။ ယာဉ်ရထားတွေ အဆင့်ဆင့် စီးနင်းခဲ့ရတယ်။ လမ်းတွေကတော့ တဖြည်းဖြည်း ပိုဆိုးလို့လာပါတယ်။

ကျမတို့သွားနေရတဲ့ ထောင်ဝင်စာလမ်းခရီးက ခန္ဓာကိုယ်တင် ပင်ပန်းတာ မဟုတ်ဘဲ စိတ်ပါပင်ပန်းရတဲ့ခရီးပါ။ ၁၉၉၈ မှာ ရန်ကုန်ကနေ မန္တလေးကိုရထားစီး၊ မန္တလေးကနေ ကလေးမြို့ကို ကားနဲ့သွားရတဲ့အခါ မဟာမြိုင်တောကို ဖြတ်ရပါတယ်။ အဲဒီတုန်းက မဟာမြိုင်တောကိုပဲ အားထားရ ပါတယ်။ မုံရွာ ယာကြီးလမ်း မဖောက်သေးပါဘူး။ ချင်းတွင်းမြစ်ထဲမှာ ဖြတ်သန်း နေရတဲ့ ရော်တယ်ရေယာဉ်တွေလည်း မရှိသေးပါဘူး။ နွေနွေမိုးမိုး မဟာမြိုင်ကိုပဲ အားထားဖြတ်သန်းနေရပါတယ်။ ရန်ကုန် မန္တလေးရထားပေါ် တစ်ညအိပ်စီးပြီး မနက်ကိုးနာရီ မန္တလေးရောက်၊ မန္တလေးကနေ ညနေ ၃ နာရီရထားနဲ့ ချက်ချင်း ကလေးမြို့ကသွားတဲ့ကား စီးရတယ်။ ခုလို လူစီးသီးသန့် မရှိသေးပါဘူး။ ကျမတို့စီးတဲ့ကားတွေ ကုန်အပြည့်တင်ပြီးမှ လူက ငုတ်တုတ်ထိုင် လိုက်ရတာပါ။ မန္တလေးကနေ ညနေ ၃ နာရီထွက်လာတဲ့ကားက ကားကောင်းမယ်၊ လမ်းကောင်းမယ်ဆို နောက်နေ့ ညနေ ၅ နာရီမှ ကလေးမြို့ကို ရောက်ပါတယ်။

မဟာမြိုင်လမ်းက ဒုတိယကမ္ဘာစစ်မှာ အင်္ဂလိပ် စစ်ဆုတ်ခွာရင်း ဖောက်ခဲ့တဲ့လမ်းပါ။ ထပ်ပြီး မပြုပြင်နိုင်ဘဲ လမ်းဟောင်းကိုသာ ခက်ခက်ခဲခဲ သွားခဲ့ရပါတယ်။ မဟာမြိုင်တောထဲက ချောင်းကူးတံတားတွေက သစ်သား တံတားတွေ အများဆုံးပါ။ တံတားတွေကျိုးပြီး တံတားပေါ်က ကားမမောင်းနိုင်ဘဲ လမ်းလွှဲချောင်ကွင်းလမ်းကနေ မောင်းရတဲ့နေရာတွေလည်း များပါတယ်။ ချောင်ကွင်းလမ်းမရှိရင် တံတားပေါ်ကပဲ ကားဖြတ်ပြီး ခရီးသည်တွေက လမ်းဆင်းလျှောက်ရပါတယ်။ ကျမတို့ စီးလာတဲ့ကား ကောင်းပေမယ့် ရှေ့မှာ ကားကပျက်နေရင်လည်း ကျမတို့ ရှေ့ဆက်မသွားနိုင်ပါဘူး။ ကားတစ်စီး သွားသာရုံပဲ လမ်းရှိတာပါ။ ပေ ၃၀၀၀၊ ၄၀၀၀ ကျော် အမြင့်ရှိတဲ့ တောင်တက်





လမ်းပေါ်မှာ ကားပျက်လို့ကတော့ စိတ်ရောကိုယ်ပါ ဒုက္ခရောက်ပြီ။ ရွာဆက်ပြတ်တဲ့အတွက် စားစရာ၊ သောက်စရာရေ ရှားပါးလို့ပါ။

ရန်ကုန်ကနေ ထောင်ဝင်စာတွေ့ဖို့ ချက်ပြုတ်ကြော်လှော်လာတဲ့ဟင်းတွေ သိုးကုန်၊ မှိုကပ်ကုန်ရင်ဆိုတဲ့ သောကအပူက အတော့်ကိုဖိစီးပါတယ်။ ထပ်ပြီး ဝယ်စရာ ငွေကြေးက မရှိ၊ သိုးနေတဲ့ဟင်း၊ မှိုကပ်နေတဲ့ဟင်းကိုလည်း ထောင်က လူကိုမကျွေးရက်နဲ့ လက်ရှိကိုယ်ခံစားနေရတဲ့ ကာယဒုက္ခထက် စိတ်ဒုက္ခက ကြီးပါတယ်။ ရာသီဥတုပူပြင်းလို့၊ ကားပျက်လမ်းပျက်လို့ ကြာသွားတဲ့အခါ ထမင်းသိုးဝယ်စားလို့ရနိုင်တဲ့ ရွာဈေးဆိုင်တွေမှာ ဒေသထွက် ငှက်ပျောသီး အစားပြီး ရေသောက်နေလိုက်ကြတယ်။ ဈေးဝယ်လို့မရတဲ့ ရွာဆက်ပြတ်တဲ့နေရာ ကားပျက်ရင်တော့ သိုးနေတဲ့ထမင်းထဲက မာမယ်ထင်တဲ့ ထမင်းခဲလေးကို ရွေးပြီး အာသာပြေ စားရတဲ့အခါလည်း ရှိပါတယ်။

မဟာမြိုင်တောတောင်အလယ်မှာ ကျမတို့လမ်းခရီးရဲ့ ဂန္ထီရဆန်တဲ့ မြင်ကွင်းတွေလည်း နားထောင်ရပါတယ်။ မဟာမြိုင်ကိုဖြတ်ရင် မဟာမြိုင်ရဲ့ အမြင့်ဆုံး တောင်ထိပ်မှာ နတ်ကွန်းရှိပါတယ်။ ဗိုလ်သနိုးဘုရင်မကြီးရဲ့ နတ်ကွန်းပါ။ ညသန်းခေါင်အချိန်မှ မရောက်ရင် အဲဒီနတ်ကွန်းမှာ ကားစပယ်ယာက အမွှေးတိုင် ဖယောင်းတိုင်ထွန်းပြီး ပူဇော်ပါတယ်။ လမ်းခရီးရဲ့အကြမ်းတမ်းဆုံး၊ အန္တရာယ်အရှိဆုံး နေရာပေါ့။ ဒရိုင်ဘာက ကားပေါ်ကနေ ဟွန်းသုံးချက်တီးပြီး ကားစတီယာတိုင်ကို ရှက်နှာအပ် ကန်တော့ပါတယ်။ ခရီးသည်တွေကလည်း ရှေ့ခရီးအဆင်ပြေဖို့၊ လမ်းခရီးအန္တရာယ်မဖြစ်ဖို့ ဗိုလ်သနိုးဘုရင်မကြီးကို တိုင်တည်ရပါတယ်။

တောင်ပေါ်လမ်းကို တစ်ညလုံးမောင်းရပါတယ်။ လမ်းဆိုးတဲ့ အကွေ့ တွေနဲ့ ခက်ခဲတဲ့ တောင်ပေါ်လမ်းနေရာရောက်ရင် ကားစပယ်ယာက ဂျမ်းတုံးကိုင် ပြီး ကားနောက်က ပြေးလိုက်ပါတယ်။ စက်ချို့ယွင်းလို့ ကားဆက်မတက်နိုင်ရင် တောင်အောက် လျှောမကျနိုင်အောင် ဂျမ်းတုံးနဲ့ ခုပေးဖို့ပါ။ တောတောင်ထဲမှာ အန္တရာယ်တစ်ခုခုသာဖြစ်ရင် ဘယ်သူမှ သိမှာမဟုတ်ဘူး၊ ကူရာမဲ့ဆိုတဲ့ အတွေးက လည်း မဟာမြိုင်ခရီးဖြတ်ရတိုင်း တွေးမိတာပါ။ မဟာမြိုင်တောကြီးထဲကနေ သူသမိုင်းတွေ၊ လူ့အဖွဲ့အစည်းတွေ အများကြီး ဖြတ်သန်းခဲ့ဖူးပါပြီ။ ဖြတ်သန်း သွားလာတဲ့ လူတွေရဲ့ ငိုသံ၊ ရယ်မောသံ၊ ညည်းညူသံ၊ နာကြင်ခံစားမှုတွေ

အရှေ့ ကြယ် စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြားဝါးသံတွေကို မဟာမြိုင်တောကြီး ကြားရပါလိမ့်မယ်။ လူ့ဘဝတွေအများကြီး
ကိုယ်တိုင်သိမြင်ခဲ့သူမို့ မဟာမြိုင်တောကြီးက ပိုပြီး နက်ရှိုင်းနေပါတော့တယ်။

စစ်ကိုင်းတိုင်း ကလေးအကျဉ်းထောင်ရှိရာကို ထောင်ဝင်စာတွေ
သွားရတဲ့ခရီးမှာ သဘာဝဘေးအန္တရာယ်ကိုလည်း ကျမတို့ ရင်ဆိုင်ရပါတယ်။
မိုးတွင်း ကားဗွက်နစ်ရင် ကားကို သံကြိုးနဲ့ချည်ပြီး ခရီးသည်ယောကျ်ားတွေက
မိန်းမတွေက ကျောက်တုံးကျောက်ခဲကောက်၊ လူ့ပေါင်လယ်လောက်ရှိတဲ့ ဗွက်
ပစ်ထည့်ကြ၊ ကားကို အားစိုက်ခွန်စိုက် ကြိုးနဲ့ဆွဲကြ။ ဟေးဟေးဆိုတဲ့ ညာသံ
အော်ဟစ်သံက တောတောင်လျှိုမြောင်တွေပါ အသက်ဝင်လာသလို ခံစားရပါတယ်။

မိုးရွာနေရင် ဘယ်လိုမှ သွားလို့မရပါဘူး။ မိုးတိတ်လို့ မြေသားဖန်
တော့မှ ရှေ့ဆက်သွားလို့ရတယ်။ မောက္ကတော်သဲချောင်းဆိုတဲ့ မိုးနဲ့ရတာ
ကားမဖြတ်ရဲပါဘူး။ တောင်ကျရေ မလွှတ်မှာစိုးတဲ့အတွက် ကားက သဲချောင်း
ထိပ်မှာ စောင့်ရပါတယ်။ မိုးတိတ်ပြီး သဲချောင်းရေစစ်မှာ ကားဖြတ်ရတာပါ။
ဒီလိုအချိန်မှာ ကျမတို့ အကျဉ်းကျမိသားစုချင်း လက်ရှိဒုက္ခကိုမေ့နိုင်ဖို့ စကား
ပြောကြပါတယ်။ အန်ကယ်ကြီးဦးတင်အောင်ဖနီး ဒေါ်သောင်းရီက အဲဒီအချိန်
ထောင်ဝင်စာတွေ့တဲ့ နှစ်ပေါင်း ၁၀ နှစ်ရှိနေပါပြီ။ ထောင်ဝင်စာ သက်တမ်းများ
သူ့ကို ကျမတို့အားလုံး ကိုယ်ချင်းစာခဲ့ရပါတယ်။ သူ့ကို သူ့ဘဝအကြောင်း
ဝိုင်းမေးကြပါတယ်။

အန်တီ့ကို ကိုတင်အောင် လက်ထပ်ခွင့်တောင်းတုန်းက သူ
မသောက်ဘူး၊ ဖဲမရိုက်ဘူး၊ မိန်းမ မရှုပ်ဘူး။ ဒါပေမဲ့ နိုင်ငံရေးတော့ လုပ်ခွင့်ပြုပါ
အန်တီကလည်း ဒီလောက် ဒုက္ခရောက်မယ်မှန်းမသိတော့ လုပ်ပေါ့လို့ပြောခဲ့တာ
ခုကြည့်၊ ထောင်ဝင်စာတွေ့ရတာ ၁၉၈၉ ထဲက အန်တီတို့နေတဲ့ လမ်းသစ်ရိပ်သာ
အိမ်လည်း အသိမ်းခံလိုက်ရတယ်။ ဒီတော့ အန်တီလည်း ချေးငှားပြီး မြောက်ဥက္ကလာ
အိမ်ဝယ်လိုက်တယ်။ အိမ်ဝယ်ပြီး သိပ်မကြာဘူး၊ အိမ်မီးလောင်ခံလိုက်ရတယ်
အန်တီ အလုပ်သွားနေတော့ ဘာမှ မရလိုက်ဘူး။ မီးလောင်ပြင်ကိုကြည့်ပြီး
အန်တီ ငိုတောင် မငိုနိုင်တော့ဘူး။

ကျမငယ်ငယ်က ခင်ပွန်းကိုပါရမီဖြည့်တဲ့ နိုင်ငံရေးသမားတွေ့
ဇနီးတွေနဲ့ နီးနီးကပ်ကပ် နေခဲ့ရဖူးတယ်။ ဒီထဲမှာ ဆရာကြီးဗန်းမော်တင်အောင်ဇနီး





ကြီးကြီးဒေါ်ခင်ဦးက ကြက်ဥရောင်းပြီး မိသားစုကို ရှာဖွေကျွေးမွေး စောင့်ရှောက်
ခဲ့ပါတယ်။ ကြီးကြီးဒေါ်ခင်ဦး ကျမတို့ကြက်ခြံမှာ ကြက်ဥလာယူရင် ဆွဲခြင်း
ဆက်ချိတ်ပြီး လာတဲ့ဟန်ကို ကျမရင်ထဲ ခုချိန်ထိ စွဲနေခဲ့ရပါတယ်။
စာရေးဆရာကြီးတစ်ဦးက ကြီးကြီးဒေါ်ခင်ဦးကို လင်းယုန်၏လင်းယုန်လို့
ခုဆိုပြုဖူးတယ်။ လင်းယုန်ဖိုကြီး အမြင့်ဆုံးပျံပြီး အဝေးဆုံးမြင်နိုင်ဖို့အတွက်
လင်းယုန်မယ်ကြီးက ဒုက္ခကို ထပ်တူမျှဝေခံစားပြီး ပါရမီဖြည့်ခဲ့တယ်။ ခုလည်း
ထောင်ထဲကသူတွေကို ပါရမီဖြည့်နိုင်ဖို့ မိသားစုတွေ အပင်ပန်းခံနေကြရပါတယ်။

မဟာမြိုင်တောကိုဖြတ်ပြီး ချင်းတွင်းမြစ်ကမ်းရောက်ရင်တော့ ကျမတို့
ထောင်ဝင်စာခရီး တစ်ဝက်အောင်မြင်ပြီလို့ မှတ်ကြပါတယ်။ ချင်းတွင်းမြစ်ကို
ဖက်နဲ့ ကားကူးပြီး လူတွေက လှေနဲ့ကူးပါတယ်။ ကလေးဝနဲ့ ကလေးမြို့ထ
၂၄ မိုင်ပဲဝေးတာပါ။ ဒါပေမဲ့ ၂ ရက်ကြာတဲ့အခါ ကြာပါတယ်။ အိန္ဒိယ-မြန်မာ
ချစ်ကြည်ရေးလမ်း မဖောက်သေးပါဘူး။ မြစ်သာမြစ်ကမ်းပါးယံပေါ်က
ကားဖြတ်တဲ့ ကမ်းဘေးကမြေကြီးတွေ ပြိုကျတတ်ပါတယ်။ တစ်ခါတင်
အရှိန်လွန်ပြီး မြစ်ထဲ ကားတွေပြုတ်ကျတတ်ပါတယ်။ ဒါကို ဒေသခံတွေက
မြစ်ထဲ ကားရေသောက်ဆင်းတယ်လို့ ပြောကြပါတယ်။

ကလေးဝ၊ ကလေးတမူးအထိ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး
လမ်းဖောက်ပြီးမှ လမ်းကောင်းတာပါ။ ဒါပေမဲ့ ခုအချိန်ထိ လမ်းတွေပြင်ရတုန်းပါ
ကမ္ဘာမှာ အိန္ဒိယလမ်းဖောက်တာ ဆုရတယ်လို့ဆိုပါတယ်။ ဒါပေမဲ့ မြန်မာပြည်
ကလေးဝ တမူးလမ်းကျမှ လက်မြှောက်ရတော့တယ်။ ဒါကြောင့် ဒီလမ်းကို
ကုလားငိုလမ်းလို့ ဒေသခံတွေက ပြောကြပါတယ်။ ကလေးဝလမ်းက တောင်အလုံး
လိုက်ပြိုကျသွားလို့ လမ်းနဲ့တံတား တခြားစီ ဖြစ်သွားပါသေးတယ်။ ကတ္တရာလမ်း
ရှိသလောက်ပါ။ မြစ်သာမြစ်ကို ကွေ့ပတ်မောင်းနေတဲ့ ကားပေါ်က ကျမတို့
ထောင်ဝင်စာခရီးသည်တွေ နောက်တစ်ခေါက် ဆိုတာထက် အပြန်တောင်သွားလို့
ရပါတော့မလားလို့ စိုးရိမ်ရပါတယ်။ ဒီလို စိုးရိမ်စိတ်တွေနဲ့ပဲ ထောင်ဝင်စာ
မှန်သွားနေရတာပါပဲ။

ကလေးမြို့ဝင်ကာနီးမှ ကတ္တရာလမ်းကောင်းပါတယ်။ ဘယ်
မြောက်မှန်းမသိတဲ့ ကလေးမြို့ ထောင်ဝင်စာခရီးဟာ ကျမတို့ကို



www.burmeseclassic.com

www.burmeseclassic.com



စေတုန်းပါပဲ။

တောင်ညိုညိုတွေ ပတ်လည်ဝိုင်းရံနေတဲ့ ကလေးမြို့ဒေသခံတွေရဲ့ ရင်းနှီးဖော်ရွေချစ်ခင်အားပေးမှုက ကျမတို့ကို ရွှင်လန်းချမ်းမြေ့ပါစေတယ်။ ကျမတို့ကို ဒေသခံတွေက မေတ္တာခရီးသည်တွေလို့ တင်စားကြတယ်။ ကျမတို့ကလည်း လမ်းခရီးက မြစ်ချောင်းတွေကို အလွမ်းတံတားထိုးပြီး လာခဲ့တာလို့ ပြန်ကျီစယ်ရပါတယ်။ မန္တလေး-ကလေး ကားပေါ်ကဆင်း၊ ဆိုက်ကားစီးပြီး ကျမတို့ရဲ့ တည်းအိမ် ရတနာပုံအိမ်ကို ဝင်ဝင်ချင်း အန်တီကြည်ရေ၊ ဗျားစိန်ရေလို့ ကျမတို့ အော်ခေါ်တာနဲ့ တံခါးတွေဖွင့်ပြီး ချက်ချင်းပြေးလာတဲ့ အန်တီကြည်က လာကြလာကြ မျှော်နေတာ၊ လမ်းမှာ တော်တော်ဆင်းရဲခဲ့မှာ ဆိုတဲ့အသံဟာ ကျမတို့ကို မျက်ရည်ဝဲစေပါတယ်။

ကျမတို့ ပါလာတဲ့ပစ္စည်းတွေချပြီး ထမင်းစား၊ ရေချိုးပြီး မောမောနဲ့ နားကြပါတယ်။ နောက်တစ်နေ့မနက်မှာ ထောင်ဝင်စာတွေ့နိုင်ပါတယ်။ ICRC စရိတ်မရသေးဘဲ အဲဒီအချိန်မှာ ကျမတို့ထောင်သွားဖို့ လေးဘီးခ ၂၀၀၀ မပေးနိုင်ပါဘူး။ ဒါကြောင့် ကလေး၊ ခမ်းပတ်၊ ရာဇဂြိုလ်ကား စီးသွားရပါတယ်။ ကလေးအကျဉ်းထောင်နဲ့ မြို့က ၈ မိုင်ဝေးပါတယ်။ ကုန်ကားပေါ်ကို ကျမတို့ တက်ခဲ့တဲ့အခါ ကားနံရံကတစ်ဆင့် တွယ်တက်ရပါတယ်။ ဆင်းရင်လည်း ခါးစောင်းလောက် ရှိတဲ့နေရာကနေ ခုန်ချရပါတယ်။ ကျမတို့ကိုကြည့်ပြီး ချင်းအမျိုးသားခရီးသည်က ရန်ကုန်သူတွေလား၊ ဘယ်သွားမလဲလို့ မေးပါတယ်။ ကျမတို့အကြောင်းသိတော့ စုတ်တသပ်သပ်နဲ့ ကျမတစ်သက် မေ့လို့မရတဲ့ စကားကို ပြောလိုက်ပါတယ်။

အေးဗျာ ခင်ဗျားတို့ကိုမြင်တော့ ကျနော်ဖတ်ဖူးတဲ့ ဆရာနတ်နွယ်ဝတ္ထုကို သတိရမိတယ်။ ဂျပန်ခေတ်မှာ ယောကျ်ားမှန်ရင် ထောင်ကျဖူးရမယ်။ မိန်းမမှန်ရင်လည်း သည်းထန်းစွာ ငိုကြွေးဖူးရမယ်တဲ့။ ဒီနေ့ခေတ်က ဂျပန်ခေတ်ထက် ဆိုးပါတယ်။ ဒီနေ့ဒီအချိန်မှာ ခင်ဗျားတို့က ဘာနဲ့တူသလဲဆိုတော့ ဒီမိုကရေစီဆိုတဲ့ သားလောင်းကို လွယ်ထားရတဲ့ မိခင်နဲ့တူတယ်။ ကိုယ်ဝန်ဆောင်မိခင်ဆိုတာ အသွားအလာ အနေအထိုင် ဆင်ခြင်ရတယ်။ မွေးတော့လည်း အာဝေဏိက ဒုက္ခကို ခံရသေးတယ် ဒါပေမဲ့ဗျာ၊ မွေးလာတော့လည်း မွေးလာတဲ့ကလေးက ချစ်စရာလေးပါတဲ့



BURMESE CLASSIC .com



ဒီစကားက ကျမတို့ အားလုံးအတွက် ခွန်အားဖြစ်သွားရပါတော့တယ်။

နိုင်ငံရေးအကျဉ်းကျမိသားစုတွေ စိတ်အေးချမ်းသာစွာနဲ့ မနက်ဖြန်ရဲ့ နေ့သစ်များစွာအတွက် ကြံစည်စိတ်ကူးနေရမယ့်အစား စိုးတထိတ်ထိတ်နဲ့ ထောင်ဝင်စာတွေ့နိုင်ဖို့ ရုန်းကန်တိုက်ပွဲဝင်နေကြရပါတယ်။

မျှဝေခံစားနိုင်ကြပါစေ။

❑



www.burmeseclassic.com

www.burmeseclassic.com

## ထုတ်ဝေပြီးစာအုပ်များ

| | |
|---|---|
| ၁။ မြသန်းတင့် | ကျနော်ဆက်၍ရေးချင်သောဝတ္ထုများ |
| ၂။ လူထုစိန်ဝင်း | ပြည်သူတစ်ရပ်လုံးမျှော်လင့်နေကြတယ်နှင့် လက်ရွေးစင်ဆောင်းပါးများ |
| ၃။ မိချမ်းဝေ | အချစ်ဟူသည်သဃ်ရှိဖွယ်နှင့် ဝတ္ထုတိုစုစည်းမှု |
| ၄။ ကျော်သက်ဟန် | အိုဘားမား၊ အမေရိကန်ပါဝါနှင့် ဝင်ရိုးစုံကမ္ဘာ |
| ၅။ ကျော်နန္ဒအောင် | ရေသွားတဲ့လမ်း မီးသွားတဲ့လမ်း |
| ၆။ မင်းကိုနိုင် | နောက်ကြည့်မှန် |
| ၇။ ခင်ဆွေဦး | နှင်းဆီကမ္ဘေး |
| ၈။ ဉာဏ်ထက် | လူငယ်များ၏အခန်းကဏ္ဍနှင့် အင်္ဂလိပ်မြန်မာအက်ဆေးများ |
| ၉။ ထက်မြက် | အနာဂတ်မြန်မာ့နိုင်ငံရေးနှင့် ရှေ့ဆက်ဘာလုပ်ကြမလဲ |

## ယခု

| | |
|---|---|
| နှင်းပန်းအိမ် | အမှောင်လိုင်းထဲကသူရဲကောင်းတို့တိုင်းပြည် |

## ဆက်လက်၍

| | |
|---|---|
| လှကွန့် | ကြံတောကပြောသောသမိုင်း |
| နောင်ကျော် | ဘာနိုင်ငံရေးသမားလဲ |
| ဝင်းထွဋ်ဖော် | ဒီမိုကရေစီနောက်ကြောင်းပြန်မလှည့်ဖို့နှင့် နိုင်ငံရေးဆောင်းပါးများ |



## အရှေ့ကြယ်စာပေမှ ဖြန့်ချိသည့်စာအုပ်များ

| | |
|---|---|
| – ဂျဇ်မီ | လေမင်းစန္ဒာအခင်းလေးကန်သာ |
| – ကိုကိုကြီး | ပြောချင်လို့ပြောခဲ့တာတွေ အင်တာဗျူးများ(၁) |
| – မျိုးကိုမျိုး | လေမင်းဖြူရွှေကောင်းကင် |
| – စံရှာလီဘို | တစ်ထောင်ငါးည ပုံပြင်များ |
| – မြင့်ဝင်းမောင် (AZ) | ပို့(စ်)မော်ဒန်နှင့် ပညာကြီးယာဝတ္ထုဆယ်ပါး |
| – မြင့်ဝင်းမောင် (AZ) | ဒီမိုကရက်တစ်နိုင်ငံရေးသမားကောင်း |



www.burmeseclassic.com

www.burmeseclassic.com

**စိတ်သွားစကား**

နရသိန် (သို့မဟုတ်)အကျဉ်းထောင်တွေဟာ ကမ္ဘာပေါ်မှာ မြောက်မြားစွာ ရှိပါတယ်။ ဒီမိုကရေစီထွန်းကားတဲ့ နိုင်ငံတွေ၊ တရားဥပဒေစိုးမိုးတဲ့ဒေသတွေလို အကျဉ်းထောင်ဆိုတာ ရာဇဝတ်မှု၊ အနိုင်ကျင့်မှု လူသားမဆန်မှုတွေ ပြုခဲ့သူတွေအတွက် လူ့အဖွဲ့အစည်းက ဥပဒေနဲ့အညီပြစ်ဒဏ်ခတ် စီရင်ဆုံးဖြတ် ပြုပြင်ရာနေရာတွေပဲ ဖြစ်သင့်ပါတယ်။

ကျနော်တို့ နိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်ရင် နိုင်ငံရေးအရ လွတ်လပ်ရေးနဲ့ အတူပြည်တွင်းစစ်မီးပါ တပါတည်း မွေးဖွားလာခဲ့ပါတယ်။ နိုင်ငံရေးအရဖြစ်ပေါ်လာတဲ့ နိုင်ငံရဲ့ ပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာင်းဘဲ၊ စစ်ရေးအရဖြေရှင်းခဲ့ကြတဲ့ အာဏာရှင် အမျိုးမျိုးတို့ရဲ့ လက်ထဲမှာ နိုင်ငံသားတွေဟာ ဆင်းရဲဒုက္ခအဝဝကို ခါးစည်းခံခဲ့ကြရတယ်။ မတရားမှုတွေ၊ ဥပဒေမဲ့အနိုင်ကျင့်မှုတွေနဲ့ ဆင်းရဲမွဲတေမှုတွေကို မခံမရပ်နိုင်ကြတော့တဲ့ အချိန်မှာ ၁၉၈၈ အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ပါတယ်။ ဒီအရေးတော်ပုံကြီးကနေပြီး နိုင်ငံအတွက် စွန့်လွှတ် စွန့်စားပုံထုတဲ့သူတွေ၊ အနာဂတ်ကို ပြုပြင်ချင်တဲ့ မျိုးဆက်သစ်တွေ၊ အာဇာနည်တွေ၊ သူရဲကောင်းတွေကို မွေးထုတ်ပေးခဲ့ပါတယ်။

အာဏာရှင်အဆက်ဆက်ကတော့ စစ်ရေးအမြင် လုံခြုံရေး သတိရှိရေး အမြင်ကိုဆုပ်ကိုင်ထားပြီး မိမိနဲ့အမြင်သဘောထားမတူသူတွေကို မတရားဖိနှိပ်ဖမ်းဆီး နှစ်ရှည်ထောင်ဒဏ် တွေချလှုက်ပါပဲ။ (ဒီနေရာမှာ ပြောချင်တာ တစ်ခုကတော့ နိုင်ငံရေးအရ အမြင်သဘောထားမတူလို့ ဆန့်ကျင်တဲ့သူတွေကို မတရားဖမ်းဆီး ထောင်ချလိုက်ရုံနဲ့ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေက ပြေလည်စေမှာ မဟုတ်ပါဘူး။) နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာမှသာ ပြေလည်စေမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာဆိုရင်လည်း တိုင်းပြည် ဒီမိုကရေစီရရှိရေး



BURMESE CLASSIC .com

အတွက် မိမိတို့နိုင်တဲ့ဘက်က ကိုယ်ယုံကြည်ရာကို ကိုင်စွဲပြီး စစ်အာဏာရှင်ကို တွန်းလှန်ခဲ့ကြတဲ့ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေရဲ့ အသက်တွေ မိသားစုဘဝတွေ … စသည်…စသည်….. အများအတွက်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပေးဆပ်မှု စွန့်လွှတ်အနစ်နာခံမှုတွေနဲ့ ရပ်တည်ရှင်သန် ရှုန်းကန်ခဲ့ကြရပါတယ်။ အဲဒီလို ဘဝများစွာထဲက တချို့သော ဘဝတွေကို ဆရာမနှင်းပန်းအိမ်က သုဖြတ်သန်းခဲ့ရတဲ့အတွေ့အကြုံ ထောင်ဝင်စာခရီးတွေမှာ ကြုံတွေ့ခဲ့ရတဲ့ ဘဝအမောသောက အမောတွေနဲ့ ရှင်သန်ရပ်တည် နေကြရပေမဲ့ ခွဲမာန်မလျော့တဲ့ သူရဲကောင်းတို့ရဲ့ အဖေ အမေ ချစ်သူ မိသားစုတို့ရဲ့ ဘဝတွေနဲ့ မတရားအကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတို့ရဲ့ ခံယူရပ်တည်မှုတွေကို ဤ 'အမှောင်လှိုင်းထဲက သူရဲကောင်းတို့ တိုင်းပြည်' စာအုပ်မှာ မှတ်ကျောက်တင် ပေးထားခဲ့ပါတယ်။

အနာဂတ်ကိုပိုင်စိုးမယ့် မျိုးဆက်သစ် လူငယ်များအတွက်လည်း အများအကျိုးအတွက် စွန့်လွှတ် အနစ်နာခံလိုစိတ်တွေ မတရားမှုမှန်သမျှကို ခေါင်းငုံ့မခံဘဲ ရဲရဲဝံ့ဝံ့ တွန်းလှန်ချင်စိတ်တွေ ထွက်ပေါ်လာအောင် ရည်ရွယ်ပြီး ဤစာအုပ်ကို ကျနော်တို့ အရှေ့ကြယ်စာပေမှ စာအုပ်အမှတ် (၁၀) အဖြစ် **[ RFA (လွတ်လပ်သောအာရှအသံ) မှ ထုတ်လွှင့်ခဲ့သော အသံလွှင့်ဆောင်းပါးများ]** 'အမှောင်လှိုင်းထဲက သူရဲကောင်းတို့တိုင်းပြည်'အား စာအုပ်အဖြစ်ထုတ်ဝေခွင့်ပြုခဲ့သော ဆရာမနှင်းပန်းအိမ်နှင့်တကွ အမိမြန်မာပြည် ဒီမိုကရေစီရရှိရေးအတွက် တိုက်ပွဲဝင်သူရဲကောင်းအပေါင်းနှင့် အရှေ့ကြယ်စာပေဝိုင်းတော်သားများအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း 'အမှောင်လှိုင်းထဲမှသူရဲကောင်းတို့ တိုင်းပြည်'အား မျှဝေခံစားနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါတယ်။

လေးစားစွာဖြင့်
မျိုးအောင်နိုင်
[အရှေ့ ကြယ်စာပေ]



www.burmeseclassic.com